ကသာခရိုင်·ဝန်းသိုမြို့

ခန္တီးစာသင်တိုက် ခန္တီးရိပ်သာ နှစ်တိုက်တို့၏

ဦးစီးနာယကချုပ်

အဂ္ဂမဟာပဏ္ဍိတ

## ခန္တီးဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

# ဒိဋ္ဌိဖြတ်ခန်း

# ခန္ဓာဝိပကာသနီကျမ်း

ဦးကြည်ညွန့်

[illegible]

[illegible]

၄

၁၆၇၆၇

ကသာခရိုင်·ဝန်းသိုမြို့။

ခန္တီးစာသင်တိုက်၊ ခန္တီးရိပ်သာ နှစ်တိုက်တို့၏ ဦးစီးနာယကချုပ်

“ အဂ္ဂမဟာပဏ္ဍိတ ”

## ခန္တီးဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသည့်

## ဒိဋ္ဌိဖြုတ်ခန်း

# ခန္ဓာဒိပကာသနီကျမ်း။


သာသနာသက္ကရာဇ် ၂၅၁၈-ခု။

ကောဇာသက္ကရာဇ် ၁၃၃၆-ခု။

ဒုတိယအကြိမ် နှိပ်ခြင်း
အုပ်ရေ(၂၀၀၀)
၁၉၇၅-ခုး

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်
(၇၃၄၉)အရ၊

ပုံနှိပ်သူ — ဦးမောင်ကြီး (မြဲ-၀၁၀၃၁)
ခေတ်ဆန်းညွှန့်ပုံနှိပ်တိုက်၊
၈၄-လမ်း၊ ရဟိုင်းဈေး
မန္တလေး။

ထုတ်ဝေသူ — ဦးညွှန့်ရင် (မြဲ-၀၇၂၄)
ညွှန့်စာပေတိုက်၊
ဈေးလမ်း-စစ်ကိုင်းမြို့။



ဝန်းသိုမြို့၊ ကျေးဇူးရှင် "အဂ္ဂမဟာပဏ္ဍိတ"

ခန္တီးဆရာတော်ဘုရားကြီး

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **နိဒါန်း** | | |
| ရတနတ္တယ ပဏာမ | .... | ၁ |
| လူတို့လိုက်နာရန် အချက်ကြီး ရှစ်ချက် | .... | ၃ |
| လူလေးမျိုး | .... | ၅ |
| ပုထုဇဉ်—အရိယာ နှစ်မျိုး | .... | ၈ |
| အန္ဓ—ကလျာဏ နှစ်မျိုး | .... | ၁၀ |
| **( ခန္ဓာပိုင်း )** | | |
| ခန္ဓာ ပါဠိ အနက် သရုပ်ခွဲ အရကောက် | .... | ၁၅ |
| ဒေသနာနှစ်ပါး နိတတ္တ, နေယျတ္တနှစ်ပါး | .... | ၁၈ |
| အသိမှန် အမြင်မှန် အယူမှန် | .... | ၁၉ |
| ခန္ဓာငါးချက် တပြိုင်နက် | .... | ၁၉ |
| ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး | .... | ၂၁ |
| ဝေါကာရသုံးစုံ ဉာဏ်နှင့်ခြုံ | .... | ၂၂ |
| ဉာဏ်ဥက္ခောင်းထောင် | .... | ၂၄ |
| ကမ္ဘာဦးက သင်္ကေတ | .... | ၂၅ |
| ခန္ဓာငါးပါး လှည်းရထား ဥပမာ | .... | ၂၆ |
| ရုပ်နာမ်နှစ်ပါးမျှသာ | .... | ၂၈ |
| ဓာတ်ကြီးလေးပါး အမူအရာမျှသာ | .... | ၂၉ |
| မြစ်ရေပမာ ဆီမီးပမာ | .... | ၃၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လိုရင်းကြီး အနတ္တလက္ခဏာ | .... | ၃၃ |
| အနတ္တလက္ခဏာထင် သစ္စာဖြင့် | .... | ၃၅ |
| အကြောင်းနှင့် အကျိုး | .... | ၃၆ |
| လက္ခဏာရေးသုံးပါး | .... | ၃၆ |
| သစ္စာလေးပါး အမှန်တရား | .... | ၃၇ |
| ရင်ဝလှံစူး ထိပ်ဦးမီးလောင် | .... | ၃၈ |
| သက္ကာယဒိဋ္ဌိ အဓိပ္ပါယ် | .... | ၄၀ |
| သက္ကာယဒိဋ္ဌိ ဖြစ်·မဖြစ်နှစ်မျိုး | .... | ၄၂ |
| သက္ကာယဒိဋ္ဌိ—၂၀ | .... | ၄၃ |
| သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ် ဖြစ်-မဖြစ်နှစ်ပါး | .... | ၄၄ |
| မိစ္ဆာဒိဋ္ဌိ ၆၂-ပါး | .... | ၄၇ |
| သက္ကာယဒိဋ္ဌိရှိလျှင်ရှိ၊ မရှိလျှင် မရှိ | .... | ၄၈ |
| ဇီဝအတ္တ, ပရမအတ္တ | .... | ၄၉ |
| ဒိဋ္ဌိဖြစ်ခြင်း အကြောင်းရင်း ၈-ပါး | .... | ၅၇ |
| နာမ်နှင့် ရုပ်သာ အမှန်ရှိပါ | .... | ၅၉ |
| ပညတ်သိနှင့် ပရမတ်သိ | .... | ၆၂ |

(အာယတနပိုင်း)

| | | |
|---|---|---|
| အာယတန သရုပ်ခွဲပုံ | .... | ၆၅ |
| အာယတန အရကောက်ပုံ | .... | ၆၆ |
| အဇ္ဈတ္တိကာယတန, ဗာဟိရာယတန ၂-ပါးခွဲပုံ | .... | ၆၈ |
| ရုပ်,နာမ်,မိဿက ၃-ပါးခွဲပုံ | .... | ၆၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရုပ်နာမ် ၂-ပါးခွဲပုံ | .... | ၆၉ |
| အာယတန ခေါ်ဆိုရပုံ | .... | ၆၉ |
| အာယတန အဓိပ္ပါယ် | .... | ၇၀ |
| ဝေါကာရသုံးစုံ | .... | ၇၁ |
| ငှက်ပျောဖီး ဥပမာ | .... | ၇၃ |

( ဓာတ်ပိုင်း )

| | | |
|---|---|---|
| ဓာတ် ၁၈-ပါး သရုပ်ခွဲပုံ | .... | ၇၆ |
| ဓာတ် ၁၈-ပါး အရကောက် | .... | ၇၇ |
| ရုပ်,နာမ်,မိဿက ၃-ပါးခွဲပုံ | .... | ၈၀ |
| ရုပ်နာမ် ၂-ပါးခွဲပုံ | .... | ၈၀ |
| ဓာတ် ခေါ်ဆိုရပုံ | .... | ၈၀ |
| ဝေါကာရသုံးစုံ အကုန်လုံးခြုံ | .... | ၈၂ |
| မိစ္ဆာနှင့် သမ္မာ (အမှားနှင့် အမှန်) | .... | ၈၃ |

(ခန္ဓာ-အာယတန-ဓာတ်ပိုင်း)

| | | |
|---|---|---|
| ခန်-အာ-ဓာတ် သုံးချပ်ဟောရပုံ | .... | ၈၅ |
| ပုဂ္ဂိုလ်သုံးမျိုး | .... | ၈၆ |
| ခန္ဓာ-အာယတန-ဓာတ်ကိုသာ သုံးသရာဟု ခေါ်ဆိုရပုံ | | ၈၈ |
| ထင်ရှားမရှိနှင့် ထင်ရှားရှိ | .... | ၉၀ |
| ဘုံအခေါင်း ဟောင်းလောင်း | .... | ၉၀ |
| စိတ်-စေတသိက်-ရုပ် | .... | ၉၀ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သံသရာခေါ်ဆိုရပုံ | .... | ၉၁ |
| ခန္ဓာ-အာယတန-ဓာတ် သုံးရပ် | .... | ၉၁ |
| ကျောင်း နန်းတော် ဥပမာ | .... | ၉၂ |
| အကြောင်း အကျိုး | .... | ၉၃ |
| အနိစ္စ-ဒုက္ခ-အနတ္တ | .... | ၉၄ |
| မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင် | .... | ၉၄ |
| မူလအရင်းခံ ရုပ်နှင့် နာမ် | .... | ၉၆ |
| ရုပ်နာမ်နှစ်ပါးကို ၅-ပုံခွဲပုံ | .... | ၉၆ |
| ရုပ်နာမ်နှစ်ပါးကို ၁၂-ပုံခွဲပုံ | .... | ၉၇ |
| ရုပ်နာမ်နှစ်ပါးကို ၁၈ ပုံ ခွဲပုံ | .... | ၉၇ |
| အသိမှန် အမြင်မှန် | .... | ၉၈ |
| ပညာရှိစကား မှတ်ရှုထား | .... | ၉၉ |
| အခေါ်သာလွဲ အတူတူဘဲ | .... | ၁၀၁ |
| ဝိဇ္ဇမာနပညတ်နှင့် အဝိဇ္ဇမာနပညတ် | .... | ၁၀၄ |
| မုသာဝါဒကံမထိုက် | .... | ၁၀၄ |
| ပညတ်မှန်နှင့် ပရမတ်မှန် | .... | ၁၀၅ |
| လူစော်မနံသေး | .... | ၁၀၅ |
| သာဓု သုံးကြိမ်ခေါ်ပါ | .... | ၁၀၆ |
| ပညတ်နှင့် ပရမတ် | .... | ၁၀၆ |
| ပညတ် ပရမတ် အဓိပ္ပါယ် | .... | ၁၀၇ |
| ရုပ်နာမ်လက္ခဏာ သစ္စာ | .... | ၁၀၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

(ပဋိစ္စသမုပ္ပါဒ်ပိုင်း)


| | | |
|---|---|---|
| ဘုရားမြတ်စွာ မိန့်ခွန်းလွှာ | .... | ၁၁၁ |
| ရှင်ဗုဒ္ဓဃောသ မိန့်ခွန်း | .... | ၁၁၃ |
| စေတီအိမ်ကြီးနှင့် တူသတဲ့ | .... | ၁၁၄ |
| အခက်ကြီး လေးခက် | .... | ၁၁၅ |
| အနုလောမ ပဋိစ္စသမုပ္ပါဒ ဝိနယပါဠိ | .... | ၁၁၆ |
| ပဋိလောမ ပဋိစ္စသမုပ္ပါဒ ဝိနယပါဠိ | .... | ၁၁၇ |
| အနုလောမ ပါဠိအနက် | .... | ၁၁၈ |
| ပဋိလောမ၏ အနက် | .... | ၁၂၇ |
| ကျေးဇူးပြုပုံပြုနည်း | .... | ၁၂၉ |
| ဦးခေါင်း၌ ရှက်လျက်ဖြစ်ပုံ | .... | ၁၃၀ |
| ခုန်ကျော်လျက် ဖြစ်ပုံ | .... | ၁၃၁ |
| နှင်းလျက်ဖြစ်ပုံ | .... | ၁၃၁ |
| ပဋိလုံအခိပ္ပါယ်အကျဉ်းကား | .... | ၁၃၄ |
| ဝဋ္ဋကထာ အဝိဇ္ဇာနှင့် တဏှာ | .... | ၁၃၅ |
| ဒိဋ္ဌိအမှား လွှင့်ပျောက်သွား | .... | ၁၃၇ |
| အနုလုံ မြန်မာပြန် | .... | ၁၃၈ |
| ပဋိလုံ မြန်မာပြန် | .... | ၁၃၉ |
| တခြားစီမနေစေနှင့် | .... | ၁၄၁ |
| ထပ်မံ ရှင်းလင်းဖော်ပြချက် | .... | ၁၄၂ |
| သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ | .... | ၁၄၉ |
| အပါယ် ၄-ဘုံ ဝိညာဏ်ညွန့်ညွှာကာ | .... | ၁၅၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လူနတ် ၂-ဘုံ ဝိညာဏ်ညွှန့်ဥြောက် | .... | ၁၅၁ |
| လူနတ် ၇-ဘုံ ဝိညာဏ်ညွှန့်ဥြောက် | .... | ၁၅၂ |
| ရူပ ၁၅-ဘုံ ဝိညာဏ်ညွှန့်ဥြောက် | .... | ၁၅၂ |
| အရူပ ၄-ဘုံ ဝိညာဏ်ညွှန့်ဥြောက် | .... | ၁၅၂ |
| သင်္ခါရကြောင့် ပဝတ္တိဝိညာဏ်ဖြစ်ပေါ်ပုံ | .... | ၁၅၃ |
| ကုံမျိုးစေ့ အစွမ်းသတ္တိ | .... | ၁၅၄ |
| အယူမမှားစေရန် | .... | ၁၅၄ |
| အရကောက်ကို ပြခြင်း | .... | ၁၅၇ |
| အတ္တစွဲနှင့်မေး၍ အနတ္တစွဲနှင့်ဖြေဆိုပုံ | .... | ၁၆၀ |
| ပဋိစ္စနှင့် ပဋိစ္စသမုပ္ပန် နှစ်မျိုး | .... | ၁၆၂ |
| ပဋိစ္စသမုပ္ပါဒ် ဆောင်ပုဒ်လင်္ကာ | .... | ၁၆၄ |
| သံပေါက်လင်္ကာဖြင့် အရကျက်၍သိမှတ်ရန် | .... | ၁၆၆ |
| သင်္ခါရနှင့် ဘဝအထူး | .... | ၁၆၇ |
| တဏှာနှင့် ဥပါဒါန်အထူး | .... | ၁၆၈ |
| သောက,ပရိဒေဝ,ဥပါယာသ အထူး | .... | ၁၆၈ |
| ပဋိစ္စသမုပ္ပါဒ် ဆက်စပ်ပြန်ပုံ | .... | ၁၈၆ |
| ပဋိစ္စသမုပ္ပါဒ် တည်ပုံ | .... | ၁၈၇ |
| ပဋိစ္စသမုပ္ပါဒ် ပြတ်ပုံ | .... | ၁၈၇ |
| သစ္စာ ၂-ပါး | .... | ၁၉၂ |
| ပဋိစ္စသမုပ္ပါဒ်၌သိနားလည်အပ်သော နည်းလေးပါးတို့ကို ဘော်ပြချက် | .... | ၁၉၃ |
| ပဋိစ္စသမုပ္ပါဒ်မှ လွတ်သောတရား မရှိ | .... | ၁၉၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘူမိရုပ်ဆရာနှင့် မြတ်စွာဘုရား | .... | ၁၉၈ |
| အရှင်ဗုဒ္ဓဃောသ မိန့်ခွန်း | .... | ၁၉၉ |
| အဝိဇ္ဇာ | .... | ၂၀၃ |
| သင်္ခါရ | .... | ၂၀၇ |
| ဝိညာဏ် | .... | ၂၀၉ |
| နာမ်ရုပ် | .... | ၂၁၀ |
| သဠာယတန | .... | ၂၁၁ |
| ဖဿနှင့် ဝေဒနာ | .... | ၂၁၂ |
| တဏှာ | .... | ၂၁၃ |
| ဥပါဒါန် | .... | ၂၁၅ |
| ဘဝ | .... | ၂၁၆ |
| ဇာတိ, ဇရာ, မရဏ | .... | ၂၁၇ |
| သောက စသည် | .... | ၂၁၇ |
| သောက, ပရိဒေဝ, ဥပါယာသ | .... | ၂၁၉ |
| ကာလ ၃-ပါး | .... | ၂၂၀ |
| အင်္ဂါ ၁၂-ပါး | .... | ၂၂၀ |
| အကျိုးဆက် ၅-ပါး | .... | ၂၂၁ |
| ခြင်းရာ—၂၀ | .... | ၂၂၂ |
| အစပ်သုံးပါး | .... | ၂၂၃ |
| အလွှာ ၄-ထပ် | .... | ၂၂၄ |
| ဝဋ် ၃-ပါး | .... | ၂၂၄ |
| သင်္ခါရနှင့် ကမ္မဘဝ အထူး | .... | ၂၂၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မူလ ၂-ပါး | .... | ၂၂၅ |
| ဝဋ္ဋ ၃-ပါး လည်နေပုံ | .... | ၂၂၆ |
| ဘုရားရှင် မိန့်ခွန်းတော် | .... | ၂၃၀ |
| လေးလေးနက်နက် ဥာဏ်ဖြင့်သက် | .... | ၂၃၃ |
| မဂ်ကို ပွားမှုရမည် | .... | ၂၃၅ |
| ကြီးကြီးမားမား သတိထား | .... | ၂၃၅ |
| စာကိုယ်ပြီးဆုံး ကျမ်းနိဂုံး | .... | ၂၃၈ |
| ဂါမ,နိဂမ,ဇနပဒ,နဂရ အကျူး | .... | ၂၃၈ |


◆◆◆◆◆◆◆◆◆◆

# နိဒါန်း

"ဖလံနိဒေတိ ဧတေနာတိ နိဒါနံ"ဟူသော ဝစနတ္ထနှင့်အညီ ခန္ဓာဒိပကာသနီကျမ်း ဖြစ်ပေါ်လာခြင်းသည်ကား- အကျိုးတရားပေတည်း။ အကျိုးတရားရှိလျှင် အကြောင်းတရားရှိရမည် ဖြစ်သောကြောင့် ထိုအကြောင်းတရားကား အဘယ်နည်းဟု မေးဘွယ်ရှိ၍၊ ထိုအမေးကို ဖြေခြင်းငှါ ထိုခန္ဓာဒိပကာသနီ ကျမ်း၏ အကြောင်းပြနိဒါန်းကို ဤဆိုလတံ့သော စကား အစဉ်ဖြင့် ပြဆိုအပ်ပါသည်။ လောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူသေဋ္ဌ်နင်း တရားမင်း ဖြစ်တော်မူသော အစိန္တေယျ လောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည်၊ ခုနစ်ဝါမြောက် ကဏ္ဍအမည်ရှိသောဥယျာဉ်မှူးသည် စိုက်ပျိုးအပ်သော သရက် ပင်ရင်း၌ ရေ-မီး အစုံရှိသော အစုံအစုံသော တန်ခိုးပြာဋိဟာ တို့ကိုပြလျက် တိတ္ထိတို့ကို နှိမ်နင်းပြီးသော် သုံးဖဝါးလှမ်းပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ခင်းထားအပ်သော မြကျောက်ဖျာထက်၌ မယ်တော် မိနတ်သားကို အမှူးထား၍ တသောင်းသော စကြာဝဠာတိုက်မှ ရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောကြားတော်မူသည်။ ထိုအဘိဓမ္မာခုနစ်ကျမ်း အနက် ဝိဘင်းကျမ်းမြတ်၌ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် တို့ကိုဟောကြားတော်မူပါသည်၊ ထိုခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စ သမုပ္ပါဒ် တရားများသည် ဝေနေယျသတ္တဝါတို့ကို သက္ကာယဒိဋ္ဌိ ပြုတ်အောင် ဟောသောတရားများဖြစ်၍ ဝိပဿနာတရား အား ထုတ်ရာ၌ အလွန်အသုံးဝင်သောတရားများဖြစ်သဖြင့် သက္ကာယ ဒိဋ္ဌိ, အတ္တဒိဋ္ဌိ အစွဲပြုတ်ပြီး အပါယ်လွတ်တရားရ, သောတာ

ပန် အရိယာဖြစ်သွားကြအောင် ရည်ရွယ်၍ အဂ္ဂမဟာပဏ္ဍိတ ခန္တီးရိပ်သာ ဆရာတော်ဘုရားကြီးသည် ဝေနေယျ သတ္တဝါ တို့အား အပါယ်လွတ်တရားရစေလိုသော ကရုဏာစိတ်ထားဖြင့် ခန္ဓာ, အာယတန, ဓာတ်,ပဋိစ္စသမုပ္ပါဒ်တရားတို့ကို တစ်တစ်ခွခွ ဗျန်းဗျန်းကွဲအောင် ဖော်ပြထားသောကျမ်းဖြစ်ပါသည်။ ၎င်း ကျမ်းကို ခေတ်ပျက်ခါနီးက ရိုက်နှိပ်ရန်ကြံစီခဲ့ရာ ခေတ်ပျက်နှင့် ကြုံသဖြင့် မအောင်မြင်ဘဲ၊ ယခုမှ မန္တလေးမြို့-ရဟိုင်းဈေးရပ် ခေတ်ဆန်းညွှန့် စာပုံနှိပ်တိုက်ပိုင်ရှင်-ဦးမောင်ကြီး က, အမြတ် အစွန်းကို ပဓာနမထားဘဲ (ခန္တီးရိပ်သာဆရာတော်ဘုရားကြီး၏ တရားတော် ပြန့်ပွားရေးကို ပဓာနထား၍၊) ဤ " ခန္ဓာဒီ ပကာသနီကျမ်း" ကို စက်တင်ပုံနှိပ်အပ်ပါသတည်း။

**မှတ်ချက်။** ။ ဘုန်းတော်ကြီးများလည်း လူ-ဒါယကာတို့အား တရားဟောဘို့ရန် တပါးတအုပ်ကျ၊ လူ-ဒါယကာများ လည်း တရားအားထုတ်လွယ်ရန် တယောက်တအုပ်ကျ ဆောင်ထားသင့်ကြောင်း စာအုပ်က သာခကပြုလိမ့် မည်ဖြစ်ကြောင်းကို ကောင်းမြတ်သော မေတ္တာတရား ဖြင့် တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

(ဦးကုသလ)
နိဒါန်းရေးသူ
တိုက်အုပ် စာချ ဆရာတော်
ဆရာတော်၏တပည့်ရင်း။

# ခန္ဓာဒိပကာသနီကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

### ရတနတ္တယ ပဏာမ ဂါထာ

၁။ အနန္တဂုဏသမ္ဗုဒ္ဓံ၊ ပဉ္စက္ခန္ဓာဒိဒေသကံ။
နတွာ သဒ္ဓမ္မသံဃဉ္စ၊ အာစေရဿ စ သိရသံ။ ။

### ပတ္ထနာသိ ဂါထာ

၂။ သဗ္ဗသတ္တဟိတတ္ထာယ၊ ခန္ဓာဒိဉ္စ ပကာသနိံ။
ကရိဿာမိ ယထာဗလံ၊ တံ မေ ဒက္ခန္တု သာဓဝေါ။ ။

(သာမည ၂-ဂါထာ)

၁။ အဟံ၊ ခန္ဓာငါးဝ သမူဟကို "သုဇန" မှည့်ခေါ် တပည့်တော်သည်။ ပဉ္စက္ခန္ဓာဒိဒေသကံ၊ခန္ဓာငါးပါး စသည်များကို "ပဉ္စက္ခန္ဓာ–ရူပက္ခန္ဓော" စသည်ဖြင့်၎င်း။ "ကေနဋ္ဌေန ခန္ဓော ရာသဋ္ဌေန ခန္ဓော" စသည်ဖြင့်၎င်း။ ပိုင်းခြား ဝေဘန်၍ ဝါ- ဥဒ္ဒေသ, နိဒ္ဒေသ စသည်ဖြင့် ပိုင်းခြားဝေဘန်၍ ဟောကြားတော်

မူတတ်သော။ အနန္တဂုဏာသမ္ဘုဒ္ဓံ၊ ဤရွှေ့ဤမျှ ဂဏန်းချ၍ ရေတွက်မပြုနိုင်သော ကျေးဇူးတော်-ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားကို။ သိရသံ-သိရသာ၊ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်။ နတွာ-နမာမိ၊ ဘယ, လာဘ, ကုလ ကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့၍သာ ရှိခိုးပါ၏။ နတွာ၊ သုံးလူ့ထွဋ်ထား မြတ်ဘုရားကို ညွတ်တွားရိုကျိုး ရှိခိုး ပြီး၍။ သဒ္ဓမ္မသံဃဥ္စ၊ မဂ်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ် ပါးသော တရားတော်မြတ်နှင့်တကွ ရှစ်ရပ်သံဃာ အရိယာကို၎င်း။ အာစေရဿ-အာစရိယာနဥ္စ၊ ကန့်ကူလက်လှဲ သွန်သင်ခဲ့တဲ့ (ပ-ဒု-ပ-စ)ဆရာ ပဗ္ဗဇ္ဇာစရိယ, ဥပသမ္ပဒါစရိယ, ဓမ္မာစရိယတို့ အား၎င်း။ နတွာ-နမာမိ၊ ကာယဝစီ မနောချီ၍ သုံးလိုညွတ်ကျိုး တည်ငါးမျိုးဖြင့် ရှိခိုးပါ၏ဘုရား။

၂။ နတွာ၊ ရှိခိုးပြီး၍။ သဗ္ဗသတ္တဟိတတ္ထာယ၊ လုံးစုံများ စွာ သတ္တဝါတို့၏ မဂ်ဉာဏ်ဖိုလ်ပေါက် နိဗ္ဗာန်သို့ရောက်စေခြင်း အကျိုးငှါ။ ခန္ဓာဒိဥ္စ ပကာသနိံ၊ ခန္ဓာစသော၊ဝါ၊ခန္ဓာငါးပါး အာယတန တဆဲ့နှစ်ပါး, ဓာတ် တဆဲ့ရှစ်ပါး ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော ခန္ဓာဒိပကာသနီ ကျမ်းကို။ ယထာဗလံ၊ စွမ်းအားအလျောက်-ဝါ-စွမ်းနိုင်သမျှ။ ကရိဿာမိ၊ ရေးသားသမ္ပုပြုပေအံ့။ မေ၊ ငါ၏။ တံ၊ ထို ခန္ဓာဒိ ပကာသနီကျမ်းကို။သာဓဝေါ၊ မဂ်ဖိုလ်လိုလား သူတော်ကောင်း အများတို့သည်။ဒက္ခန္တု၊အပါယ်လွတ်ရေး မျှော်ထောက်တွေး၍ အလေးတမူ အရေးယူခါ ကြည့်ရှုကြပါကုန်လော့။ ဝါ၊ အတ္တ မှောင် ကွယ်ပျောက် အနတ္တဉာဏ် အလင်း ပေါက်အောင် သေခြာစေ့ငု ကြည့်ရှုကြပါစေကုန်သတည်း။

## အိမ်ရာထောင်သူ လူတို့လိုက်နာရန် အချက်ကြီးရှစ်ချက်

ဂိဟီနာပိ ဥပါသကေန ယထာဗလံ ခန္ဓာဒိဝိဘာဂံ ဥဂ္ဂဏှိတွာ ကလျာဏပုထုဇ္ဇနတံ သမ္ပာဒေတွာ နိစ္စသီလဝသေန ပဉ္စသီလံ ဥပေါသထေ အဋ္ဌင်္ဂသမန္နာဂတံ သီလံ သတိဝါ ဥဿာဟေ ဒသသီလမ္ပိ သမာဒါယ သက္ကစ္စံ ပါလေန္တေန သုရာဝါဏိဇ္ဇာ မံသဝါဏိဇ္ဇာ သတ္တဝါဏိဇ္ဇာ သတ္ထဝါဏိဇ္ဇာ ဝိသဝါဏိဇ္ဇာ ဣမာပဉ္စ အဓမ္မိကဝါဏိဇ္ဇာ ပဟာယ တုလာကူဋ မာနကူဋ ကံသကူဋာဒီနိ ပဟာယ ဓမ္မိကဝါဏိဇ္ဇာယဝါ ကသိကမ္မာဒီဟိဝါ အနေသနံ အပ္ပဋိရူပံ ပဟာယ ဓမ္မေန သမေန သမ္မာဇီဝေန ဇီဝန္တေန ဝသိတဗ္ဗံ။ ။

(ဇိနာလင်္ကာရဋီကာ)

(မြန်မာပြန်) စား ဝတ် နေရေး ပူမအေးအောင် အိမ်ရာထောင်၍ နေသောသူပင် ဖြစ်စေကာမူ စွမ်းအားအလျောက် ခန္ဓာစသော ခွဲခြမ်းဝေဘန်ခြင်းကို သင်ကြားနာယူ၍ ကလျာဏပုထုဇဉ်အဖြစ်ကို ပြည့်စုံစေ၍ နိစ္စ သီလ၏ အစွမ်းဖြင့် ငါးပါးသီလကို ခါးဝတ်ပုဆိုး ခါးဝတ်ထမိကဲ့သို့စွဲမြဲ၍ ရှစ်ရက် လပြည့်စသော ဥပုသ်နေ့များ၌ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို စောင့်ရှောက်ဆောက်တည်၍၊ ထို့ထက်မက စွမ်းနိုင်ပါက ဆယ်ပါးသီလကို ဆောက်တည်၍ ရိုသေစွာစောင့်ရှောက်သဖြင့် သေအရက်ကို ကုန်သွယ်ခြင်း၊ အမဲ သား ငါးကို ကုန်သွယ်ခြင်း၊ သတ္တဝါကို ကုန်သွယ်ခြင်း၊ ထား လှံ သေနတ်စသော လက်နက်ကို ကုန်သွယ်ခြင်း၊ လတ်တလော သေစေ

တတ်သော အဆိပ်ဆေး, အဆိပ်ရည်ကို ကုန်သွယ်ခြင်း၊ ရောင်းဝယ်ခြင်းဟုဆိုအပ်သော ဤငါးပါးသော တရားနှင့်မလျော်၍ မကူးသန်း မရောင်းဝယ်ကောင်းသော၊ ကူးသန်း ရောင်းဝယ်မှုတို့ကိုပယ်၍ ချိန်စဉ်းလဲ တင်းစဉ်းလဲ အသပြာစဉ်းလဲခြင်း စသည်တို့ကို ပယ်၍ ကောင်းရောင်း ကောင်းဝယ် ကုန်သည်လယ်လုပ်ခြင်း စသည်တို့ဖြင့်ရင်း၊ မသင့်တင့် မလျော်ကပ်တတ်သော မုဆိုး, တံငါ, ထားပြ, သူခိုးအလုပ်တို့ဖြင့်ရင်း၊ အသက်မွေးခြင်းကိုပယ်၍ တရားနှင့်ညီသဖြင့် ကောင်းသော အသက်မွေးခြင်းရှိသော အသက်မွေးခြင်းဖြင့် အသက်ထက်ဆုံး နေထိုင်အပ်၏၊ နေထိုင်ရမည်၊ နေထိုင်ကြလေဟု ဆိုလိုပေသည်။

## အချက်ကြီး ရှစ်ချက်ကား

၁။ ခန္ဓာစသည်ကို ဤကားခန္ဓာ, ဤကား အာယတနစသည်ဖြင့် ခွဲခြမ်းဝေဘန်၍ သိစွမ်းနိုင်ခြင်း။

၂။ ကလျာဏပုထုဇဉ်အဖြစ်ကို ပြည့်စုံစေခြင်း။

၃။ ငါးပါးသီလကို ခါးဝတ်ပုဆိုး၊ ခါးဝတ်ထမီကဲ့သို့ စွဲမြဲခြင်း။

၄။ ဥပုသ်နေ့၌ ဥပုသ်သီတင်း ဆောက်တည်ခြင်း။

၅။ ထိုထက်စွမ်းနိုင်ပါကဆယ်ပါးသီလကိုဆောက်တည်ခြင်း။

၆။ မကူးသန်း မရောင်းဝယ်ကောင်းသော ကုန်ငါးမျိုးတို့ကို လုံးဝ မကူးသန်း မရောင်းဝယ်ခြင်း။

၇။ ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ၊အသပြာစဉ်းလဲတို့ကို မပြုမလုပ် ခြင်း။

၈။ ကောင်းသော ကုန်သွယ်လယ်လုပ်ခြင်းတို့ဖြင့်သာအသက် မွေး၍ အသက်ထက်ဆုံး နေထိုင်ခြင်းတို့ပေတည်း။

(ဤကား....ဇိနာလင်္ကာရဆရာ၏ဩဝါဒမိန့်ခွန်းပေတည်း)

မှတ်ချက်။ ။ လူစစ် လူမှန်ဖြစ်၍ လူဖြစ်ကျိုး နပ်လိုလျှင် အဆိုပါ အချက်ကြီး ရှစ်ချက်ကို လက်မလွှတ်စေနှင့်၊ လက်လွှတ်ပါက လူစစ်မဖြစ်နိုင်၊လူတုလူယောင်-လူအရေခြုံဖြစ်၍ လူဖြစ်ကျိုးနပ်မည်မဟုတ်ဟု သိလေ။ ။

---

## လူလေးမျိုးရှိသည်

စတုဗ္ဗိဓာဟိ မနုဿာ-မနုဿနေ ရယိကော၊ မနုဿ ပေတော မနုဿ တိရစ္ဆာနော၊ မနုဿဘူတော၊ မနုဿောတိ။ ။ စသည် ဖြင့် လူလေးမျိုးရှိကြောင်းကို (ဝိမာနအဋ္ဌကထာ)၌လာသည်။

၁။ လူငရဲ

၂။ လူပြိတ္တာ

၃။ လူတိရစ္ဆာန်

၄။ လူစစ် လူမှန် "လူမြတ်"ဟုဆိုလိုသည်။

ထိုတွင်—

၁။ လူငရဲ ဆိုသည်မှာ—လူ့ဘဝမှာ လူလာ၍ဖြစ်ရပါလျက် ချစ်ခြင်း-မေတ္တာ၊ သနားခြင်း-ကရုဏာ ကင်းမဲ့လျက် သူတပါး အသက်ကို သတ်ခြင်း၊ သူတပါး ဥစ္စာကို ခိုးယူခြင်း စသော မကောင်းမှုကံများကို ပြုလုပ် လွန်ကျူးမိသဖြင့် မင်း-အစိုးရ တို့က ကြိုးဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ်ပေးခြင်း၊ လက်ခြေ တို့ကို ဖြတ်စေခြင်း စသော အပြစ်ဒဏ်များကို အပစ်ပေး ခံရ သောကြောင့် ကြီးလေးလှစွာသော အပြစ်ဒဏ်ကို ခံစား၍ နေရသော လူများသည် လောကငရဲခံနေရသောကြောင့် လူငရဲ မည်၏။

၂။ လူပြိတ္တာ ဆိုသည်မှာ—လွန်ခဲ့သော ဘဝ ကာလတို့က ကုသိုလ်ကောင်းမှုကံ (ကို မပြုခဲ့မိသောကြောင့် စားစရာ မရှိ၊ ဝတ်စရာမရှိ၊ စားရမဲ့၊ ဝတ်ရမဲ့ ဖြစ်နေ၍ နေ့စဉ်နှင့်အမျှ မွတ်သိပ် ဆာလောင်ခြင်း ဆင်းရဲနှိပ်စက်မှုကို အမြဲတန်း ခံနေရသော ကြောင့် ဆင်းရဲကြီးစွာ ရပ်တည်ရာမရ ပြေးလွှားရှာဖွေ၍နေရ သောသူသည် ပြိတ္တာနှင့် တူသောကြောင့် လူပြိတ္တာမည်၏။

၃။ လူတိရစ္ဆာန် ဆိုသည်မှာ—လူ့လူ အချင်းချင်း အတူတူ ဖြစ်သော်လည်း သူတပါးနှင့်စပ်၍ အသက်မွေးရသဖြင့် သူတပါး တို့၏ အလုပ်ကိစ္စတို့ကို ထမ်းပိုး ရွက်ဆောင်လျက် မနေမနား သွားလာနေကြသောသူများနှင့် မလုပ်အပ်သည်ကို လုပ်မိသဖြင့် မင်း အစိုးရ စသော သူတပါးတို့၏ ခြိမ်းချောက်မှုကြောင့် သေ ဘေးကို တကြောက်ထဲကြောက်၍ တောတောင်တိရစ္ဆာန်တို့ပမာ

တောချုံ မြိုင်တွင်းသို့ ခိုအောင်းမှီခိုကာ ဆင်းရဲကြီးစွာ နေရသည့်ပြင် အကြောင်းအကျိုး အကောင်းအဆိုး ဟုတ်သည် မဟုတ်သည်ကိုမျှ စဉ်းစားဉာဏ်မရှိဘဲ ကျွဲ, နွား, တိရစ္ဆာန်နှင့် တူစွာ နေထိုင်ရသောကြောင့် လူတိရစ္ဆာန် မည်၏။

၄။ လူစစ် လူမှန် "လူမြတ်" ဆိုသည်မှာ— မိမိ၏ အကျိုးစီးပွားကိုသိ၍ ကံ-ကံ၏ အကျိုးကို ယုံကြည်စွာ အပါယ်လားကြောင်း မကောင်းမှုမှ ရှက်ကြောက်ခြင်း "ဟိရီ-ဩတ္တပ္ပ" တရားနှင့် ပြည့်စုံလျက် အားလုံးသောသတ္တဝါတို့၏အပေါ်၌ ချစ်ခြင်းမေတ္တာ၊ သနားခြင်း-ကရုဏာနှင့်ပြည့်စုံ၍ မကောင်းမှုအကုသိုလ် ဒုစရိုက်, ဒုရာစာရိတတရားတို့ကို လွတ်ကင်းအောင် ရှောင်ကြဉ်ကာ ကောင်းမှု ကုသိုလ် သုစရိုက်တရားတို့ကို ပြုလုပ် အားထုတ်၍ အသက်ထက်ဆုံး နေထိုင်သွားတတ်သောကြောင့်၎င်း၊ လူသိတရား, ဒု-နှင့် သု-ကို ခွဲခြား၍သိတတ် ကျင့်တတ်သောကြောင့် ၎င်း၊ လူစစ် လူမှန်—လူမြတ် ဖြစ်လေသည်။

မှတ်ချက်။ ။ ထိုတွင် ၁–၂–၃ နံပါတ်၊ လူ သုံးမျိုး တို့၏ အဖြစ်မျိုး အဖြစ်ဆိုး တို့ကို လွတ်ကင်းအောင် ရှောင်ရှား၍ ၄-နံပါတ် လူမျိုးဖြစ်အောင် ကျိုးစားရမည်ဟု သိလေမှတ်လေ။ အဆိုပါ ၄နံပါတ် လူမျိုးဖြစ်ချင်လျှင်လည်း မခက်ခဲပါ၊ အဆိုပါ ဇိနာလင်္ကာရဆရာ၏ဩဝါဒမိန့်ခွန်းကိုကျပ်ပြည့် လိုက်နာ နားထောင်ဘို့ပါဘဲ။

## (က) ပုထုဇဉ်, အရိယာ နှစ်မျိုး

**"ခန္ဓာဒိဝိဘာဂံဥဂ္ဂဏှိတွာ"** စသည်ဖြင့် ဇိနာလင်္ကာရဆရာ မိန့်မှာသည်နှင့် အညီ၊ လက်ရှိဘဝ အောက်တန်းစားကျလှတဲ့ အန္ဓကလွှတ် ကလျာဏဖြစ်၊ စူဠသောတာပန်ပေါက်၊ မဟာ သောတာပန် အဖြစ်သို့ ရောက်စေနိုင်သော ခန္ဓာ စသည်ကို ခွဲဝေ၍ ပြပေအံ့—။

လောကမှာ အနန္တလေးပါးရှိရာ "သတ္တနိကာယောအနန္တော" သတ္တဝါအနန္တ လွန်စွာများပြားလှသော်လည်း ပုထုဇဉ်,အရိယာ နှစ်မျိုးခွဲက နှစ်မျိုးတည်းသာရှိပေသည်။

၁။ "ပုထုဇဉ်" ဟူသည် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စ သမုပ္ပါဒ် စသည်တို့၌ မသင်မကြား မနာရဘူး၍ သက်တော် တင်ရှားဘုရားနှင့်တွေ့သော်လည်း ကျွတ်ခွင့် လွတ်ခွင့်မရ၊မကျွတ် မလွတ်နိုင်ကြသော သတ္တဝါဝေနေယျတို့မှာ "ပုထူဟိသဗ္ဗဂတီဟိ နဝုဋ္ဌဟန္တီတိ ပုထုဇ္ဇနာ" နှင့် အညီ၊ ဂတိငါးဆိုင် ရေပွက်အိုင်မှ မထနိုင် မတက်နိုင်, ခေါင်း မထောင်နိုင်ကြသေး၍ အနမတဂ္ဂ သံသာဗွေမှာ တပေပေ ထပ်ပြန်တလဲလဲ ရရှိခဲ့ကြသော ပုထုဇဉ် အမည်ဟောင်းကြီးမှ မပြောင်းမလဲ လက်မလွှတ်နိုင်ကြသေးဘဲ တဇဉ်ထဲ ဇဉ်ခဲ့ရသော ပုထုဇဉ် အမည်ကိုသာ ရမြဲ ရရှိကြလေ တော့သည်။

၂။ **"အရိယာ"** ဟူသည် ခန္ဓာစသည်တို့၌ သင်ကြား လေ့ လာ၍ ပုဂ္ဂိုလ် သတ္တဝါ စသော ပညတ်ပျောက်၊ ရုပ် နာမ် ခန္ဓာ စသောပရမတ်ပေါက်၊အနိစ္စ,ဒုက္ခ,အနတ္တဟူသောလက္ခဏာဆိုက်

ဒုက္ခ, သမုဒယ စသော သစ္စာကိုက်အောင် ယုံမှားမရှိ,ထိုးထွင်း၍ သိသည့်ရှိသော် လောကုတ္တရာဘက်မှာရှိနေတဲ့ လေးပါးသောမဂ် လေးပါးသော ဖိုလ်တို့တွင် တမဂ်တဖိုလ်စသည်ဖြင့် လက်ကိုင်မိမိ ရရှိပြီးသော လုလ္လသည်းထံ သီလဝန် ဂုဏဝန် ပုဂ္ဂိုလ်တို့မှာ— "**အရိတဗ္ဗာ ဥပဂန္တဗ္ဗာတိအရိယာ**"နှင့်အညီ၊ **အဆိုပါ ဂတိငါး** ဆိုင် ရေပွက်အိုင်တို့တွင် (နိရယ,ပေတ,တိရစ္ဆာန်)သုံးတန်သော ဂတိဆိုးကြီးတို့မှ အပြီးအပြတ်လက်စသတ် ထကြပြီး တက်ကြ ပြီး ထွက်ကြပြီးဖြစ်၍ အရိယာဟူသော ဘွဲ့ထူး ဂုဏ်ထူး နာမည် ထူး ဝိသေသကို ရရှိကြလေတော့သည်။

## ဂတိငါးပါး ဆောင်ပုဒ်များ

၁။ ဒေဝမနုဿ၊ နိရယ၊ ပေတ တိရစ္ဆာန်။
၂။ ဂတိငါး၀၊ မထကြ၊ မှတ်ပ ပုထုဇန်။
၃။ ဂတိသုံး၀၊ လွတ်မြောက်ကြ၊ မှတ်ပ အရိယံ။
၄။ ဒုဂ္ဂတိလွှဲ၊ သုဂတိမြဲ၊ အားခဲ ခပ်မြန်မြန်။
၅။ ခန်-အာ-ဓာတ်တွေ၊ သိကြလေ၊ ဖြစ်ပေ ကလျာဏ်။

ပုထုဇဉ်–အရိယာ ခွဲပြခန်း ပြီး၏။

## (ခ) အန္ဓ—ကလျာဏ နှစ်မျိုး

"ပုထုကိလေသေ ဇနေတီတိ ပုထုဇ္ဇနော"နှင့်အညီ၊ များစွာသော ကိလေသာတို့ကို ဖြစ်ပွားစေတတ်သောကြောင့် ပုထုဇဉ်ဟုဆိုထားရာ၊ ထိုပုထုဇဉ်မှာ—

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊
ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊
ကလျာဏေကော ပုထုဇ္ဇနောတိ....အရ

ဘုရားဟောပြ အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်ဟု နှစ်မျိုးရှိရာ—

တတ္ထ ယဿ ခန္ဓာယတန၊ ဓာတုပဋိစ္စသမုပ္ပါဒါဒိဘေဒေသု ဓမ္မေသု ဥဂ္ဂဟ ပရိပုစ္ဆာဓာရဏ သဝန ယောနိသော မနသိကာရော နတ္ထိ၊ သော အန္ဓပုထုဇ္ဇနော၊ ယဿတာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော—ဟု ကျမ်းပြုအကျော် အဋ္ဌကထာ ဋီကာ ဆရာတော်တို့ မိန့်ဆိုအပ်သည်နှင့်အညီ။

### "အန္ဓပုထုဇဉ်"

အကြင် ပုထုဇဉ်အား ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါ၊ ဓာတ်တဆယ့်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်စသော အရေးပါ၍ အရာရောက်လှသော(ဝါ) မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို မြန်မြန်ဆော ဆော ရောက်စေ ရစေတတ်သောတရားတို့၌ သင်အံ လေ့ကျက် နှုတ်တက် ဆောင်ထားခြင်း၊ မိမိ မသိနားမလည်သော အချက် အလက် ခက်ဆစ် အရာတို့ကို သိ-ကြား လိမ္မာသော

ပညာရှိတို့ကို မေးမြန်းလျှောက်ထားခြင်း၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့်စပ်သော အမြွက်တရာတို့ကို အကြိမ်ကြိမ် အခါခါကြားနာခြင်း၊ ကြိမ်ဘန်များစွာနာရ၍ လောကသုံးပါးမှာ သူငါမဟုတ် နာမ်နှင့် ရုပ်သာရှိ၏ဟု သိရှိရသောအခါ အဆိုပါရုပ်နာမ်တို့ကို မမြဲ ဆင်းရဲ အစိုးမရ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေးသုံးပါးမျှသာ မုချကေန် အမှန်ဖြစ်၏ဟု မင်္ဂဖိုလ်နှင့်သင့်တန်အောင် နှလုံးသွင်းခြင်း အလျဉ်းမရှိ၊ ထို ပုထုဇဉ်ပုဂ္ဂိုလ်သည် အဆိုပါ ခန္ဓာစသည်တို့ကို သိမြင်ရမဲ့ ပညာမျက်စိ ကန်းနေသောကြောင့် အန္ဓပုထုဇဉ်မည်၏။ ဝါ၊ သက်တော်ထင်ရှားဘုရားနှင့်တွေ့ရသော်လည်း မကျွတ်ထိုက် မလွတ်ထိုက် မင်္ဂဖိုလ်မရထိုက်သော ပုထုဇဉ်ကန်းမည်၏ဟု ဆိုလိုပေသည်။

## "ကလျာဏပုထုဇဉ်".

အကြင် ပုထုဇဉ်အား အဆိုပါ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်စသော တရားတို့၌ သင်အံ လေ့ကျက်ခြင်း စသည်တို့သည် ရှိကြကုန်၏။ ထိုပုထုဇဉ်သည် အဆိုပါ ခန္ဓာ,အာယတန ဓာတ်, ပဋိစ္စသမုပ္ပါဒ်စသည်တို့၌ သိမြင်ရမဲ့ ပညာမျက်စိမကန်းကောင်းနေသောကြောင့် 'ကလျာဏပုထုဇဉ်' မည်၏။ ဝါ၊ သက်တော်ထင်ရှားဘုရားနှင့်တွေ့ရသော် ကျွတ်ထိုက် လွတ်ထိုက် မင်္ဂဖိုလ်ရထိုက်သော ကလျာဏပုထုဇဉ်မည်၏ဟု ဆိုလိုပေသည်။

ဤအဆိုနှစ်ရပ်ကို ကြပ်ကြပ်သတိပြု၊လူဖြစ်စေ,ရဟန်းဖြစ်စေ ယောကျ်ား ဖြစ်စေ, မိန်းမဖြစ်စေ မည်သူမဆို "အန္ဓလား" "ကလျာဏလား" ဉာဏ်နှင့် ကြည့်၍ ခွဲခြား၊ အန္ဓနှင့်မနေနှင့်, မသေနှင့်၊ ကလျာဏနှင့် နေပါ-သေပါ၊ သို့မှသာ နေကောင်း, သေကောင်း၊ နေပျော် သေပျော်ရှိချိန့်မည် ဟူလို။

## "ပုထုဇဥ်ကား လွန်စွာအပြစ်များ"

အဘယ့်ကြောင့် ဆိုသော်– (၁) ပုထုဇ္ဇနော ဥမ္မတ္တကော၊ (၂)ပုထုဇ္ဇနော ဥမ္မတ္တကောဝိယ၊ (၃)ပုထုဇ္ဇနော့နာမ ဥမ္မတ္တက သဒိသော၊ (၄) သာဝဇ္ဇော ပုထုဇ္ဇနေဘာဝေါ၊ ယတြာဟိနာမ ပုထုဇ္ဇနော၊ မာတုဃာတာဒီနိပိ အနန္တရိယာနိ ကမ္မာနိကရိဿတိ ဟူ၍ဝင်း၊ အင်္ဂုတ္တိုရ် စသော အဋ္ဌကထာတို့၌ လာရှိသည်ဟု သိလေ မှတ်လေ သတိရှိစေ သတိရစေ။

မြန်မာပြန်။ ။ ၁-ပုထုဇဉ်ဆိုတာ အရူးချည်းဘဲ၊ ၂-ပုထု ဇဉ်ဆိုတာ ပကတိလူရူးနှင့်တူတယ်၊ အရူးကြီး နှင့် အရူးကလေး သာ ထူးတယ်၊ ၃-ပုထုဇဉ်ဆိုတာ ပကတိလူရူးနှင့်တထပ်တသား ထဲ တူတယ်။ ၄-ပုထုဇဉ်အဖြစ်ဟာ အပြစ်နှင့်တကွ ဖြစ်တယ်၊ အပြစ်ရှိတယ်၊ အပြစ်များတယ်၊အပြစ်ကြီးတယ် ဘာ့ကြောင့်လဲ ဆိုတော့ အကြင်ကြောင့် ပုထုဇဉ်သည် ပုထုဇဉ်ဖြစ်သောကြောင့် အမိသတ်ခြင်း အစရှိကုန်သော ပဉ္စာနန္တရိယကံကြီးတို့ကိုသော် လည်း ပြုလုပ်မိတတ်ကုန်၏။ အဆိုပါ ကံကြီးတို့ကို ပြုလုပ် လွန် ကျူးမိ၍ တကမ္ဘာပတ်လုံးကြာသော်လည်း အဝီစိငရဲကြီးထဲက ဦးခေါင်းမထောင်နိုင်အောင် ကံကြီးတို့ကိုလည်း ပြုလုပ်မိတတ် သောကြောင့်ပေတည်း။

၁။ (အကန်း) "ရှိတာကိုမမြင် မရှိတာကိုမြင်တတ်တဲ့ အန္ဓ ပုထုဇဉ်အကန်း"ဆိုသည်နှင့်အညီ၊ အမြဲတန်း ကိုယ်မှာရှိနေတဲ့ အဟုတ်ရှိ အမှန်ရှိ ကေန်ရှိ မုချရှိနေတဲ့ ရုပ်ခန္ဓာ, နာမ်ခန္ဓာ, ရုပ် အာယတန နာမ်အာယတန, ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်

တို့ကိုင်၊ ထိုရုပ်နာမ်တို့၏ မမြဲ, ဆင်းရဲ, အစိုးမရသော အနိစ္စ-ဒုက္ခ-အနတ္တအချက်တို့ကိုင်၊ ပိတ်စတုံး လုံးလုံးကြီးမသိမမြင်။ အဟုတ်မရှိ အမှန်မရှိ ကေန်မရှိ မုချမရှိ ခေါ်ဆိုရရုံ ပညတ်မျှသာရှိနေတဲ့ ပုဂ္ဂိုလ်သတ္တဝါ သူ-ငါ, ယောကျ်ား-မိန်းမ, အဖြူ-အမဲ စသော ပညတ်မျှကိုသာ သိတတ် မြင်တတ်သော ကြောင့် ( အန္ဓပုထုဇဉ်ကန်း ) ဆိုသည်၊ ပကတိ မျက်စိကန်း၍ ဆိုသည်မဟုတ်၊ ပညာမျက်စိကန်းနေ၍ အကန်း ဆိုသည်ဟု သိလေ မှတ်လေ။

၂။ (အကောင်း) "မရှိတာကိုမမြင် ရှိတာကို မြင်တဲ့ ကလျာဏပုထုဇဉ်အကောင်း" ဆိုသည်နှင့် အညီ၊ အဟုတ်မရှိ အမှန်မရှိ ကေန်မရှိ မုချမရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါ၊ သူ-ငါ-ယောကျ်ား-မိန်းမ စသော ပညတ်ကိုမမြင်၊ အဟုတ်ရှိ အမှန်ရှိ ကေန်ရှိမုချရှိနေတဲ့ရုပ်ခန္ဓာ နာမ်ခန္ဓာ ရုပ်အာယတန နာမ်အာယတန, ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တို့ကိုသာ သိတတ်မြင်တတ်သော ပညာမျက်စိ ဉာဏ်မျက်စိ ဝိပဿနာမျက်စိရှိနေ၍ မကန်းကောင်းသော ( ကလျာဏပုထုဇဉ် ) ဆိုသည်၊ ပကတိ မျက်စိကောင်း၍ အကောင်းဆိုသည်မဟုတ်၊ ပညာမျက်စိကောင်း၍သာ အကောင်းဆိုသည်။

## "ကန်းချင်သလား—ကောင်းချင်သလား"

အကန်းဖြစ်ချင်လျှင် အကန်းဘဝတွေကိုအားမရသေးလျှင်၊ ဝါ-တကန်းထဲ ကန်း၍ နေချင်လျှင် ပြဆိုလတံ့သော ခန္ဓာ, အာယတန, ဓာတ် စသည်ကို မလေ့လာ မသင်ကြားနှင့် ဆုမတောင်းဘဲ ကန်းပြီးသားဖြစ်နေပြီ။

(ကောင်းချင်လျှင်) အကောင်းကို စုံမက်လျှင်(ဝါ)နေ့ည မဆိုင်းဘဲ လက်ရှိဘဝ၌ဘဲ အန္ဓကလွတ်-ကလျာဏဖြစ်, စူဠ သောတာပန်, မဟာသောတာပန်ဖြစ်၍ အပါယ်လွတ်တရားရ အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားလိုလျှင် ရှေ့၌ ဟော်ပြလတံ့သော ခန္ဓာ, အာယတန, ဓာတ် စသည်ကို သင်ကြားနာယူ၍ ဝိပဿနာဘက်သို့တက်ပါလေ ဟူလို။

ဤကား—အန္ဓ, ကလျာဏ ခွဲခန်း ပြီး၏။

# " ခန္ဓာပိုင်း "

(ခန္ဓာငါးပါး ပါဠိ) ပဉ္စက္ခန္ဓာ-ရူပက္ခန္ဓော၊ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓောတိ။ ။

(ခန္ဓဝိဘင်း ပါဠိ)

(ခန္ဓာငါးပါး အနက်) ခန္ဓာ၊ ခန္ဓာတို့သည်။ ဝါ၊ အစုအပုံတို့သည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာဝှင်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာဝှင်း။ သညာက္ခန္ဓော၊ သညာက္ခန္ဓာဝှင်း။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာဝှင်း။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာဝှင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့တည်း။

( ခန္ဓာငါးပါး သရုပ်ခွဲ ) ခန္ဓာတို့သည်--ရူပက္ခန္ဓာတပါး၊ ဝေဒနာက္ခန္ဓာတပါး၊ သညာက္ခန္ဓာတပါး၊ သင်္ခါရက္ခန္ဓာတပါး၊ ဝိညာဏက္ခန္ဓာတပါး၊ ဤသို့အားဖြင့် ငါးပါးအပြားရှိကုန်၏။

(ခန္ဓာငါးပါး အရကောက်) ထို ခန္ဓာငါးပါး တို့တွင်—

၁။ ရူပက္ခန္ဓာအရ ဘူတရုပ် ၄-ခု။ ဉပါဒါရုပ် ၂၄-ခု။ ပေါင်း (၂၈)ခုကို ကောက်ယူလေ။

(ရုပ် ၂၈-ခုကို အပြည့်အစုံသိလိုက အဘိဓမ္မတ္ထသင်္ဂြိုဟ် ရုပ်ပိုင်းမှာ ကြည့်လေ)

၂။ ဝေဒနာက္ခန္ဓာအရ—ဝေဒနာစေတသိက်ကိုကောက်ယူလေ။
၃။ သညာက္ခန္ဓာအရ—သညာစေတသိက်ကို ကောက်ယူလေ။
၄။ သင်္ခါရက္ခန္ဓာအရ—ဝေဒနာ, သညာမှ ကြွင်းသော စေတသိက်(၅၀)ကို ကောက်ယူလေ။
၅။ ဝိညာဏက္ခန္ဓာအရ—စိတ်တခု ယုတ်ကိုးဆယ် (၈၉) ကို ကောက်ယူလေ။

**ဆောင်ပုဒ်။** ရူ-ဝေ-သည်-သင်-ဝိ-မှတ်သိ ခန္ဓာငါး။

**တနည်း။** ဖေါက်ပြန်,ခံစား,မှတ်သား,ပြုပြင်, စိတ်ဝိဉာဏ် ငါးအင်ခန္ဓာမှတ်။

(မှတ်ချက်) ဤ၌ ရူပက္ခန္ဓာကို (ရူ) နှင့် မှတ်။ ထို့အတူ ဝေဒနာက္ခန္ဓာကို(ဝေ)၊ သညာက္ခန္ဓာကို(သည်)၊ သင်္ခါရက္ခန္ဓာကို (သင်)၊ ဝိညာဏက္ခန္ဓာကို(ဝိ)နှင့် အသီးအသီးမှတ်လေ။

(ခန္ဓာ ခေါ်ဆိုရပုံ) "ကေနဋ္ဌေန ခန္ဓာ"အရ၊ အဘယ့်ကြောင့် ခန္ဓာဟုခေါ်ဆိုပါသနည်းဟုမေးလျှင်"ရာသဋ္ဌေနခန္ဓာ" အရ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် စသော တဆဲ့တပါးသော အကြောင်းတို့ဖြင့် ပေါင်းစုအပ်သော အပေါင်းအစု ဟူသော အနက်သဘောကြောင့် ခန္ဓာခေါ်ဆိုသည်ဟု ဖြေလေ။

## "ရုပ်ခန္ဓာ နာမ်ခန္ဓာခွဲပုံ"

သက်ဆိုင်ရာတရားများကို ခန္ဓာဖွဲ့လျှင် ရှေးဦးစွာ ရူပက္ခန္ဓာသည် ရုပ်(၂၈)ခုဖြစ်၍ (ရုပ်ခန္ဓာ)မည်၏။

ကျန် ခန္ဓာ ၄-ပါးတို့သည် နာမ်တရားများသာ ဖြစ်ကြ၍ (နာမ်ခန္ဓာ)မည်၏။ ရုပ်ခန္ဓာ ၁-ပါး၊ နာမ်ခန္ဓာ ၄-ပါး၊နှစ်ရပ်ပေါင်းလျှင် ခန္ဓာငါးပါးဖြစ်၏။

## " ရုပ်—နာမ် နှစ်ပါး ခွဲပုံ "

တနည်း—သဘောတူရာ တရားများကိုပေါင်းလျှင် ရူပက္ခန္ဓာသည် (ရုပ်)မည်၏။ ကျန် ခန္ဓာ ၄-ပါးတို့သည်(နာမ်)မည်၏။

ခန္ဓာ၅ပါး ဆိုသော်လည်း အကျဉ်းအားဖြင့် ရုပ်, နာမ် နှစ်ပါးသာဟု ဆိုလိုသည်။

## "တနည်း—ခန္ဓာ၅ပါးကိုခွဲပုံ"

၁။ ဘောက်ပြန်တဲ့အစု၊ ၎င်းမှာ—ရူပက္ခန္ဓာ၊ ရုပ် ( ၂၈ ) ခု ဖြစ်သည်။

၂။ ခံစားတဲ့အစု၊ ၎င်းမှာ—ဝေဒနာက္ခန္ဓာ၊ ဝေဒနာ စေတသိက်(၁)ခု ဖြစ်သည်။

၃။ မှတ်သားတဲ့အစု၊ ၎င်းမှာ—သညာက္ခန္ဓာ၊ သညာ စေတသိက် (၁)ခု ဖြစ်သည်။

၄။ ပြုပြင်တဲ့အစု၊ ၎င်းမှာ-သင်္ခါရက္ခန္ဓာ၊ကျန်စေတသိက် (၅၀)ဖြစ်သည်။

၅။ သိတဲ့အစု၊ ၎င်းမှာ— ဝိညာဏက္ခန္ဓာ၊ စိတ် တခု ယုတ်ကိုးဆယ်(၈၉)ဖြစ်သည်။

## " ဒေသနာနှစ်ပါး "

ဗုဒ္ဓဿဟိ ဘဂဝတော ဒုဝိဓာဒေသနာဟောတိ၊ သမ္မုတိဒေသနာ ပရမတ္ထဒေသနာစာတိ။ စသည်နှင့် အညီ၊ ထိုတွင်—သမ္မုတိဒေသနာတော်ဖြင့်ဟောတော်မူလိုတဲ့ခါ ပုဂ္ဂိုလ်,သတ္တဝါ

ယောကျ်ား, မိန်းမ စသည်ဖြင့် ဟောတော်မူ၍ ပညတ်မဘက် ပရမတ်သက်သက် ပရမတ်စစ်စစ်ကို ရွေးထုတ်၍ ဟောတော်မူလိုတဲ့ခါ ခန္ဓာ,အာယတန,ဓာတ်,အနိစ္စ,ဒုက္ခ,အနတ္တ စသည်ဖြင့် ဟောတော်မူလေ့ရှိပါသည်။ ထို့ကြောင့် - ဤ၌ ပဉ္စက္ခန္ဓာ စသည်ဖြင့် ဟောတော်မူသည်မှာ— ပုဂ္ဂိုလ်, သတ္တဝါ စသော ပညတ်မဘက် ပရမတ် သက်သက် ပရမတ်စစ်စစ်ကို ထုတ်၍ ဟောတော်မူသော ပရမတ္ထဒေသနာတော် ဖြစ်သည်ဟု သိမှတ်ရပါမည်။

## " နီတတ္ထ—နေယျတ္ထ နှစ်ပါး "

တနည်းဆိုသော်--မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဒေသနာတော်မှာ နီတတ္ထဒေသနာ,နေယျတ္ထဒေသနာဟူ နှစ်မျိုး ရှိပြန်ရာ၊ နီတတ္ထဒေသနာဆိုသည်မှာ—မသွယ်မဝိုက် တိုက်ရိုက် ဟောတော်မူသော ဒေသနာမျိုးကိုဆိုသည်။ နေယျတ္ထဒေသနာ ဆိုသည်မှာ—သွယ်ဝိုက်၍ ဟောတော်မူသော ဒေသနာမျိုးကို ဆိုသည်။ ထိုတွင် သမ္မုတိဒေသနာနှင့် နေယျတ္ထ တူသည်။ ပရမတ္ထဒေသနာနှင့် နီတတ္ထ တူသည်။

အကြောင်းသော်ကား—ပုဂ္ဂိုလ်, သတ္တဝါ ဟု ဟောသော်လည်း ပုဂ္ဂိုလ် သတ္တဝါကား- ပရမတ္ထအားဖြင့် ထင်ရှားမရှိ ပညတ်မျှသာ။ ခန္ဓာ, အာယတန, ဓာတ်တို့သာ ထင်ရှားရှိ၏ဟု ဆောင်၍ ဆ၍ သိအပ်သောကြောင့်ရင်း၊ ခန္ဓာ, အာယတန, ဓာတ်ဟုဟောတော်မူလျှင် ဆောင်၍ ဆ၍ နေရန်မရှိ၊တိုက်ရိုက် ပင် သိအပ်သောကြောင့်ရင်းတည်း။ ထို့ကြောင့်-ဤ၌ ခန္ဓာ, အာယတန, ဓာတ်ဟု ဟောတော်မူသည်မှာ သမ္မုတိဒေသနာ မဟုတ်၊ ပရမတ္ထဒေသနာမျိုးဖြစ်သည်ဟု သိရပေမည်။

## " အသိမှန်–အမြင်မှန်–အယူမှန် "

ထို့ကြောင့် အကျဉ်းအားဖြင့် ဘုံသုံးပါး၊ အကျယ်အားဖြင့် လေးကျွန်းတမြင့်မိုရ် ၃၁-ဘုံ တခုသောစကြာဝဠာ စသည်ဖြင့် စကြာဝဠာအနန္တရှိရာ ထိုစကြာဝဠာအနန္တတို့၌ အဆိုပါ သက်ဆိုင်ရာ ခန္ဓာ၊ အာယတန၊ ဓာတ်တို့ကို နှုတ်ပယ်၍ထားပါလျှင် ဘုံနေသတ္တဝါ လုံးဝ မရှိတော့ပါ၊ ၃၁ဘုံ အခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိနေပါတော့သည်။

ဥပမာ....၃၁ - ရွာ ထဲမှာ ရွာနေသူလူတွေကို အကုန်လုံး နှုတ်ပယ်ထားပါလျှင် ရွာနေသူ လူမရှိ၊ ၃၁-ရွာ အခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိ၍ နေဘိသကဲ့သို့ပေတည်း။ အမှန်မှာ ဘုံဆိုတာလဲ ပညတ်၊ သတ္တဝါဆိုတာလဲ ပညတ်၊ အဟုတ်မရှိသောတရားတွေချည်းဖြစ်နေကြ၍ ထိုဘုံ သတ္တဝါတို့ ဆိုတဲ့ ပညတ်ပေါ်တွင် အသိဉာဏ် သောင်တင်၊ အသိဉာဏ် အားကုန်၍မနေစေဘဲ အဆိုပါ ဘုံ၊ သတ္တဝါဆိုတဲ့ ပညတ် ကျော်ဖေါက် ခန္ဓာ၊ အာယတန၊ ဓာတ် ဆိုတဲ့ ပရမတ်ပေါက် လက္ခဏာဆိုက် သစ္စာကိုက်အောင် အသိမှန် အမြင်မှန် အယူမှန် ကို ယူစေလိုရင်းသာဖြစ်ပါသည်။

## "ခန္ဓာငါးချက် တပြိုင်နက်"

ဂဗ္ဘသေယျကသတ္တာနဥ္စ ပဋိသန္ဓိက္ခဏေ ပဥ္စက္ခန္ဓာ အပစ္ဆာ အပုရေ ကေတော ပါတုဘဝန္တိ။ ။

(ခန္ဓဝိဘင်း-သမ္မောဟဋ္ဌကထာ)

ဟိသစ္စံ၊ မှန်၏။ ဂဗ္ဘသေယျကသတ္တာနံ၊ အမိဝမ်း၌ ကိန်းကုန်သော သတ္တဝါတို့အား။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေနေဆဲခဏ၌။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ အပစ္ဆာအပုရေ၊ မရှေးမနှောင်း။ ဝါ၊ ရှေ့မကျ၊ နောက်မကျ။ ကေတော၊ တပြိုင်နက် တချက်တည်း။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကြလေကုန်၏။

(ဤကား—အနက်)

(အဓိပ္ပါယ်) ပဋိသန္ဓေသည်၊ ၁—အဏ္ဍဇ, အဉပဋိသန္ဓေ။ ၂—သံသေဒဇ၊ အညှိ ပဋိသန္ဓေ။ ၃—ဇလာဗုဇ၊ သားအိမ်, အမိဝမ်း ပဋိသန္ဓေ။ ၄—ဩပပါတိက၊ ကိုယ်ထင်ရှားဖြစ်သော ပဋိသန္ဓေဟု လေးမျိုးရှိရာ၊ ထိုတွင် ခန္ဓာငါးပါး အစုံအလင် ရရှိနိုင်သော ပဉ္စဝေါကာရ ၂၆-ဘုံတို့၌ ဖြစ်ခိုက် ဖြစ်နေ (ဇလာဗုဇပဋိသန္ဓေ)ခေါ်သော အမိဝမ်း သားအိမ်၌ ပဋိသန္ဓေ နေကြသော ဂဗ္ဘသေယျက သတ္တဝါတို့အား (ပဌမံကလလံ ဟောတိ၊ ကလလံဟောတိအဗ္ဗုဒံ)စသည်ဖြင့် ဗုဒ္ဓကဘီလူးအား ဟောကြားအပ်သည်နှင့်အညီ၊ သတ္တာဟ အစဉ်အားဖြင့် ပဌမ သတ္တာဟ, ကလလရေကြည် ပဋိသန္ဓေတည်နေစဉ်ကပင် ရုပ်နာမ် နှစ်ပါး, ခန္ဓာငါးပါး, ပရမတ္ထတရားအပေါင်းအစုတို့သာ မရှေး မနှောင်း တပြိုင်နက် တချက်တည်း ထင်ရှား ဖြစ်ပေါ်လာကြ ကုန်သည်။ ထို ပဋိသန္ဓေနေတဲ့အထဲမှာ လူ နတ် ပြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဟူက မြူမျှမပါချေ။

ရုပ်နာမ်ခန္ဓာခေါ်သော ပရမတ္ထ တရားအပေါင်းအစု သက်သက်မျှသာ ကံအားလျော်စွာဖြစ်ကြလေသည်။ ပုဂ္ဂိုလ်သတ္တဝါ ဟူက မြူမျှမပါ ရုပ်နာမ်ခန္ဓာသက်သက်သာ ဖြစ်ကြ ပျက်ကြ သည်။ပုဂ္ဂိုလ်သတ္တဝါတို့၏ ဖြစ်မှုပျက်မှု ဖြစ်ခြင်းပျက်ခြင်းမဟုတ် ဟု ဆိုလိုသည်ဟု သိလေ မှတ်လေ-သတိရှိစေ သတိပြုလေ။

# ခန္ဓာဒိပကာသနီကျမ်း

## "ရုပ်-နာမ် နှစ်ပါး

ဘယ်ဟာက ရုပ်, ဘယ်ဟာက နာမ်လဲ?ဆိုတဲ့ အမေး၌ အမိဝမ်းထဲမှာ ပဋိသန္ဓေ တည်နေတဲ့ခါ အဘ၏သုက်, အမိ၏ သွေး နှစ်ပါး ရောစပ်မိတဲ့ခါ အဆိုပါ သုက်, သွေး ပေါ်မှာ လွန်စွာ လွန်စွာကြည်လင်လှတဲ့ ယင်ကောင်ငယ် တကြိမ်သောက်လောက် ရုံမျှ ပမာဏအတိုင်းအရှည်ရှိသော (ကလလ) ရေကြည် ခေါ်သောရုပ်အစဉ်သည် အဆိုပါ ပဋိသန္ဓေစိတ်နှင့်တပြိုင်နက် တချက်တည်း ထင်ရှားဖြစ်ပေါ်လာလေသည်။ထိုတွင် ကလလရေကြည်သည် ရုပ် တရားပေတည်း။ ပဋိသန္ဓေစိတ်သည် နာမ် တရားပေတည်း။ ပဋိသန္ဓေတည်နေတဲ့အထဲမှာ (ရုပ်,နာမ်)နှစ်ပါးတို့သာ ဖြစ်ကြ ပျက်ကြသည်။ ရုပ် နာမ် တို့၏ ဖြစ်မှု ပျက်မှုသာ ဟုတ်မှန်ကြသည်။ ပုဂ္ဂိုလ် သတ္တဝါတို့၏ ဖြစ်မှုပျက်မှု, ဖြစ်ခြင်း ပျက်ခြင်း မဟုတ်ဟုဆိုလိုသည်။

## " ခန္ဓာငါးပါး "

တဘန်—ခန္ဓာငါးပါးဆိုတာ ဘယ်ခန္ဓာ, ဘယ်ခန္ဓာလဲ ? ဆိုတဲ့အမေး၌ အမိဝမ်းထဲမှာ ပဋိသန္ဓေတည်နေကြတဲ့ခါ ပဋိသန္ဓေစိတ်နှင့်အတူတကွ သဟဇာတဖြစ်ကြတဲ့(ကလလရေကြည်) ရုပ်ထဲမှာ (ကာ-ဘာ-ဝ)ဆိုတဲ့ ကာယဒသကကလာပ်, ဘာဝဒသကကာပ်, ဝတ္ထုဒသကကလာပ် ဟု သုံးစည်း၊ ကံကြောင့်ဖြစ်သော ကမ္မဇရုပ် ၃၀-ပါရှိသည်၊ အဲဒီ ကမ္မဇရုပ် ၃၀-က ရူပက္ခန္ဓာ၊ ပဋိသန္ဓေစိတ်က-ဝိညာဏက္ခန္ဓာ၊ပဋိသန္ဓေစိတ်နှင့်အတူတကွ ယှဉ်ဘက်ဖြစ်သော ဝေဒနာစေတသိက်က-ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်က-သညာက္ခန္ဓာ၊ ဝေဒနာ,သညာမှကြွင်းသော

ဝါ-တဘာဝနှင့် တဘာဝကို လှုံ့ဆော်ပေးတတ်သော စေတနာ ၅၀-က သင်္ခါရက္ခန္ဓာ၊ ပေါင်း ခန္ဓာငါးပါးတို့သာ ဖြစ်ကြ ပျက်ကြသည်၊ပုဂ္ဂိုလ်သတ္တဝါဟူက မြူမျှမပါ။

တနည်းဆိုသော်....ပဋိသန္ဓေ စိတ်က ဝိညာဏက္ခန္ဓာ။ ၎င်း ပဋိသန္ဓေစိတ်နှင့် အတူတကွ ဖြစ်ကြတဲ့ ဝေဒနာစေတသိက်က ဝေဒနာက္ခန္ဓာ။ သညာစေတသိက်က-သညာက္ခန္ဓာ။ ဝေဒနာ, သညာမှကြွင်းသော စေတသိက် ၅၀-က သင်္ခါရက္ခန္ဓာ။ အဆိုပါ ကမ္မဇရုပ် ၃၀-က ရူပက္ခန္ဓာ။ ဤလိုဤပုံ-အမိဝမ်းထဲမှာ ပဋိသန္ဓေနေတဲ့ခါ အဆိုပါ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သာ ဖြစ်ကြ ပျက်ကြလေသည်။

ပုဂ္ဂိုလ်သတ္တဝါ လူနတ်ဗြဟ္မာတို့၏ ဖြစ်မှုပျက်မှု ဖြစ်ခြင်း ပျက်ခြင်း လုံးပမဟုတ်ဟု အသိမှန် အမြင်မှန်မြင်၍ အယူမှန်ကို ယူနိုင်ကြပါစေ၊ ယူကြပါလေ။ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဆိုသည်မှာ ပညတ်မျှသာ၊ ပရမတ်အားပြင့် ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးတို့သာဟု သိလေ မှတ်လေ။

## "ဝေါကာရသုံးစုံ ဥာဏ်နှင့်ခြုံ"

အနည်းငယ် ထင်ရှားစေဦးအံ့။ လေးကျွန်းတမြင့်မိုရ် ၃၁ဘုံ တခုသောစကြာဝဠာ စသည်ဖြင့် စကြာဝဠာအနန္တရှိရာ ဘယ်လို ဘဲ နန် နန်၊ အချုပ်မှာ ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စ ဝေါကာရဟု ဝေါကာရသုံးမျိုးနှင့် ချုပ်၍ဆိုလျှင် ၃၁-စကြာ ဝဠာအနန္တ အကုန်လုံးပါဝင်ရလေတော့သည်။

ဤ၌ ဝေါကာရသဒ္ဒါက ခန္ဓာကို ဟောသည်။ ဧက, စတု, ပဥ္စသဒ္ဒါတို့က ၁-၄-၅-ခု သင်္ချာတို့ကိုဟောသောကြောင့် ဧကဝေါကာရ ခန္ဓာ ၁-ပါး၊ အသညသတ်ဘုံကို ဆိုသည်။ စတုဝေါကာရခန္ဓာ ၄-ပါး၊အရူပလေးဘုံကိုဆိုသည်။ ပဥ္စဝေါကာရ ခန္ဓာ ၅-ပါး၊ ကျန် ၂၆-ဘုံကိုဆိုသည်ဟု သိလေ မှတ်လေ။

ထိုတွင် "အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နောစ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ"ဟုဟောတော်မူခဲ့တဲ့ ခန္ဓယမိုက်နှင့်အညီ၊ ရူပကုသိုလ်ကံအားလျော်စွာ ဧကဝေါကာရဘုံခေါ်သော အသညသတ်ဘုံ၌ဖြစ်ခိုက် ဇီဝိတနဝကကလာပ်ခေါ်သော ရူပက္ခန္ဓာ တပါးတည်းသာ ကမ္ဘာငါးရာကာလပတ်လုံး ဥပါဒ်-ဌီ-ဘင် အစဉ်မပြတ် တလဲလဲ ဖြစ်ပျက်၍နေသည်ကိုသာ ဘုံသို့လိုက်၍ ပညတ်အားဖြင့် အသညသတ်ပြဟ္မာ, အသညသတ်သတ္တဝါ, အသညသတ်ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရလေသည်။

ထို့အတူ "အရူပံ ဥပပဇ္ဇန္တာနံ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နောစ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ"နှင့် အညီ၊ အရူပကုသိုလ်ကံအားလျော်စွာ စတုဝေါကာရ လေးဘုံခေါ်သော အရူပလေးဘုံတို့၌ ဖြစ်ခိုက် "ဝေ-သဉ်-သင်-ဝိ" ဟူသော နာမ်ခန္ဓာလေးပါး, ကမ္ဘာနှစ်သောင်း, လေးသောင်း, ခြောက်သောင်း ရှစ်သောင်းလေးထောင် ကာလပတ်လုံး အဆိုပါ နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒ်-ဌီ-ဘင် အစဉ်မပြတ် ဖြစ်ပျက်နေသည်တို့ကိုသာ ဘုံသို့လိုက်၍ ပညတ်အားဖြင့် အရူပပြဟ္မာ, အရူပသတ္တဝါ, အရူပပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရလေသည်။

ထို့အတူ "ပဉ္စဝေါကာရ၌ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ၊ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတိ" နှင့် အညီ၊ အကုသိုလ်၊ ကာမကုသိုလ်၊ ရူပကုသိုလ်ကံအားလျော်စွာ ပဉ္စဝေါကာရ ဘုံ ခေါ်သောကျန် ၂၆ ဘုံတို့၌ဖြစ်ခိုက်(ရူ-ဝေ-သဉ်-သင်-ဝိ)ဟူသော ခန္ဓာငါးပါး အစုံအလင် ကံမကုန်သမျှ မစုတိ မသေရ၊ အဆိုပါ ခန္ဓာငါးပါးတို့သည် ဥပါဒ်-ဌီ-ဘင် အစဉ် ဖြစ်ပျက်နေကြသည် ကိုသာ ဘုံသို့လိုက်၍ ပညတ်အားဖြင့် အပါယ်ကောင်၊ လူကောင် နတ်ကောင်၊ ဗြဟ္မာကောင် စသည်ဖြင့် ပညတ်အမျိုးမျိုး၊ နာမည် အမျိုးမျိုးတို့ဖြင့် အမျိုးမျိုးမှည့်ခေါ်ကြရလေသည်။ သို့ခေါ် သော်လည်း နာမပညတ်၊ ဝေါဟာရပညတ်မျှသာ၊ အမှန်မှာ အဆိုပါ ဘုံတို့သည် အဆိုပါခန္ဓာတပါး၊ ခန္ဓာလေးပါး၊ ခန္ဓာ ငါးပါးတို့သာ အသားတင် အရေစစ် အဖတ်တင် အစစ်အမှန်ကို ရရှိနိုင်ကြသည်ဟု သိရလေ မှတ်လေ။

## "ဉာဏ်ဦးခေါင်းထောင်"

အဘယ့်ကြောင့်ဆိုသော်—အဆိုပါ သက်ဆိုင်ရာ ခန္ဓာတို့ကို အကုန်လုံး နှုတ်ပယ်ထားပါလျှင် ဘုံနေသတ္တဝါ လုံးဝမရှိတော့ ပါ။ ဘုံအခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိနေတော့ မည်မှာ အမှန်ပင်။ ထို့ကြောင့် အဆိုပါခန္ဓာတပါးသာရရှိသော ဧကဝေါကာရ ၁-ဘုံ၊ ခန္ဓာလေးပါးသာ ရရှိသော စတု ဝေါကာရ ၄-ဘုံ၊ ခန္ဓာငါးပါး အစုံအလင်ရရှိသော ပဉ္စဝေါ ကာရ ၂၆-ဘုံ၊ ပေါင်း ၃၁-ဘုံတို့မှာ အဆိုပါ ခန္ဓာတပါး၊ ခန္ဓာလေးပါး၊ ခန္ဓာငါးပါး တို့ကိုသာ ရရှိနိုင်ကြပေသည်။ ထို့ကြောင့် ဘုံ၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ စသော ပညတ်ပေါ် တွင် အသိဉာဏ်သောင်တင် အသိဉာဏ်အားကုန် အသိဉာဏ်

ဆုံး၍မနေစေဘဲ အဆိုပါ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ သူငါ ယောကျ်ား မိန်းမ မောင်ဖြူ မမဲစသော ပညတ်ကျော်ဖေါက်ဝါ-ဘာဘာ ညာညာ ခေါ်တဲ့ ပညတ်ကို ဉာဏ်နှင့် ဖေါက်ခွဲပယ်ရှား၍ အဆိုပါ ခန္ဓာတပါး, ခန္ဓာလေးပါး, ခန္ဓာငါးပါး ဟူသော ပရမတ်ပေါက်၊ အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော လက္ခဏာရေးဆိုက်၊ (ဒု-သ-နိ-မ)ဟူသော သစ္စာလေးပါးကိုက်၊ သိ သိမိသွားအောင် (ဝါ) တတ်တတ်ထင်ထင် တဲ့တဲ့ကြီးမြင်အောင် ဉာဏ်ဦးခေါင်း ထောင်၍ ပညာမျက်စိ ဉာဏ်မျက်စိ ဝိပဿနာမျက်စိဖြင့် စေ့စေ့ငုငု ကြည့်ရှုကြပါလေ။

## "ကမ္ဘာဦးက သင်္ကေတ"

ဒါဖြင့်လျှင် ဘုံ,ဘုံနေ သတ္တဝါ လူ့နတ် ဗြဟ္မာ စသော ပညတ်တွေဟာ ပရမတ္ထအားဖြင့် ထင်ရှားမရှိပါဘဲလျက် ဘယ်အတွက် ခေါ်ဝေါ်ပညတ်ရပါသလဲ?၊ ဘယ်အခါကစ၍ ခေါ်ဝေါ် ပညတ်ခဲ့ပါသလဲ?ဆိုတဲ့အမေး၌ ကမ္ဘာတည်ဦးက ကမ္ဘာဦးသူ လူပညာရှိတို့သည် ကမ္ဘာတည်ပြန်လျှင် ကမ္ဘာပညတ်လဲ ပေါ်လာပြန်မြဲ ဓမ္မတာဖြစ်၍ သတ္တဝါတို့၏ ကံအားလျော်စွာ ၃၁-ဘုံဖြစ်ပေါ်လာရာ အကုသိုလ်ကံပြုလုပ်သူတို့၏နေထိုင်ရာကို အပါယ်လေးဘုံ၊ ကာမကုသိုလ်ကံပြုလုပ်သူတို့၏ နေထိုင်ရာကို လူ့ဘုံ နတ်ဘုံ၊ ရူပကုသိုလ်, အရူပကုသိုလ်ကံ ပြုလုပ်သူတို့၏ နေထိုင်ရာကို ရူပဘုံ, အရူပဘုံ စသည်ဖြင့်၎င်း၊ အာရုံငါးပါး ခန္ဓာတရားတို့၌ တပ်မက်တတ်သောကြောင့် သတ္တဝါ အကျိုးရှိသည် မရှိသည်ကို သိတတ်သောကြောင့် (မနုဿ = လူ)။ ဥယျာဉ် ဗိမာန်တို့နှင့် ပြည့်စုံသောကြောင့် (ဒိဗ္ဗ = နတ်)။ ဈာန်

စသော ဂုဏ်ကျေးဇူးတို့ဖြင့် စည်ပင်ကြီးပွား ပြန့်ပြောခြင်း များသောကြောင့်(ဗြဟ္မာ)။ ထိပ်လန့်ကြောက်ရွံ့ခြင်းကိုပယ်ဖျောက်၍ ရဲရင့်ခြင်းကို ဖြစ်စေတတ်သောကြောင့် (သူရိယ = နေ)။ အလိုဆန္ဒ အတိုင်း ဖြစ်ပေါ်လာသောကြောင့် (စန္ဒ = လ)။ လမောင်းလျှင်လက်ရှိသောကြောင့်(ဟတ္ထိ = ဆင်)၊ လျှင်မြန်စွာ စားတတ် သွားတတ်သောကြောင့် (အဿ = မြင်း)။ မြေ၌ အိပ်တတ်သောကြောင့်(မဟိံသ = ကျွဲ)။ အရှင်သခင်၏စကားကို နားထောင်တတ်သောကြောင့်(သောဏ = ခွေး)စသည်ဖြင့် ၎င်း၊ကမ္ဘာဦးသူ လူပညာရှိများက အမှတ်သင်္ကေတပညတ်ဖြင့် ခေါ်ဝေါ် သမုတ်ခဲ့သောကြောင့် ဖြစ်ပေါ်လာတဲ့ သင်္ကေတ ပညတ်ဖြစ်သည်ဟု သိလေ။

"ခန္ဓာငါးပါး လှည်းရထား ဥပမာ"

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။ ။

အင်္ဂသမ္ဘာရာ၊ဘီး(ဘိန်း)ဝင်ရိုး ထမ်းပိုးစသော အဆောက်အဦးကြောင့်။ ရထောဣတိ၊ လှည်း ရထားဟူ၍။ သဒ္ဒေါ၊ခေါ်ဝေါ်ပညတ် သမုတ်အပ်သော သဒ္ဒဝေါဟာရ ပညတ်သည်။ ဟောတိ ယထာပိ၊ ဖြစ်ပေါ်လာသကဲ့သို့လည်း။ ဧဝံတထာ၊ ထိုနှင့်တမူ အလားတူ။ ခန္ဓေသု၊ ရှေးကပြုဘူး ကံအထူးကြောင့် ခန္ဓာတပါး, ခန္ဓာလေးပါး, ခန္ဓာငါးပါး တို့သည်။ သန္တေသု၊ ကံအားလျော်စွာ ယင်ရှား ဖြစ်ပေါ်လာကြကုန်သည် ရှိသော်။ သတ္တောတိ သမ္မုတိ၊ ဘုံအားလျော်စွာ လူ နတ် ဗြဟ္မာ သတ္တဝါဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်။ ဟောတိ၊ မုချမသွေ ဖြစ်တော့လေသတည်း။

ဤသို့စသည်ဖြင့် သမ္မာဟုလာသုတ်၌ မြတ်စွာဘုရား, ဝဇီရာသုတ်၌ ဝဇီရာဘိက္ခုနီမ ဟောခဲ့ပါသည်။

အဓိပ္ပါယ်။ ။ လောကမှာ လှည်း-ဟုခေါ်နေကြတဲ့ လှည်းဟာ ဘီးတခုထဲနှင့်လဲ လှည်းမဖြစ်နိုင်ဘူး၊ ဝင်ရိုးတခုထဲနှင့်လဲ လှည်းမဖြစ်နိုင်ဘူး၊ သို့သော် ဘီး, ဝင်ရိုး, ထမ်းပိုး, လှည်းသံ, လှည်းအိမ်ဆိုတဲ့ အင်္ဂါငါးပါး သူ့နေရာနှင့်သူ တတ်ဆင်ထားလိုက်တဲ့ခါ လှည်း၏အဆောက်အဦး အင်္ဂါများပြည့်စုံလာသောကြောင့် လှည်းဟုခေါ်ဝေါ်ပညတ်သမုတ်အပ်သကဲ့သို့၊ ထို့အတူပမာ ကံအားလျော်စွာ ဘုံသုံးပါးတို့မှာ ခန္ဓာတပါး (အသညသတ်ကိုရည်သည်) ခန္ဓာလေးပါး (အရူပလေးဘုံကိုရည်သည်) ခန္ဓာငါးပါး (ကျန် ၂၆-ဘုံကိုရည်သည်)ဖြစ်ပေါ်လာကြသည် ရှိသော်၊ ဘုံအားလျော်စွာ လူ,နတ်,ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါဟုခေါ်ဝေါ်ပညတ် သမုတ်အပ်ခြင်းမျှသာဖြစ်လေသည်။ အမှန်မှာ အသညသတ်ဘုံ၌ ဖြစ်ခိုက် ရုပ်ခန္ဓာတပါး, အရူပလေးဘုံ၌ ဖြစ်ခိုက် နာမ်ခန္ဓာလေးပါး, ကျန် ၂၆-ဘုံတို့၌ဖြစ်ခိုက် ခန္ဓာငါးပါးတို့သာ ဖြစ်ပေါ်၍လာကြလေသည်။ ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်း သက်သက်သာဖြစ်လေသည်။ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဖြစ်မှုပျက်မှု ဖြစ်ခြင်းပျက်ခြင်းမဟုတ်ဟု ဆိုလိုပေသည်။ အဟုတ်အမှန် ကျမ်းဂန်တို့၌လာသည်မှာ "ခန္ဓာနံ ပါတုဘာဝေါ ခန္ဓာနံ ဘေဒေါ"ဟု လာသောကြောင့် ပညတ်အားဖြင့်သာ ပုဂ္ဂိုလ် သတ္တဝါ မွေးသည် သေသည်ဟုဆိုရသည်။ ပရမတ်အားဖြင့်တော့ ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်းမျှသာဖြစ်လေသည်။

ထို့ကြောင့် မိရိုးဖလာ ရှေးအစဉ်အလာအတိုင်း အရိုးခိုက် ဘုံသုံးပါးတို့မှာ ပုဂ္ဂိုလ်သတ္တဝါတွေဖြစ်ကြသည်၊ မွေးကြသည်

သေကြသည်ဟု ပညတ်မြင် ပညတ်သိ မိစ္ဆာဒိဋ္ဌိ အမှားသိ ပညတ်ပေါ်တွင် အသိဉာဏ်သောင်တင် အသိဉာဏ်အားကုန် အသိဉာဏ်ဆုံး၍မနေစေဘဲ ကံအားလျော်စွာ ဘုံသုံးပါးတို့မှာ ခန္ဓာတပါး, ခန္ဓာလေးပါး,ခန္ဓာငါးပါးတို့သာဖြစ်ကြသည်၊ ပျက်ကြသည်ဟု ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ ဆိုတဲ့ ပညတ်ကျော်ဖေါက်, ခန္ဓာဆိုတဲ့ ပရမတ်ပေါက်, လက္ခဏာဆိုက် သစ္စာကိုက်အောင်၊ဝါ-ပရမတ်မြင် ပရမတ်သိ သမ္မာဒိဋ္ဌိ အမှန်သိဖြစ်အောင် ဝါ-လက်ရှိဘဝ သေနေ့ကမဦးခင် အဆိုပါ အသိမှား အမြင်မှား အယူမှားတို့ကို လွန်မြောက်၍ အသိမှန် အမြင်မှန် အယူမှန်သို့ ရောက်သဖြင့် သံသရာတခွင် ခန္ဓာအစဉ်က လိုက်ပါလာသော ခန္ဓာကိုပင် ငါ့ကိုယ်(အတ္တ)ဟု ယူမှားတဲ့(အတ္တဒိဋ္ဌိ) တရားဆိုးကြီးကို ပယ်ရှား၍ လက်ရှိဘဝတွင်ပင် အပါယ်လွတ်ကရား, သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်ကြအောင် ဘောပြလတ္တံ့သော ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် စသည်တို့ကို ဆီးဝမ်းကွဲအောင် လေ့လာ သင်ကြား အားထုတ်ကြပါလေ ဟူလို။

## "ရုပ်နာမ်နှစ်ပါးသာ"

**ဆက်ဦးအံ့**။ ။ အဆိုပါ ခန္ဓာငါးပါး ဆိုတာကလဲ ပုဂ္ဂိုလ်သတ္တဝါ'မဟုတ်ပါ၊ "ရုပ္ပနလက္ခဏာ"ရှိသော ရုပ် ၂၈-ခုကို ရူပက္ခန္ဓာ ဆို၍၊ နမနလက္ခဏာ ရှိသော နာမ်ခန္ဓာလေးပါးကို ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟု ဆိုခြင်းဖြစ်ရာ သဘောတူရာကို ပေါင်းပါလျှင် ရုပ်နာမ်နှစ်ပါးသာဖြစ်လေသည်။ ပုဂ္ဂိုလ် သတ္တဝါ မဖြစ်ပေ။ဤသို့ သိလေ မှတ်လေ့ သတိရှိစေ။

## "ဓာတ်ကြီးလေးဖြာ အမှုအရာမျှသာ"

အဆိုပါရုပ်နာမ်နှစ်ပါးတို့တွင်'ရူပက္ခန္ဓာ'ဆိုတဲ့ရုပ်တရားကလဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါ။ "ဣမသ္မိံ ကာယေ သဗ္ဗံ ထဒ္ဓကြိယာမတ္တံ ပထဝီနာမ အာပေါနာမ အာဗန္ဓကြိယာမတ္တံ တေဇောနာမ သီတကြိယာမတ္တံ ဥဏှကြိယာမတ္တဉ္စ ဝါယောနာမ ဝိတ္ထမ္ဘကြိယာမတ္တံ န တေသု ဒဗ္ဗံ ဝါ သဏ္ဌာနံ ဝါ ဝိဂ္ဂဟော ဝါ ဥပလဗ္ဘတိ ပစ္စယာယတ္တဝုတ္တိနော စ ဟောန္တိ"ဆိုတဲ့ ပရိုသမ္ဘိဒါမဂ်နှင့်အညီ ခက်မာ-ဖွဲ့စည်း-ပူအေး-ထောက်ကန် ဆိုတဲ့ ဓာတ်ကြီးလေးပါး မဟာဘုတ် ရုပ်တရားတို့သက်သက်သာ ဖြစ်ကြ၍ အထည် ဒြပ် သဏ္ဌာန် ကိုယ်အကောင်ဟူသည်ကို လုံးဝမရအပ်၊ အကြောင်း အကျိုးစပ်၍ မပြတ်ဖြစ်ပျက်နေကြတဲ့ ရုပ်တရားတို့သာ ဖြစ်ကြ လေကုန်သည်။

ဣမသ္မိံ ကာယေ၊ဤ သူ-ငါ,ယောကျ်ား-မိန်းမ ခေါ် ဆိုကြတဲ့ ဤကိုယ်ကာယ၌။ သဗ္ဗံ၊ အလုံးစုံသော။ ထဒ္ဓကြိယာမတ္တံ၊ မာသော သဘောအမှုအရာမျှသည်။ ပထဝီနာမ၊ သူ ငါ မဟုတ် ရုပ်ပထဝီဓာတ်မည်၏။ အာဗန္ဓနကြိယာမတ္တံ၊ ဖွဲ့စည်းသော အမှု အရာမျှသည်။ အာပေါနာမ၊ သူ ငါ မဟုတ် ရုပ်အာပေါဓာတ် မည်၏။ သီတကြိယာမတ္တဉ္စ၊ အေးသော သဘောအမှုအရာမျှ သည်၎င်း။ ဥဏှကြိယာမတ္တဉ္စ၊ ပူသောသဘောအမှုအရာမျှသည် ၎င်း။ တေဇောနာမ၊ သူ ငါမဟုတ် ရုပ်တေဇောဓာတ်မည်၏။ ဝိတ္ထမ္ဘနကြိယာမတ္တံ၊ ထောက်ကန်သော သဘော အမှု အရာမျှ သည်။ ဝါယောနာမ၊ သူ ငါမဟုတ် ရုပ်ဝါယောဓာတ်မည်၏။ တေသု၊ ထိုဓာတ်ကြီးလေးပါး ရုပ်တရားတို့၌။ ဒဗ္ဗံ ဝါ၊ လုံးလုံး

လျှောင်းလျှောင်း မြင်စကောင်းသော အထည်ဒြပ်ကိုရင်း။ သဏ္ဌာနံဝါ၊ အတိုအရှည်, အလုံးအပြား, ဖြူ-မဲ စသော သဏ္ဌာန်ကိုရင်း။ ဝိဂ္ဂဟောဝါ၊ ကိုယ်အကောင်ဟူသည်ကိုရင်း။ နဥပလဗ္ဘတိ၊ မုချဆတ်ဆတ် ပရမတ်အားဖြင့် မရအပ်, မရကောင်း,မရနိုင်ပေ။ စ၊စင်စစ်သော်ကား။ပစ္စယာယတ္တဝုတ္တိနော၊ ကံ-စိတ်-ဥတု-အာဟာရ စသော အကြောင်းတရားတို့နှင့် စပ်၍ မပြတ်ဖြစ်နေကြသော ရုပ်ဟူသော အကျိုးတရား အဆက်ဆက် တို့၏ ဖြစ်ခြင်းတို့သည်သာ။ ဟောတိ၊ မုချမသွေ ဖြစ်ကြလေ ကုန်၏။ ။

(ဤကား—အနက်)

အဓိပ္ပါယ်....အထက်ဖော်ပြပါ ပါဠိ အနက်တို့၏ဆိုလိုရင်း အာဘော်ကိုသိ ရိပ်စားမိအောင် ကြပ်ကြပ်ကြီး သတိပြုပါလေ။ ဆိုလိုရင်းမှာ—ယခု လောက၌ သူငါ-သူငါနှင့် တစာစာတဖွဖွ ပြောနေကြတဲ့ သူငါထဲမှာ တကယ်တော့ သူငါတွေ မရှိပါဘူး၊ သူငါတွေလဲ အဟုတ်မဟုတ်ပါဘူး၊ ပညတ်အားဖြင့်သာ ခေါ်ဆို နေကြတာပါ၊ ပရမတ်အားဖြင့်တော့ (ဝါ)အဟုတ်အမှန်ရှိနေ တာကတော့ သူ ငါ စသည်ဖြင့် ခေါ်ဆိုနေကြတဲ့ ခြေဆုံး ခေါင်းဆုံး တကိုယ်လုံး တကောင်လုံးကြီးထဲမှာ ဥာဏ်နှင့်ရှာပါ လျှင် ဆံပင်အစ ကျင်ငယ်အဆုံး ၃၂-စု ၃၂-ခု အပေါင်းအစု ကိုဘဲ တွေ့ရပါမယ်။ ထို့ထက်ပို၍တွေ့စရာမရှိတော့ပါ၊အဆိုပါ ၃၂-စုထဲမှာ ဆံပင်အစ ဥကျောက်အဆုံးရှိတဲ့ အစု ၂၀-ကလဲ သူ ငါ မဟုတ်ပါ။ မာသောသဘော နူးညံ့သော သဘောအမူ အရာမျှသာဖြစ်တဲ့ ပထဝီ မဟာဘုတ်ရုပ်တရားသာ ဖြစ်သည်ဟု သိရလေ။

ထို ရုပ်မှုန့်တွေကို ဖရိုဖရဲ ပြိုကွဲပျက်စီး၍ မသွားရအောင် ဖွဲ့စည်းထားတဲ့ သည်းခြေအစ, ကျင်ငယ်အဆုံးရှိတဲ့ အစု ၁၂-ခုကလဲ သူ ငါမဟုတ် ဖွဲ့စည်းသဘော အမူ အရာမျှသာ ဖြစ်တဲ့ အာပေါ မဟာဘုတ်ရုပ်သာဖြစ်သည်ဟု သိပါ။

အဆိုပါ ၃၂-စုထဲမှာ ပါဝင်နေတဲ့ တရက်ခြံ ဖျားခြင်း (သန္တပ္ပနတေဇော)အပူတပြင်းအပူမကျဖျားခြင်း (ဒဟန-ဒယှန တေဇော)၊ ဆံဖြူ, သွားကျိုးခြင်း စသော(ဇီရန တေဇော)၊ စားမျိုလိုက်သော အစာ အာဟာရတို့ကို ကျေညက်စေတတ်သော(ပါစက တေဇော)၊ ဤအစုလေးစုကလဲ သူ ငါ မဟုတ် ပူသောသဘော အေးသောသဘော အမူအရာမျှသာ ဖြစ်တဲ့ တေဇောမဟာဘုတ်ရုပ်သာဖြစ်သည်ဟု သိပါ။

အထက်သို့ လေအန်တဲ့—ဥဒ္ဓင်္ဂမ ဝါယော။ အောက်သို့ လေ စုန်တဲ့-အဓောဂမ ဝါယော။ ဝမ်းတွင်း၌ တည်နေတဲ့ - ကုစ္ဆိဋ္ဌ ဝါယော။ အူအတွင်း၌တည်နေတဲ့-ကောဋ္ဌာသဝါယော။ အင်္ဂါကြီး ငယ်သို့ လျှောက်သွားနေတဲ့ - အင်္ဂမင်္ဂါနုသာရီ ဝါယော။ ထွက်သက် ဝင်သက်ခေါ်တဲ့-အဿာသ-ပဿာသ ဝါယော။ ဤအစု ၆-စုကလဲ သူ ငါ မဟုတ်, ထောက်ကန်လှုပ်ရှား သွားလာနေသော အမူအရာမျှသာဖြစ်တဲ့-ဝါယော မဟာဘုတ် ရုပ်သာ ဖြစ်သည်ဟု သိပါ။

အားလုံးအဆိုပါ ၄၂-ကောဋ္ဌာသ၊ ၄၂-စုတို့ကလဲ သူ ငါ ယောကျ်ား-မိန်းမ စသည်မဟုတ်၊ ဒွေ စတ္တာလီသ-ဓာတ်တရား, ပရမတ်တရား, ရုပ်တရား သက်သက်တို့သာ အကြောင်းအားလျော်စွာ ဖြစ်ပျက်နေကြသည်တို့ကို တွဲတွဲမြင်အောင် ဉာဏ် ဦးခေါင်းထောင်၍ ကြည့်ရှုကြပါလေ။

## " အမှုအရာမျှသာ-ပြစရာမရှိ "

အဆိုပါ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီး လေးပါးတို့ကလဲ သူငါမဟုတ်ပါ၊ အမှန်မှာ မာတဲ့အမှုအရာ ဖွဲ့စည်းတဲ့အမှုအရာ, ပူအေးတဲ့အမှုအရာ, ထောက်ကန်လှုပ်ရှားတဲ့ အမှုအရာ သဘောသက်သက်မျှသာ လျှင်စွာ ဖြစ်၍ လျှင်စွာ ပျက်ကြသည်၊ မျက်တောင်တခပ်စာမျှ မာ၍ ဖွဲ့စည်း၍ ပူအေး၍မနေနိုင်ကြ၊ နေခွင့်မရကြ၊ ရှေ့မာတဲ့သဘော, ဖွဲ့စည်း တဲ့သဘော, ပူအေးတဲ့သဘောတွေ အချုပ်အချုပ် အငြိမ်း အငြိမ်း အသေအသေမှာ နောက် မာတဲ့ ဖွဲ့စည်းတဲ့ ပူအေးတဲ့ သဘောတွေ အသစ်အသစ် အစားထိုး၍ထိုး၍ ဖြစ်ပျက်နေကြ ခြင်းမျှသာဖြစ်သည်ဟု ဟောတော်မူခြင်းကြောင့် ဤသဘော အမှုအရာမျှကိုပင် ပထဝီဓာတ် စသည် ခေါ်ဆိုရသဖြင့် ဤ သဘောမျိုးမှတပါး ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ် ဝါယောဓာတ်ဟု တမျိုးသီးခြား လက်ညှိုးထိုး၍ ပြစရာ လုံးဝ မရှိတော့ပြီဟု သိပါလေ။

## ဖောဋ္ဌဗ္ဗရုပ် (ကိုယ်တွေ့ထိရုပ်)

"အာပေါ ဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗ ဂေါစရ ရူပံနာမ" ဆိုတဲ့ လက်သန်းအဋ္ဌကထာကျမ်းနှင့်အညီ၊ အဆိုပါ ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး တို့တွင် အာပေါဓာတ်ကို ချွင်းချန် ကြွင်းကျန်တဲ့ ဓာတ်သုံးပါး တို့မှာ တွေ့ထိကောင်း တွေ့ထိနိုင် တွေ့ထိ၍သိရတဲ့ ဖောဋ္ဌဗ္ဗရုပ် တို့သာ ဖြစ်ကြလေသည်။ အာပေါဓာတ်ကတော့ ဖောဋ္ဌဗ္ဗရုပ် မဟုတ်၍ မတွေ့ထိကောင်းပါ၊ မတွေ့ထိနိုင်ပါ၊ သို့ မတွေ့ထိရ

သော်လည်း သူမပါလျှင်မဖြစ်၊ သူမပါလျှင်မပြီး။ အဆိုပါ ပထဝီ၊ တေဇော၊ ဝါယော တို့နှင့် ဖြစ်အတူ ပျက်အတူ ဖြစ်နေ၍ ဖွဲ့စည်းတဲ့အနေအားဖြင့် ပါဝင်နေပြီဟု အနုမာနအရ မှန်းဆ၍ သိနိုင်လေတော့သည်။

## "မြစ်ရေပမာ–ဆီမီးပမာ"

အဆိုပါ မာသောသဘော၊ ဖွဲ့စည်းသောသဘော၊ ပူအေးသော သဘော၊ ထောက်ကန်သောသဘော၊ ဤသဘော အမှုအရာလေးမျိုးတို့သည် "အဝိစိမနုသမ္ဗန္ဓော နဒီသောတောဝ ပဝတ္တတိ ဒီပဇာလာဝ" စသည်ဖြင့်ကျမ်းဂန်တို့၌လာသောကြောင့် တခုသော ဘဝ ပဋိသန္ဓေမှ စုတိသေနေ့သို့ကျအောင် အပေါက် အကြား ဟာကွက် ကွက်လပ်မရှိ ရှေ့နှင့်နောက် အစဉ်မပြတ် စပ်လျက် မြစ်ရေပမာ၊ ဆီမီးလျှံပမာ၊ တသက်လုံး တသံသရာလုံး ဖြစ်ပျက်မဆုံး တပြုံးပြုံးဟူ၍သာ သိလေ မှတ်လေ။

## "လိုရင်းကြီး အနတ္တလက္ခဏာ"

ဤသဘော လေးမျိုးထဲမှာ သူမပါ ငါမရှိ၊ သူ ငါ ဟူ၍ မြူမျှရှာမရ၊ သူငါကိုအလွတ်ထား တရွေးသားမျှမပါ၊ သဘော အမှုအရာသက်သက်မျှသာ အကြောင်းတိုက်ဆိုင်ရာ တသက်လုံး တသံသရာလုံး မဆုံးမခြင်း (ဝါ) နိဗ္ဗာန်မရောက်မခြင်း ၊ ဖြစ်ပြန် ရင်း၊ ပျက်ပြန်ရင်း၊ ပျက်ပြန်ရင်း ဖြစ်ပြန်ရင်း၊ အဖြစ်လဲမနား အပျက်လဲမနား၊ ဖြစ်ပျက်မနားတဲ့ ရုပ်နာမ်တွေထဲမှာ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ ယောကျ်ား မိန်းမ ဟူ၍က မရှိ

လုံးလုံး ဆိတ်သုဉ်း ဆိတ်သုဉ်းနေတဲ့ သုည အနတ္တ၊ ဝါ-နိစ္စ,သုခ အတ္တ, သုဘ ဟူက မရှိလုံးလုံး ဆိတ်သုဉ်း ဆိတ်သုဉ်းနေတဲ့ သုည အနတ္တကို ထိအောင် မိအောင်-ဝါ-သာသနာတွင်းအသိ အနတ္တလက္ခဏာ ကောင်းကောင်းလှလှ ထင်အောင်-ဝါ-အနတ္တ လက္ခဏာ ကောင်းကောင်းလှလှ ထင်မြင်လာ၍ အနတ္တ စင်စစ် ကေန်ဖြစ်သော ရုပ်နာမ်ကိုပင် ငါကိုယ် အတ္တဟု တသံသရာလုံး က ယူမှားလာခဲ့သော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိကို အလဲထိုး အသေသတ်နိုင်တဲ့ သောတာပတ္တိမဂ် အပ္ပနာသို့ ဆိုက်အောင် သိရှိကြပါလေ။

## "အနတ္တလက္ခဏာ-သာသနာတွင်းသာ"

"အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ နပညာယတိ၊ ဗုဒ္ဓုပ္ပါဒေ ယေဝ ပညာယတိ။" သမ္မော အဋ္ဌကထာနှင့် အညီ၊ ကံကောင်း ထောက်မ သာသနာတော်ကြီးနှင့်၊ ဝါ-သာသနာတော်တွင်းနှင့် လဲ တွေ့၊ ဆင်တွေ့ လှဲတွေ့ တွေ့နေရတဲ့ခါ ဘဝသမ္ပတ္တိ လက်ရှိ ဘဝမှာ ရင်ဝလှံစူး ထိပ်ဦးမီးလောင်တမျှ အရေးကြီးလှတဲ့ သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ အယူမှားကြီးကို တားဆီးနိုင်တဲ့၊ ဝါ- အပါယ် လွတ်တရားရ, သောတာပတ္တိ မဂ်သို့ ရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့ အနတ္တလက္ခဏာ ကောင်းကောင်း လှလှ ထင်အောင် အားထုတ်ကြပါလေ။

ဗုဒ္ဓုပ္ပါဒါ-ဗုဒ္ဓုပ္ပါဒံ၊ဘုရားဖြစ်တော်မူသောခေတ်ကာလကို။ ဝိနာ၊ ကြဉ်၍။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နပညာ ယတိ၊ မထင်မမြင်နိုင်။ ဗုဒ္ဓုပ္ပါဒေယေဝ၊ ဘုရားဖြစ်တော်မူသော ခေတ်ကာလ၌သာလျှင်။ ပညာယတိ၊ အနတ္တလက္ခဏာ ကောင်း စွာ ထင်နိုင်၏။

## "အနတ္တလက္ခဏာထင်-သစ္စာမြင်"

တသ္မိံ ဟိ သတိ သစ္စသံပဋိဝေဓော ဠဗ္ဘတိ နာသတိ။ ။

(ဝိသုဒ္ဓိမဂ်ဋီကာ)

ဟိသစ္စံ၊ မှန်၏။ တသ္မိံ၊ ထိုအနတ္တလက္ခဏာကို ကောင်းစွာ ထင်မြင်သည်။ သတိ၊ ရှိသော်။ သစ္စသံပဋိဝေဓော၊ သစ္စာ လေးပါးကို ထိုးထွင်း၍သိမြင်ခြင်းသည်။ ဠဗ္ဘတိ၊ပြည့်စုံ၏။ အသတိ၊ အနတ္တလက္ခဏာကို ထိုးထွင်း၍သိမြင်ခြင်းသည် မရှိသည်ရှိသော်။ နဠဗ္ဘတိ၊ သစ္စာသိမြင်ခြင်း မပြည့်စုံပေ။

အဓိပ္ပါယ်....အနတ္တလက္ခဏာမထင်လျှင် သစ္စာလေးပါးကို မမြင်၊သစ္စာမမြင်လျှင် အတ္တဒိဋ္ဌိကို မပယ်နိုင်၍ သောတာပတ္တိမဂ်သို့မရောက်၊ သစ္စာမြင်လျှင် အတ္တဒိဋ္ဌိကို ပယ်နိုင်၍ မဂ်သို့ ရောက်နိုင်သည်ဟု ဆိုလိုသည်။

## "အလုပ်ကောင်းအလုပ်မှန်လှသည်"

လောကမှာ ဘယ်သူ အလုပ်ကောင်းတယ်, ဘယ်သူ အလုပ်မှန်တယ်ဆိုဆို ရုပ်နာမ်တို့လောက် အလုပ်မကောင်း အလုပ်မမှန်နိုင်ပါ။ အဆိုပါ ရုပ်နာမ်တို့သည်ကား တခုသော ဘဝပဋိသန္ဓေမှ စုတိသေနေ့ကြအောင် မိနစ်-နာရီမဆိုင်း ဒိုင်းဒိုင်းပြေး, ဖြစ်အစဉ် ပျက်အစဉ်နှင့် မရပ်မနား အပြေးအလွှား ဖြစ်ပျက်အလုပ်တို့ကို လုပ်ကြရသောကြောင့် လွန်စွာ့ လွန်စွာ အလုပ်ကောင်း အလုပ်မှန်လှပေသည်။

## "အကြောင်း နှင့် အကျိုး"

ဤပုံ၌နည်း အဆိုပါ-မှီရာ မဟာဘုတ်ရုပ်နှင့် မှီတတ်သော စိတ် စေတသိက်ခေါ်သော နာမ်, ဤ ရုပ် နာမ် နှစ်ပါးတို့သည်လည်း အကြောင်းမဲ့ အကြောင်းကင်း၍ အလေ့ ပေါက်ပမာ ဖြစ်ပေါ်လာသည်လည်း မဟုတ်၊ ထာဝရဘုရားဘန်ဆင်း၍ ဖြစ်သည်လည်း မဟုတ်၊ အမှန်မှာ လွန်ခဲ့သော ဘဝကာလတို့က မသိတဲ့-အဝိဇ္ဇာ, တပ်မက်တဲ့ - တဏှာ, စွဲလမ်းတဲ့ - ဥပါဒါန်, ပြုလုပ်ခဲ့တဲ့-ကံ၊ ပစ္စုပ္ပန်မှာ ကံ, စိတ်,ဥတု,အာဟာရ ဤအဝိဇ္ဇာ စသော အကြောင်းတို့ကြောင့်သာ ဤရုပ်နာမ်စသော အကျိုး တရားတို့သည် ဖြစ်ပေါ်၍ လာကြကုန်သည်။ ထိုတွင် အဝိဇ္ဇာ, တဏှာ, ကံ စသည်ကား အကြောင်းတရား၊ ရုပ်နာမ်စသည်ကား အကျိုးတရား၊ ကြောင်း ကျိုးနှစ်ရပ် အစဉ်စပ်၍ မပြတ်ဖြစ်ခြင်း မျှသာဖြစ်လေသည်။ပုဂ္ဂိုလ်သတ္တဝါတို့၏ ဖြစ်မှု ပျက်မှုမဟုတ်ဟု သိလေ မှတ်လေ။

## "လက္ခဏာရေး သုံးပါး"

အဆိုပါ ကြောင်း ကျိုး နှစ်ရပ် အစဉ်စပ်၍ မပြတ်ဖြစ်နေကြတဲ့ ရုပ်နာမ်တို့သည် ရုပ်နာမ်မှန်က ဥပါဒ်-ဌီ-ဘင် အစဉ်မပြတ် လျှင်စွာလျှင်စွာဖြစ်၍ လျှင်စွာလျှင်စွာ ပျက်တတ်သောကြောင့် ဝါ-ဘွားခနဲဖြစ်, ပြုတ်ခနဲချုပ်, ငုန်ပျောက် သွားတတ်သော ကြောင့် မမြဲတဲ့ အနိစ္စ။ အဖြစ်ကို အပျက်က နှိပ်စက်တတ်သော ကြောင့် ဆင်းရဲတဲ့ ဒုက္ခ။ မမြဲသည်ကို မြဲအောင်,ဆင်းရဲသည်ကို ချမ်းသာအောင် မည်သူမျှအစိုးမရ၊ မည်သူ့ အလိုကိုမှ မလိုက်၊ မည်သူ့ အကြိုက်ကိုမှ မပါစေနိုင်သောကြောင့် အစိုးမရတဲ့

အနတ္တ။ ဝါ-၍လို၍ပုံ ဖြစ်ပျက်မနားကြတဲ့ ရုပ်နာမ်ခန္ဓာတွေထဲမှာ နိစ္စ, သုခ, အတ္တ ဟူက (ဝါ) ပုဂ္ဂိုလ် သတ္တဝါ ဟူက မရှိလုံးလုံး ဆိတ်သုဉ်း ဆိတ်သုဉ်းနေတဲ့ "သုည-အနတ္တ" တို့သာဖြစ်ကြသည် ပျက်ကြသည်။ ပုဂ္ဂိုလ် သတ္တဝါတို့ရဲ့ ဖြစ်မှု ပျက်မှုမဟုတ်။ အမှန်မှာ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေးသုံးပါးတရားအစုတို့သာ ဖြစ်ကြသည်ဟု လက္ခဏာရေး ဆိုက်အောင်သိလေ မြင်လေဟု ဆိုလိုပေသည်။

## "သစ္စာလေးပါး အမှန်တရား"

အဆိုပါ ဖြစ်ပျက်မနားကြတဲ့ ရုပ်နာမ်ခန္ဓာ တရားတွေထဲမှာပါဝင်နေတဲ့ ထိုထိုအာရုံ ထိုထိုဘုံတို့၌ စုံစုံမက်မက် ခုံခုံတက်အောင် တပ်မက်တတ်တဲ့ တဏှာ, ရာဂ, လောဘ နာမ်တခုကိုခြွင်းချန်, ကြွင်းကျန်သော ရုပ် နာမ် ခန္ဓာအားလုံးကို ရုပ် နာမ်ရသည်ကစ၍ ဆင်းရဲတာ မှန်လှသောကြောင့် (ဒုက္ခသစ္စာ) လို့သိပါ မြင်ပါ ။

အထက်ပါ အဆိုတွင် မပါဝင်ဘဲ ခြွင်းချန်၍ ထားခဲ့သောတဏှာ-ရာဂ-လောဘကိုတော့ ဘုံသုံးပါးတို့မှာ "သားဆိုးအမေတပေပေ၊ လင်ဆိုးမယား တဖါးဖါး" ဆိုတာလို ကုန်အောင်စုံသော ဇာတိ စသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကိုတစမကျန် အမြစ်ပါလှန်၍ ဆင်းရဲတန်တန်ကို ဖြစ်စေတော့မှာစစ်မှန်လှပါသောကြောင့် (သမုဒယသစ္စာ) လို့ သိပါ မြင်ပါ။

တဏှာပယ်သော မဂ်အကျင့်ကြောင့် အဆိုပါ ဒုက္ခသစ္စာ, သမုဒယသစ္စာ, ရုပ်နာမ်ခန္ဓာ နှစ်ပါးတို့၏ တဘန် အသစ်မဖြစ်ရာ

ကုန်ဆုံးချုပ်ငြိမ်းရာနိဗ္ဗာန်ကိုတော့ ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို၏ချုပ်ငြိမ်းရာစစ်မှန်လှသောကြောင့် (နိရောဓသစ္စာ)လို့ သိပါ မြင်ပါ။

ထို နိရောဓသစ္စာ နိဗ္ဗာန်သို့ရောက်ကြောင်း တဏှာပယ် တဏှာသတ် တဏှာဖြတ်တဲ့ ဝိပဿနာ မဂ်အကျင့်ကိုတော့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့် စစ်မှန်လှသောကြောင့် (မဂ္ဂသစ္စာ)လို့ သိပါ မြင်ပါ။ ဝါ-အသိမှန်သိ, အမြင်မှန် မြင်၍ အယူမှန်ကိုယူကြပါလေဟု ဆိုလိုသည်။

**မေးရန် ရှိပါတယ်၊**

ခန္ဓာခွဲပြနေတဲ့ နေရာမှာ.... ဤကား - ရူပက္ခန္ဓာ, ဤကား- ဝေဒနာက္ခန္ဓာ စသည်ဖြင့် ခန္ဓာလောက်သာ ခွဲမပြဘဲ၊ ဘာ့ကြောင့်ဘဲ သဲသဲမဲမဲ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့ ပညတ်ကျော်ဖေါက် ရုပ်နာမ်ခန္ဓာဆိုတဲ့ ပရမတ်ပေါက်,ကြောင်း ကျိုးလောက် လက္ခဏာဆိုက် သစ္စာကိုက်အောင် ပြဆိုနေရပါသလဲ?ဟု မေးရန်ရှိပါတယ်။

**"ရင်ဝလှံစူး-ထိပ်ဦးမီးလောင်"**

အဖြေကတော့—

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။
(သဂါထာဝဂ္ဂသံယုတ်)

ဒေဝပုတ္တ၊ သင့်အမြင်ကလေးနှင့် မေးလျှောက်လာငြားအို—နတ်သား။ သတ္တိယာ၊ အသွားနှစ်ဘက် မြမြထက်သော

လှံမကြီးဖြင့်။ ဩမဋ္ဌော၊ အောက်သို့နှိပ်၍ တအားကြိတ်မိုး အထိုးခံရသောသူသည်။ တံ သတ္တိံ၊ ထိုလှံကို။ ခိပ္ပံ၊ ဆောလျှင်စွာ။ အဗ္ဗူဟနတ္ထာယ၊ နှုတ်ယူခြင်း အကျိုးငှါ။ ဝါယမတိဝိယ၊ လုံ့လကျိုးကုတ် အားထုတ်ရဘိသကဲ့သို့ရှင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဒယှမာနော၊ မီးလောင်နေသောသူသည်။ တံ အဂ္ဂိံ၊ ထိုမီးကို။ ခိပ္ပံ၊ ဆောလျှင်စွာ။ နိဗ္ဗာပနတ္ထာယ၊ ငြိမ်းသတ်ခြင်း အကျိုးငှါ။ ဝါယမတိဠဝ၊ လုံ့လကျိုးကုတ် အားထုတ်ရဘိသကဲ့သို့ရှင်း။ တထာ၊ ထို့အတူ။ ဝါ၊ ထိုထက်မက။ ဘိက္ခု၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိမပြုတ်လျှင် အပါယ်လေးပါးလည်းမပြုတ်ဟု သိမှုပိုင်လှ ဘိက္ခုအမည်ရသောသူသည်။ သတော၊ ဒိဋ္ဌိမပြုတ်သမျှ မမေ့မလျော့ သတိမပေါ့ဘဲ။ ဝါ၊ မေ့ကြောဆွဲ၍မနေဘဲ။ သက္ကာယဒိဋ္ဌိံ၊ အဆိုပါ ခန္ဓာငါးပါး ရုပ်နာမ်တရားကိုပင် ငါ့ကိုယ် အတ္တဟု။ ဝါ၊ လူ နတ် ဗြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါ သူ ငါ ယောကျ်ား မိန်းမ စသည်ဖြင့် သဲသဲမဲမဲ စွဲစွဲမြဲမြဲ အဟုတ်မဟုတ်ဘဲ အဟုတ်ကြီးကဲ့သို့ ယုံကြည်ယူဆ၍နေသော။ ဝါ၊ ယူမှားသော ဒိဋ္ဌိဝိပလ္လာသခေါ်သော သက္ကာယဒိဋ္ဌိကို။ ပဟာနာယ၊ သေနေ့မဦးခင် မြန်မြန်သုတ်သုတ်ပယ်နှုတ်ငြိမ်းသတ်ခြင်း အကျိုးငှါ။ ပရိဗ္ဗဇေ၊ သူ-ငါ-ယောကျ်ား-မိန်းမ ခေါ်ဆိုကြတဲ့ ပညတ်ပေါ်တွင် အသိဉာဏ်သောင်တင် အသိဉာဏ်အားကုန် အသိဉာဏ်ဆုံး တုံး၍မနေကြစေဘဲ သူ ငါ စသော ပညတ်ကျော်၍ဖေါက် ရုပ်နာမ်ခန္ဓာဟူသော ပရမတ်ပေါက် ကြောင်းကျိုးလောက် လက္ခဏာဆိုက် သစ္စာကိုက်အောင် မသိမနေ ကျိုးစားမည်ဟု ကြံစည်ကျိုးကုတ် အားထုတ်ကျင့်ကြံရာ၏။

(ဤကား—အနက်)

**အဓိပ္ပါယ်....**သက်တော်ထင်ရှား ဘုရားလက်ထက်တော်က ဗြဟ္မာတယောက် လာရောက်လျှောက်ထားသည်မှာ--ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ သတ္တဝါတွေဟာ ကာမရာဂကို မခွါနိုင်ကြလို့ လူ့ဘုံ နတ်ဘုံတို့မှာ ဖြစ်ကြကာ လွန်စွာ အသက်တို၍ မကြာခင် သေကြေပျက်စီးကြရလေသည်။ တပည့်တော်တို့မှာ- ကာမ ရာဂကို ခွါ၍ ဈာန်ကိုပွားသောကြောင့် ယခုအခါ ဗြဟ္မာဘုံမှာ ကမ္ဘာဆက်၍ အသက်ရှည်ကြာနေကြရပါသည်။ ကာမရာဂကို ပယ်ခွါဘို့ရာ 'ရင်ဝလုံ့စူး-ထိပ်ဦးမီးလောင်ပမာ' လွန်စွာအရေးကြီးပါသည်ဟုလျှောက်ထားရာ ဘုရားမြတ်စွာက ဗြဟ္မာ ကာမရာဂကိုခွါ၍ ဗြဟ္မာဘုံ၌ ဖြစ်သော်လည်း ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားသော သက္ကာယဒိဋ္ဌိမကွာက ကုသိုလ်အဟုံကုန်တဲ့ခါ အပါယ်လေးဘုံသို့ တဘန်ပြန်ရောက်တတ်ပြန်သည်။ ထို့ကြောင့် သက္ကာယဒိဋ္ဌိကိုပယ်ဘို့ရာသာ 'ရင်ဝလုံ့စူး-ထိပ်ဦးမီးလောင်'ပမာ အရေးကြီးလှသည်ဟု ဟောတော်မူခြင်းဖြစ်လေသည်။

## " သက္ကာယဒိဋ္ဌိ "

သက္ကာယဒိဋ္ဌိဆိုသည်မှာ-"သန္တော ကာယော သက္ကာယော" နှင့်အညီ။ သန္တော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ ကိုယ်ခန္ဓာတည်း။ သက္ကာယော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ကိုယ်ခန္ဓာ။ ။ ဤကမ္မဓာရည်းသမာသ်အရ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ် နာမ် ခန္ဓာကိုရ၏။ ထို့ကြောင့် သက္ကာယဆိုသည်မှာ ရုပ်နာမ်ခန္ဓာကိုဆိုသည်ဟု သိလေမှတ်လေ။

(သန္တပုဒ်၊ ကာယပုဒ်၊ သန္တ-ကို သ-ပြု၊ က-ကို ဒွေဘော်ပြု၊ သက္ကာယဟု ရုပ်ပြီးသည်။)

" သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ " နှင့် အညီ....၊ သက္ကာယေ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ၌။ ပဝတ္တာ၊ ဖြစ်သော။ ဒိဋ္ဌိ၊ မှားသောအယူတည်း။ သက္ကာယဒိဋ္ဌိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ် နာမ် ခန္ဓာ၌ ဖြစ်သော မှားသောအယူ။ ။ ဤသပ္ပုရိသ်အရ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ်၌ ပရမတ်အားဖြင့် ထင်ရှားမရှိဘဲလျက် ရှိသရောင်ရှိသကဲ့သို့ အရှိလုပ်ပြီး သူ-ငါ ယောကျ်ား-မိန်းမ စသည်ဖြင့်ယူမှားမိခြင်းဒိဋ္ဌိကိုရ၏။ထို့ကြောင့် ဒိဋ္ဌိဆိုသည်မှာ အယူမှားကိုဆိုသည်ဟု သိလေ မှတ်လေ။

**မှတ်ချက်**—ရုပ် နာမ် ခန္ဓာကား ပရမတ်အားဖြင့် ထင်ရှားရှိ၏။ သူ-ငါ-ယောကျ်ား-မိန်းမ စသည်ကား ပရမတ်အားဖြင့် ထင်ရှားမရှိ၊ ထိုသို့မရှိသော်လည်း သူ-ငါ-ယောကျ်ား-မိန်းမ စသည်ဖြင့် မဟုတ်မမှန်ဘဲ စွဲလမ်း မှတ်ယူခြင်း၏ တည်ရာ ရုပ်နာမ်ခန္ဓာကား ထင်ရှားရှိ၏။ ထို့ကြောင့် သန္တ-သဒ္ဒါဖြင့် မ-၍ ထင်ရှားရှိသော ကိုယ်ခန္ဓာဟု ဆိုအပ်သည်ဟူလို။

ဆိုလိုရင်းမှာ—မှားသောအယူသည်လည်း ဒိဋ္ဌိ စေတသိက်ပင်ဖြစ်၍ ထင်ရှား ရှိသည်ပင်။ မိမိယူမှားသော သူ-ငါ - ယောကျ်ား-မိန်းမ စသော ပညတ်သည်ကား ပရမတ်အားဖြင့် ထင်ရှားမရှိသကဲ့သို့ ထင်ရှားမရှိသည် မဟုတ်ဟု ပြခြင်းငှါသာ ဒိဋ္ဌိသဒ္ဒါကို သန္တ သဒ္ဒါဖြင့် အထူးပြု၍ သက္ကာယဒိဋ္ဌိခေါ် ဆိုရသည်ဟုဆိုလိုပေသည်။

တိုတို ကျဉ်းကျဉ်း ဆိုလိုရင်းမှာ — သက္ကာယကား ရုပ် နာမ် ခန္ဓာ၊ ဒိဋ္ဌိကား-အယူမှား၊ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ၌ ပညတ်အားဖြင့် သူ-ငါ စသည် အဟုတ်အမှန်မရှိဘဲ အဟုတ်အမှန် ရှိသကဲ့သို့ ယူမှားသောအယူဟု ဆိုလိုသည်။

## "သက္ကာယဒိဋ္ဌိ ဖြစ်-မဖြစ် နှစ်မျိုး"

သက္ကာယဒိဋ္ဌိ ဖြစ်-မဖြစ် နှစ်မျိုးတို့မှာ ခန္ဓာငါးပါး ရုပ် နာမ်တရားတို့၌ အကြားအမြင်မရှိ၊ မသိမလိမ္မာသောကြောင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိဘဲလျက် လောကဝေါဟာရအား ဖြင့် ခေါ်ဆိုကြသော လူ-နတ်-ဗြဟ္မာ-ပုဂ္ဂိုလ်-သတ္တဝါ-သူ-ငါ-ယောကျ်ား-မိန်းမ စသည်ကို အဟုတ်အမှန် ကေန်ရှိ၏။ အနှစ် သာရဖြစ်၏။ အမြဲတည်၏။ ပြုတတ် ကြံတတ် ခံစားတတ်၏ဟု ယူမှားခြင်းကို သက္ကာယဒိဋ္ဌိဖြစ်သည်ဟုဆိုသည်။ ထိုသို့မဟုတ်ဘဲ လောက၌ ပြောဆိုကြတဲ့ လူ-နတ်-ဗြဟ္မာ-ပုဂ္ဂိုလ်-သတ္တဝါ-သူ-ငါ ယောကျ်ား-မိန်းမ စသည်မှာ ကေန်အမှန်မရှိ။ ပရမတ်အားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး ရုပ်နာမ်တရားကိုစွဲ၍ ခေါ်ဝေါ် ပညတ်ခြင်းမျှသာဖြစ်သည်ဟု အယူမှန်လျှင်(ဝါ)ပညတ်၊ ပရမတ် ကွဲလျှင် (ဝါ) ပညတ်အနေမယူဆဘဲ ပရမတ်အနေယူဆပါလျှင် သက္ကာယဒိဋ္ဌိ မဖြစ်ဟု သိလေ။

## "တဒင်္ဂပဟာန်-သမုစ္ဆေဒပဟာန်"

ထို သက္ကာယဒိဋ္ဌိသည် ဝိပဿနာခဏ၌ တဒင်္ဂပဟာန်ဖြင့် ပယ်သတ်နိုင်လေသည်။ သောတာပတ္တိ မဂ်ခဏ၌ သမုစ္ဆေဒ ပဟာန်အားဖြင့် ပယ်သတ်နိုင်လေသည်။

## စူဠသောတာပန်-မဟာသောတာပန်၊

၁။ ရင်ဝလုံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရန် သဘောကို "သတ္တိယာဝိယ ဩမဋ္ဌော"ဟု ဟောတော်မူခဲ့လေသည်။

၂။ ဒိဋ္ဌိသက္ကာယ၊တဒင်္ဂပဟာန်၊ပယ်စွန့်ပြန်၊စူဠသောတာပန်။

၃။ သမုစ္ဆေဒ၊ပယ်စွန့်က၊မဟာသောတာပန်။ ဘုံစဉ်စံ အရိယာ၊ ဝိသာခါ အနာထပိဏ်တို့လို ဖြစ်ရမည် မလွဲပါတကား။ ။

### သက္ကာယဒိဋ္ဌိ—၂၀၊

"ဝီသတိဝတ္ထုကာ သက္ကာယဒိဋ္ဌိ"နှင့်အညီ၊ သက္ကာယဒိဋ္ဌိသည် ခန္ဓာငါးပါးတို့တွင် ရှုပက္ခန္ဓာ၌—

၁။ ရုပ်သည်ပင်-ငါ၊ ငါသည်ပင်-ရုပ် ဟု ရုပ်နှင့် ငါ၊ ငါနှင့်ရုပ်၊ မကွဲမပြား အယူမှားခြင်း ၁-ပါး။

၂။ ရုပ်ရှိသောငါ၊ ရုပ်နှင့်ပြည့်စုံသော ငါဟု ရုပ်နှင့် မကင်းရုပ်ကို ငါ့ကိုယ် အတ္တဟု အယူမှားခြင်း ၁-ပါး။

၃။ ငါ၌ ရုပ်တည်၏၊ ရုပ်သည် ငါ၌တည်၏ဟု အယူမှားခြင်း ၁-ပါး။

၄။ ရုပ်၌ ငါတည်၏၊ ငါသည်ရုပ်၌တည်၏ဟု အမှတ်မှားခြင်း ၁-ပါး။

**ဆောင်ပုဒ်** .... ရုပ်လျှင်ငါဘဲ၊ ငါ-ရုပ်ဘဲဟူ၊ ငါစွဲရုပ်တည်း၊ ငါ တည်း ရုပ်မှာ၊ ဤလေးဖြာ၊ သက္ကာရုပ်ဒိဋ္ဌိ။

စသည်ဖြင့် ခန္ဓာ တပါး တပါးလျှင် လေးပါးစီ လေးပါးစီ ဖြစ်၍ ၄ × ၅—လီ မြှောက်သော် သက္ကာယဒိဋ္ဌိ-၂၀-ဖြစ်၏။ ထိုတွင် ရုပ်ကို အတ္တဟု ရှု၏ ဆိုသည်မှာ ရုပ်သက်သက်ကိုသာ အတ္တဟုဟောအပ်၏။

"ရူပဝန္တံ ဝါ အတ္တာနံ အတ္တနိ ဝါ ရူပံ ရူပသ္မိံ ဝါ အတ္တာနံ ဝေဒနံ အတ္တတော သညံ အတ္တတော သင်္ခါရေ အတ္တတော ဝိညာဏံ အတ္တတော။" ဤ ၇-ပါးသော အရာတို့၌ နာမ်ကို အတ္တဟူ၍ ဟောအပ်၏။

"ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝေဒနာ၊ ဝေဒနာယ ဝါ အတ္တာနံ။" ဤလိုဤပုံ နာမက္ခန္ဓာလေးပါးတို့တွင် တပါး တပါး၌ သုံးပါး သုံးပါးတို့၏ အစွမ်းဖြင့် တဆဲ့နှစ်ပါးသော အရာတို့၌ ရုပ်နှင့်နာမ် ရောသည်ကို အတ္တဟူ၍ ဟောအပ်၏။ ထို ရုပ်သက်သက် နာမ်သက်သက် ရုပ် နာမ် နှစ်ပါး ရောသော သက္ကာယဒိဋ္ဌိ(၂၀)တို့တွင်"ရူပံအတ္တတော သနုပဿတိ"ဟူ၍၎င်း ထို့အတူ "ဝေဒနာ သညာ သင်္ခါရေ ဝိညာဏံ အတ္တတော သမနုပဿတိ" ဟူ၍၎င်း၊ ဤ ငါးဌာနတို့၌( ဥစ္ဆေဒဒိဋ္ဌိ ) ကို ဟောအပ်၏။ထိုမှကြွင်းသော(၁၅)ဌာနတို့၌ (သဿတဒိဋ္ဌိ)ကို ဟောအပ်၏။ဤလိုဤပုံ-သက္ကာယဒိဋ္ဌိ(၂၀)တို့တွင် (၁၅)ဌာန တို့သည် ဘဝဒိဋ္ဌိခေါ်သော သဿတဒိဋ္ဌိများဖြစ်ကြ၍ ၅-ဌာနတို့ သည် ဝိဘဝဒိဋ္ဌိခေါ်သော ဥစ္ဆေဒဒိဋ္ဌိများဖြစ်ကြလေကုန်သည်။

### သဂ္ဂန္တရာယ်-မဂ္ဂန္တရာယ် ဖြစ်-မဖြစ် နှစ်ပါး၊

အဆိုပါ သက္ကာယဒိဋ္ဌိသည် ပုဗ္ဗာစရိယဝါဒ အားဖြင့် သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် နှစ်ပါး မဖြစ်ကြောင်း သမာနဝါဒ

အားဖြင့် နှစ်ပါးပင်ဖြစ်ကြောင်းကို "**တတ္ထအဟေတုကဒွိ(ပ) နေဝသဂ္ဂါမဂ္ဂါဝရဏာ**"ဟု ဖွင့်ပြပြီးလျှင် "**ဣဒံ ပန ဝိဓာနံ ပဋိက္ခိပိတ္វာ(ပ) အနုမသော သင်္ကာယဒိဋ္ဌိ ဝိ သဂ္ဂ ဥပနေတုံ သမတ္ထော နာမ နတ္ထိ၊ ကေနစ္စိ အပါယေသု ယေဝ နိမုဇ္ဇာပေတိ**" ဟု အင်္ဂုတ္တိုရ် ကေနိပါတ် အဋ္ဌကထာ ဒိဋ္ဌိဝဂ်၌ ဖွင့်ပြထားပေသည်။

**အဓိပ္ပါယ်....** ၂၀-သော အခြင်းအရာရှိသော သက္ကာယဒိဋ္ဌိကို အစပြု၍ ဒိဋ္ဌိမည်သည် နတ်ရွာ သုဂတိကိုဆောင်ခြင်းငှါ စွမ်းနိုင်သော မည်သည်မရှိ။ စင်စစ် ငရဲ၌သာလျှင် နှစ်မြုပ်စေတတ်၏။ **ဥပမာဆိုသော်**-ပဲနောက်စေ့လောက်ရှိသော ကျောက်စရစ်ခဲသည် ရေ၌ပစ်ချအပ်သည်ရှိသော် အထက်သို့ပေါ်သော် မည်သည်မရှိ၊ စင်စစ် အောက်သို့သာလျှင် ဝင်သက်သို့၊ ဝါ-နစ်မြုပ်သက်သို့၊ ထို့ ဥပမာ-ယုတ်သောအပိုင်းအခြားရှိသော သက္ကာယဒိဋ္ဌိသည် နတ်ရွာသုဂတိသို့ဆောင်ခြင်းငှါ စွမ်းနိုင်သော မည်သည်မရှိ။ အပါယ်လေးပါးသို့သာလျှင် နစ်မြုပ်စေတတ်၏ ဟု ဖွင့်ပြပေသည်။

သို့ရာတွင်—"ဒိဋ္ဌိဂါဟေ သတိ သန္ဒါရပရိဂ္ဂဟာဒိကိရိယာယ အနတ္တာနုပဿနာယ အသိဇ္ဈနတော တသ္မိံ သတိ ဝိ စ ဘဝ ဂါမိကမ္မာနံ သိဇ္ဈနတော မဂ္ဂါဝရဏာ၊ နသဂ္ဂါဝရဏာတိ ဝုတ္တံ။" ဟု ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်၌ဖွင့်ပြထားသောကြောင့်ရင်း။

"န သဂ္ဂါဝရဏာ၊ အကမ္မပထပတ္တတာယ အကရိယာ ဟေတုကနတ္ထိကဒိဋ္ဌိယောဝေဟိ ကမ္မပထပတ္တဒိဋ္ဌိယော။"ဟု ခန္ဓဝဂ္ဂသံယုတ် ဋီကာ၌ဖွင့်ပြထားသောကြောင့်ရင်း။

**အစီပွါယ်**....အဆိုပါ သက္ကာယဒိဋ္ဌိ အယူရှိနေလျှင်၊ ဝါ-ရုပ် နာမ် အနတ္တကိုပင် ငါ-ကိုယ်-အတ္တဟု အယူမှားရှိနေလျှင် ရုပ်နာမ် သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့ တင်၍ သုံးသပ် ဆင်ခြင်ရာ၌ အနတ္တဟုရှုခြင်း၏ မပြီးစီးနိုင်သောကြောင့်၊ ဝါ-အနတ္တလက္ခဏာ မထင်နိုင်ခြင်းကြောင့် မဂ်ကို တားမြစ်သည်။ သို့ပင် သက္ကာယဒိဋ္ဌိအယူရှိနေသော်လည်း ဤသက္ကာယဒိဋ္ဌိအယူ သည် နိယတမိစ္ဆာဒိဋ္ဌိကြီးများဖြစ်ကြသော **နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ** ကြီးတို့ကဲ့သို့ ကမ္မပထမြောက်သော ဒိဋ္ဌိ မျိုးများ မဟုတ်သောကြောင့်ရင်း၊ သက္ကာယဒိဋ္ဌိ အယူရှိသော် လည်း လူ့ရွာ နတ်ပြည်သို့ရောက်ကြောင်း ကုသိုလ်ကောင်းမှုကံ တို့၏ ပြီးခြင်းကြောင့် လူ့ရွာ နတ်ပြည်ကို မတားမြစ်ပေ၊ မုချ ရောက်နိုင် ရနိုင်သည်ဟုဆိုလိုပေသည်။

ဤလိုဤပုံ—ဤသက္ကာယဒိဋ္ဌိသည် လူ့ရွာ နတ်ပြည်ကိုမတား မြစ်သော်လည်း မဂ်ကိုမူကား ကောင်းကောင်းကြီး တားမြစ် တတ်သောကြောင့်ရင်း၊ မဂ်မဖြစ်ကလည်း အပြီးအစီး အပါယ် လွတ်တရား မရ၊ အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး မပိတ်နိုင်သောကြောင့်ရင်း၊ အဆိုပါ သက္ကာယဒိဋ္ဌိကို သေနေ့ မဦးခင် ပယ်သတ်နိုင်တဲ့ နေ့-လ-ရက်-နှစ်များက ဦးသွားအောင် ရင်ဝလုံ့စုံး-ထိပ်ဦးမီးလောင်ပမာ လွန်စွာ့ လွန်စွာ အရေးကြီးလှ သည်ကို သတိပြုမိကြပါစေ။

## ဥပါဒါနက္ခန္ဓာငါးပါးဘဲဖြစ်လေသည်၊

အဆိုပါ သက္ကာယဒိဋ္ဌိဆိုတာလဲ အခြားမဟုတ်ပါ။ (ခန္ဓာ ငါးချက်-တပြိုင်နက်)ဆိုတဲ့ ပဋိသန္ဓေခန်း ဖော်ပြခဲ့ပြီးတဲ့ရုပ်နာမ်

နှစ်ပါး,ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုဘဲခန္ဓာအနေ ပရမတ်အနေ မယူဆဘဲ၊ ပုဂ္ဂိုလ်အနေ, သတ္တဝါအနေ, ပညတ်အနေအားဖြင့် ကောက်ယူတတ်၏။ ယူမှားမိသည်ကိုဘဲ (သက္ကာယဒိဋ္ဌိ) ဖြစ်ဟည်ဟု ဆိုထားရာ၊ ထိုအယူမှားကိုပယ်ရှားနိုင်အောင် ခန္ဓာခွဲစသည်ကို ဆီးဝမ်းကွဲအောင် အားခဲပါလေ ဟူလို။

## မိစ္ဆာဒိဋ္ဌိ ၆၂—ပါး၊

အဆိုပါ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးဆိုသည်မှာ ရှေးဦးစွာ ၁—ပုဗ္ဗန္တဒိဋ္ဌိ(၁၈)ပါး၊ ၂—အပရန္တဒိဋ္ဌိ(၄၄)ပါး၊ ပေါင်း ၆၂-ပါးကို ဆိုသည်ဖြစ်ရာ အောက်ပါဒိဋ္ဌိတို့ကိုကြည့်၍ သိရှိကြပါလေ။

| | | |
|---|---|---|
| ၁။ | သဿတဒိဋ္ဌိ | ၄—ပါး။ |
| ၂။ | ဧကစ္စသဿတဒိဋ္ဌိ | ၄—ပါး။ |
| ၃။ | အန္တာနန္တိကဒိဋ္ဌိ | ၄—ပါး။ |
| ၄။ | အမရာဝိက္ခေပဒိဋ္ဌိ | ၄—ပါး။ |
| ၅။ | အဓိစ္စသမုပ္ပန္နဒိဋ္ဌိ | ၂—ပါး။ |
| ၆။ | သညီဝါဒဒိဋ္ဌိ | ၁၆—ပါး။ |
| ၇။ | အသညီဝါဒဒိဋ္ဌိ | ၈—ပါး။ |
| ၈။ | နေဝသညီနာသညီဝါဒဒိဋ္ဌိ | ၈—ပါး။ |
| ၉။ | ဥစ္ဆေဒဒိဋ္ဌိ | ၇—ပါး။ |
| ၁၀။ | ပရမဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒဒိဋ္ဌိ | ၅—ပါး။ |

ပေါင်း ၆၂ — ပါးတို့ဘဲ ဖြစ်ကြလေသည်။

**မှတ်ချက်**—ထိုတွင် ၁-မှ ၅-အထိ ၁၈-ပါးကို ပုဗ္ဗန္တဒိဋ္ဌိဆို။ ၆-မှ ၁၀-အထိ ၄၄-ပါးကို အပရန္တဒိဋ္ဌိဆိုသည်ဟုသိလေ။

( အကျယ်သိလိုက သီလက္ခန် ဗြဟ္မဇာလသုတ် ပါဠိတော် အဋ္ဌကထာတို့၌ ကြည့်ရှုကြပါလေ။)

---

## သက္ကာယဒိဋ္ဌိ-ဖြစ်လျှင်ဖြစ်၊

**ဣမာ** ဒွါသဋ္ဌိဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိပမုခေနေဝ ဥပ္ပဇ္ဇန္တိ။ ။ (သံယုတ်အဋ္ဌကထာ)

ဣမာ ဒွါဒဋ္ဌိဒိဋ္ဌိယော၊ ဤ-၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ပေါ်လာကြကုန်သည် ရှိသော်။ သက္ကာယဒိဋ္ဌိပမုခေနေဝ၊ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တာဟု ယူမှားသော သက္ကာယဒိဋ္ဌိကို အကြီးအမှူးပြု၍သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။

## သက္ကာယဒိဋ္ဌိ ရှိလျှင်ရှိ-မရှိလျှင် မရှိ၊

**တဘန်**။ ဣမာ ဒိဋ္ဌိယော သက္ကာယဒိဋ္ဌိယာ သတိ ဟောန္တိ။ သက္ကာယဒိဋ္ဌိယာ အသတိ န ဟောန္တိ။ ။

သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိသည်။ သတိ၊ရှိသော်။ ဣမာ ဒိဋ္ဌိယော၊ ဤ ၆၂-ပါးသော ဒိဋ္ဌိတို့သည်။ ဟောန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိသည်။ အသတိ၊ မရှိသော်။ ဣမာ ဒိဋ္ဌိယော၊ ဤ ၆၂-ပါးသော ဒိဋ္ဌိတို့သည်။ ဝါ၊ အယူမှားတို့သည်။ န ဟောန္တိ၊ မဖြစ်ပေါ်လာနိုင်ကြကုန်တော့ပြီ။ ။

ဤလိုဤပုံ—ထိုထိုကျမ်းဂန်တို့၌လာရှိပါသောကြောင့် ပင်မမူလ, ၆၉ မျိုးစေ့ဖြစ်သော သက္ကာယဒိဋ္ဌိမှပေါက်ပွားလာကြ၍ အဖြာဖြာခပ်လာကြသော ၆၂-ပါးသော အမှောက်အမှားအမျိုးမျိုး၊ အလွဲအမှားအမျိုးမျိုး၊ အစွဲတရားအမျိုးမျိုး၊ အပါယ်အိုး, အပါယ်မြစ်, အပါယ်အပြစ်, သံသရာဝဋ်က မထွက်နိုင်အောင် မြစ်ဖြာခံလာကြသော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ တရားတို့၏ ရေသောက်မြစ်ဖြစ်သော သက္ကာယဒိဋ္ဌိ ပင်မ-အငုတ်ပါမကျန် တွန်းလှန် ပယ်နုတ်နိုင်အောင် ဆရာကောင်းထံ နည်းနာခံ၍ ရှေးဦးစွာ သုတမယဉာဏ်, စိန္တာမယဉာဏ်,ဘာဝနာမယဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်သည်တိုင်အောင် ကျင့်ကြံကျိုးကုတ် အားထုတ်ဘို့ရာ လွန်စွာ့လွန်စွာ လိုအပ်လှကြောင်းကို ကောင်းကောင်းကြီး သတိပြုမိစေကြရမည်။

လိုရင်းအချုပ်မှာ—သက္ကာယဒိဋ္ဌိကို မပယ်နိုင်က မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးဖြစ်၍ သံသရာ၌ နစ်ရဦးမည်။ အဝီစိငရဲထိအောင် နစ်နိုင်သေးသည်။ သက္ကာယဒိဋ္ဌိကို ပယ်နိုင်က ရှေးဦးစွာ အပါယ်လွတ်တဲ့တရား, နောက်ဆုံး မွေး သေ လွတ်တဲ့ တရားကိုရ၍ နိဗ္ဗာန်ယူသိမ်း ငြိမ်းနိုင်တော့သည်ဟု ဆိုလိုသည်။

### ၉ ဝအတ္တ—ပရမအတ္တ၊

သက္ကာယဒိဋ္ဌိနှင့်စပ်၍ဖြစ်တတ်သော အတ္တဒိဋ္ဌိအမျိုးမျိုးတို့ကို အနည်းငယ် ပြဆိုပါဦးမည်။ အတ္တဒိဋ္ဌိသည် ဇီဝအတ္တ,ပရမအတ္တ, သာမိအတ္တ, နိဝါသီအတ္တ,ကာရကအတ္တ,ဝေဒကအတ္တ စသည်ဖြင့် များသောအပြားရှိရာ....

ထိုတွင်—

၁။ ၈၀ အတ္တ—ဆိုသည်မှာ၊ ဘုရားမပွင့်မီ သာသနာပ ကာလက ဖြစ်ပေါ်နှင့်ကြသော အတော်အတန်ဉာဏ်ပညာရှိကြ သော်လည်း ဘုရား တရားကို မကြား မနာ ရသောကြောင့် လောက၌ ရုပ် နာမ် ခန္ဓာကအပ ပုဂ္ဂိုလ်သတ္တဝါ အတ္တကောင် ဟူ၍ လုံးဝမရှိ၊ ရုပ် နာမ် ခန္ဓာမျှသာရှိ၏ဟု မသိမမြင်နိုင်ကြ သောကြောင့် ယောင်ယောင် မှားမှား သတ္တဝါတို့၏ ခန္ဓာ အတွင်းသား၌ "အတ္တ"ကောင်သည်တည်ရှိ၏။ မျက်မြင်, မျက်စိ နား, နှာ, လျှာ, ကိုယ် စသော ခြေလက်အင်္ဂါ ကြီး ငယ်နှင့်တကွ ဤ သူ ငါ တို့၏ တကိုယ်လုံး တကောင်လုံးကြီး သည်ကား "အတ္တ"၏ တည်ရာအိမ်ကြီးတည်းဟုယူမှားမိလေသည်။ "အတ္တ" သည် ကိုယ်ခန္ဓာအိမ်၌တည်လျက် အမျိုးမျိုးသောအမှုကိစ္စတို့ကို ပြုလုပ်စီမံ၏၊ ခံစားစရာ႐ှိသမျှကိုလည်း ခံစား၏ဟု ယူမှားကြ လေသည်။

အချို့ကမူ....ထို "အတ္တ"ခေါ်သော သဘောသည်၊ ဝါ-အတ္တ ကောင်ကလေးသည် နှလုံးအိမ်၌ တည်နေ၏၊ ပရမာဏု မြူမျှ ပမာဏရှိသဖြင့် အလွန်သေးငယ်၏ဟု ယူဆကြ၏။

အချို့ကမူ....ထို "အတ္တ"သည် သားမြီးဖျားကို အစိတ်တရာ စိတ်၍ တစိတ်လောက်ပမာဏရှိ၏ဟု ယူဆကြ၏။

အချို့ကမူ....ထို "အတ္တ"သည် ခန္ဓာကိုယ်ပမာဏရှိ၍ ခန္ဓာ ကိုယ်ကြီးလျှင် "အတ္တ"လည်းကြီး၏၊ ခန္ဓာကိုယ်ငယ်လျှင်"အတ္တ" လည်း ငယ်၏ဟု ယူဆကြ၏။

အချို့ကမူ....ခန္ဓာကိုယ်အတွင်း၌ ထွက်သက်-ဝင်သက်တို့၏ သွားလာရာ အကြောမကြီး နှစ်ခု ရှိ၏။ ကျောရိုး၏ ဝဲ-ယာ တဘက်တချက်၌ တည်၏။ အခြားသော အကြောမကြီး တခုကား အထက်သို့ တည့်တည့်မတ်မတ်တက်သွားကာ ဦးခေါင်း၌ ရှိသော အပေါက်တခုသို့ဆိုက်ရောက်၏။ ထိုအပေါက်ဖြင့် ထွက်သွားသော "အတ္တ"သည် ဗြဟ္မာပြည်သို့ရောက်သောကြောင့် ထို ဦးထိပ်က အပေါက်ကို "ဗြဟ္မာရန္ဓ" ဗြဟ္မာပြည် သွားကြောင်း လမ်းပေါက်ဟု ခေါ်ဝေါ်ယူမှားကြလေသည်။

အချို့ကမူ....ထို "အတ္တ"သည် ခန္ဓာကိုယ်အတွင်း ထွက်ဝင် သွားလာခြင်းကို ပြုနိုင်၏၊ လိပ်ပြာကဲ့သို့တည်း။ ထို အသက် လိပ်ပြာ အတ္တခေါ်သော အတ္တကောင်ကလေးသည် လူများ ကဲ့သို့ လှုတ်ဲ့ လိပ်ပြာ၊ မလှုတ်ဲ့လိပ်ပြာဟု နှစ်မျိုးရှိ၏။ ထို့ကြောင့် နတ်များက လိပ်ပြာလှသူကို ကောက်ယူသည်ဟု ယူမှားသည့် ပြင်၊ လိပ်ပြာလန့်သည်၊ လိပ်ပြာစင်သည်၊ လိပ်ပြာကို ဆေးဆရာ ပင့်၍ခေါ်ရသည်စသည်ဖြင့် အမျိုးမျိုး မဟုတ်မဟတ် လုပ်ဇာတ် ခင်းကြလေသည်။

ဤလိုဤပုံ—အယူမှားမျိုးကို "ဇီဝအတ္တ"ဟု ဆိုသည်။ ထို ဇီဝအတ္တကို သိုးဆောင်းလူမျိုးတို့က "ဤဒင်ဆိုး"၊ ပသီလူမျိုး တို့က "ရူ"၊ အင်္ဂလိပ်လူမျိုးတို့က "ဆိုးလ်"၊ ဗမာလူမျိုးတို့က "အသက်"ဟု ခေါ်ဆိုကြသည်။

၂။ **"ပရမအတ္တ"** ဆိုသည်မှာ—ကမ္ဘာတည်ဦးက ဤကမ္ဘာ လောကကြီးနှင့် သတ္တဝါအနန္တတွေကို မဟာဗြဟ္မာကြီးက တည်

ထောင် ဖန်ဆင်းသည်ဟု ယူမှားသောအယူဝါဒကိုပင် "ပရမအတ္တ"အလွန်မြတ်သော မပျက်စီးနိုင်သော "အတ္တ"ဟုယူဆကြလေသည်။ အဆိုပါ "ပရမအတ္တ" ကိုပင် ဟိန္ဒူလူမျိုးတို့က "ဤသွာရ-ပရမိသွာ"၊ ပါရှင်လူမျိုးတို့က "ခိုဒါ"၊ အာရဗ လူမျိုးတို့က"အလ္လာဘတ်"၊ အင်္ဂလိပ်လူမျိုးတို့က"ဂေါဒ်"၊ ဗမာ လူမျိုးတို့က"ထာဝရဘုရား" စသည်ဖြင့် တဘာသာ တမျိုးစီ ခေါ်ဝေါ်သုံးစွဲကြလေသည်။

အဆိုပါ"ပရမအတ္တ"အယူမှားစ၍ ဖြစ်ပေါ်လာပုံမှာ ဥဿဘုံတွင် ဗြဟ္မာ (၂၀)အနက် ကမ္ဘာတည်လာပြန်တဲ့ခါ အထက်ဗြဟ္မာတို့မှ ကံကုန်ခြင်း အသက်ကုန်ခြင်းကြောင့် အောက်ပထမဈာန်ဘုံတွင် မဟာဗြဟ္မာဖြစ်လာသော မဟာဗြဟ္မာကြီးသည် မိမိတဦးတည်း ရှေးဦးစွာဖြစ်လာရသောကြောင့် ကာလကြာမြင့်တဲ့ခါ ပြင်းရိငြီးငွေ့လာ၍ ငါမှတပါး ဗြဟ္မာတဦးတယောက် ပေါ်ပေါက်လာပါမူကား ကောင်းလေစွဟု စိတ်အကြံဖြစ်ရာ၊ ကံအားလျော်စွာ ဗြဟ္မာတဦး နောက်တပ်ဖြစ်ပေါ်လာပြန်ရာ၊ ရှေးဦးစွာ ဖြစ်နှင့်သော ဗြဟ္မာက ငါစိတ်အကြံအတိုင်း ဖြစ်လာသည်ဟုမှတ်ထင်၍ ငါ ဘန်ဆင်း၍ ဖြစ်သည်ဟု အယူရှိလေသည်။ နောက်မှဖြစ်လာသော ဗြဟ္မာကလည်း ငါ မဖြစ်လာမီ ဤဗြဟ္မာကြီးသည်ရှိနှင့်ပေသည်၊ သူဘန်ဆင်းသောကြောင့် ငါ-ဖြစ်လာသည်ဟု မှတ်ထင်လေသည်။ ထိုနောက်မှ ဖြစ်လာသော ဗြဟ္မာသည် နောက်မွေး အရင်သေ ဆိုသကဲ့သို့ အရင်သေလွန်၍ လူ့ပြည်မှာဖြစ်လာသောခါ ဗြဟ္မာဘုံကလာသူ ဖြစ်၍ အိမ်ရာမထောင်ဘဲ ရသေ့ ရဟန်းလုပ်၍ ကမ္မဋ္ဌာန်းကို စီးဖြန်းသောကြောင့် ဈာန် အဘိညာဏ်ကိုရ၍ မိမိဖြစ်လာရပုံ

အလုံးစုံတို့ကိုအဘိညာဏ်ဝင်စား၍ကြည့်တဲ့ခါ မဟာဗြဟ္မာကြီး စိတ်အကြံအတိုင်း ပထမစျာန် ဘုံတွင် မိမိဖြစ်ခဲ့သည်ကိုရင်း၊ မဟာဗြဟ္မာကြီး မသေခင် မိမိအရင်သေ၍ ယခု လူ့ပြည်၌ ဖြစ်လာရသည်ကိုရင်း၊ သိမြင်လာ၍ ထို မဟာဗြဟ္မာကြီး သေအံ့သော ကာလအပိုင်းအခြားကို ကြည့်ရှုပြန်ရာ မိမိ၏အဘိညာဏ်နှံ့သောကြောင့် မသိမမြင်နိုင်ဘဲဖြစ်နေရာ ဤမဟာဗြဟ္မာကြီးကား-ဘောက်ပြန် ပျက်စီးခြင်းမရှိ၊ မအို-မသေ အမြဲတည်နေ၏။ ငါမှအစ အလုံးစုံသောလောကသည် ဤ ဗြဟ္မာကြီး စိတ်အလိုအတိုင်း ဖြစ်ရ၏။ ဤလောကကို ဤ ဗြဟ္မာကြီးပင် ဘန်ဆင်း၍ ဖြစ်၏။ အခြားသတ္တဝါတို့သည်ကား အမြဲမတည်၊ သေကြေ ပျက်စီး ဘောက်ပြန်တတ်သော သဘောရှိ၏ဟု ထိုရသေ့က လူ့ပြည်လောက၌ လှည့်လည်၍ တရား ဟောသောကြောင့် ဤလောကကို ဗြဟ္မာကြီးဘန်ဆင်းသည်။ ဤဗြဟ္မာကြီး အစိုးရသည်၊ မြဲမြံခိုင်ခံ့သည်၊ အခြားသော သတ္တဝါတို့သည်ကား မမြဲဟူသော ဧကစ္စသဿတဒိဋ္ဌိအယူမှားသည် ဤအခါကာလကစ၍ တလောကလုံး အနှံ့အပြားဖြစ်သွား၏ဟု သီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်တွင် ဘုရားဟောချက်ရှိသည်။ အကျယ်သိလိုက ၎င်း၌ကြည့်ရှုပါလေ။

ဤကား—ပရမအတ္တခေါ်သော ထာဝရဘုရား အယူမှား၏ စတည်ဖြစ်ပေါ်လာပုံ အကြောင်းရင်းတည်း။

အမှန်မဟုတ်သော်လည်း ဤဗြဟ္မာကြီး ဘန်ဆင်းပုံ အယူမှားကို ပြဆိုဦးအံ့။ ဤဗြဟ္မာကြီးသည် သတ္တဝါတို့ကို ဘန်ဆင်းသည်ကာလ (မိမိကိုယ်)မှ အစိတ်တစိတ် အနည်းငယ်ကိုယူ၍

သတ္တဝါတို့၏ကိုယ်တွင်း၌ ထည့်လိုက်လေသည်။ မီးခဲကြီးမှထွက်သော မီးပွားငယ်ကဲ့သို့ဖြစ်သော ပြဟ္မာ၏စိတ်သည် သတ္တဝါတို့၏ ကိုယ်တွင်း၌ရှိသောကြောင့် မြင်ခြင်း, ကြားခြင်း, နံခြင်း, လျက်ခြင်း, တွေ့ထိခြင်း စသော အမှုကိစ္စတို့ကို ပြီးစေနိုင်သည်။ ဤကိုယ်တွင်း၌ရှိသော လောကကို ဘန်ဆင်းတတ်သော ပြဟ္မာကြီး၏ စိတ်သည် "ပရမအတ္တ"မည်၏ဟု ယူဆကြလေသည်။

ဤခန္ဓာ၌ မျက်စိ နား စသော ခြောက်ဒွါရတို့သည် အိမ်တံခါးပေါက်ကဲ့သို့၊ အိပ်ရာ နေရာကဲ့သို့၊ ထိုအတ္တသည် အလိုရှိရာ အရပ်၌နေ၍ အလိုရှိရာ ဒွါရပေါက်က ကြည့်ရှု, ကြားနာ, သိမြင်, ခံစား စသော ကိစ္စတို့ကို ပြီးစေနိုင်သည်။ (ဝေ-သဦ-သင်-ဝိ)ဟူသော နာမ်ခန္ဓာတို့ကိုလည်း အစိုးရသည်။ အတ္တ၏ အလိုသို့ လိုက်ရ၏။ အချုပ်အားဖြင့် ဤခန္ဓာငါးပါး၌ရှိသမျှကို အတ္တသည် အစိုးရသည်ဖြစ်၍ ပြုလုပ်တတ်သော(ကာရကအတ္တ) ခံစားတတ်သော(ဝေဒကအတ္တ)၊ မိမိအလိုသို့လိုက်စေတတ်သော (သယံဝသီအတ္တ)ဖြစ်၏။ ဤအတ္တသည် မအို, မသေ, အမြဲနေသောလောကကို ဘန်ဆင်းတတ်သော မဟာပြဟ္မာကြီး၏အစိတ်ဖြစ်သောကြောင့် မပျက်မစီးမြဲ၏။ ဆင်းရဲမရှိ။(နိစ္စ-သုခ-အတ္တ) ဖြစ်၍ ဤကိုယ်၏အနှစ်သာရဖြစ်၏။ ဤနာမ်ရုပ်ဟူသော ခန္ဓာကား မမြဲ, ဆင်းရဲ, အစိုးမရခြင်းကြောင့် (အနိစ္စ-ဒုက္ခ-အနတ္တ) သာဖြစ်၍ အကာသာဖြစ်၏။ သတ္တဝါတို့သေ၍ ဤခန္ဓာပျက်သော်လည်း ဤအတ္တကား မသေ၊ တအိမ်ပျက်လျှင် အိမ်သစ်တခုသို့ ပြောင်းသော အိမ်ရှင်ကဲ့သို့ ခန္ဓာအိမ်ဟောင်းပျက်လျှင် ခန္ဓာအိမ်သစ်တခုတွင် တည်နေပြန်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် "ဤ ပရမအတ္တ" အကြောင်းကို ကောင်းကောင်းသိလျှင်

မြတ်သောဥာဏ်ကို ရသည်ဖြစ်၍ သေသည်၏ အခြားမဲ့၌ ဤလောကကို ဘန်ဆင်းတတ်သော အတ္တ၏အရင်းအမြစ်ဖြစ်သော ပရမအတ္တ-ဟူသော မဟာဗြဟ္မာကြီးထံသို့ရောက်၍ မအို့ မသေ့ အမြဲနေသော နိဗ္ဗာန်ချမ်းသာကိုရ၏ဟု ဟိန္ဒူလူမျိုး, ပုဏ္ဏားလူမျိုးတို့သည် အသဲစွဲ ယုံကြည်ထားသော (ဗေဒင်သုံးပုံ) ၏ အနှစ်ကိုစုထားသော 'ဗေဒန္တသာရ' မည်သောကျမ်း၊ 'ဘဂဝတိဂီတာ' မည်သော ကျမ်းတို့၌ ဤအတိုင်း ရေးထားသည်ဟု ဆိုလိုသည်။

**မှတ်ချက်**— ဤလို၍ပုံ ကမ္ဘာဦးက ကေ်စ္စသဿတတိတ္ထိဆရာတို့ ကြံဆ၍ ယူမှားကြသော ရုပ်နာမ် ခန္ဓာမှတပါး ခန္ဓာအတွင်းသား၌ ဤအတ္တသည် ကေန်အမှန်စင်စစ်ရှိ၏ဟု ယူမှားသောအယူမှားသည် အတ္တဒိဋ္ဌိဖြစ်၏။ ထိုသို့မဟုတ် ခန္ဓာငါးပါးတို့တွင် တပါးပါးကိုငရင်း၊ ငါးပါးလုံးကို ငရင်း၊ ငါ့ကိုယ် အတ္တဟူ၍ငရင်း၊ ပုဂ္ဂိုလ် သတ္တဝါဟူ၍ငရင်း နှလုံးသက်ဝင်၍ ယုံကြည်စွာ ယူမှားသော အယူသည် သက္ကာယဒိဋ္ဌိဖြစ်၏။ မဂ်ကိုတားမြစ်နိုင်၏။ အရေးကြီးတရား, ဒိဋ္ဌိအမှား, ရင်ဝလုံစူး - ထိပ်ဦးမီးလောင် ပမာပယ်ရမယ်ဆိုသည်မှာ - ဤဆိုအပ်ခဲ့ပြီးသော (ဇီဝအတ္တ, ပရမအတ္တ, သက္ကာယဒိဋ္ဌိ)တို့ကို ဆိုသည်ဟုသိလေ။

ထိုသို့မဟုတ် လောက၌ ရုပ်နာမ်ခန္ဓာကအပို၊ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ရုပ်နာမ်ခန္ဓာမျှသာ ရှိ၏ဟု ယုံမှားမရှိ ထိုးထွင်း၍ သိပြီးလျှင် လောက ဝေါဟာရအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ, သူ-ငါ-ယောကျာ်း-မိန်းမ စသည်ဖြင့်

ပြောဆိုကြသည်မှာ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ မဖြစ်ပါ၊ အချုပ်မှာ ပုဂ္ဂိုလ်သတ္တဝါ စသည်ဖြင့် ပြောဆိုရုံသာ ပြော၍ တကယ် ပုဂ္ဂိုလ်သတ္တဝါ ထင်ရှားရှိ၏ဟု အယူမှားကို မယူလျှင် သက္ကာယဒိဋ္ဌိ မဖြစ်ပါ၊ လောကဝေါဟာရအတိုင်း ပြောကြတာကတော့ သောတာပန်အစ ဘုရား ရဟန္တာအဆုံးရှိသော အရိယာတို့သည်လည်း အဟံ-ငါဟူ၍ရင်း၊ မမ-ငါ၏ စသည်ရင်း အသက်ထက်ဆုံးဘဲ ပြောဆိုသွားကြသည်ဟု သိလေ။

## ဒိဋ္ဌိဖြစ်ခြင်း အကြောင်းရင်း (၈)ပါး၊

| | | | |
|---|---|---|---|
| ၁။ ခန္ဓာပိဒိဋ္ဌိဋ္ဌာနံ | ....ဥပါဒါနက္ခန္ဓာငါးပါးတို့သည်လည်း | ဒိဋ္ဌိဖြစ်ကြောင်း | ၁-ပါး |
| ၂။ အဝိဇ္ဇာပိဒိဋ္ဌိဋ္ဌာနံ | ....အဝိဇ္ဇာလည်း | ။ | ။ |
| ၃။ ဖဿောပိဒိဋ္ဌိဋ္ဌာနံ | ....ဖဿလည်း | ။ | ။ |
| ၄။ သညာပိဒိဋ္ဌိဋ္ဌာနံ | ....သညာလည်း | ။ | ။ |
| ၅။ ဝိတက္ကောပိဒိဋ္ဌိဋ္ဌာနံ | ....ဝိတက်လည်း | ။ | ။ |
| ၆။ အယောနိသောပိဒိဋ္ဌိဋ္ဌာနံ | ....မသင့်မတင့်နှလုံးသွင်းခြင်းသည်လည်း | ။ | ။ |
| ၇။ ပါပမိတ္တောပိဒိဋ္ဌိဋ္ဌာနံ | ....ယုတ်မာသော အဆွေခင်ပွန်းသည်လည်း | ။ | ။ |
| ၈။ ပရတောဃောသောပိဒိဋ္ဌိဋ္ဌာနံ | ....ယုတ်မာသူတပါး၏စကားသည်လည်း။ | | ။ |

(ပဋိသံ ပါဠိ ဒိဋ္ဌိကထာ—၃၃၂)

ထိုတွင်....

(၁) မိမိသန္တာန်၌ ဥပါဒါန်မကင်းသေးသဖြင့် မိမိ၌ရင်း၊ သူတပါး၌ရင်း စွဲလမ်း၍ လူဘဲ-နတ်ဘဲ-ငါဘဲ စသော ဒယူမှား နိစ္စ-သုခ-အတ္တ စသော အယူမှားကို ယူမိပြန်၏၊ ထိုသို့ယူမှားမိခြင်းသည် ဥပါဒါနက္ခန္ဓာ ဖြစ်ခြင်းကြောင့် ဒိဋ္ဌ ဖြစ်ခြင်းပေတည်း။

(၂) ထို ဥပါဒါနက္ခန္ဓာဖြစ်ခြင်းသည်လည်း သစ္စာ လေးပါးတို့ကို ဤကား-ဒုက္ခသစ္စာ စသည်ဖြင့် မသိရအောင် ဖုံးလွှမ်းတတ်သော မောဟအဝိဇ္ဇာကြောင့် ဒိဋ္ဌဖြစ်၏။

(၃) ထို မောဟသည်လည်း စက္ခုသမ္ဖဿ စသော ၆-ပါးသော ဖဿတို့တွင် တပါးပါးသော ဖဿ ဖြစ်ပေါ်လာခြင်းကြောင့် ဒိဋ္ဌဖြစ်ရပြန်၏။

(၄) ထို ဖဿဖြစ်လျှင်လည်း ထိုဖဿနှင့် သဟဇာတ်ဖြစ်သော ရူပသညာ စသော ၆-ပါးသော သညာတို့တွင် တပါးပါး ဖြစ်ပေါ်လာသောကြောင့် ဒိဋ္ဌဖြစ်ရပြန်၏။

(၅) ထိုသညာနှင့်အတူ ရူပဝိတက် စသော ၆-ပါးသော ဝိတက်တို့တွင် တပါးပါးသော ဝိတက်သည် ဖြစ်ပေါ်လာသောကြောင့် ဒိဋ္ဌဖြစ်ရပြန်သည်။

(၆) ဤလိုဤပုံ ဥပါဒါနက္ခန္ဓာ ရှိသော ပုထုဇဉ်အား ၆-ပါးသောအာရုံတို့တွင် တပါးပါးသော အာရုံ၌ နိစ္စသညာ သုခသညာ, အတ္တသညာ,သုဘသညာ ဖြစ်ပေါ်လာ၍ အနိစ္စ၌ နိစ္စဟု၊ ဒုက္ခ၌ သုခဟု၊ အနတ္တ၌ အတ္တဟု၊ အသုဘ၌ သုဘဟု အမှတ်မှား,အသိမှား,အယူမှားဟုဆိုအပ်သော အယောနိသော မသင့်သော နှလုံးသွင်းမှုကြောင့် ဒိဋ္ဌဖြစ်ရပြန်၏။

(၇) ထိုမသင့်သော နှလုံးသွင်းခြင်းသည်လည်း ယုတ်မာသော အဆွေခင်ပွန်းတို့ကိုမှီ၍ ဖြစ်တတ်လေသည်။ မိဘ ဆရာသမားပင်ဖြစ်စေကာမူ မှားသောအယူကို ယူသော မိဘဆရာသမားဖြစ်နေလျှင် ထို မိဘဆရာသမားတို့၏ အယူမှားကိုသာ ဆက်လက်၍ ယူတတ်ကုန်၏။ ထို့ကြောင့် ပါပမိတ္တ-ယုတ်မာသော အဆွေခင်ပွန်းကြောင့် ဒိဋ္ဌိဖြစ်ရပြန်၏။

(၈) ထိုပါပမိတ္တကြောင့် အယူမှားဒိဋ္ဌိ ဖြစ်တတ်သကဲ့သို့ ထို့အတူ ပရတောဃောသ, ပူရာဏကဿပ စသော သူတပါးတို့၏ မိစ္ဆာဒိဋ္ဌိတရားစကားကို ကြားနာရ၍ မိစ္ဆာဒိဋ္ဌိအယူကို ယူပြီးလျှင် ပြုလုပ်ပြောဆို ကြံစည်တဲ့ခါ မိစ္ဆာဒိဋ္ဌိချည်းဖြစ်၍ ပရတောဃောသကြောင့် ဒိဋ္ဌိဖြစ်ရပြန်၏။

**ဤကား**....ခန္ဓာ,အဝိဇ္ဇာ,ဖဿ,သညာ,ဝိတက်,အယောနိသော ပါပမိတ္တ,ပရတောဃောသ, ဤရှစ်ပါးတို့ကြောင့် ဒိဋ္ဌိဖြစ်တတ်ပုံ အကျဉ်းချုပ်တည်း။

**ဆောင်ပုဒ်....**ခန္ဓာ-အဝိဇ္ဇာ၊ဖဿော-သညာ၊ အယော-တက္က
ပါပ-ဃောသာ၊ဤရှစ်ဖြာ၊ဒိဋ္ဌိဖြစ်ကြောင်းသာ။

**နာမ်နှင့်ရုပ်သာ—အမှန်ရှိပါ၊**

၁။ နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော၊
န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ။
သုညမိဒံ ယန္တမိဝါဘိသင်္ခတံ၊
ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌသာဒိသော။ ။
(ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ)

**တ္လမလောကေ၊** ဤလောက၌။ သစ္စတော၊ အမှန်ကေန်အား ဖြင့်။ နာမဥ္စ၊ နာမ်တရားသည်၎င်း။ ရူပဥ္စ၊ ရုပ်တရားသည်၎င်း။ အတ္ထိ၊ ဤရုပ်နာမ်နှစ်ပါးသာ မုချကေန် အမှန်ရှိ၏။ ဟိသစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤနာမ်ရုပ်နှစ်ပါး၌။ သတ္တောစ၊ ပုဂ္ဂိုလ်သတ္တဝါ သည်၎င်း။ မနုဇောစ၊ လူနတ်ဗြဟ္မာသည်၎င်း။ န ဝိဇ္ဇတိ၊လုံးဝ မုချမရှိပါ။ တ္လဒံ၊ ဤ နာမ် ရုပ် နှစ်ပါးသည်။ ဝါ၊ ဤနာမ်ရုပ် နှစ်ပါးထဲ၌။ သုညံ၊ လူနတ်ဗြဟ္မာ သတ္တဝါ သူ-ငါ-ယောကျ်ား မိန်းမဟူ၍မရှိ လုံးလုံး ဆိတ်သုဉ်း၏။ တ္လဒံ၊ ဤရုပ်နာမ်နှစ်ပါး သည်။ ယန္တမိဝ၊ သစ်သားယန္တရား ရုပ်သေးကဲ့သို့။ အဘိသင်္ခတံ၊ ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရားတို့သည် ပြုပြင် စီရင် အပ်၏။ ဝါ၊ ပြုပြင်စီရင်၍ဖြစ်၏။ ဒုက္ခဿ၊ ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ၏ (ဝါ) ကုန်အောင်စုံသော ဆင်းရဲ၏။ ပုဉ္ဇော၊ အစုအပုံသာတည်း။ တ္လဒံ၊ ဤရုပ်နာမ်နှစ်ပါးသည်။ တိဏကဋ္ဌ သဒိသော၊ ပျက်တွေ့သစ်သားတွေနှင့်သာ တထပ်တသားတည်း တူနေ၏။ ။ (ဤကား—အနက်)

**အဓိပ္ပါယ်**....လူလောက,နတ်လောက,ဗြဟ္မာလောက ခေါ် သော ဤလောကသုံးပါး၌ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ သူ-ငါ-ယောကျ်ား-မိန်းမ - အဖြူ-အမဲ စသော ပညတ်မဘက် ပရမတ်သက်သက် ပရမတ်စစ်စစ်ဆိုပါလျှင် နာမ်ရုပ်နှစ်ပါးသာ ရှိ၏။ နာမ်ရုပ်နှစ်ပါးသာဖြစ်၏။ သို့ရာတွင် လူ့ဘုံ၌ဖြစ်သော ရုပ်နာမ်ကို လူ။ နတ်ဘုံ၌ဖြစ်သော ရုပ်နာမ်ကို—နတ်။ ဗြဟ္မာ ဘုံ၌ ဖြစ်သော ရုပ်နာမ်ကို—ဗြဟ္မာ စသည်ဖြင့် ဘုံသို့လိုက်၍ ပညတ်အာဖြင့် ခေါ်ဆိုကြရလေသည်။ သို့ခေါ်ဆိုသော်လည်း ဘုံသုံးပါးတို့မှာ ရုပ်နာမ်ကို နှုတ်ချန်ထားပါလျှင် လူ-ဟူ၍,

နတ်ဟူ၍ ဗြဟ္မာဟူ၍ ဘုံနေ သတ္တဝါ လုံးဝ မရှိတော့ပြီ။ ဘုံအခေါင်း ဟောင်းလောင်းကြီးသာ ရှိနေပေတော့မည်။ ထို့ကြောင့် ခေါ်ဆိုရုံသာ ခေါ်ဆိုကြရသည်၊ အမှန်ကေန် ပရမတ်အားဖြင့်ကား ရုပ်နာမ်နှစ်ပါးသာရှိသည်။ ဘယ်ဟာက ပညတ်၊ ဘယ်ဟာက ပရမတ်လဲ၊ ဘယ်ဟာက-ရုပ်၊ ဘယ်ဟာက နာမ်လဲဆိုတဲ့အမေး၌ လူ နတ် ဗြဟ္မာ စသည် အခေါ်ခံရတဲ့ တကိုယ်လုံး တကောင်လုံးကြီးက-ရုပ်၊ မိမိတို့နှင့် သင့်တော်ရုံ သိရှိကြတဲ့ စိတ် စေတသိက်တို့က-နာမ်၊ ဤရုပ်နာမ်နှစ်ပါးသာ အမှန်ကေန်ရှိပေသည်။ ဤအမှန်ကေန်ရှိနေသော ရုပ်နာမ်၌ လည်း လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ လုံးဝမရှိပေ။ ပုဂ္ဂိုလ် သတ္တဝါမှ မရှိလုံးလုံး ဆိတ်သုဉ်း၍နေပေသည်။

ဤ ရုပ် နာမ် သည်လည်း ထာဝရဘုရား ဗိဿနိုး နတ်များ ဖန်ဆင်း၍ဖြစ်သည်မဟုတ်၊ ကံ့ စိတ်၊ ဥတု၊ အာဟာရ တို့ကြောင့်သာ ဖြစ်ရရှာသည်။ ဤရုပ်နာမ်ကား ဆင်းရဲပေါင်း ချုပ် ဒုက္ခဟူသမျှ၏ ကျရောက်ရာအစုအပုံသာ၊ ဤရုပ်နာမ်ကား ဥပမာအားဖြင့် မျက်တွေ့ သစ်သားတွေနှင့် တထပ်တသားတည်း တူနေပေသည်။ ဗဟိဒ္ဓပထဝီ မဟာဘုတ်ရုပ်၌လည်း တထပ်တည်း ကျစေရမည်။ တူနေစေရမည်။ အဇ္ဈတ္တပထဝီ မဟာဘုတ်ရုပ် ပေါ်မှာ သူ-ငါ-ယောကျ်ား-မိန်းမစသည် ပညတ်ခုခံကာကွယ်၍ မနေစေရဟု ဆိုလိုပေသည်။

**ပဘောက်မပြန်—ယထာဘူတဉာဏ်၊**

**တနည်းဆိုသော်....**

၂။ ပရမတ္ထတော ပုဂ္ဂလော သတ္တော နာမ နတ္ထိ၊
နာမရူပမေဝ အတ္ထိတိ ဒဿနံ ယထာဘူတဒဿနံ။ ။

ပရမတ္ထတော၊ လူ နတ် ဗြဟ္မာ သတ္တဝါခေါ်တဲ့ လောက ဝေါဟာရမဘက် ပရမတ်သက်သက်အားဖြင့်တော့။ ပုဂ္ဂလော သတ္တောနာမ၊ လူနတ်ဗြဟ္မာ-ပုဂ္ဂိုလ်သတ္တဝါ-သူ-ငါ-ယောကျ်ား-မိန်းမ စသည်။ နတ္ထိ၊လုံးဝမရှိ။ နာမရူပမေဝ၊ အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါး အပြားအားဖြင့် ခန္ဓာငါးပါး, အာယတန တဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါး, ပရမတ္ထ တရားသည်သာ။ အတ္ထိ၊ အဟုတ်အမှန် ကေန်ရှိ၏။ ဣတိဣဒံ ဒဿနံ၊ , ဤလိုဤပုံ အဟုတ်အမှန် ရုပ်နာမ်သာရှိ၏ဟုသိမြင်ခြင်းသည်။ ယထာဘူတ ဒဿနံနာမ၊ မဘောက်မပြန် ဟုတ်မှန်စွာ သိမြင်သော ယထာ ဘူတဉာဏ် မည်၏။ ။ (ဤကား—အနက်)

## ပညတ်သိနှင့် ပရမတ်သိ၊

ဤလိုဤပုံ ကျမ်းဂန်ပါဠိ လာရှိသည်ကို မသိမမြင်သော ကြောင့် ဝါ-မဘောက်မပြန် ဟုတ်မှန်စွာ သိရှိနိုင်သော ယထာ ဘူတဉာဏ်ကို မရသောကြောင့် အပါယ်လေးဘုံမှာ အပါယ် ကောင်တွေ မွေးကြသည်၊ သေကြသည်၊ လူ့ဘုံမှာ လူတွေ မွေးကြသည်၊ သေကြသည်၊ ဗြဟ္မာဘုံမှာ ဗြဟ္မာတွေ မွေးကြ သည်၊ သေကြသည်ဟု ခေါ်ဝေါ်ပြောဆိုရရုံ ပညတ်မျှကို ပညတ်ရှိမသိ၊ တကယ်အဟုတ်အမှန် ပရမတ်အားဖြင့် မရှိသည်ကို မရှိမှန်း မသိ၊ အဟုတ်အမှန် ရှိသယောင်ယောင် ရှိသလိုလို မှတ်ထင်ပြောဆိုနေကြသည်မှာ ပညတ်မြင်, ပညတ်သိ, မိစ္ဆာဒိဋ္ဌိ အမှားသိဟု သိလေ မှတ်လေ။

ထိုသို့မဟုတ် လောကဝေါဟာရအားဖြင့်သာ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ-သူ-ငါ-ယောကျ်ား-မိန်းမ-အဖို-အမ စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုကြရလေသည်။ အဟုတ်အမှန် ပရမတ္ထအား

ဖြင့် ကောန်ရှိ ကောန် ဖြစ်ပျက် နေကြသည်မှာ အထက်အဆိုပါ ကျမ်းလာအတိုင်း ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်တို့သာ မြစ်ရေပမာ, ဆီမီးလျှံပမာ, တသံသရာလုံးဖြစ်ပျက်နေကြလေသည် ဟုဟုတ်မှန်တဲ့အတိုင်းသိမြင်ပါလျှင်ပရမတ်မြင်,ပရမတ်သိ,သမ္မာဒိဋ္ဌိ အမှန်သိဟု သိလေ မှတ်လေကြပါလေ။

**ဆိုလိုရင်းမှာ....** လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ - သူ-ငါ-ယောကျ်ား-မိန်းမ စသော ပညတ်ပေါ်တွင် အသိဉာဏ်သောင်တင် အသိဉာဏ်အားကုန် အသိဉာဏ်ဆုံး တုံး၍မနေစေဘဲ လူ နတ် စသော ပညတ်ကျော်ဖေါက် ရုပ်နာမ်ခန္ဓာ စသော ပရမတ်ပေါက်, လက္ခဏာဆိုက် သစ္စာကိုက်အောင် အသိမှန်သိ အမြင်မှန် မြင်၍ အယူမှန်ကို ယူနိုင်ကြပါစေဟု ဆိုလိုပေသည်။

**ဤလိုဤပုံ....**အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကို ယူနိုင်မှသာ အဆိုပါ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိတို့မှ ကျွတ်လွတ်၍ မဖြစ်စဘူး အထူး ဒိဋ္ဌိဝိသုဒ္ဓိ ပုဂ္ဂိုလ်အစစ်အဖြစ်သို့ရောက်နိုင်ပေမည်။ ဒိဋ္ဌိဝိသုဒ္ဓိပုဂ္ဂိုလ်ဖြစ်မှလည်း အနတ္တလက္ခဏာကိုကောင်းကောင်း လှလှထင်မြင်နိုင်မည်။ အနတ္တလက္ခဏာ ကောင်းကောင်းလှလှ ထင်မှသာ အတ္တဒိဋ္ဌိကို ပယ်သတ်၍ အပါယ်လွှတ်တဲ့ တရား အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားလိုက်နိုင်တဲ့ သောတာပတ္တိ မဂ်တရားကို လက်ကိုင်ရရှိ ထားနိုင်ကြပေမည်။ သို့မှသာ ရခဲသော လူ့ဘဝကို ရကျိုး, ကြုံခဲသော သာသနာနှင့် ကြုံကျိုးနပ်၍ မြတ်နိုင်ကြပေမည်။ သေကောင်း-နေကောင်း-သေပျော်-နေပျော်ရှိနိုင်ကြပေမည်။ သတိပြုမိကြပါစေ။

ဤတွင်—ခန္ဓာပိုင်းကို ရပ်ဆိုင်းလိုက်ပါသည်။

# " အာယတနပိုင်း "

## ၂။ အာယတန ပါဠိ၊

ဒွါဒသာယတနာနိ စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ, မနာယတနံ, ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာယတနံ, ဓမ္မာယတနန္တိ။ ။

**အနက်**။ ။ အာယတနာနိ၊ အာယတနတို့သည်။ စက္ခာယတနံ - စက္ခာယတန။ သောတာယတနံ - သောတာယတန။ ဃာနာယတနံ-ဃာနာယတန။ ဇိဝှါယတနံ-ဇိဝှါယတန။ ကာယာယတနံ-ကာယာယတန။ မနာယတနံ-မနာယတန။ ရူပါယတနံ-ရူပါယတန။ သဒ္ဒါယတနံ-သဒ္ဒါယတန။ ဂန္ဓာယတနံ-ဂန္ဓာယတန။ ရသာယတနံ-ရသာယတန။ ဖောဋ္ဌဗ္ဗာယတနံ-ဖောဋ္ဌဗ္ဗာယတန။ ဓမ္မာယတနံ-ဓမ္မာယတန။ ဣတိ၊ ဤသို့။ ဒွါဒသ၊ တဆဲ့နှစ်ပါးတို့တည်း။

### အာယတန—သရုပ်ခွဲပုံ၊

| | | | |
|---|---|---|---|
| **အာယတနတို့သည်** | ၁။ | စက္ခာယတန | ၁—ပါး။ |
| | ၂။ | သောတာယတန | ၁—ပါး။ |
| | ၃။ | ဃာနာယတန | ၁—ပါး။ |
| | ၄။ | ဇိဝှါယတန | ၁—ပါး။ |

၅။ ကာယာယတန ၁–ပါး။
၆။ မနာယတန ၁–ပါး။
၇။ ရူပါယတန ၁–ပါး။
၈။ သဒ္ဒါယတန ၁–ပါး။
၉။ ဂန္ဓာယတန ၁–ပါး။
၁၀။ ရသာယတန ၁–ပါး။
၁၁။ ဖောဋ္ဌဗ္ဗာယတန ၁–ပါး။
၁၂။ ဓမ္မာယတန ၁–ပါး။

ဤသို့ (၁၂) ပါး ရှိကုန်၏။

---

## အာယတန–အရကောက်ပုံ၊

ထိုအာယတန ၁၂–ပါးတို့တွင်....

၁။ စက္ခုပသာဒရုပ်ကို–စက္ခာယတနဟုကောက် (ဝါ)စက္ခာယတနဆိုသည်ဟု သိလေ မှတ်လေ။
၂။ သောတပသာဒရုပ်ကို-သောတာယတနဟုကောက်(ဝါ) သောတာယတနဆိုသည်ဟု သိလေ မှတ်လေ။
၃။ ဃာနပသာဒရုပ်ကို–ဃာနာယတနဟု ကောက် (ဝါ) ဃာနာယတနဆိုသည်ဟု သိလေ မှတ်လေ။
၄။ ဇိဝှါပသာဒရုပ်ကို–ဇိဝှါယတနဟုကောက် (ဝါ) ဇိဝှါယတနဆိုသည်ဟု သိလေ မှတ်လေ။
၅။ ကာယပသာဒရုပ်ကို–ကာယာယတနဟု ကောက် (ဝါ) ကာယာယတနဆိုသည်ဟု သိလေ မှတ်လေ။

၆။ စိတ် ၈၉-ခုကို—မနာယတနဟုကောက်(ဝါ)မနာယတန ဆိုသည်ဟု သိလေ မှတ်လေ။

၇။ ရူပါရုံအဆင်းရုပ်ကို—ရူပါယတနဟုကောက်(ဝါ) ရူပါယတနဆိုသည်ဟု သိလေ မှတ်လေ။

၈။ သဒ္ဒါရုံ,အသံကို—သဒ္ဒါယတနဟုကောက် (ဝါ) သဒ္ဒါယတနဆိုသည်ဟု သိလေ မှတ်လေ။

၉။ ဂန္ဓာရုံ,အနံ့ကို—ဂန္ဓာယတနဟုကောက် (ဝါ) ဂန္ဓာယတနဆိုသည်ဟု သိလေ မှတ်လေ။

၁၀။ ရသာရုံ,အရသာကို ရသာယတနဟုကောက်(ဝါ)ရသာယတနဆိုသည်ဟု သိလေ မှတ်လေ။

၁၁။ ဖောဋ္ဌဗ္ဗာရုံ,အတွေ့ကို—ဖောဋ္ဌဗ္ဗာယတနဟုကောက်(ဝါ) ဖောဋ္ဌဗ္ဗာယတနဆိုသည်ဟု သိလေ မှတ်လေ။

၁၂။ စေတသိက်-၅၂ သုခုမရုပ်-၁၆ နိဗ္ဗာန်ကို—ဓမ္မာယတနဟုကောက်(ဝါ)ဓမ္မာယတနဆိုသည်ဟု သိလေ မှတ်လေ။

**မှတ်ချက်။** ။ စက္ခုပသာဒရုပ် ဆိုသည်မှာ သသမ္ဘာရစက္ခုနှင့် ပသာဒစက္ခု, မျက်စိအကြည်ရုပ်ကို ဆိုသည်၊ ကျန်သောတပသာဒရုပ်တို့၌လည်း နည်းတူသိလေ။ အကျယ်သိလိုက အဘိဓမ္မတ္ထသင်္ဂြိုဟ် စိတ်ပိုင်း, စေတသိက်ပိုင်း, သမုစ္စည်းပိုင်းတို့မှာ ကြည့်ရှုကြပါလေ။

**ဆောင်ပုဒ်**....စက်-သော-ဃာ-ဇိ၊ ကာ-မ-ထည့်၊ ရူ-သဒ်-ဂန်-ရ၊ ဖော-ဓမ္မ၊ဒွါဒ-အာယတနာ။

**မှတ်ချက်။** ထိုတွင် ၁၊ စက်-ကို စက္ခာယတနဟုမှတ်။
၂၊ သော-ကို သောတာယတနဟုမှတ်။
၃၊ ဃာ-ကို ဃာနာယတနဟုမှတ်။
၄၊ ဇိ-ကို ဇိဝှါယတနဟုမှတ်။
၅၊ ကာ-ကို ကာယာယတနဟုမှတ်။
၆၊ မ-ကို မနာယတနဟုမှတ်။
၇၊ ရူ-ကို ရူပါယတနဟုမှတ်။
၈၊ သဒ်-ကို သဒ္ဒါယတနဟုမှတ်။
၉၊ ဂန်-ကို ဂန္ဓာယတနဟုမှတ်။
၁၀၊ ရ-ကို ရသာယတနဟုမှတ်။
၁၁၊ ဖော-ကို ဖောဋ္ဌဗ္ဗာယတနဟုမှတ်။
၁၂၊ ဓမ္မ-ကို ဓမ္မာယတနဟုမှတ်။

---

အဇ္ဈတ္တိကာယတန ဗာဟိရာယတန ၂-ပါးခွဲပုံ၊

**အဆိုပါ** အာယတန ၁၂-ပါးတို့တွင် စက္ခာယတနအစ, မနာယတနအဆုံး ရှေ့ ၆-ပါးတို့ကို ကိုယ်တွင်း အာယတနများဖြစ်ကြ၍ အဇ္ဈတ္တိကာယတနဟု သိလေ-မှတ်လေ။

ရူပါယတန အစ, ဓမ္မာယတနအဆုံး နောက် ၆-ပါးတို့ကို ကိုယ်မှအပ, ပြင်ပ အာယတနများဖြစ်ကြ၍ ဗာဟိရာယတနဟု သိလေ-မှတ်လေ။ နှစ်ရပ် ပေါင်းက အာယတန ၁၂-ပါး ဖြစ်သည်။

## "ရုပ်-နာမ်-မိဿက ၃-ပါးခွဲပုံ"

**အာယတနသည်** ရုပ်အာယတန, နာမ်အာယတန, မိဿကာယတနဟု သုံးမျိုးရှိရာ—

၁။ စက္ခာယတနအစ, ဖောဋ္ဌဗ္ဗာယတနအဆုံး (၁၀)ပါးကို ရုပ်အာယတနဆိုသည်။
၂။ မနာယတန.... (၁)ပါးကို နာမ်အာယတနဆိုသည်။
၃။ ဓမ္မာယတန.... (၁)ပါးကို မိဿကာယတနဆိုသည်။

ဤ(၃)ပါး ပေါင်းလျှင် အာယတန (၁၂)ပါး ဖြစ်လေသည်။

## "ရုပ်-နာမ် ၂-ပါး ခွဲပုံ"

**တနည်းဆိုသော်၊** အဆိုပါ အာယတန သုံးပါးတို့တွင် မိဿကာယတန၌ သုခုမရုပ် ၁၆-ခုကို ရုပ်ခြင်း တူနေ၍ ရုပ်အာယတန(၁၀)ပါးနှင့်ပေါင်းသော်-ရုပ်အာယတန (၂၆)ပါး ဖြစ်၏။ စေတသိက် ၅၂-ပါးနှင့် နိဗ္ဗာန်ကို နာမ်ခြင်းတူနေ၍ နာမ်အာယတနနှင့် ပေါင်းသော်-နာမ်အာယတန (၅၄)ပါး ဖြစ်၏။ သဘောတူရာပေါင်းပါလျှင် ရုပ်အာယတန (၂၆) က ရုပ်ဖြစ်၍၊ နာမ်အာယတန (၅၄)က နာမ်ဖြစ်၍ အကျဉ်းအားဖြင့် ရုပ်-နာမ် နှစ်ပါးသာဖြစ်သည်ဟု သိလေ။

## အာယတန ခေါ်ဆိုရပုံ၊

"ကေနဋ္ဌေနအာယတနံ"အရ၊ အဘယ်ကြောင့် အာယတန ခေါ်ဆိုပါသနည်းဟု မေးခဲ့သော်၊ "အာယတနတော ပိတ္တာရေ တိတိ အာယတန အာယတံ သံသာရံတနောတိ ဝိတ္ထာရေတီတိဝါ

အာယတနံ ”နှင့် အညီ၊ စိတ် စေတသိက်တို့ကို ချဲ့တတ်သော ကြောင့်ရင်း၊ အလျားရှည်စွာ သံသရာကို ချဲ့တတ်သောကြောင့် ရင်း၊ အာယတနခေါ်ဆိုရပါသည်ဟု ဖြေဆိုလေ။

## အာယတန အဓိပ္ပာယ်၊

**အာယတန** ဆိုသည်မှာ - ပါဠိဘာသာဖြစ်သည်၊ မြန်မာလို ကတော့ အလျားရှည်စွာ သံသရာဝဋ်ဆင်းရဲတို့၏ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ရာ ပျက်ရာ၊ ဝါ-တခုသောဘဝ မွေးဖွားသည်မှ စုတိ သေနေ့သို့ကျအောင် မြင်သိမှု့ ကြားသိမှု စသော ဒွါရ (၆)ပါး၊ အာရုံ(၆)ပါးတို့၏ ဖြစ်ရာ ပျက်ရာဟုဆိုလိုပေသည်။

ထို့ကြောင့် အတွင်း နှင့် အပြင်၊ ဝါ-လက်ရှိ နှင့် လက်မဲ့၊ ဝါ-အဇ္ဈတ္တနှင့် ဗဟိဒ္ဓ၊ ဝါ-မျက်စိနှင့် အဆင်း၊ နား နှင့် အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ကိုယ်နှင့် အတွေ့၊ မနော နှင့် သဘော၊ အကြောင်းအားလျော်စွာ တိုက်ဆိုင်ပေါင်းဆုံ မိကြသော အခါတို့၌ အခံ အာယတနများ ဖြစ်ကြသော (**အဇ္ဈတ္တိကာယတန**) ခြောက်ပါးတို့နှင့် အတိုက် အာယတန များဖြစ်ကြသော(**ဗာဟိရာယတန**)ခြောက်ပါးတို့သည် အတင်း အဓမ္မ တိုးဝှေ့တိုက်ခိုက်မှုကြောင့် အပေါ်အာယတနများ ဖြစ် ကြသော ဝိညာဏ်ခြောက်ပါး တရားအစုတို့သည် တနေ့လုံး, တလလုံး, တနှစ်လုံး တသက်လုံး,ဘဝဆုံးအောင် ဖြစ်ရာပျက်ရာ ဆဲ့နှစ်ဖြာ,ဖြစ်မှုပျက်မှု ဆဲ့နှစ်ခုဘဲ၊ အာယတန (၁၂) ပါးဟု ခေါ်ဆိုရလေသည်ဟု သိလေ-မှတ်လေ။

ထို ဖြစ်မှု ပျက်မှုသည်လည်း ပုဂ္ဂိုလ် သတ္တဝါတို့၏ ဖြစ်မှု ပျက်မှုမဟုတ်ပါ။ အမှန်မှာ-အဆိုပါ ခြောက် ဒွါရ, ခြောက် အာရုံ ဆိုတဲ့ ရုပ်တရား၊ ခြောက်ဝိညာဏ်ဆိုတဲ့-နာမ်တရား၊ ဤ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်မှု-ပျက်မှု, ဖြစ်ခြင်း-ပျက်ခြင်း မျှသာ ဖြစ်သည်ဟု သိလေ-မှတ်လေ။

## " ဝေါဟာရ—သုံးစုံ "

၁။ (ကေဝေါဟာရ) အနည်းငယ် ထင်ရှားစေဦးအံ့— လောကသုံးပါးတို့တွင် လေးကျွန်းတမြင့်မိုရ် ၃၁-ဘုံ တခုသော စကြာဝဠာခေါ်သော ဤ-ဩကာသလောကကြီး၌ **ကေ ဝေါ ဟာရ**ခေါ်သော အသညသတ်ဘုံ၌ဖြစ်ခိုက်ဖြစ်နေ ကမ္ဘာငါးရာ ကာလပတ်လုံး ဖြစ်ပျက်လျက်နေသော သက်ဆိုင်ရာ ရုပ်အာယ တနစုကိုသာ ဘုံသို့လိုက်၍ ပညတ်**အား**ဖြင့် အသညသတ်ဗြဟ္မာ အသညသတ်ပုဂ္ဂိုလ်, အသညသတ် သတ္တဝါဟု ခေါ်ဆိုရသည်။ ထိုသို့ခေါ်ဆိုရသော်လည်း အဟုတ်မရှိ,အမှန်မရှိ,ပညတ်မျှဟူ၍သိ၊ အဟုတ်ရှိ အမှန်ရှိသည်ကား-ရုပ်အာယတနသာ။ ထို ရုပ်အာယ တနကို ပရမတ်ဟု သိ။

အသညသတ်ဘုံ၌ဖြစ်ခိုက် ရုပ်အာယတနကို နှုတ်ပယ်ထား ပါလျှင် အသညသတ်ဗြဟ္မာ ဆိုသည်မှာ လုံးဝ မရှိတော့ပါ၊ ဘုံ အခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိနေပါတော့သည်။ ထို့ကြောင့် ရုပ်အာယတနကိုသာ ပညတ်အားဖြင့် အသညသတ် ဗြဟ္မာခေါ်ဆိုရသည်ဟု သိလေ မှတ်လေပါ။

၂။ (စတုဝေါကာရ) စတုဝေါကာရ ခေါ်သော အရူပ လေးဘုံ၌ ဖြစ်ခိုက် ဖြစ်နေ-နာမ်အာယတနကိုသာ ဘုံသို့လိုက်၍ ပညတ်အားဖြင့် အရူပဗြဟ္မာဟု ခေါ်ဆိုရလေသည်။ ထိုသို့ခေါ် ဆိုရသော်လည်း အဟုတ်မရှိ-အမှန်မရှိ-ပညတ်မျှဟုသိ။အဟုတ်ရှိ အမှန်ရှိသည်ကား-နာမ်အာယတနသာ။ ထို နာမ်အာယတနကို ပရမတ်ဟုသိ။ အရူပလေးဘုံ၌ဖြစ်ခိုက်, နာမ်အာယတနကို နုတ် ပယ်ထားပါလျှင်၊ အရူပဗြဟ္မာဆိုသည်မှာ-လုံးဝ မရှိတော့ပါ၊ ဘုံအခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိနေပါတော့သည်။ ထို့ကြောင့် နာမ် အာယတနကိုသာ ပညတ်အားဖြင့် အရူပ ဗြဟ္မာခေါ်ဆိုရသည်ဟု သိလေ-မှတ်လေ။

၃။ (ပဥ္စဝေါကာရ) ပဥ္စဝေါကာရ ခေါ်သော ကျန်- ၂၆-ဘုံတို့၌ ဖြစ်ခိုက် ဖြစ်နေ ရုပ်အာယတန, နာမ်အာယတန နှစ်ပါးတို့ကိုသာ ဘုံသို့လိုက်၍ ပညတ်အားဖြင့် အပါယ်ကောင် လူကောင်, နတ်ကောင်, ဗြဟ္မာကောင် စသည်ဖြင့် ခေါ်ဆိုကြရ လေသည်။ ထိုသို့ခေါ်ဆိုသော်လည်း အဟုတ်မရှိ, အမှန်မရှိ, ပညတ်မျှဟု သိ။ အဟုတ်ရှိ အမှန်ရှိသည်ကား-ရုပ်အာယတနနှင့် နာမ်အာယတနသာ။ ထို ရုပ်အာယတန, နာမ် အာယတနကို ပရမတ်ဟု သိ၊ ပဥ္စဝေါကာရ ၂၆-ဘုံ၌ ဖြစ်ခိုက်၊ အဆိုပါ ရုပ်အာယတန,နာမ်အာယတနကိုနုတ်ပယ်ထားပါလျှင်၊အပါယ် ကောင်, လူကောင်, နတ်ကောင်, ဗြဟ္မာကောင် ဆိုသည်မှာ လုံးဝ မရှိတော့ပါ။ ဘုံအခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိပါတော့သည်။ ထို့ကြောင့် ရုပ်အာယတန, နာမ်အာယ တန နှစ်ပါးတို့ကိုသာ ပညတ်အားဖြင့် အပါယ်ကောင် စသည် ခေါ်ဆိုကြရသည်ဟု သိလေ-မှတ်လေ။

## " ငှက်ပျောဖီး—ဥပမာ "

ဥပမာဆိုရသော်—၁၂-လုံးရှိသော ငှက်ပျောဖီး၌ ငှက်ပျောသီး ၁၂-လုံးပေါင်းစု၍နေသောအပေါင်းအစုကိုသာ ငှက်ပျောဖီးဟု ခေါ်ဆိုရ၏။ ငှက်ပျောသီး ၁၂-လုံးကို နှုတ်ပယ်ထားလိုက်ပါလျှင်၊ ငှက်ပျောဖီး ဆိုစရာမရှိ။ အညှာသာကျန်၍ အသီးမကျန်တော့သကဲ့သို့၊ ထိုဥပမာနှင့်တူစွာ ဘုံသုံးပါးတို့၌ ကံအားလျော်စွာ ဖြစ်ကြ ပျက်ကြသော၊ ဝါ-မပြတ်မလတ် တလစပ်ဖြစ်ပျက်နေကြသော စက္ခာယတနစသော အာယတနတရား ၁၂ပါးတို့ကိုသာ ဘုံပုဂ္ဂိုလ်အားလျော်စွာ အပါယ်ကောင်၊ လူကောင် နတ်ကောင်, ဗြဟ္မာကောင်, ပုဂ္ဂိုလ်-သတ္တဝါ-သူ-ငါ-ယောကျ်ားမိန်းမ စသည်ဖြင့် ပညတ်အားဖြင့် အသီးအသီး ခေါ်ဆိုကြရလေသည်။ အဟုတ်အမှန် ကောန်ရှိ၍ ခေါ်ဆိုရသည် မဟုတ်၊ အဆိုပါ အာယတန ၁၂-ပါးတို့ကို နှုတ်ပယ်ထားပါလျှင် ဘုံနေသတ္တဝါဟူ၍ လုံးဝမရှိတော့ပြီ။ ဘုံအခေါင်းဟောင်းလောင်းကြီးသာ ကျန်ရှိနေတော့သည်ဟု သိလေ-မှတ်လေ။ ၁၂-လုံးရှိသော သရက်သီးခိုင် ဥပမာဖြင့်လည်း သိလေ-မှတ်လေပါ။

ဤတွင်—အာယတနပိုင်းကို ရပ်ဆိုင်းလိုက်ပါသည်။

******

# " ဓာတ်ပိုင်း "

## ၃–ဓာတ် (၁၈)ပါး ပါဠိ၊

**အဋ္ဌာရသဓာတုယော၊** စက္ခုဓာတု, သောတဓာတု, ဃာန ဓာတု, ဇိဝှါဓာတု, ကာယဓာတု, ရူပဓာတု, သဒ္ဒဓာတု, ဂန္ဓဓာတု ရသဓာတု, ဖောဋ္ဌဗ္ဗဓာတု, စက္ခုဝိညာဏဓာတု, သောတဝိညာဏ ဓာတု, ဃာနဝိညာဏဓာတု, ဇိဝှါဝိညာဏဓာတု, ကာယဝိညာဏ ဓာတု, မနောဓာတု, မနောဝိညာဏ ဓာတု, ဓမ္မာ ဓာတူတိ။ ။

**အနက်...**ဓာတုယော၊ ဓာတ်တို့သည်။ စက္ခုဓာတု၊ စက္ခု ဓာတ်။ သောတဓာတု၊ သောတဓာတ်။ ဃာနဓာတု၊ ဃာနဓာတ်။ ဇိဝှါဓာတု၊ ဇိဝှါဓာတ်။ ကာယဓာတု၊ ကာယဓာတ်။ ရူပဓာတု၊ ရူပဓာတ်။ သဒ္ဒဓာတု၊ သဒ္ဒဓာတ်။ ဂန္ဓဓာတု၊ ဂန္ဓဓာတ်။ ရသ ဓာတု၊ ရသဓာတ်။ ဖောဋ္ဌဗ္ဗဓာတု၊ ဖောဋ္ဌဗ္ဗဓာတ်။ စက္ခုဝိညာဏ ဓာတု၊ စက္ခုဝိညာဏဓာတ်။ သောတဝိညာဏဓာတု၊ သောတ ဝိညာဏဓာတ်။ ဃာနဝိညာဏဓာတု ဃာနဝိညာဏဓာတ်။ ဇိဝှါဝိညာဏဓာတု၊ ဇိဝှါဝိညာဏဓာတ်။ ကာယဝိညာဏဓာတု၊ ကာယဝိညာဏ ဓာတ်။ မနောဓာတု၊ မနောဓာတ်။ မနော ဝိညာဏဓာတု၊ မနောဝိညာဏဓာတ်။ ဓမ္မဓာတု၊ ဓမ္မဓာတ်။ ဣတိ၊ ဤသို့။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးတို့တည်း။ ။

## ဓာတ်(၁၈)ပါး သရုပ်ခွဲပုံ၊

| | | | |
|---|---|---|---|
| ထိုဓာတ်တို့သည်.... | ၁။ | စက္ခုဓာတ် | ၁—ပါး၊ |
| | ၂။ | သောတဓာတ် | ၁—ပါး၊ |
| | ၃။ | ဃာနဓာတ် | ၁—ပါး၊ |
| | ၄။ | ဇိဝှါဓာတ် | ၁—ပါး၊ |
| | ၅။ | ကာယဓာတ် | ၁—ပါး၊ |
| | ၆။ | ရူပဓာတ် | ၁—ပါး၊ |
| | ၇။ | သဒ္ဒဓာတ် | ၁—ပါး၊ |
| | ၈။ | ဂန္ဓဓာတ် | ၁—ပါး၊ |
| | ၉။ | ရသဓာတ် | ၁—ပါး၊ |
| | ၁၀။ | ဖောဋ္ဌဗ္ဗဓာတ် | ၁—ပါး၊ |
| | ၁၁။ | စက္ခုဝိညာဏဓာတ် | ၁—ပါး၊ |
| | ၁၂။ | သောတဝိညာဏဓာတ် | ၁—ပါး၊ |
| | ၁၃။ | ဃာနဝိညာဏဓာတ် | ၁—ပါး၊ |
| | ၁၄။ | ဇိဝှါဝိညာဏဓာတ် | ၁—ပါး၊ |
| | ၁၅။ | ကာယဝိညာဏဓာတ် | ၁—ပါး၊ |
| | ၁၆။ | မနောဓာတ် | ၁—ပါး၊ |
| | ၁၇။ | မနောဝိညာဏဓာတ် | ၁—ပါး၊ |
| | ၁၈။ | ဓမ္မဓာတ် | ၁—ပါး၊ |

ဤသို့ ( ၁၈ ) ပါး ရှိကုန်၏။

## "ဓာတ် (၁၈) ပါး အရကောက်"

ထိုဓာတ်(၁၈)ပါးတို့တွင်—

၁။ စက္ခုပသာဒ, မျက်စိရုပ်ကို-စက္ခုဓာတ်ဟု ကောက်လေ၊ စက္ခုဓာတ်ဆိုသည်ဟု သိလေ မှတ်လေ။

၂။ သောတပသာဒ, နားကို-သောတဓာတ်ဟု ကောက်လေ၊ သောတဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၃။ ဃာနပသာဒ, နှာခေါင်းကို-ဃာနဟု ကောက်လေ၊ ဃာနဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၄။ ဇိဝှါပသာဒ, လျှာကို-ဇိဝှါဓာတ်ဟု ကောက်လေ၊ ဇိဝှါဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ၊

၅။ ကာယပသာဒ, ကိုယ်ကို-ကာယဓာတ်ဟု ကောက်လေ၊ ကာယဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၆။ ရူပါရုံ, အဆင်းကို-ရူပဓာတ်ဟု ကောက်လေ၊ ရူပဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၇။ သဒ္ဒါရုံ, အသံကို-သဒ္ဒဓာတ်ဟု ကောက်လေ၊ သဒ္ဒဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၈။ ဂန္ဓာရုံ, အနံ့ကို—ဂန္ဓာဓာတ်ဟု ကောက်လေ၊ ဂန္ဓဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၉။ ရသာရုံ, အရသာကို—ရသဓာတ်ဟု ကောက်လေ၊ ရသဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၁၀။ ဖောဋ္ဌဗ္ဗာရုံ, အတွေ့ကို—ဖောဋ္ဌဗ္ဗဓာတ်ဟု ကောက်လေ၊ ဖောဋ္ဌဗ္ဗဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၁၁။ စက္ခုဝိညာဏ်ဒွေ့, နာမ်ကို – စက္ခုဝိညာဏဓာတ် ဟု ကောက်လေ၊ စက္ခုဝိညာဏဓာတ် ဆိုသည်ဟု သိလေ မှတ်လေ။

၁၂။ သောတဝိညာဏ်ဒွေ့,နာမ်ကို-သောတဝိညာဏဓာတ်ဟု ကောက်လေ၊ သောတဝိညာဏဓာတ်ဆိုသည်ဟု သိလေ မှတ်လေ။

၁၃။ ဃာနဝိညာဏ်ဒွေ့နာမ်ကို-ဃာနဝိညာဏဓာတ်ဟုကောက် လေ ဃာနဝိညာဏဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၁၄။ ဇိဝှါဝိညာဏ်ဒွေ့, နာမ်ကို ဇိဝှါဝိညာဏဓာတ်ဟုကောက် လေ၊ ဇိဝှါဝိညာဏဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၁၅။ ကာယဝိညာဏ်ဒွေ့, နာမ်ကို ကာယဝိညာဏဓာတ် ဟု ကောက်လေ၊ ကာယဝိညာဏဓာတ် ဆိုသည်ဟု သိလေ မှတ်လေ။

၁၆။ ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆန်းဒွေ့, နာမ်ကို မနောဓာတ်ဟု ကောက်လေ၊ မနောဓာတ်ဆိုသည်ဟု သိလေမှတ်လေ။

၁၇။ ဒွေ့ပဉ္စဝိညာဏ် ၁၀, မနောဓာတ် ၃ ခုတို့မှ ကြွင်းသော စိတ် ၇၆-ခုကို မနောဝိညာဏဓာတ်ဟု ကောက်လေ၊ မနောဝိညာဏဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

၁၈။ စေတသိက်-၅၂-သုခုမရုပ်-၁၆-နိဗ္ဗာန်ကို ဓမ္မဓာတ်ဟု ကောက်လေ၊ ဓမ္မဓာတ်ဆိုသည်ဟု သိလေ-မှတ်လေ။

## ဆောင်ပုဒ်၊

၁။ စက်-သော-ဃာ-ဇိ၊ ကာကိုမှီ၊ အတည်မှတ်ကြ ဓာတ်ပဥ္စ။

၂။ ရူ-သဒ်-ဂန်-ရ၊ ဖောဋ္ဌဗ္ဗ၊ တလီမှတ်ကြ ဓာတ်ပဥ္စ။

၃။ စက်-သော-ဃာ-ဇိ၊ကာ-ထည့်မနော၊မနောဝိညာ ဓမ္မသာ။

ပေါင်းခါ—ဓာတ်ရ—ဋ္ဌာရသ။

မှတ်ချက်။ ။ ၁။ စက်ကို — စက္ခုဓာတ်ဟုမှတ်။
၂။ သော ကို — သောတဓာတ်ဟုမှတ်။
၃။ ဃာ ကို — ဃာနဓာတ်ဟုမှတ်။
၄။ ဇိ ကို — ဇိဝှါဓာတ်ဟုမှတ်။
၅။ ကာ ကို — ကာယဓာတ်ဟုမှတ်။
၆။ ရူ ကို — ရူပဓာတ်ဟုမှတ်။
၇။ သဒ် ကို — သဒ္ဒဓာတ်ဟုမှတ်။
၈။ ဂန် ကို — ဂန္ဓဓာတ်ဟုမှတ်။
၉။ ရ ကို — ရသဓာတ်ဟုမှတ်။
၁၀။ ဖော ကို — ဖောဋ္ဌဗ္ဗဓာတ်ဟုမှတ်။
၁၁။ စက် ကို — စက္ခုဝိညာဏဓာတ်ဟုမှတ်။
၁၂။ သော ကို — သောတဝိညာဏဓာတ်ဟုမှတ်။
၁၃။ ဃာ ကို — ဃာနဝိညာဏဓာတ်ဟုမှတ်။
၁၄။ ဇိ ကို — ဇိဝှါဝိညာဏဓာတ်ဟုမှတ်။
၁၅။ ကာ ကို — ကာယဝိညာဏဓာတ်ဟုမှတ်။
၁၆။ မနော ကို — မနောဓာတ်ဟုမှတ်။
၁၇။ မနောဝိညာကို — မနောဝိညာဏဓာတ်ဟုမှတ်။
၁၈။ ဓမ္မ ကို — ဓမ္မဓာတ်ဟုမှတ်။

## ရုပ်-နာမ်-မိဿက (၃)ပါး ခွဲပုံ၊

**ဓာတ်သည်**—ရုပ်ဓာတ်, နာမ်ဓာတ်, မိဿကဓာတ်ဟုသုံးမျိုး သုံးစား သုံးပါးရှိရာ—

ကိုတွင် — စက္ခုဓာတ်အစ ဖောဋ္ဌဗ္ဗအဆုံး(၁၀)ပါးကို **ရုပ်ဓာတ်** ဆိုသည်။
စက္ခုဝိညာဏဓာတ်အစ မနောဝိညာဏ ဓာတ်အဆုံး(၇)ပါးကို **နာမ်ဓာတ်** ဆိုသည်။
ရုပ်-နာမ်နှစ်ပါး ရောထားသော နောက်ဆုံး ဓမ္မဓာတ်(၁)ပါးကို **မိဿကဓာတ်** ဆိုသည်။

ရုပ်ဓာတ် (၁၀) ပါး၊ နာမ်ဓာတ် (၇)ပါး၊ မိဿကဓာတ် (၁)ပါး၊ ဤ(၁၈)ပါးပေါင်းလျှင် ဓာတ်(၁၈)ပါးဖြစ်သည်။

## ရုပ်, နာမ် ၂—ပါး ခွဲပုံ၊

**တနည်းဆိုသော်**—အဆိုပါ ဓာတ်(၁၈)ပါးတို့တွင် မိဿက ဓာတ်၌ သုခုမရုပ်(၁၆)ခုကို ရုပ်ခြင်းတူ၍ ရုပ်ဓာတ်(၁၀)ပါး နှင့် ပေါင်းသော်-ရုပ်ဓာတ်(၂၆)ပါး ဖြစ်၏။ စေတသိက်(၅၂) နိဗ္ဗာန်ကို နာမ်ခြင်းတူ၍ နာမ်ဓာတ် (၇)ပါးနှင့် ပေါင်းသော်-နာမ်ဓာတ်(၆၀)ဖြစ်၏။ ရုပ်ဓာတ်(၂၆)ပါးက-ရုပ်၊ နာမ်ဓာတ် (၆၀)က-နာမ်၊ သဘောတူရာပေါင်းလိုက်ပါလျှင် ဓာတ်(၁၈) ပါး ဆိုသော်လည်း ရုပ်-နာမ် နှစ်ပါးသာ ဖြစ်သည်။

## ဓာတ်ခေါ်ဆိုရပုံ၊

"**ကေနဋ္ဌေန ဓာတု**"အရ၊ အဘယ့်ကြောင့် ဓာတ်ခေါ်ပါ သနည်းဟု မေးခဲ့သော်-"**အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု**"

အရ၊ မိမိသဘောကိုဆောင်တတ်သောကြောင့် ဓာတ်ခေါ်သည်ဟုဖြေဆိုလေ။ ဓာတု-ဆိုတာက ပါဠိဘာသာဖြစ်သည်၊ မြန်မာလိုကတော့ မိမိသဘောကို မိမိဆောင်နေသောကြောင့်-ဓာတ်ဆိုရသည်ဟု ဆိုလိုသည်။

**(ဆောင်ပုဒ်)** ပထဝီဓာတ်၏ မာသောသဘော, နူးညံ့သောသဘော။ အာပေါဓာတ်၏ ဖွဲ့စည်းယိုစီးသောသဘော။ တေဇောဓာတ်၏ ပူသောသဘော, အေးသောသဘော။ ဝါယောဓာတ်၏ ထောက်ကန် လှုပ်ရှားသောသဘော။ ဤသဘောလေးမျိုးတို့သည် အတွင်းအခံဓာတ်ဖြစ်သော စက္ခုဓာတ်စသည်တို့၌ အပြင်အတိုက်ဓာတ်ဖြစ်သော ရူပါရုံစသည်တို့နှင့် တိုက်ဆိုင်မိကြသောအခါတို့၌ စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရဟူသော အကြောင်းလေးပါးတို့၏ ပေါင်းဆုံညီညွတ်မှုကိုစွဲ၍ စက္ခုဝိညာဏဓာတ် စသော ဝိညာဏဓာတ် (၇) ပါး တို့သည် ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတို့၌ ခက်မာမှုစသော သူ့သဘောကို သူဆောင်မှု (၁၈)ခုကိုပင် ဓာတ်(၁၈)ပါးဟု ခေါ်ဆိုရလေသည်ဟု သိလေ-မှတ်လေ။

**မှတ်ချက်**—ဓမ္မာယတန ဓမ္မဓာတ်တို့၌ အကျုံးဝင်သော(နိဗ္ဗာန်) နာမ်ကိုကား သူ့အရာမဟုတ်၊ ဤ၌ ချွင်းချန်၍ ယူရမည်ဟု သိလေ-မှတ်လေ။

## ဝေါကာရသုံးစုံ-အကုန်လုံးခွဲ၊

၁။ (ဧကဝေါကာရ) အနည်းငယ် ထင်ရှားစေဦးအံ့--၊ လေးကျွန်းတမြင့်မိုရ်, ၃၁-ဘုံ တခုသော စကြာဝဠာခေါ်သော ဤပြကာသလောကကြီး၌ ဧကဝေါကာရ ခေါ်သော အသညသတ်ဘုံ၌ ဖြစ်ခိုက်ဖြစ်နေ သက်ဆိုင်ရာ ရုပ်ဓာတ်ကိုသာ ဘုံသို့ လိုက်၍ ပညတ်အားဖြင့် (အသညသတ်ဗြဟ္မာ) ဟု ခေါ်ဆိုရ သည်။ ထိုသို့ခေါ်ဆိုသော်လည်း အဟုတ်မရှိ, အမှန်မရှိ,ပညတ် မျှဟုသိ။ အဟုတ်ရှိ, အမှန်ရှိမှာ-ရုပ်ဓာတ်သာ။ ထိုရုပ်ဓာတ်ကို ပရမတ်ဟုသိ။ အသညသတ်ဘုံ၌ဖြစ်ခိုက် ရုပ်ဓာတ်ကို နှုတ်ပယ် ထားပါလျှင် အသညသတ်ဗြဟ္မာဆိုသည်မှာ လုံးဝမရှိတော့ပါ။ ဘုံအခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိနေပါတော့သည်၊ ထို့ကြောင့် ရုပ်ဓာတ်ကိုသာ ပညတ်အားဖြင့် (အသညသတ် ဗြဟ္မာ)ခေါ်ဆိုရသည်ဟု သိလေ-မှတ်လေ။

၂။ (စတုဝေါကာရ) စတုဝေါကာရ ခေါ်သော အရူပ လေးဘုံ၌ ဖြစ်ခိုက်ဖြစ်နေ သက်ဆိုင်ရာ နာမ်ဓာတ်ကိုသာ ဘုံသို့ လိုက်၍ ပညတ်အားဖြင့် (အရူပဗြဟ္မာ) ဟု ခေါ်ဆိုရသည်။ ထိုသို့ ခေါ်ဆိုရသော်လည်း အဟုတ်မရှိ, အမှန်မရှိ, ပညတ်မျှဟု သိ။ အဟုတ်ရှိ, အမှန်ရှိမှာ နာမ်ဓာတ်သာ။ ထို နာမ်ဓာတ်ကို ပရမတ်ဟုသိ။ အသညသတ်ဘုံ၌ ဖြစ်ခိုက် နာမ်ဓာတ်ကိုနှုတ်ပယ် ထားပါလျှင် ( အရူပဗြဟ္မာ ) ဆိုသည်မှာ- လုံးဝ မရှိတော့ပါ၊ ဘုံအခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိနေပါတော့သည်၊ ထို့ကြောင့်-နာမ်ဓာတ်ကိုသာ ပညတ်အားဖြင့် (အရူပဗြဟ္မာ) ခေါ်ဆိုရသည်ဟု သိလေ-မှတ်လေ။

၃။ (ပဋ္ဌဝေါကာရ) ပဋ္ဌဝေါကာရ ခေါ်သော ကျန် ၂၆-ဘုံတို့၌ ဖြစ်ခိုက်ဖြစ်နေ သက်ဆိုင်ရာ ရုပ်ခေတ်, နာမ်ခေတ်တို့ကိုသာ ဘုံသို့လိုက်၍ ပညတ်အားဖြင့် အပါယ်ကောင်, လူကောင်,နတ်ကောင်ငြဟ္မာကောင်စသည်ဖြင့်ခေါ်ဆိုရလေသည်။ ထိုသို့ခေါ်ဆိုသော်လည်း အဟုတ်မရှိ,အမှန်မရှိ ပညတ်မျှဟုသိ။ အဟုတ်ရှိ အမှန်ရှိသည်ကား ရုပ်ခေတ်, နာမ်ခေတ်သာ။ ထိုရုပ်ခေတ်,နာမ်ခေတ်ကို ပရမတ်ဟုသိ။ပဋ္ဌဝေါကာရဘုံ၌ဖြစ်ခိုက်ရုပ်နာမ်ကို နုတ်ချန်ထားပါလျှင် အပါယ်ကောင်, လူကောင်, နတ်ကောင်, ပြဟ္မာကောင် စသည်ဖြင့် ခေါ်ဆိုစရာ လုံးဝမရှိတော့ပါ။ ဘုံအခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိနေပါတော့သည်။ ထို့ကြောင့် ရုပ်ခေတ်, နာမ်ခေတ်ကိုသာ ပညတ်အားဖြင့် အပါယ်ကောင် စသည် ခေါ်ဆိုရသည်ဟု သိလေမှတ်လေ။

## မိစ္ဆာ နှင့် သမ္မာ (အမှား နှင့် အမှန်)

ဤလိုဤပုံ—ဝေါကာရသုံးစုံနှင့် ခြုံလိုက်ပါလျှင် ၃၁-ဘုံလုံး ငုံမိ အုပ်မိ ချုပ်မိ၍ သွားပါသဖြင့် အဆိုပါ ၃၁-ဘုံတို့မှာ ကံအားလျော်စွာ ဖြစ်ပျက် ကျင်လည်၍နေကြတဲ့ခါ၊ အဆိုပါ ခန္ဓာ,အာယတန,ခေတ် ပရမတ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းသာ အစစ်အမှန်ဖြစ်နေပါ၍ ၃၁-ဘုံတို့မှာ လူ, နတ်, ငြဟ္မာ,ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ ပညတ်ပေါ်တွင် အသိဉာဏ်သောင်တင် အသိဉာဏ်အားကုန် အသိဉာဏ်ဆုံးတုံး၍မနေစေဘဲ လူ,နတ်,ပြဟ္မာ ပုဂ္ဂိုလ်,သတ္တဝါဆိုတဲ့ ပညတ်မြင် ပညတ်သိ မိစ္ဆာဒိဋ္ဌိ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အမှားသိ အမှားမြင် အမှားယူ အသိမှား အမြင်

များ အယူများတို့ကို လှန်မြှောက်ကျော်ဖေါက် အဆိုပါ-ခန်၊ အာ၊ ခေတ်ဆိုတဲ့ ပရမတ်ပေါက်၊ ထို ခန်၊ အာ၊ ခေတ် တို့သည်လည်း အကြောင်းအားလျော်စွာ ဖြစ်ပေါ် လာကြပြီးလျှင် ဥပါဒ်-ဌီ-ဘင်မျှ လျှင်စွာ လျှင်စွာ ဖြစ်၍ လျှင်စွာ လျှင်စွာ ပျက်တတ်သောကြောင့် မမြဲ၊ ဆင်းရဲ၊ အစိုးမရ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော ရုပ်နာမ်ကား(ဒုက္ခသစ္စာ)၊ ထို ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုဖြစ်စေတတ်သော ရှေးဘဝ၌ ဖြစ်သော တဏှာလောဘကား(သမုဒယသစ္စာ)၊ တဏှာပယ်သော မဂ်အကျင့်ကြောင့် ထို ဒုက္ခ၊ သမုဒယသစ္စာ နှစ်ပါးတို့၏ တဘန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား (နိရောဓသစ္စာ)၊ တဏှာပယ်သော မဂ်အကျင့်ကား (မဂ္ဂသစ္စာ)ဟု သစ္စာကိုက်အောင်၊ ၀ါ-သစ္စာ သိတဲ့ သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်အောင် သိရှိကြပါလေ ဟူလို့။ ။

ဤတွင် ခေတ်ပိုင်းကို ရပ်ဆိုင်းလိုက်ပါသည်။

*******

# " ခန္ဓာ-အာယတန-ဓာတ် "

## ခန်-အာ-ဓာတ် သုံးရပ် ဟောရပုံ၊

ဘုန်းတော်ကြီးလှသော ဗုဒ္ဓမြတ်စွာစိန္တေယျာသည် ဝေနေယျ ကြာ သတ္တဝါတို့ကို မွေးသေ မလွတ်နိုင်သေးတဲ့ သြဃလေးဖြာ သံသရာမှ ကျွတ်လွတ်ထွက်မြောက် မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို မြန်မြန် ဆောဆော ရစေ ရောက်စေခြင်းငှါ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူတဲ့ခါ၊ ခန္ဓာနှင့်သင့်လျော်တဲ့ သတ္တဝါကို၊ ခန္ဓာ, အာယတနနှင့် သင့်လျော်တဲ့ သတ္တဝါကို၊ အာယတန, ဓာတ်နှင့် သင့်လျော်တဲ့ သတ္တဝါကို ဓာတ်အားဖြင့် သာ ဟောချတ်တော်မူမြဲထုံးစံရှိတော်မူခဲ့ရာ—

၁။ နာမ်ဥ္စတွေဝေ၊ နာမ်အကြောင်းကို ကောင်းကောင်း မသိ မရိပ်စားမိသော သတ္တဝါတို့အား ခန္ဓာငါးပါး အမြတ် တရားကို ဟောကြား၍ မဂ်ဖိုလ် နိဗ္ဗာန်သို့ ပို့ဆောင်တော်မူခဲ့ ပါသည်။

၂။ ရုပ်ဥ္စဖွေဒဝေ၊ ရုပ်အကြောင်းကို ကောင်းကောင်းမသိ မရိပ်စားမိသော သတ္တဝါတို့အား အာယတန ၁၂-ပါး အမြတ် တရားကို ဟောကြားတော်မူ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ပို့ဆောင်တော် မူခဲ့ပါသည်။

၃။ ဓာတ်ဥ္စတွေဝေ၊ ဓာတ်အကြောင်းကို ကောင်းကောင်း မသိ မရိပ်စားမိသော သတ္တဝါတို့အား ဓာတ် ၁၈-ပါး အမြတ် တရားတို့ကို ဟောကြားတော်မူ၍ မဂ်ဖိုလ် နိဗ္ဗာန်သို့ ပို့ဆောင် တော်မူခဲ့ပါသည်။

## ပုဂ္ဂိုလ် သုံးမျိုး၊

ကျွတ်ထိုက်သောပုဂ္ဂိုလ်သည်၊ ၁-နာမမုဋ္ဌပုဂ္ဂိုလ်၊ ၂-ရူပမုဋ္ဌပုဂ္ဂိုလ်၊ ၃-နာမရူပမုဋ္ဌပုဂ္ဂိုလ်ဟု သုံးမျိုး သုံးစား သုံးပါးရှိသည်။

ထိုတွင်၊ ၁-နာမမုဋ္ဌပုဂ္ဂိုလ်, နာမ်၌ တွေဝေသော ပုဂ္ဂိုလ်ဆိုသည်မှာ—နာမ်ကို နာမ်မှန်းမသိ။ နာမ်ကိုပင် ပုဂ္ဂိုလ်,သတ္တဝါဟု အယူမှားရှိနေသော၊ ဝါ-ဝေဒက,အတ္တ,အယူမှားရှိသောသူပေတည်း။ ထိုသူအား နာမ်၌တွေဝေသောကြောင့် ရူပက္ခန္ဓာဟု ရုပ်ကိုတပုံမျှသာခွဲပြ၍၊ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟု နာမ်ကို ခပ်များများ လေးပုံလောက်ခွဲပြ၍ ခန္ဓာငါးပါးတရားကို ဟောကြားတော်မူပါသည်။

၂။ ရူပမုဋ္ဌ....ရုပ်၌တွေဝေသော ပုဂ္ဂိုလ်ဆိုသည်မှာ-ရုပ်ကို ရုပ်မှန်း မသိ။ ရုပ်ကိုပင်ပုဂ္ဂိုလ်,သတ္တဝါဟုအယူမှားရှိနေသော၊ ဝါ-ကာရကအတ္တ အယူမှားရှိသောသူပေတည်း။ ထိုသူအားရုပ်၌ တွေဝေသောကြောင့် စက္ခာယတနအစ, ဖောဋ္ဌဗ္ဗာယတနအဆုံး ရုပ်ကို ၁၀-ပုံလောက်ခွဲပြ၍ မနာယတနဟု နာမ်ကို ၁-ပုံလောက်သာ ခွဲပြ၍ အာယတန ၁၂-ပါးကို ဟောကြားတော်မူပါသည်။

၃။ **နာမရူပမုဋ္ဌ**....နာမ် ရုပ် နှစ်ပါးလုံးတို့၌ တွေဝေသော ပုဂ္ဂိုလ်ဆိုသည်မှာ-နာမ်ရုပ်ကိုပင် နာမ်ရုပ်မှန်း မသိ။ နာမ်ရုပ်ကိုပင် ပုဂ္ဂိုလ်,သတ္တဝါဟု အယူမှားရှိနေသော၊ ဝါ-ဝေဒကအတ္တ, ကာရကအတ္တ အယူမှားရှိနေသောသူပေတည်း။ ထိုသူအား နာမ်ရုပ် နှစ်ပါးတို့၌ပင် တွေဝေနေသောကြောင့် စက္ခု

**ဓာတ်**အစ,ဖောဋ္ဌဗ္ဗဓာတ်အဆုံး ရုပ်ဓာတ်ကိုလည်း ခပ်များများ ၁၀-ပုံလောက်ခွဲပြ၍ စက္ခုဝိညာဏဓာတ် အစ, မနောဝိညာဏ ဓာတ် အဆုံး နာမ်ဓာတ်ကိုလည်း ခပ်များများ ၇-ပါးခွဲပြ၍ ဓာတ် ၁၈-ပါးကို ဟောကြားတော်မူပါသည်။

**တနည်း—ပုဂ္ဂိုလ်သုံးမျိုး**

၁။ တိက္ခပုဂ္ဂိုလ် (ဉာဏ်ထက်သူ)

၂။ နာတိတိက္ခပုဂ္ဂိုလ် (ဉာဏ်အလတ်ဖြစ်သူ)

၃။ မုဒိန္ဒြိယပုဂ္ဂိုလ် (ဉာဏ်နုသူ)ဟု သုံးမျိုးရှိသည်။

**ထိုတွင်၊** ၁-တိက္ခပုဂ္ဂိုလ်အား-**ခန္ဓာကို၊** ၂-နာတိတိက္ခပုဂ္ဂိုလ် **အား-အာယတန** ကို၊ ၃-မုဒိန္ဒြိယပုဂ္ဂိုလ်**အား-ဓာတ်** ကို ဟော တော်မူပါသည်။

**တနည်း—ပုဂ္ဂိုလ်သုံးမျိုး၊**

၁။ သံခိတ္တရုစိပုဂ္ဂိုလ် (အကျဉ်းကြိုက်သူ)

၂။ မဇ္ဈိမရုစိပုဂ္ဂိုလ် (မကျဉ်းမကျယ် အလယ် အလတ် ကြိုက်သူ )

၃။ ဝိတ္ထာရရုစိပုဂ္ဂိုလ် ( အကျယ်ကြိုက်သူ ) ဟု သုံးမျိုးရှိသည်။

**ထိုတွင်၊** ၁-သံခိတ္တရုစိ ပုဂ္ဂိုလ်အား-**ခန္ဓာ** ကို၊ ၂-မဇ္ဈိမရုစိ ပုဂ္ဂိုလ်အား-**အာယတန** ကို၊ ၃-ဝိတ္ထာရရုစိပုဂ္ဂိုလ်အား-**ဓာတ်**ကို ဟောတော်မူပါသည်။

**မှတ်ချက်။** အဆိုပါပုဂ္ဂိုလ်တို့၏ အမျိုးအစား, အလိုအကြိုက်, စရိုက်ကိုကား၊ ဝါ-အနု,အလတ်,အရင့် ပုဂ္ဂိုလ်တို့၏ အလိုသဘောကို သိရှိနိုင်ဘို့ရာကား–“ဗုဒ္ဓါနမေဝ ဝိသယော၊ နအညေသံ”နှင့် အညီ ဘုရားရှင်တို့၏ အရာသာဖြစ်သည်၊လူသာမာန်တို့၏အရာမဟုတ်ပေ။

---

**ဆောင်ပုဒ်များ–** ၁။ နာမ်၌မုဠှ၊ ခန္ဓဒေသနာ
ရုပ်၌မုဠှ၊ အာယတနမှတ်ပါ။
နာမ်ရုပ်မုဠှ၊ ဓာတုဒေသနာ
ဤသုံးဝ၊ ဟောရ ခန်,အာ,ဓာ။ ။

၂။ တိက္ခနာတိ၊ မုဒိန္ဒြိယာ
သံ-စိ, မုစိ၊ ဝိ-ရုစိသာ
ယူလေစဉ်ကျ၊ ယထာက္ကမာ
ခန်,အာ,ဓာတ် ဟောအပ် အထဝါ။ ။

**ခန္ဓာ,အာယတန,ဓာတ်ကိုသာ-သံသရာဟု ခေါ်ဆိုရပုံ၊**

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနံ၊ သံသာရောတိ ပဝုစ္စတိ။ ။

(ထိုထိုအဋ္ဌကထာကျမ်းတို့၌ပြဆိုသည်)

ခန္ဓာနဉ္စ၊ ဘုံသုံးပါးတို့၌ ကံအားလျော်စွာ ဖြစ်ပျက်၍ နေကြသော အဆိုပါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၎င်း။ ဓာတုအာယတနာနဉ္စ၊ ဘုံသုံးပါးတို့၌ ကံအားလျော်စွာ ဖြစ်ပျက်၍နေကြသော အဆိုပါ ဓာတ် ၁၈-ပါး ရုပ်နာမ်တရား, အဆိုပါ အာယတန ၁၂-ပါး ရုပ် နာမ် တရားတို့၏၎င်း။ အဗ္ဗောစ္ဆိန္နံ၊ မဂ်နှင့်မဖြတ်သမျှကာလပတ်လုံး မပြတ်မလတ်။ ဝတ္တမာနံ၊ ဖြစ်ပျက်၍နေသော။ ပဋိပါဋိ၊ ရုပ် နာမ် ခန္ဓာတို့၏ ဥပါဒ်-ဌီ-ဘင် အစဉ်အတိုင်းကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ ဆိုရသည်။

**မှတ်ချက်**။ ဤနေရာ၌ လောကုတ္တရာဖြစ်သော မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ်တို့၌ပါသော နာမက္ခန္ဓာလေးပါးကို ခန္ဓာ မဆို။ မဂ်စိတ် လေးခု, ဖိုလ်စိတ်လေးခု, နိဗ္ဗာန် တခု, ဤကိုးတန်သော လောကုတ္တရာကို အာယတန-ဓာတ်ဟု မဆိုအပ် မဆိုရဟု ပိုင်းခြား၍ သိလေ-မှတ်လေ။

အဘယ့်ကြောင့်ဆိုသော်-ဤလောကုတ္တရာ ကိုးပါးသည် သံသရာလည်ကြောင်း မဟုတ်၊ သံသရာ ပြတ်ကြောင်းသာ ဖြစ်သောကြောင့်ပေတည်း။ ဤ လောကီ ခန္ဓာ, အာယတန, ဓာတ်တို့ကိုသာ သံသရာဟုဆိုရသည်။ ခန္ဓာ, အာယတန, ဓာတ်မှတပါး သံသရာမရှိ၊ သံသရာမှ တပါး တခြားလည်း ခန္ဓာ, အာယတန, ဓာတ်မရှိဟု သိလေ-မှတ်လေ။

---

## ထင်ရှားမရှိနှင့် ထင်ရှားရှိ၊

အချုပ်အားဖြင့်ဆိုရလျှင် ဘုံသုံးပါးတို့၌ ကံအားလျော်စွာ ဖြစ်ပျက်ကြသော ခန္ဓာ, အာယတန, ဓာတ်တို့ကိုသာ၊ ပညတ်အားဖြင့် ပုဂ္ဂိုလ်-သတ္တဝါစသည်ဖြင့် အသီးအသီး နာမည်တပ်၍ ခေါ်ဝေါ်ပြောဆိုကြရလေသည်။ ပုဂ္ဂိုလ်သတ္တဝါကား ပရမတ္ထအားဖြင့် ထင်ရှားမရှိ။ ခန္ဓာ,အာယတန,ဓာတ်တို့ကား-ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟု သိလေ-မှတ်လေ။

## ဘုံအခေါင်း-ဟောင်းလောင်း၊

တနည်းဆိုရသော်-ဘုံသုံးပါးတို့၌ ခန္ဓာ, အာယတန, ဓာတ်သုံးရပ်တို့ကို နှုတ်ပယ်သားလိုက်သည်ရှိသော်-ဘုံနေသတ္တဝါဟူ၍ လုံးဝ မရှိနိုင်တော့ပြီ၊ ဘုံအခေါင်း ဟောင်းလောင်းကြီးသာ ကျန်ရှိနေတော့မည်။အဘယ့်ကြောင့်ဆိုသော်-ခန္ဓာ,အာယတန ဓာတ်မှတပါး တခြားတပါး လူ-နတ်-ဗြဟ္မာ-ပုဂ္ဂိုလ်-သတ္တဝါဟူ၍ လုံးဝမရှိသောကြောင့်ပေတည်း။

## စိတ်-စေတသိက်-ရုပ်၊

၍ ခန္ဓာ,အာယတန,ဓာတ်သည်လည်း အဆီကိုညှစ်၍ အနှစ်ကိုထုတ်ယူသကဲ့သို့ သဘောတူရာ အချုပ်ကို နှုတ်ယူပါလျှင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထတရား လေးပါးတို့တွင် နိဗ္ဗာန်ကိုချွင်းချန်၍ ကြွင်းကျန်သော စိတ်,စေတသိက်, သော ပရမတ္ထတရား သုံးပါးသာဖြစ်လေသည်။ ထိုသုံးပါး

ကို အကျဉ်းချုံးပြန်လျှင် ဘော်ပြခဲ့ပြီးတိုင်း ရုပ်နာမ်နှစ်ပါးသာ ဖြစ်လေသည်။ ၎င်းရုပ်နာမ်နှစ်ပါးကို ငါးပုံခွဲလျှင်-ခန္ဓာငါးပါး၊ ဆယ့်နှစ်ပုံခွဲလျှင်-အာယတန ၁၂-ပါး၊ ဆယ့်ရှစ်ပုံ ခွဲလျှင်-ဓာတ် ၁၈-ပါး ဖြစ်ပြန်သည်ဟု သိလေ-မှတ်လေ။

## သံသရာ ခေါ်ဆိုရပုံ၊

**အဆိုပါ** ခန္ဓာ, အာယတန, ဓာတ်တို့သည်သာဘုံသုံးပါးတို့မှာ ကံအားလျော်စွာ တခုတခုသောဘဝ၌ ပဋိသန္ဓေအစ, စုတိအဆုံး တဖန်-ပဋိသန္ဓေအစ, စုတိအဆုံး၊ တဖန်-ပဋိသန္ဓေအစ, စုတိအဆုံး မဆုံးနိုင် မပြီးနိုင် လက်စ မသတ်နိုင်။ ကရွတ်ကင်းရှောက် တတောက်ပတ်ပတ် ချားရဟတ်ပမာ ထပ်ကာထပ်ကာ စပ်ကာ စပ်ကာ မပြတ်မစဲ ထပ်တလဲလဲ ဘဝတိုင်း ဘဝတိုင်း, ကမ္ဘာတိုင်း ကမ္ဘာတိုင်း တဏှာပယ်သော မဂ်အကျင့်ကိုမကျင့်၍ နိဗ္ဗာန် မရသေးသမျှကို ခန္ဓာ, အာယတန, ဓာတ်တို့သာ အမြဲတစေ ဖြစ်ပျက်၍နေသောကြောင့် "ပုနပ္ပုနံ သံသာရေန္တိတိ သံသရာ" နှင့်အညီ၊ သံသရာဆိုသည်ဟု သိလေ မှတ်လေ။

## ခန်, အာ, ဓာတ်, သုံးရပ်၊

**အဆိုပါ** စိတ်, စေတသိက်, ရုပ်ဟူသော ပရမတ္ထတရားသုံးပါး တို့သည် ခန္ဓာလည်းမည် အာယတနလည်းမည် ဓာတ်လည်း မည်ကုန်၏။ သို့ရာတွင် "ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟ နိဿဋံ"နှင့်အညီ၊ အတိတ်, အနာဂတ် စသော အပြား၏ မရှိ ခြင်းကြောင့် နိဗ္ဗာန်ကို ခန္ဓာ မဆိုအပ်။ အလွတ်ထားပါလေ။

ဘုံသုံးပါးတို့၌ ကံအားလျော်စွာ ဖြစ်ကြသော သက်ဆိုင်ရာ ခန္ဓာ,အာယတန,ဓာတ်တို့ကိုပင် ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ဗြဟ္မာ သူ-ငါ-ယောကျ်ား-မိန်းမ စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုကြလေ သည်။ပုဂ္ဂိုလ်,သတ္တဝါစသည်ကား ထင်ရှားမရှိ၊ **ပညတ်**မျှဟုသိ၊ ခန္ဓာ,အာယတန,ဓာတ်တို့ကား ထင်ရှားရှိ၊ **ပရမတ်** ဟုသိ။

## ကျောင်း—နန်းတော် ဥပမာ၊

ဥပမာဆိုသော်—သစ်သား, ဝါး, သက်ကယ် စသည်တို့ဖြင့် စုပေါင်း၍ ဆောက်လုပ်ထားသော အဆောက်အဦး တခုခုကို ဝါ-အိမ်ပုံစံ,ကျောင်းပုံစံ,နန်းတော်ပုံစံတခုခုကို လူနေလျှင်-အိမ်၊ ဘုန်းကြီးနေလျှင်-ကျောင်း၊ ရှင်ဘုရင်မင်းများ နေလျှင်-နန်း တော်ဟု သမုတ်ထားရာ, ဤဥပမာ၌ အိမ်, ကျောင်း,နန်းတော် ကား-အဟုတ်မရှိ ပညတ်မျှဟုသိ။သစ်သား,ဝါး,သက်ကယ်ကား အဟုတ်ရှိ ပရမတ်ဟုသိ။ အကြောင်းသော်ကား-သစ်သား,ဝါး သက်ကယ်မှတပါး အိမ်ဟူ၍ ကျောင်းဟူ၍ နန်းတော်ဟူ၍ ခေါ်ဆိုစရာ လုံးဝမရှိသောကြောင့်ပေတည်း။ ဤ ဥပမာအတူ ဘုံသုံးပါးတို့၌ ပုဂ္ဂိုလ် သတ္တဝါစသော ပညတ်ကား အဟုတ်မရှိ။ စိတ် စေတသိက် ရုပ်ခေါ်သော ခန္ဓာ, အာယတန, ဓာတ်ကား အဟုတ်ရှိ။ အကြောင်းသော်ကား-ခန္ဓာ,အာယတန,ဓာတ်တို့မှ အခြားတပါး ပုဂ္ဂိုလ်ဟူ၍ သတ္တဝါ ဟူ၍ ခေါ်ဆိုစရာ လုံးဝ မရှိသောကြောင့်ပေတည်း။ ။

**တနည်းဆိုသော်**—"ကဋ္ဌဉ္စ ဝလ္လိဉ္စ မတ္တိကဉ္စ တိဏဉ္စ ပဋိစ္စ အာကာသော ပရိဝါရိတော အဂါရန္တွေဝ သင်္ချံ ဂစ္ဆတိ"ဟု ကျမ်းဂန်တို့၌ လာရှိသည်နှင့်အညီ၊ သစ်သား, နွယ်, မြေညက်, မြက်ကိုအကြောင်းပြု၍ အိမ်, ကျောင်း, စရပ်ဟု ခေါ်ဝေါ်အပ်သကဲ့သို့၊ ထို့တူပမာ-အရိုး, အကြော, အသား, အရေတို့ကို အကြောင်းပြု၍ သူ့ကိုယ်, ငါ့ကိုယ်စသည်ဖြင့်ခေါ်ဝေါ်ခြင်းသို့ ရောက်သည်ဟူလို။

ဤ၌ သမုတ်အပ်သော သူ့ကိုယ် ငါ့ကိုယ် ဆိုသည်ကား လားလားမျှမရှိ။ ပုဂ္ဂိုလ်-သတ္တဝါ-လူ-နတ်-ဗြဟ္မာ ဆိုသည်မှာ ဝေးလေဘိစွ။ အဆိုပါ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်ကိုသာ ပညတ်အားဖြင့် ကိုယ် ဟု ခေါ်ဆိုရသည်ဟု ဆိုလိုပေသည်။

## အကြောင်း အကျိုး၊

**အ**ဆိုပါ ခန္ဓာ, အာယတန, ဓာတ် တို့သည်သည်း ဘုံသုံးပါး တို့၌ ဖြစ်ကြကုန်သည်ရှိသော် အကြောင်းမရှိဘဲ အကြောင်း ကင်း၍ အကြောင်းမဲ့ဖြစ်ကြသည်လည်းမဟုတ်။ ထာဝရဘုရား ဗြဟ္မာကြီးဘန်ဆင်း၍ဖြစ်သည်လည်း မဟုတ်။ အစစ်အမှန်ကေန် မှာ—တခုသောဘဝ, တယောက်သောအမိ၏ဝမ်းဝယ် ပဋိသန္ဓေ တည်နေတဲ့ခါ ခန္ဓာ, အာယတန, ဓာတ်မှန်းမသိတဲ့ အဝိဇ္ဇာ၊ မသိလို့တပ်မက်တဲ့-တဏှာ၊ တပ်မက်မှု အားကြီးလို့ စွဲလမ်းတဲ့ ဥပါဒါန်၊ ရှေးဘဝကပြုခဲ့သော-ကံ၊ ဤအဝိဇ္ဇာ-တဏှာ-ဥပါဒါန် ကံတို့ကား အကြောင်းတရား။ ဤ ခန္ဓာ, အာယဘန, ဓာတ် တို့ကား-အကျိုးတရား။ ဤလို ဤပုံ—သူ့အကြောင်း နှင့် သူ့ အကျိုးသာ၊ ကံအားလျော်စွာ ဖြစ်ကြ ပျက်ကြ လေသည်။

ဤအကြောင်းအကျိုးထဲမှာ ပုဂ္ဂိုလ် သတ္တဝါဟူက မြူမျှမပါ။ အဆိုပါအကြောင်းအကျိုးတို့၏ဖြစ်မှု-ပျက်မှု,ဖြစ်ခြင်းပျက်ခြင်း မျှသာဟု သိလေ-မှတ်လေ။

## အနိစ္စ—ဒုက္ခ—အနတ္တ၊

**အဆိုပါ** ခန္ဓာ,အာယတန,ဓာတ်တို့သည်လည်း မျက်တောင် တခပ်စာမျှ ခိုင်မြဲ-ချမ်းသာ-အစိုးရသော နိစ္စ,သုခ,အတ္တမျိုး များ လုံးဝမဟုတ်ကြပေ။ ပဋိသန္ဓေမှ စုတိသေနေ့သို့ကျအောင် ခန္ဓာ,အာယတန,ဓာတ်တို့မှန်က ဥပါဒ်-ဌီ-ဘင်မျှ လျှင်စွာ လျှင်စွာဖြစ်၍, လျှင်စွာလျှင်စွာပျက်လေသောကြောင့် မမြဲတဲ့- **အနိစ္စ**၊ ဖြစ်ခြင်းပျက်ခြင်းဖြင့် အလျှဉ်းမပြတ် နှိပ်စက်အပ်သော ကြောင့် ဆင်းရဲတဲ့-**ဒုက္ခ**၊ မဖြစ် မပျက် စေရန် မည်သူတစုံ တယောက်မျှ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့မပါစေနိုင် သောကြောင့် အစိုးမရတဲ့-**အနတ္တ** တို့သာ မုချကေန် အမှန် ဖြစ်ကြလေသည်။

## မဂ်ပေါက်-ဖိုလ်ဝင် နိဗ္ဗာန်မြင်၊

ဤလို ဤပုံ အဆိုပါ ခန္ဓာ,အာယတန,ဓာတ်တို့ကို ဘုရား စသော သူတော်ကောင်းတို့ထံမှာ ကြားနာမှတ်သား သင်ကြား လေ့လာသောအခါ ဘုံသုံးပါးတို့မှာ ပုဂ္ဂိုလ်သတ္တဝါဆိုသည်မှာ ပညတ်မျှသာ၊ အဟုတ်မရှိ အမှန်မရှိ ကေန်မရှိ မုချမရှိ။ အဟုတ် အမှန် ကေန်မုချရှိသည်ကား အဆိုပါ ခန္ဓာ,အာယတန,ဓာတ် တို့သာ။ ထိုခန္ဓာ,အာယတန,ဓာတ်တို့သည်လည်း ပဋိသန္ဓေအခါ အဝိဇ္ဇာ-တဏှာ-ကံ စသော အကြောင်း၊ ပဝတ္တိအခါ ကံ-စိတ်-

ဥတု-အာဟာရ ဟူသော အကြောင်းကြောင့်သာ ဖြစ်ကြပျက်ကြသည်။ ပုဂ္ဂိုလ် သတ္တဝါတို့၏ ဖြစ်မှု ပျက်မှု, ဖြစ်ခြင်း ပျက်ခြင်း မဟုတ်။ အကျဉ်းအားဖြင့် နာမ် ရုပ် ၂-ပါး၊ စိတ်,စေတသိက်, ရုပ် ၃-ပါး၊ အပြားအားဖြင့် ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ပရမတ္ထတရား အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာရေး သုံးပါး၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာမျှသာဖြစ်သည်ဟု ဟုတ်တဲ့အတိုင်း မှန်တဲ့ အတိုင်း သိစွမ်းနိုင်သော ယထာဘူတဉာဏ် ခေါ်သော နိဗ္ဗာန်လမ်းပြ **ကရဏ ဝိပဿနာ** ဉာဏ်ကို လက်ကိုင်ရ၍၊ ၎င်း ဝိပဿနာဉာဏ်ကို ရင့်သန် ထက်မာလာအောင် မီးပွတ်သောယောကျ်ား ကဲ့အလားသို့ ပွားများအားထုတ်သည်ရှိသော်၊ အဆိုပါ ရုပ်နာမ်ခန္ဓာတို့၏ အပေါ်၌ မုန်းတီးငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ် ခေါ်သော ထက်မျက် စူးရှလှသော **တိက္ခ ဝိပဿနာဉာဏ်** ဖြစ်ပေါ်ကာ ၎င်း ရုပ်နာမ် ခန္ဓာတို့၌ တပ်မက်ခြင်း ကင်းသွားသော ဝိရာဂ ခေါ်သော **မဂ်စိတ်**၊ တပ်မက်မှုမှ လွတ်မြောက်သွားသော ဝိမုတ္တိခေါ်သော-**ဖိုလ်စိတ်** များ ဖြစ်ပေါ်ကာ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်၍ ရှေးဦးစွာ အပါယ်လွတ်တဲ့တရား၊သောတာပတ္တိမဂ်ဖိုလ်ကိုလက်ကိုင်ရ၍ နောက်ဆုံးမွေးသေလွတ်တဲ့တရား၊ အရဟတ္တ မဂ်ဖိုလ်ကိုရကြ၍ ဖြစ်ပျက်မွေးသေခေါ်သော ခန္ဓာ,အာယတန,ဓာတ်၊ သံသရာမှ ကျွတ်လွတ် ထွက်မြောက် မွေးသေ လွတ်သော နိဗ္ဗာန်သို့ ရောက်၍ နိဗ္ဗာန်ယူသိမ်းပြီး အငြိမ်းကြီး ငြိမ်းကြသည်မှာ သက်တော်ထင်ရှား ဘုရားလက်ထက်ကရော ခုရော နောင်ရော မရေမတွက်နိုင်အောင် များလှလေပြီဟု အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကို ယူနိုင်ကြပါစေ သူတော်ကောင်းတို့။

## မူလအရင်းခံ—ရုပ် နှင့် နာမ်၊

အောက်တန်းစားကျလှသော အန္ဓပုထုဇဉ်အဖြစ်မျိုး အဖြစ်ဆိုးကြီးမှ ကျွတ်လွတ်ထွက်မြောက်၍ အတော်အသင့်မြင့်မြတ်၍ လူ့အထက်တန်းစားဖြစ်သော ကလျာဏပုထုဇဉ်အဖြစ်သို့ တက်ရောက်နိုင်စေရေးအတွက် ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတို့ကို လေ့လာ သင်ကြား ဆွေးနွေး မေးမြန်းကြလေပါ။

အဆိုပါ ခန္ဓာ,အာယတန,ဓာတ်ဆိုသည်မှာ မူလအရင်းခံဖြစ်သော ရုပ်နာမ်နှစ်ပါးကို အကျဉ်းစား,အလတ်စား,အကျယ်စားဟု သုံးမျိုး ထား၍ ဝေနေယျဇ္ဈာသယအားဖြင့်၊ ဝါ၊ ဝေနေယျကြာ သတ္တဝါတို့၏ အလိုအကြိုက် စရိုက်အားဖြင့် ဟောကြားတော်မူခြင်းဖြစ်လေသည်။

## ရုပ်နာမ်နှစ်ပါးကို ၅-ပုံခွဲပုံ၊

ရုပ်နာမ်နှစ်ပါးတို့တွင်၊ ရုပ်ကို— ၁။ ရူပက္ခန္ဓာဟု (၁)ပုံ။
နာမ်ကို- ၁။ ဝေဒနာက္ခန္ဓာ
၂။ သညာက္ခန္ဓာ
၃။ သင်္ခါရက္ခန္ဓာ
၄။ ဝိညာဏက္ခန္ဓာ-ဟု (၄)ပုံ။

ဤလိုဤပုံ ရုပ်နာမ်နှစ်ပါးတို့ကို ငါးပုံခွဲ၍ဟောထားသည်ကို ခန္ဓာငါးပါး ဟု ဆိုရလေသည်။ ရူပက္ခန္ဓာမှာ ရုပ် ဖြစ်၍ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့မှာ နာမ်ဖြစ်၍ သဘောတူရာပေါင်းပါလျှင် ခန္ဓာငါးပါး ဆိုသော်လည်း၊ ရုပ်နာမ် နှစ်ပါးသာဖြစ်လေသည်ဟု သိလေ-မှတ်လေ။

## ရုပ်နာမ်နှစ်ပါးကို ၁၂-ပုံ ခွဲပုံ၊

ရုပ်နာမ်နှစ်ပါးတို့တွင်—

ရုပ်ကို စက္ခာယတနအစ, ဖောဋ္ဌဗ္ဗာယတနအဆုံး(၁၀)ပုံ။
နာမ်ကို မနာယတန ( ၁ )ပုံ။

ဓမ္မာယတနခေါ်သော မိဿကကို စေတသိက်-၅၂,သုခုမရုပ် ၁၆-နိဗ္ဗာန်ကို (၁)ပုံ။

ဤလိုဤပုံ ရုပ်နာမ်နှစ်ပါးတို့ကို (၁၂) ပုံခွဲ၍ ဟောထားသည်ကို အာယတန ၁၂-ပါးဟု ဆိုရလေသည်။ ထိုသို့ဆိုသော်လည်း သဘောတူရာပေါင်းပါလျှင် ရုပ်နာမ် နှစ်ပါးသာဖြစ်လေသည်ဟု သိလေ-မှတ်လေ။

## ရုပ်နာမ်နှစ်ပါးကို ၁၈-ပုံ ခွဲပုံ၊

ရုပ်နာမ်နှစ်ပါးတို့တွင်—

ရုပ်ကို — စက္ခုဓာတ်အစ,ဖောဋ္ဌဗ္ဗဓာတ်အဆုံး(၁၀)ပုံ။

နာမ်ကို—စက္ခုဝိညာဏဓာတ်အစ, မနောဝိညာဏဓာတ်
အဆုံး (၇)ပုံ။

ဓမ္မဓာတ်ခေါ်သော မိဿကကို စေတသိက်-၅၂, သုခုမရုပ်
၁၆-နိဗ္ဗာန်ကို (၁)ပုံ။

ဤလို၌ပုံ ရုပ်နာမ်နှစ်ပါးတို့ကို (၁၈)ပုံခွဲ၍ **ဟောထား**
သည်ကို ဓာတ် ၁၈-ပါးဟု ဆိုရလေသည်။ ထိုသို့ဆိုသော်လည်း
သဘောတူရာ ပေါင်းပါလျှင် ဓာတ် **၁၈**-ပါး ဆိုသော်လည်း
**ရုပ်နာမ်** နှစ်ပါးသာဖြစ်သည်ဟု သိလေ-မှတ်လေ။

အသိမှန်—အမြင်မှန်၊

**မှတ်ချက်။** ဥပမာဆိုရသော် ဤခန္ဓာ,အာယတန,ဓာတ်သုံးရပ်
တို့ကို ၅-လုံး၊ ၁၂-လုံး၊ ၁၈-လုံးရှိသော **ငှက်ပျောဖီး**
**ဥပမာ**။ ၅-လုံး၊၁၂-လုံး၊၁၈-လုံးရှိသော **သရက်သီးခိုင်**
ဥပမာ အားဖြင့်လည်း တူကြောင်းကို သိမှတ်လေ**ဦး**။
ဤ၌ အသီးကိုနုတ်လျှင် အညှာ-အရိုင်သာ ကြွင်း**ကျန်**
တော့သကဲ့သို့၊ ထို့အတူပမာ ၁၃-ဘုံ တို့မှာ ခန္ဓာ,
အာယတန, ဓာတ်ကို နုတ်ပယ် ထားပါလျှင် ဘုံနေ
သတ္တဝါလုံးဝမရှိတော့ဘဲ ဘုံအခေါင်း ဟောင်းလောင်း
ကြီးသာ ကျန်ရှိနေပါတော့သည်။

**ထို့ကြောင့်** ၃၁-ဘုံတို့၌ ခန္ဓာ, **အာယတန**, ဓာတ်
တို့ကိုသာ ပညတ်အားဖြင့် ငရဲကောင်,တိရစ္ဆာန်ကောင်
ပြိတ္တာကောင်, အသူရကာယ်ကောင်, လူကောင်, နတ်

ကောင်, ဗြဟ္မာကောင် စသည်ဖြင့် ခေါ်ဆိုရလေသည်။ ထိုတွင် ငရဲကောင် စသည်ကား အဟုတ်မရှိ၊ ပညတ်မျှဟုသိ။ ခန္ဓာ,အာယတန,ဓာတ် သည်ကား အဟုတ်ရှိ ပရမတ် ဟု သိ၍ အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကို ယူနိုင်ကြပါစေ။

---

## ခန်-အာ-ဓာတ် သုံးရပ်ကို တွဲစပ်၍ပြခန်း၊

ခန်-အာ-ဓာတ်ကို ငါမှတ်၍ မနေနှင့်၊ ဒေသနာတော်အစဉ်မျှသာဟု သိလေ မှတ်လေ။

## ပညာရှိစကား—မှတ်၍ထား၊

“ပရမတ်မသင် နားမဝင်၊ ပရမတ်သင်မှ နားဝင်သည်။ ပရမတ်မကျ နားမဝ၊ ပရမတ်ကျမှ နားဝသည်” ဆိုသော ပညာရှိစကားကို အရိုးစွဲ အသားစွဲ သံမှိုနှင့်စွဲသလို မြဲမြဲစွဲစွဲ သဲသဲမဲမဲ အသက်ထက်ဆုံး မသေသမျှ သေနေ့ကျအောင် မှတ်သားပါလေ။

ကော်ဂုံတ္တရအဋ္ဌကထာ၊ သာရတ္ထဒ္ဒီကာ စသော ကျမ်းဂန်တို့၌ကား—“ဗုဒ္ဓဿဟိဘဂဝတော ဒုဝိဓာ ဒေသနာ,သမ္မုတိဒေသနာ ပရမတ္ထဒေသနာစာတိ။ တတ္ထပုဂ္ဂလော သတ္တော၊ ဣတ္ထိ ပုရိသော ခတ္တိယော ဗြာဟ္မဏော၊ ဒေဝေါ မာရောတိ ဧဝရူပါ သမ္မုတိဒေသနာ။ အနိစ္စံ ဒုက္ခံ အနတ္တာ ခန္ဓာဓာတုယော၊အာယတနာနိ

သတိပဋ္ဌာနာတိ ဧဝရူပါ ပရမတ္ထဒေသနာ။) စသည်ဖြင့် လာရှိပါသည်။

ထိုတွင် ဘုရားမြတ်စွာ စိန္တေယျာသည် သမ္မုတိဒေသနာပညတ်ဖြင့်ဟောတော်မူလိုတဲ့အခါ၊ပုဂ္ဂိုလ်-သတ္တဝါ-ယောကျ်ား မိန်းမ စသည်ဖြင့် ဟောတော်မူလေ့ရှိပါသည်။ ပရမတ္ထဒေသနာပညတ်မဘက် ပရမတ်သက်သက်ဟောတော်မူလိုတဲ့အခါ၊ ခန္ဓာ, အာယတန,ဓာတ်, အနိစ္စ, ဒုက္ခ, အနတ္တ စသည်ဖြင့် ဟောတော်မူလေ့ရှိပါသည်။ ထိုနှစ်မျိုးတို့တွင် အကြင် လူနတ်တို့သည် သမ္မုတိဒေသနာကိုကြား၍ မဂ်ဖိုလ်တရားထူးကို ရရှိနိုင်ကြမည်ဖြစ်ငြားအံ့။ ထိုသူတို့အား သမ္မုတိဒေသနာတော်ကို ဟောတော်မူပါသည်။ အကြင် လူနတ် တို့သည် ပရမတ္ထဒေသနာတော်ကို ကြားနာရ၍ မဂ် ဖိုလ် တရားထူးကို ရရှိနိုင်ကြမည်ဖြစ်ငြားအံ့။ ထိုသူတို့အား ပရမတ္ထဒေသနာတော်ကို ဟောတော်မူပါသည်။ သို့ရာတွင် ဘယ်သတ္တဝါအား ဘယ်ဒေသနာနှင့် သင့်တော်သည် မသင့်တော်သည်ကို မချသိနိုင်ဘို့ရာမှာ "ဗုဒ္ဓါနမေဝဝိသယော၊ နအညေသံ" နှင့်အညီ၊ ဘုရားရှင်တို့၏အရာသာဖြစ်သည်။ ပုထုဇဉ် သူ-ငါ တို့၏အရာမဟုတ်ပေ။

**တနည်းဆိုသော်**—ဘုရားဟော ဒေသနာသည် တိုက်ရိုက်ထုတ်ဘော်၍ ပွင့်ပွင့်လင်းလင်း ဟောသော နီတတ္ထဒေသနာ၊ တိုက်ရိုက်မဟော ဆောင်၍ဆ၍ သိရသော နေယျတ္ထဒေသနာဟု နှစ်မျိုး ရှိသေးရာ၊ ထိုတွင် ခန္ဓာ, အာယတန, ဓာတ် ဟု ဟောတဲ့အခါ တိုက်ရိုက်ဟော၍ နီတတ္ထ ဒေသနာ၊ ပုဂ္ဂိုလ်

**သတ္တဝါ**ဟု ဟောတဲ့**အခါ** ခန္ဓာ, အာယတန, ဓာတ်ကို ပုဂ္ဂိုလ် **သတ္တဝါ**ဆိုသည်ဟု ဆောင်၍ ဆ၍သိရသောကြောင့် **နေယျတ္ထ ဒေသနာ**ဖြစ်လေသည်။

**ထို့ကြောင့်** ပညတ်, ပရမတ်စကားကို၊ ဝါ၊ နီတတ္ထနှင့် **နေယျတ္ထ**ကို မကြားဘူးမနာဘူး မလေ့လာဘူးသောသူတို့သည် ခန္ဓာ,**အာ**ယတန,ဓာတ်ဆိုလျှင်၊ စက္ကူစာ, ပေစာ,စာအုပ်တွေထဲ မှာ ရေးနှိပ်ထားတဲ့ ခန္ဓာ, အာယတန, ဓာတ်ဟု မှတ်ထင် ယူဆ နေတတ်ကြကုန်၏။ ဝါ၊ ဤဒေသနာ စာတမ်းပေါ်တွင်သာ အသိဉာဏ်အားကုန် အသိဉာဏ်ဆုံး တုံး၍နေတတ်ကြကုန်၏။ ဤ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဆိုသည်မှာ ပညတ်မျှ**သာ** ဖြစ်သည်။ ဤ ခန္ဓာ,အာယတန,ဓာတ်တို့ကိုသာ လူနတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဆိုရသည်ဟု လူနတ် စသော ပညတ်ကျော်ဖေါက် ခန္ဓာ,အာယတန,ဓာတ်ဟူသော ပရမတ်ပေါက်အောင် ရောက် အောင်, ထိအောင် မိအောင် မသိ မမြင်နိုင်ကြကုန်။ အဲဒါ ပရမတ်မသင်လို့ နားမဝင်တာဘဲ၊ ပရမတ်မကျလို့ နားမဝတာ ဘဲဟု သိလေ မှတ်လေ။

## အခေါ်သာလွဲ—အတူတူဘဲ၊

**ထို့ပြင်**၊ အဆိုပါ ခန္ဓာ, အာယတန, ဓာတ်တို့နှင့် သူ, ငါ, ယောကျ်ား,မိန်းမ စသည်တို့ကို တခြားစီမှတ်ထင်၍ နေတတ်ကြ ကုန်သေး၏။ ထိုသို့ကားမဟုတ် ခန္ဓာ,အာယတန,ဓာတ်ဆိုတာလဲ သူ,ငါ,ယောကျ်ား,မိန်းမဘဲ၊ သူ,ငါ,ယောကျ်ား,မိန်းမဆိုတာလဲ ခန္ဓာ,အာယတန,ဓာတ်ဘဲ။ သူ ငါ တခြား၊ ခန္ဓာ, အာယတန,

ဓာတ်တခြားမဟုတ်ပေ။ ခန္ဓာ, အာယတန, ဓာတ် ဆိုတာက ပရမတ်၊ အဟုတ်ရှိ အမှန်ရှိ ကေန်ရှိ မုချရှိ။ သူ,ငါ,ယောကျ်ား မိန်းမ ဆိုတာက ပညတ်။ အဟုတ်မရှိ အမှန်မရှိ ကေန်မရှိ မုချ မရှိဟု သိ။ ထို့ကြောင့် ခန္ဓာ, အာယတန, ဓာတ်နှင့် သူ, ငါ, ယောကျ်ား,မိန်းမဆိုတာ ပရမတ်နှင့် ပညတ်သာလျှင်၏။ အတူတူ ဘဲဟူ၍သာ မှတ်လေ။

## ငြုပ်—ဥပမာ၊

ဥပမာဆိုရသော်—"ငြုပ်" ဟု စက္ကူထဲမှာ ရေးထားရာ စက္ကူထဲမှာရေးထားတဲ့ ငြုပ်က ငြုပ်အစစ်မဟုတ်၊ နာမည် စာရင်းမျှသာဖြစ်သည်။ ငြုပ်အစစ်ကား သွားလာ လုပ်ကိုင် နေသော တကိုယ်လုံး တကောင်သုံးကြီးသာ ငြုပ်အစစ် ဖြစ် သည်၊ ထို့အတူ စက္ကူထဲမှာရေးထားတဲ့ ငြုပ်ဆိုသော နာမည် စာရင်းနှင့် စက္ကူစာ,ပေစာ,စာအုပ်တွေထဲမှာရေးထားတဲ့ ခန္ဓာ, အာယတန, ဓာတ် ဆိုတဲ့ ဘုရားဟော ဒေသနာတော်အစဉ် တူသည်။ သွားလာလုပ်ကိုင်နေသော ငြုပ် အစစ်နှင့် သူ-ငါ-ယောကျ်ား-မိန်းမ စသော ခန္ဓာ,အာယတန,ဓာတ် အစစ်အမှန် တူသည်။

## ငွေ ဥပမာ၊

တနည်း ဥပမာဆိုရသော် ငွေငါးကျပ်, ဆဲ့နှစ်ကျပ်,ဆဲ့ရှစ် ကျပ်ဟု စက္ကူထဲမှာရေးသားရာ၊ စက္ကူထဲမှာ ရေးထားတဲ့ ငွေ ငါးကျပ်,ဆဲ့နှစ်ကျပ်,ဆဲ့ရှစ်ကျပ်ဆိုတာက ငွေအစစ်မဟုတ်ပါ၊

ငွေစာရင်းမျှသာဖြစ်လေသည်။ ငွေငါးကျပ်, ဆဲ့နှစ်ကျပ်, ဆဲ့ရှစ်ကျပ် အစစ်ကား လက်ထဲ-အထုပ်ထဲ-သေတ္တာထဲမှာ ရှိနေတဲ့ ဖြူဖြူဝိုင်းဝိုင်း-ဒင်္ဂါး-ငါးကျပ်တန်-ဆယ်တန်-ရာတန်ဆိုတဲ့ စက္ကူရွက်သာ ငွေအစစ် ဖြစ်သည်။ ထို့အတူ—စက္ကူထဲမှာ ရေးထားတဲ့ ငွေငါးကျပ်, ဆဲ့နှစ်ကျပ်, ဆဲ့ရှစ်ကျပ်ဆိုတဲ့ စာရင်းစာနှင့် စက္ကူစာ ပေစာတွေထဲမှာရေးထားတဲ့ ခန္ဓာ,အာယတန,ဓာတ်ဆိုတဲ့ ဘုရားဟောဒေသနာတော်အစဉ် တူသည်။ လက်ထဲ အထုပ်ထဲ သေတ္တာထဲမှာရှိနေတဲ့ ငွေဒင်္ဂါးအစစ် ငါးကျပ်, ဆဲ့နှစ်ကျပ်,ဆဲ့ရှစ်ကျပ်နှင့် ခန္ဓာငါးပါး, အာယတနဆဲ့နှစ်ပါး ဓာတ်ဆဲ့ရှစ်ပါး အစစ်အမှန် တူသည်။

ထို့ကြောင့်၊ စာထဲမှာရှိနေတဲ့ ခန္ဓာ,အာယတန, ဓာတ်တွင် အသိဉာဏ် သောင်တင် အသိဉာဏ် အားကုန်၍ မနေစေဘဲ "စာသိ-ပဌမံ၊ ငါသိ-ဒုတိယံ"နှင့်အညီ၊ စာသိ ခန္ဓာ,အာယတန ဓာတ်မှတဆင့်ကူးယူ၍ ငါထဲမှာရှိနေတဲ့ ငါသိ ခန္ဓာ,အာယတန ဓာတ်သို့ ကူးယူတတ်ပါစေဟု ဆိုလိုပေသည်။

## ပညတ်ပြော နှင့် ပရမတ်ပြော၊

အဆိုပါ သမ္မုတိဒေသနာ,ပရမတ္ထဒေသနာ ဆိုသည်နှင့်အညီ သမ္မုတိဒေသနာအားဖြင့် ပညတ်လိုပြောတော့ လူ-နတ်-ဗြဟ္မာ ပုဂ္ဂိုလ်-သတ္တဝါ-ယောကျ်ား-မိန်းမ, ငါ-သူတပါး, မောင်ဖြူ-မမဲ စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုကြရသည် ဟု သိလေ မှတ်လေ။

ပရမတ္ထဒေသနာအားဖြင့် ပရမတ်လိုပြောတော့ ရုပ်, နာမ် ခန္ဓာ,အာယတန,ဓာတ်, သစ္စာ, အနိစ္စ, ဒုက္ခ, အနတ္တ စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုကြရသည်ဟု သိလေ မှတ်လေ။

## ဝိဇ္ဇမာနပညတ်နှင့် အဝိဇ္ဇမာနပညတ်၊

အဆိုပါ ရုပ်နာမ် ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကား ပရမတ္ထအားဖြင့် ထင်ရှားရှိနေသောကြောင့် (ဝိဇ္ဇမာနပညတ်) မျိုးဖြစ်သည်။ အဆိုပါ လူ-နတ်-ဗြဟ္မာ စသည်ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် (အဝိဇ္ဇမာနပညတ်) မျိုးဖြစ်သည်ဟု သိလေ-မှတ်လေ။

## မုသာဝါဒကံ မထိုက်၊

ပရမတ္ထအားဖြင့် ထင်ရှားမရှိသော လူ-နတ်-ဗြဟ္မာစသည်ကို ထင်ရှားမရှိဘဲလျက် ထင်ရှားရှိသယောင်ယောင် လူနတ်ဗြဟ္မာ စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုရှဲနေကြခြင်းသည်(မုသာဝါဒကံ) မထိုက်ပါလောဟု မေးလျှင် မထိုက်ဟုဖြေလေ။

အဘယ်ကြောင့် မထိုက်သနည်းဟု တဘန်မေးခဲ့ပြန်သော်—

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။ ။

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏံ။ ။

တသ္မာ ဝေါဟာရကုသလဿ၊ လောကနာထဿ
သတ္ထုနော။
သမုတိံ ဝေါဟရန္တဿ၊ မုသာဝါဒေါ န ဇာယတိတိ။ ။

---

## ပညတ်မှန်နှင့် ပရမတ်မှန်၊

ထိုထိုကျမ်းဂန်တို့၌ လမ်းမှန်စွာ ဖွင့်ပြလျက်ရှိသောကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါ ဆိုတာလဲ တလောကလုံး ခေါ်ဝေါ် သုံးစွဲနေကြသောကြောင့် (ပညတ်မှန်) ခန္ဓာ,အာယတန, ဓာတ် ဆိုတာကလဲ ပရမတ်အားဖြင့် ထင်ရှားရှိနေကြသောကြောင့် (ပရမတ်မှန်)၊ ဤလို ဤပုံ-သူ့နေရာနှင့်သူ မှန်ကန်နေသောကြောင့် "မုသာဝါဒေါ နဇာယတိတိ"နှင့်အညီ၊ မဟုတ်မမှန် လုပ်ကြံ၍ပြောသည်မဟုတ်၊ လူတို့ခေါ်ဝေါ် သုံးစွဲတဲ့ အတိုင်း လောကဝေါဟာရအားဖြင့်သာ ပြောဆိုခြင်းဖြစ်သောကြောင့် မုသာဝါဒမဖြစ်ထိုက်ဟု အသက်ထက်ဆုံး သိလေ·မှတ်လေ။

## လူစော်မနံသေး၊

**လောက၌** လူ နတ် ဗြဟ္မာ စသည်ရှိသလော မရှိသလောဟု မေးလျှင်-ရှိ၏ဟုပြေဆိုက ပရမတ်နှင့်ဆန့်ကျင်နေ၍ မှားသည်။

အဘယ့်ကြောင့်ဆိုသော်-ပရမတ်အားဖြင့် လူနတ်ဟူ၍မရှိသော ကြောင့်ပေတည်း။ မရှိဟုဖြေဆိုက ပညတ်နှင့် ဆန့်ကျင်နေ၍ မှားသည်။ အဘယ့်ကြောင့်ဆိုသော်-ပညတ်အားဖြင့် လူ နတ် ဟူ၍ ရှိနေသောကြောင့်ပေတည်း။ ထို့ကြောင့်-လူဖြစ်ပါလျက် ဤလူစစ် လူမှန်တို့ သိအပ်သော လူသိတရား ပညတ်နှင့် ပရမတ် မျှကိုဘဲ ခွဲခြား၍မသိသောကြောင့် **လူစော်မနံသေး** ဟု သိလေ။

## သာဓု—သုံးကြိမ်ခေါ်ပါ၊

**လောကမှာ**၊ လူ နတ် ပြဟ္မာ စသည် ရှိသလော့ မရှိသလော ဟုမေးလျှင်—မေးသူကို ပညတ်အားဖြင့် မေးသလော၊ ပရမတ် အားဖြင့် မေးသလောဟု ပြန်၍မေးပါ။ ပညတ်အားဖြင့်မေးပါ သည်ဟုဆိုလျှင် ရှိ၏ဟုဖြေဆိုပါလေ။ ပရမတ်အားဖြင့် မေးပါ သည်ဟုဆိုလျှင် မရှိဟု ဖြေဆိုပါလေ။ သို့မဟုတ် ပြန်မမေး တော့ဘဲ ပညတ်အားဖြင့်တော့ လူ နတ်ဟူ၍ ရှိပါသည်၊ ပရမတ် အားဖြင့်တော့ လူ နတ် ဟူ၍ ထင်ရှားမရှိပါဟု အဖြေမှန်ပေး တတ်ပါလျှင် လူဖြစ်သည်နှင့်အညီ၊ လူသိတရား ပညတ် နှင့် ပရမတ် ခွဲခြား၍ သိမြင်ပေသောကြောင့် ပညတ်-ပရမတ်နှင့် မဆန့်ကျင်ရအောင် ပြောတတ် ဆိုတတ်ရှိသောသောင့် **သာဓု** သုံးကြိမ်ခေါ်ပါလေ။

## ပညတ်နှင့် ပရမတ်၊

ရခဲသော လူ့ဘဝကိုရကြ၍ ကြုံခဲသော သာသနာတော်ကြီး နှင့် ကံကောင်းထောက်မ၍ ကြုံကြိုက်တဲ့ခါ ဗုဒ္ဓဘာသာဝင်

ဖြစ်ကြသည်နှင့် အညီ၊ ပညတ် နှင့် ပရမတ်ကို နေရာတိုင်းမှာ ခွဲခြား၍သိနိုင်အောင် အောက်ပါ ဆောင်ပုဒ်များကို အရကျက် ထားကြပါလေ။

## ဆောင်ပုဒ်များ၊

၁။ အသက်ရှိရှိ-မရှိရှိ, ခေါ်စရာ အမည်မှန်သမျှ ( ပညတ်-ပညတ်—ပညတ်) ပညတ်တရားမျိုးဟုမှတ်။

၂။ အသက်ရှိရှိ-မရှိရှိ, အခေါ်ခံရသော အရာဝတ္ထုမှန်သမျှ (ပရမတ်—ပရမတ်—ပရမတ်) ပရမတ်တရားမျိုးဟုမှတ်။

## ပညတ်အဓိပ္ပါယ်၊

အသက်ရှိသောအရာ၌ လူ နတ် ဗြဟ္မာ စသည် အသက်မရှိသောအရာ၌ သစ်ပင်,တုံး,တိုင်,မြေ,ရေ,မီး,လေစသည်ခေါ်ဝေါ် စရာ အမည်များကို **ပညတ်** ဟု သိပါလေ။

## ပရမတ် အဓိပ္ပါယ်၊

အသက်ရှိသောအရာ၌ လူ နတ် ဗြဟ္မာ စသည်ဖြင့် အခေါ်ခံရသောတကိုယ်လုံး တကောင်လုံးကြီးကို ပရမတ်။ အသက်မရှိသောအရာ၌ သစ်ပင်,တုံး,တိုင်, မြေ, ရေ,မီး, လေစသည်ဖြင့် အခေါ်ခံရသော အပွေး,အခေါက်,အကာ,အသား,အနှစ်များ မာနုသောသဘော၊ ဖွဲ့စည်းယိုစီးသော သဘော၊ ပူအေးသော သဘော၊ ထောက်ကန်လှုပ်ရှားသော သဘောများကို အဟုတ်ရှိသော **ပရမတ်**ဟုသိလေ-မှတ်လေ။

## ရုပ်နာမ် လက္ခဏာ-သစ္စာ၊

အသက်ရှိသော လူတမျိုး၌ လူ-ဟုခေါ်ဝေါ်စရာ အမည်က ပညတ် အဟုတ် မရှိ၊ လူဟု အခေါ်ခံရသော တကိုယ်လုံး တကောင်လုံးကြီးက ပရမတ် အဟုတ်ရှိ၊ ထိုတွင် လူ၏တကိုယ်လုံး အကောင်လုံးကြီးက ရုပ် ပရမတ်။ လူ နှင့် တန်ရုံသိတတ်တဲ့ စိတ်,စေတသိက်က နာမ် ပရမတ်။ ၎င်း ရုပ် နာမ် သည်လည်း ပဋိသန္ဓေမှ သေနေ့ကျအောင် ဖြစ်ပျက် မနားသောကြောင့် အနိစ္စ-ဒုက္ခ-အနတ္တ, ဒုက္ခသစ္စာ, သမုဒယသစ္စာသာ ဖြစ်၏ဟု သိလေ။

**မှတ်ချက်။** ။ အသက်ရှိသောအရာ၌ ပဉ္စဝေါကာရဘုံ၌ ပဉ္စဝေါကာရဘုံ ဆိုလျှင် ရုပ်နာမ် နှစ်ပါးလုံးရ၏။ စတုဝေါကာရဘုံ ဆိုလျှင် နာမ်သာရ၏။ ဧကဝေါကာရဘုံဆိုလျှင် ရုပ်သာရ၏။ အသက်မရှိသော အရာ၌ ရုပ်ရှစ်ပါးသာရ၏။ နာမ်မရနိုင်ဟုသိပါလေ။

---

**ပရမတ်ကား**—ပညတ်၏ (ဇနကဟေတု) ပရမတ် ဖြစ်ပေါ်လာခြင်း၏အကြောင်းရင်းဟု မှတ်ပါ။

**ပညတ်ကား**- ပရမတ်၏ (ဉာပကဟေတု) ပညတ်၏ အတွင်းသား ပရမတ်ကိုသိကြောင်းဟုမှတ်ပါ။

**ပရမတ်ကြောင့်** ပညတ်ဖြစ်ပေါ်လာ၏(**ပရမတ်ရှိရာ-ပညတ်လာ**)ဆိုသကဲ့သို့တည်း။

ပညတ်ကိုမှီ၍ ပရမတ်ကိုသိရ၏၊ (**ပညတ်သွားရာ - ဓာတ်သက်ပါ**)ဆိုသကဲ့သို့တည်း။

ပညတ်နှင့်ကင်း၍ ပရမတ်ကိုမသိသာ၊ပရမတ်ကား အတွင်းခံတရား, ဓာတ်သားအနှစ်ဖြစ်၏။

ပညတ်ကား **အပေါ်ယံ-အရပ်စကား**၊ ပါးစပ်စကားဖြစ်၏။ ၎င်းပညတ်ကိုခွါနိုင်မှ ပရမတ်အစစ် ဓာတ်သားအနှစ်ကို သိလာနိုင်သည်။

**ဥပမာ**....သစ်ပင်တပင်မှာ အပွေး, အခေါက်, **အကာ**, **အသား**, အနှစ် ဟု ငါးမျိုးရှိရာ၊ အပွေး, အခေါက်, **အကာ**, **အသား**တို့ကို ခွါ၍ကြည့်ရှုနိုင်မှ အနှစ်ကိုမြင်တွေ့ရသည်။**အပွေး** **အခေါက်**, **အကာ**, အသားတို့ကား၊ လူ-ယောကျာ်း-မိန်းမ-အဖြူ-**အမဲ** ဆိုတဲ့ ပညတ်တို့နှင့်တူသည်။ အနှစ်ကား—ရုပ်,**နာမ်** ခန္ဓာ, အာယတန, ဓာတ် ဆိုတဲ့ ပရမတ်နှင့် တူသည်။ အပွေး, **အခေါက်**, **အကာ**, အသားတို့ကိုခွါ၍ကြည့်ရှုမှ အတွင်းရှိ အနှစ်ကို သိမြင်ရသကဲ့သို့၊ ထို့တူပမာ—လူ, ယောကျာ်း, မိန်းမ, အဖြူ, **အမဲ** စသော အပေါ်ပတ် အပေါ်လွှာ သမ္မုတိပညတ် နာမပညတ် အထပ်ထပ်တို့ကို ဉာဏ်နှင့်ခွါ၍ ကြည့်ရှုနိုင်မှ ရုပ် နာမ် ခန္ဓာ စသော ပရမတ်တရား အစစ်, ဓာတ်သားအနှစ်ကို သိမြင်နိုင်သည်။ ထို့ကြောင့်—အနှစ်ကို အပွေး, အခေါက်,

အကာ, အသားတို့ ဖုံးလွှမ်းနေသကဲ့သို့၊ ပရမတ်အနှစ်ကို လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, မောင်ဖြူ မမဲ စသော ပညတ်တွေက ဖုံးအုပ်နေသည်ဟုဆိုလိုသည်။

ဤတွင်—ခန္ဓာ, အာယတန, ဓာတ်ပိုင်းကို

ရပ်ဆိုင်းလိုက်ပြီ။

********

# “ ပဋိစ္စသမုပ္ပါဒ်ပိုင်း ”

## ဘုရားမြွက်စွာ—မိန့်ခွန်းလွှာ၊

ဧတဿ အာနန္ဒ ဓမ္မဿ အညာဏာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။ ။

(သုတ်မဟာဝါ ပါဠိတော်—နိဒါနသုတ်)

**အနက်ကား။** ။ အာနန္ဒ၊ ဘထွေးတော်အမိတွေ့ာဒန၏ **သား** **စကား**ခြေငံ ညီချစ်မောင် **အာနန်**။ ဧတဿဓမ္မဿ၊ ဤပဋိစ္စသမုပ္ပါဒ် အချက်အချာ ပဓာန လိုရင်းတရားတော်မြွက်ကြီးကို။ အညာဏာ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နှင့်တကွ ပဋိစ္စသမုပ္ပါဒ ဓမ္မ၏သဘာဝ အသီးအသီးတို့ကို မှိမှိရရ (**ဉာတပရိညာဏ်**) ဖြင့် အမှန်ကို မသိမမြင်နိုင်ကြသောကြောင့်၎င်း။ အနနုဗောဓာ၊ ပဋိစ္စသမုပ္ပါဒ် ဟူသည် **အခြား**မဟုတ် လိုရင်း **အချုပ်**မှာ ရုပ် နာမ်နှစ်ဖြာ အနိစ္စ, ဒုက္ခ, **အနတ္တ** လက္ခဏာရေး သုံးပါးသာဖြစ်သည်ဟု (**တီရဏပရိညာဏ်**) ဖြင့် လက္ခဏာရေး ဆိုက်အောင် မသိမမြင်နိုင်ကြသောကြောင့်၎င်း။ အပဋိဝေဓာ၊ ဘုံသုံးပါးတို့၌ ဖြစ်လိုဖြစ်ချင်နေတဲ့ တဏှာ ရာဂ လောဘကို

ချွင်းချန် ကြွင်းကျန်နေတဲ့ ရုပ် နာမ် ခန္ဓာတို့က ( **ဒုက္ခသစ္စာ** ) **ချွန်းချန်ခဲ့သော** တဏှာ ရာဂ လောဘတို့က (**သမုဒယသစ္စာ**) တဏှာသယ်သော မဂ်အကျင့်ကြောင့် ထိုဒုက္ခသစ္စာ, သမုဒယ သစ္စာ နှစ်ပါးတို့၏ တဘန်အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်က (**နိရောဓသစ္စာ**)၊ ထို နိရောဓသစ္စာ နိဗ္ဗာန်သို့ **ဆောက် ကြောင်း** တဏှာပယ်သော မဂ်အကျင့် မဂ္ဂင်ရှစ်ပါး ကျင့်မြတ် တရားက ( **မဂ္ဂသစ္စာ** ) ဟု သစ္စာလေးပါး ကိုက်သွားအောင်၊ **ဝါ**၊ ထို ရုပ် နာမ် ခန္ဓာ သံသရာတို့၌ တပ်မက်ခြင်း တဏှာ, ဆန္ဒ, ရာဂကို အပြီးအပြတ် ပယ်သတ်နိုင်သော ( **ပဟာဏ ပရိညာဏ်** ) ဖြင့် မသိ မမြင်နိုင်ကြသောကြောင့်ဂုဏ်း။ **ဧဝံ**၊ ဤသို့ ဆိုအပ်ခဲ့ပြီးတိုင်း။ **အယံပဇာ**၊ ဤ လူ နတ် ဗြဟ္မာ သတ္တဝါ **အပေါင်းသည်**။ **ယသ္မာ**၊ အကြင်ကြောင့်။ **တန္တာ ကုလကဇာတာ**၊ ရက်ကန်းသည်တို့၏ ဗွက်ကျော လှန်အောင် ကြွက်ကိုက်၍ထားသော အလွန် ရှုပ်ထွေး ပွေလိမ်၍ နေသော ချည်ထွေး ချည်ခင်ကြီးကဲ့သို့ အလွန့်အလွန် ရှုပ်ထွေး၍ နေကြ ကုန်၏။ **ကုလကုဏ္ဍိကဇာတာ**၊ စာပေါင်းသောင်း စာစောင်ဝါ တို့၏ အသိုက်အအုံကြီးကဲ့သို့ လွန်စွာရှုပ်ထွေး၍နေကြကုန်၏။ **မုဉ္ဇပဗ္ဗဇဘူတာ**၊ ရင်း ဖျား မညီ ပွေလီ ရှုပ်ထွေး၍ နေသော ဖြူဆံမြက်, ပြိန်းမြက်, ( ပိန်းမြက် ) ချုံကြီးကဲ့သို့ လွန်စွာ ရှုပ်ထွေး၍ နေကြကုန်၏။ **တသ္မာ**၊ ထို့ကြောင့်။ **အပါယံ**၊ ချမ်းသာဟူက မြူမျှမရှိ ဆင်းရဲအတိသာဖြစ်သော။ **ဒုဂ္ဂတိံ**၊ ဒုစရိုက်အစု မကောင်းမှုကို ပြုသောသူတို့၏ လားရောက်ရာ သွားရောက်ရာဖြစ်သော။ **ဝိနိပါတံ**၊ ခြေ လက်အင်္ဂါ အဖြာဖြာ တို့၏ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော။ **သံသာရံ**၊ ခန္ဓာ,

**အာယတန, ဓာတ်တို့၏** မပြတ်ဖြစ်ရာ သံသရာကြီးကို။ နာတိ ဝတ္တတိ၊ ခုန်လွှား ကျော်နင်း လွန်မြောက်ခြင်းငှါ မစွမ်းနိုင်ကြသည်သာတည်း။

---

## ရှင်ဗုဒ္ဓဃောသ မိန့်ခွန်း၊

ပရိယတ္တိ သဝန စိန္တန ပဋိပတ္တိက္ကမတော သဒါမိရော တတ္ထ ကရိယာ၊ နအည့်ကရဏီယတရံတတောအတ္ထိပါ။ ။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ-ပဋိစ္စသမုပ္ပါဒဝိဘင်း)

**အနက်ကား**။ ။ တတ္ထ၊ ထိုအချက်အချာ လိုရင်းပဓာန အကျဆုံးကြီး ဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး၌။ သဒါ၊ နေ့ရော ညဉ့်ပါ ဘယ်ခါမလပ် အခါခပ်သိမ်း။ ပရိယတ္တိ သဝန စိန္တန ပဋိပတ္တိက္ကမတော၊ လိုရင်းကြီးအစစ်ဧကန်ဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရတာပါတကား-ဟု တရားဆီးဝှမ်း ကွဲပေါက်သွားအောင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို သင်ကြားခြင်း, နာယူခြင်း, ကြံစည် တွေးဆခြင်း, ကြံစည်တွေးဆ၍ သိရှိရတဲ့အတိုင်း ထို ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်ကြီးထဲက ကျွတ်လွတ်ထွက်မြောက်နိုင်အောင် ကျင့်ကြံ ကျိုးကုတ် အားထုတ်သော အစဉ်အားဖြင့်။ ကရိယာ၊

ပဋိစ္စသမုပ္ပါဒ်အချက်ကို အကွက်ကျ မသိလျှင် ငါမနေ အရိုးကြေကြေ အရေစုတ်စုတ် ပိုင်နိုင်ကျန သိရှိရအောင် သင်ကြားအားထုတ်မှုကို ပြုလုပ်ရာ၏။ ဟိသစ္စ ၊ ငါဆိုခဲ့သောစကားရပ်အလုံးစုံသည် အကုန်လုံးမှန်လှ၏။ တတော၊ ထို ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို မသိ-သိအောင် မရိပ်မိ-ရိပ်မိအောင် နားမလည် လည်အောင် သင်ယူခြင်း, ကြားနာခြင်း, ကြံစည်ခြင်းကျင့်ခြင်း အလုပ်ကိစ္စထက် တာဝန် ကြီးလေးသော။ အညံ၊ အခြား တပါးသော။ ကရဏီယတရံ၊ အလွန်အကြူး အထူးသဖြင့် တာဝန်ကြီးလေးသောပြုလုပ်ဘွယ်ကိစ္စသည်။လောကေ၊ ဤ သတ္တ လောကကြီး၌။ နတ္ထိ၊ ဘယ်ဟာ တခုမှ မရှိနိုင်ကြတော့ပြီ။ ။

ဤလို ဤပုံ—ဘုရားရှင် အလိုကော်ကို သိ, ဘုရားရှင် အာဘော်ကို ရိပ်စားမိတဲ့ ဗုဒ္ဓမတညှ ကျမ်းပြုအကျော်-အရှင်ဗုဒ္ဓဃောသ ဆရာတော်ကြီးရဲ့ ဩဝါဒမိန့်ခွန်းတော်ကြီးကို လေးလေး စားစား, လေးလေးနက်နက် ဦးထိပ်ဝယ်ပန်ဆင်၍ မမေ့မလျော့အပ်သည့်ပြင်—

## စေတီ အိမ်ကြီးနှင့် တူသတဲ့၊

ရှေ့၌ ဆက်လက်ဘော်ပြလတံ့သော ဘုရားမြတ်စွာ စိန္တေယျာ၏ ရွှေနှုတ်တော်ထွက် ဓမ္မစကၠာအမှန် ဤ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်မြတ်ကြီးကို အနုလုံ-ပဋိလုံ၊ ဝါ၊ အသွားအပြန် ပါဠိအနက် အရကျက်၍ နှုတ်တွင်ရွရွ အာဂုံဆောင်ထားကြသောသူတို့၏ ခန္ဓာကိုယ်ကြီးသည် "စေတိယဃရသဒိသောဝိယ "ဟု

ကျမ်းဂန်တို့၌ ပြဆိုလျက်ရှိသောကြောင့် လူ - နတ် ဦးခိုက်ရှိခိုးထိုက်သော စေကီအိမ်ကြီးနှင့် ဟထပ်တည်း တူနေသည်ဟုဆိုသောကြောင့် ကောင်းစွာသတိချပ်ကြပြီးလျှင် ပါဠိအနက်အရကျက်၍ အသက်ထက်ဆုံး ရွတ်ဘတ်သရဇ္ဈာယ်ကြပါလေ၊ မင်္ဂဖိုလ်စောင့်မျှော် သူဘော်စဉ်အပေါင်းတို့။

## အခက်ကြီး—လေးခက်၊

သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝ စ။

ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုံ စ သုဒုက္ကရာ။ ။

ဟူသော—ပညာဘူမိ ဝိသုဒ္ဓိမဂ် နှင့် အညီ၊ သစ္စာ လေးပါး တရား၊ သတ္တဝါဆိုတဲ့ တရား၊ ပဋိသန္ဓေဆိုတဲ့ တရား၊ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ တရား၊ ဤ တရားလေးပါး, ဤတရားလေးမျိုးတို့ကို လွန်စွာ့ လွန်စွာ မိမိကိုယ်တိုင်ကလဲ ဘယ်လိုအကြောင်း ဘယ်လိုအရာ ဘယ်လိုဟာဟု တရား ဆီးဝမ်း ကွဲသွားအောင် သိနိုင်ခဲတယ်၊သူတပါးတို့ကိုလည်း သဘောကျ သဘောပေါက်သွားအောင် ဟောနိုင်ပြောနိုင်ခဲတယ်လို့ ပိဋကတ်သုံးပုံထဲမှာ ဤလို ဤပုံ—အခက်ကြီးလေးခက် အခက်ကြီးလေးမျိုး ရှိနေပါတယ်လို့ အဋ္ဌကထာ ဆရာတို့က မှတ်ချက်ချ ထားခဲ့ရာ—ဤ ပဋိစ္စသမုပ္ပါဒ် တရားတော်ဟာ အခက်ကြီးလေးမျိုးထဲမှာ နောက်ဆက်တွဲအနေအားဖြင့် နောက်ဆုံးတွင်ပါဝင်နေသည်ကို ကြပ်ကြပ် မိမိ သတိရှိရှိ ကြည့်ရှုသုံးသပ်မိရန် လွန်စွာ့ လွန်စွာ လိုအပ်သည်ကို သတိပြုမိကြပါစေသတည်း။

## ဝဋ္ဋကထာ၊

ဂင်္ဂါဝါလု သဲစုအမျှ၊ဝါ၊သဲစုထက်မက ပွင့်တော်မူကြသော ဘုရားမြတ်စွာ စိန္တေယျာတို့သည် ဝေနေယျကြာ သတ္တဝါတို့အား ဟောကြားတော်မူအပ်သော တရား ဒေသနာတို့သည် အချုပ်အားဖြင့်--

၁။ ဝဋ္ဋကထာ။

၂။ ဝိဝဋ္ဋကထာ—ဟု နှစ်မျိုးရှိရာ

အဆိုပါ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ မသိအပ်သော အစရှိသော အနမတဂ္ဂသံသရာမှ ဘဝများစွာ ကမ္ဘာများစွာ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မရေမတွက်နိုင်အောင် ဖြစ်ပျက် မွေးသေ, ဖြစ်ပျက် မွေးသေ ဆိုတဲ့ မွေး သေ မပြတ် ဆက်စပ်၍နေသော ဝဋ္ဋတရားသက်သက်ကို ရွေးစစ်၍ ဟော မြွက်တော်မူသော (ဝဋ္ဋကထာ) ဖြစ်သည်ဟု သိရှိကြပါလေ။

## အနုလောမ ပဋိစ္စသမုပ္ပါဒ—ဝိနယပါဠိ။

၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊

ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမဿုပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

**ပဋိလောမ ပဋိစ္စသမုပ္ပါဒ—ဝိနယပါဠိ။**

၂။ အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတန နိရောဓာ ဖဿ နိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝ နိရောဓာ ဇာတိ နိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ။ ။

## အနုလောမ ပါဠိ၏ အနက်။

၁။ **အဝိဇ္ဇာပစ္စယာ၊** စတုသစ္စ,ပုဗ္ဗန္တ,အပရန္တ,ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒအားဖြင့် ရှစ်ပါးသော အရာဌာနတို့၌ ပိတ်စတုံး လုံးလုံးကြီး မသိမမြင်နိုင်အောင် ဖုံးလွှမ်းပိတ်ပင်၍ ထားတတ်သော မောဟ-ဟူသော အဝိဇ္ဇာကြောင့်။ ဝါ၊ သစ္စာလေးပါး အတိတ်ခန္ဓာဟူသော ပုဗ္ဗန္တ၊ အနာဂတ်ခန္ဓာဟူသော အပရန္တ၊ ပစ္စုပ္ပန်ခန္ဓာ ဟူသော ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် အားဖြင့် ဤရှစ်ပါးသော အရာဌာနတို့ကို ပိတ်စတုံး လုံးလုံးကြီး မသိမမြင်နိုင်အောင်,မသိမမြင်ရအောင် ဖုံးလွှမ်း ပိတ်ပင်တတ်သော အကုသိုလ်စိတ် ၁၂-ခု၌ ရှိသော၊ ဝါ၊ ယှဉ်သော မောဟ ဟူသော အကြောင်းကြောင့် သင်္ခါရာ၊ ၁-ပုညာဘိသင်္ခါရ၊ ၂-အပုညာဘိသင်္ခါရ၊ ၃-အာနေဉ္ဇာဘိသင်္ခါရ၊ ၄-ကာယသင်္ခါရ၊ ၅-ဝစီ သင်္ခါရ၊ ၆-စိတ္တ သင်္ခါရ ဟု ဆိုအပ်သော ခြောက်ပါးသော သင်္ခါရတို့သည်၊ ဝါ၊ ကာမကုသိုလ်စေတနာ ၈-ခု၊ ရူပကုသိုလ်စေတနာ ၅-ခုဟုဆိုအပ်သော ပုညာဘိသင်္ခါရ အကုသိုလ်စေတနာ ၁၂-ခုဟုဆိုအပ်သော အပုညာဘိသင်္ခါရ၊ အရူပကုသိုလ်စေတနာ ၄-ခုဟုဆိုအပ်သော **အာနေဉ္ဇာဘိသင်္ခါရ၊** ကာယဒွါရ၌ဖြစ်သော ကာမကုသိုလ်စေတနာ-၈-ခု၊ အကုသိုလ် စေတနာ ၁၂-ခု၊ ပေါင်း-၂၀-ဟု ဆိုအပ်သော **ကာယသင်္ခါရ၊** ဝစီဒွါရ၌ဖြစ်သော ကာမကုသိုလ် အကုသိုလ်စေတနာ ၂၀-ဟု ဆိုအပ်သော **ဝစီသင်္ခါရ၊** မနောဒွါရ၌ ဖြစ်သော လောကီ **ကာမကုသိုလ်**-၈-ခု, ရူပကုသိုလ် ၅-ခု, အရူပကုသိုလ် ၄-ခု,

အကုသိုလ်စေတနာ ၁၂-ခု, ပေါင်း-၂၉-ခုဟုဆိုအပ်သော စိတ္တသင်္ခါရ အားဖြင့် ခြောက်ပါးသော သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။

(ဤကား—ပဌမအင်္ဂါ)

**မှတ်ချက်။** ။ နောက်ပုဒ်-နောက်ပုဒ်များတို့၌လည်း သမ္ဘဝန္တိ ပုဒ်သို့စပ်၍ အနက်ပေးရမည်ဟု မှတ်လေ။

---

၂။ **သင်္ခါရပစ္စယာ**၊ ပဋိသန္ဓေအခါ ဥဒ္ဒစ္စစေတနာ, ပဋိသန္ဓေ ပဝတ္တိအခါ အဘိညာဏ်စေတနာသည် ကြဉ်အပ်သော အဆိုပါ သင်္ခါရခြောက်ပါး ဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ပဋိသန္ဓေစိတ် ကျေနဝိသ ( ၁၉ ) ခုဟု ဆိုအပ်သော ဝိညာဏ်သည်၊ ဝါ၊ လောကီဝိပါက်ဗာတ္တိံသ ( ၃၂ ) ခုဟု ဆိုအပ်သော ဝိညာဏ်သည်၊ ဝါ၊ စိတ်တခု ယုတ်ကိုးဆယ်ဟု ဆိုအပ်သော ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာတတ်၏။

(ဤကား—ဒုတိယအင်္ဂါ)

၃။ **ဝိညာဏပစ္စယာ**၊ အဆိုပါ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ ဝါ၊ စက္ခုဝိညာဏ်ဒွေဟုဆိုအပ်သော စက္ခုဝိညာဏ်ထို့ အတူ—သောတဝိညာဏ်, ဃာန ဝိညာဏ်, ဇိဝှါ ဝိညာဏ်, ကာယဝိညာဏ် ကြွင်းသောစိတ် ၇၉-ခုဟူသော မနောဝိညာဏ်ဟုအပ်သော ဝိညာဏ်ခြောက်ပါးဟူသော အကြောင်းကြောင့်။

နာမရူပံ၊ နာမ်သည်၎င်း၊ ရုပ်သည်၎င်း၊ နာမ်ရုပ်သည်၎င်း၊ ဝါ၊ အချင်းခပ်သိမ်း စတုဝေါကာရဘုံ၌ ရံခါပဝတ္တိကာလ စတုဝေါကာရဘုံ၌ဖြစ်သော နာမ်သည်၎င်း၊ အချင်းခပ်သိမ်း ဧကဝေါကာရဘုံ၌ ရံခါ ပဝတ္တိကာလ ဧကဝေါကာရဘုံ၌ဖြစ်သော ရုပ်သည်၎င်း၊ အချင်းခပ်သိမ်း ပဋိသန္ဓေကာလ ပဉ္စဝေါကာရဘုံ၌ ရံခါ ပဝတ္တိကာလ ပဉ္စဝေါကာရဘုံ၌ဖြစ်သော နာမ်ရုပ်သည်၎င်း။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။

(ဤကား—တတိယအင်္ဂါ)

**မှတ်ချက်။** ။ ဤ၌ ဝိညာဏ်၏ အကျိုး ဖြစ်သော **နာမ် ရုပ်** နှစ်ပါးတွင် နာမ်၏ အရကို၊ စေတသိက် ဒွေ ပညာသ အကုန်ယူပါ။ ရုပ်၏ အရကို စတု သမုဋ္ဌာနိကဝိသ အကုန်ယူပါ။

---

၄။ **နာမရူပပစ္စယာ**၊ စေတသိက်ဒွေပညာသဟုဆိုအပ်သော နာမ်၊မဟာဘုတ်လေးပါး, ဝတ္ထုရုပ် ခြောက်ပါး,ဇီဝိတိန္ဒြေ အာဟာရရုပ်ဟုဆိုအပ်သော ၁၂-ပါးသောရုပ်ဟူသော အကြောင်းကြောင့်။သဠာယတနံ၊အဇ္ဈတ္တိကာယတနခြောက်ပါးသည်။ ဝါ၊ ဆဠာယတနခေါ် သဠာယတနသည်။ဝါ၊စက္ခုပသာဒခေါ် စက္ခာယတန၊ ထို့အတူ—သောတာယတန, ဃာနယတန, ဇိဝှါယတန ကာယာယတန, စိတ်တခု ယုတ်ကိုးဆယ်ခေါ် မနာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။

(ဤကား—စတုတ္ထအင်္ဂါ)

၅။ **သဠာယတနပစ္စယာ၊** ကိုယ်တွင်းအာယတနခေါ်သော အဇ္ဈတ္တိကာယတန ခြောက်ပါး, ကိုယ်မှအပ အာယတန ခေါ်သော ဗာဟိရာယတနခြောက်ပါး၊ ဝါ၊ဆဠာယတနခေါ်သော သဠာယတနဟူသောအကြောင်းကြောင့်၊ ဝါ၊စက်-သော-ဃာ-ဇိ-ကာ-မန-ရူ-သဒ်-ဂန်-ရ-ဖော-ဓမ္မဟူသောအကြောင်းကြောင့်။ **ဖဿော၊** စက္ခုဝိညာဏ်ဒွေ၌ ရှိသော ဖဿစေတသိက် ၂-ခုဟု ဆိုအပ်သော စက္ခုသမ္ဖဿ၊ ထို့အတူ သောတသမ္ဖဿ, ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, ကြွင်းသောလောကီဝိပါက်ဗာတ္တိံသ ၌ရှိသောဖဿစေတသိက် ၂၂-ခုခေါ်သော မနောသမ္ဖဿသည်၊ ဝါ၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေ ခေါ်သော မနောဓာတ် ၃-ခု၊ ကြွင်းသော မနောဝိညာဏဓာတ် ၇၆-ခု၌ရှိသော ဖဿစေတသိက် ၇၆-ခုခေါ်သော မနောသမ္ဖဿသည်၊ သမ္ဘဝတိ၊ ဖြစ်၏။

(ဤကား—ပဉ္စမအင်္ဂါ)

**မှတ်ချက်။** ။ ဤ၌ ရှေ့နည်း ဝိဘင်းအဋ္ဌကထာ၊နောက်နည်း ဓာတုကထာ အဋ္ဌကထာ ၏ အဖွင့် အနက် ဟု သိလေ။

———

၆။ **ဖဿပစ္စယာ၊** အဆိုပါ ဖဿ ခြောက်ပါး ဟူသော အကြောင်းကြောင့်။ **ဝေဒနာ၊** သုခ, ဒုက္ခ, ဥပေက္ခာဟုဆိုအပ်သော ဝေဒနာ ၃-ပါး။ ဝါ၊ စက္ခုဝိညာဏ်ဒွေ၌ ရှိသော ဝေဒနာစေတသိက် ၂-ခု ခေါ်သော စက္ခုသမ္ဖဿဇာဝေဒနာ၊ ထို့အတူ သောတသမ္ဖဿဇာဝေဒနာ,ဃာနသမ္ဖဿဇာဝေဒနာ,

ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, ကြွင်းသော လောကီဝိပါက် ဗာတ္တိံသ၌ရှိသော ဝေဒနာစေတသိက် ၃၂-ခု ခေါ်သော မနောသမ္ဖဿဇာဝေဒနာသည်။ ဝါ၊ မနောဓာတ် ၃-ခု၊ မနောဝိညာဏဓာတ် ၇၆-ခု၌ရှိသော ဝေဒနာစေတသိက် ၇၉-ပါးဟူသော မနောသမ္ဖဿဇာဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ (ဤ၌လည်း—ရှေးနည်းတူ သိလေ)။

(ဤကား—ဆဋ္ဌအင်္ဂါ)

၇။ **ဝေဒနာပစ္စယာ**၊ အဆိုပါ ဝေဒနာ ၃-ပါး, ဝေဒနာ ၆-ပါး ဟူသော အကြောင်းကြောင့်။ တဏှာ၊ မြင်မြင်သမျှ အဆင်းရူပါရုံ၌ စုံစုံမက်မက် ခုံခုံတက်အောင် သာယာစုံမက် နှစ်သက်တတ်သော လောဘခေါ်သော ရူပတဏှာ, ထို့အတူ သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ အားဖြင့် ခြောက်ပါးသော တဏှာသည်။ ဝါ၊ စက္ခုပသာဒ စသည်အားဖြင့် ထင်ခြင်းသို့ ရောက်သော ရူပါရုံ စသည်ကို ကာမဿာဒ၏အစွမ်းဖြင့် သာယာမက်မောတတ်သော လောဘ ခေါ်သော ကာမတဏှာ၊ ထိုရူပါရုံစသည်တို့ကို မြဲ၏ဟုယူသော သဿတဒိဋ္ဌိနှင့်တကွဖြစ်သော လောဘခေါ်သော ဘဝတဏှာ။ ထိုရူပါရုံစသည်တို့ကို ပြတ်၏ ပျောက်ဆုံး၏ဟု ယူသော ဥစ္ဆေဒ ဒိဋ္ဌိနှင့်တကွဖြစ်သော လောဘခေါ်သော ဝိဘဝတဏှာအားဖြင့် သုံးပါးသော တဏှာသည်။ ဝါ၊ လွန်လေပြီးသော အာရုံ ခြောက်ပါး၌ တပ်မက်တတ်သော လောဘခေါ်သော အတိတ် တဏှာ။ ဖြစ်ဆဲဖြစ်သော အာရုံခြောက်ပါး၌ တပ်မက်တတ် သော လောဘ ခေါ်သော ပစ္စုပ္ပန်တဏှာ။ လာလတံ့သော

အာရုံခြောက်ပါး၌ တပ်မက်တတ်သော လောဘ ခေါ်သော အနာဂတ်တဏှာ အားဖြင့် သုံးပါးသော တဏှာသည်။ ဝါ၊ မိမိသန္တာန်၌ဖြစ်သော အာရုံခြောက်ပါးကို တပ်မက်တတ်သော လောဘ ခေါ်သော အဇ္ဈတ္တတဏှာ။ တပါးသော သန္တာန်၌ ဖြစ်သော အာရုံခြောက်ပါးကို တပ်မက်တတ်သော လောဘ ခေါ်သော ဗဟိဒ္ဓတဏှာ အားဖြင့် ၂-ပါးသော တဏှာသည်၊ ၎င်း၊ အချင်းချင်းမြှောက်ပွားသောအားဖြင့် (၁၀၈)ပါးသော တဏှာသည်၊ ဝါ၊ တဏှာသုံးတန်၊ အရင်းခံ၊ အာ-ကာ-သန်နှင့် မြှောက်ပွားသော (၁၀၈)ပါးသော တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။

(ဤကား—သတ္တမအင်္ဂါ)

၈။ တဏှာပစ္စယာ၊ အဆိုပါ တဏှာ ၁၀၈-ပါးဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ ဝါ၊ အာရုံ ခြောက်ပါး၌ " ဘား " ကို မလွှတ်တန်း မြွေခဲသကဲ့သို့ မြဲစွာ စွဲလမ်းတတ်သော လောဘ ခေါ်သော ကာမုပါဒါန်။ နတ္ထိ ယိဋ္ဌံ၊ နတ္ထိဒိန္နံ စသည်ဖြင့် ယဇ်ကြီး ယဇ်ငယ် အလှူပေးခြင်း သည် အကျိုးမရှိဟု ယူမှားသော ဒိဋ္ဌိစေတသိက် ခေါ်သော ဒိဋ္ဌုပါဒါန်။ ဂေါသီလ, ဂေါဝတဟု ဆိုအပ်သော နွားတို့၏ အလေ့ အကျင့်ဖြင့်ပင် သံသရာမှ စင်ကြယ်၏။ ဝါ၊ နိဗ္ဗာန် ရောက်၏ ရ၏ဟု ယူမှားသော ဒိဋ္ဌိစေတသိက် ခေါ်သော သီလဗ္ဗတုပါဒါန်။ ရူပံအတ္တတောသမနုပဿတိ စသည်ဖြင့် လာသော သက္ကာယဒိဋ္ဌိ ၂၀-ခေါ်သော အတ္တဝါဒုပါဒါန် အားဖြင့် လေးပါးသော ဥပါဒါန် တရားသည်။ သမ္ဘဝတိ၊ ဖြစ်သည်။ (ဤကား—အဋ္ဌမအင်္ဂါ)

၉။ ဥပါဒါနပစ္စယာ၊ အဆိုပါ ဥပါဒါန်တရား လေးပါး ဟူသောအကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ ဝါ၊ ကမ္မဘဝ, ဥပပတ္တိဘဝ ၂-ပါးသည်။ ဝါ၊ လောကီ ကုသိုလ်, အကုသိုလ်စေတနာ ၂၉-ခု ခေါ်သော ကမ္မဘဝ၊ လောကီ ဝိပါက်ဗာတ္တိံသ စေတသိက်ပဉ္စတိံသ ကမ္မဇရုပ်ဝီသခေါ်သော ဥပပတ္တိဘဝ သည်။ ဝါ၊ ကာမဝိပါက်တေဝီသ စေတသိက် တေတ္တိံသ ကမ္မဇရုပ်ဝီသ ခေါ်သော ကာမဘဝ၊ ရူပဝိပါက် ၅-ခု၊ စက္ခုဝိညာဏ်ဒွေ, သောတဝိညာဏ်ဒွေ, သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃-ခု၊ ဝိရတီကြဉ်သော စေတသိက်ပဉ္စတိံသ, ဣတ္ထိဘော, ပုမ္ဘော, ဃာန, ဇိဝှါ, ကာယ ကြဉ်သော ကမ္မဇရုပ် ပန္နရသခေါ်သော ရူပဘဝ၊ အရူပဝိပါက် ၄-ခု၊ စေတသိက် တိံသ ခေါ်သော အရူပဘဝ၊ နေဝသညာ နာသညာယတန ဝိပါက်ကြဉ်သော လောကီဝိပါက်ဧကတိံသ, စေတသိက်ပဉ္စ တိံသ, ကမ္မဇရုပ်ဝီသ ခေါ်သော သညီဘဝ၊ ဇီဝိတနဝက ကလာပ်ရုပ် ၉-ခုခေါ်သော အသညီဘဝ၊ နေဝသညာနာသညာ ယတနဝိပါက်စိတ် ၁-ခု, စေတသိက်တိံသခေါ်သော နေဝသညီ နာသညီဘဝ၊ ဇီဝိတနဝကကလာပ်ရုပ် ၉-ခုခေါ်သော ဧက ဝေါကာရဘဝ၊ အရူပဝိပါက် ၄-ခု, စေတသိက်တိံသ ခေါ် သော စတုဝေါကာရဘဝ၊ ကာမဝိပါက်တေဝီသ ရူပဝိပါက် ၅-ခု၊ စေတသိက်ပဉ္စတိံသ ကမ္မဇရုပ်ဝီသ ခေါ်သော ပဉ္စ ဝေါကာရဘဝ အားဖြင့် ၉-ပါးသော ဥပပတ္တိဘဝသည်။ သမ္ဘဝတို့၊ ဖြစ်၏။

(ဤကား—နဝမအင်္ဂါ)

၁၀။ **ဘဝပစ္စယာ၊** လောကီကုသိုလ် အကုသိုလ်စေတနာ ၂၉-ခု ဟုဆိုအပ်သော ကမ္မဘဝ တည်းဟူသော အကြောင်း ကြောင့်။ ဇာတိ၊ ဇာတိသည်။ ဝါ၊ နိပ္ဖန္နရုပ် အဋ္ဌာရသတို့၏ ဖြစ်ဆဲဟု ဆိုအပ်သော ရုပ်၏ ဇာတိ၊ နာမက္ခန္ဓာလေးပါးတို့၏ ဖြစ်ဆဲဟုဆိုအပ်သော နာမ်၏ဇာတိ အားဖြင့် ဇာတိနှစ်ပါးသည်။ ဝါ၊ ရုပ်၏ ဇာတိ, နာမ်၏ ဇာတိသည်။ ဝါ၊ တခုသောဘဝ၌ အကျုံးဝင်သော ရုပ် နာမ် ခန္ဓာအစဉ်၏ ရှေးဦးစွာဖြစ်ခြင်း သည်။ သမ္ဘဝတိ၊ ဖြစ်၏။

(ဤကား–ဒသမအင်္ဂါ)

၁၁။ **ဇာတိပစ္စယာ၊** အဆိုပါ ဇာတိဟူသော အကြောင်း ကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ ဝါ၊ နိပ္ဖန္နရုပ်အဋ္ဌာရသ တို့၏ ရင့်ဆဲဟုဆိုအပ်သော ရုပ်၏ဇရာ၊ နာမက္ခန္ဓာလေးပါးတို့၏ ရင့်ဆဲဟုဆိုအပ်သော နာမ်၏ဇရာအားဖြင့် ဇရာနှစ်ပါး၊ နိပ္ဖန္နရုပ် အဋ္ဌာရသတို့၏ ပျက်ဆဲဟုဆိုအပ်သော ရုပ်၏ မရဏ၊ နာမက္ခန္ဓာ လေးပါးတို့၏ ပျက်ဆဲဟု ဆိုအပ်သော နာမ်၏ မရဏအားဖြင့် မရဏနှစ်ပါးသည်။ ဝါ၊ ဆံဖြူခြင်း, သွားကျိုးခြင်း စသည် ဖြင့် အိုမင်းရင့်ရော်ခြင်း, ကိုယ်ခန္ဓာ၏ ဆုံးခမ်းစုတေ သေကြေ ပျက်စီးခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။

(ဤကား–ဧကာဒသမနှင့် ဒွါဒသအင်္ဂါ)

**သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊** ဒေါသမူ ဒွေ၌ရှိသော ဒေါမနဿဝေဒနာခေါ်သော စိုးရိမ်ခြင်း သောက ဆွေမျိုးတို့၏ ပျက်စီးခြင်းစသော အကြောင်းကြောင့် ငိုကြွေး မြည်တမ်းသော အခြင်းအရာဖြင့်ဖြစ်သော စိတ္တဇဝိပ္ပလ္လာလာသ သဒ္ဒ ခေါ်သော ပရိဒေဝ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌

ရှိသော ဝေဒနာစေတသိက် ခေါ်သော ကိုယ်၏ ဆင်းရဲခြင်း ဒုက္ခ၊ ဒေါသမူဒွေဠ်ရှိသော ဝေဒနာစေတသိက် ခေါ်သော စိတ်နှလုံး မသာယာခြင်း ဒေါမနဿ၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း ဉာတိဗျသန၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း ဘောဂဗျသန၊ ရောဂါအနာ ပေါက်ရောက်ပျက်စီးခြင်း ရောဂဗျသန၊ သီလပျက်စီးခြင်း သီလဗျသန၊ အယူပျက်စီးခြင်း ဒိဋ္ဌိဗျသန ဟုဆိုအပ်သော ငါးပါးသော ပျက်စီးခြင်းတို့ဖြင့်။ ဝါ၊ တို့နှင့်တွေ့ကြုံဆုံစည်းရသောသူတို့အား လွန်လွန်ကဲကဲ စိတ်၏ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာပူပန်ခြင်း၏ အစွမ်းကြောင့်ဖြစ်သော ဒေါသမူဒွေဠ်ရှိသော ဒေါသစေတသိက်ခေါ်သော ဥပါယာသ တို့သည်။ သမ္ဘဝန္တိ၊ ဆင့်ကာဆင့်ကာ ဖြစ်ပေါ်လာကြကုန်၏။

ဧဝံ ဣမိနာဝုတ္တပစ္စယပရံပရဝိဓိနာ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော ပစ္စည်းအဆက်ဆက် အစီအရင်ဖြင့်။ ကေဝလဿ၊ ချမ်းသာစသည်နှင့် မြူမျှမရောသော။ တေဿ ဒုက္ခက္ခန္ဓဿ၊ ထို ပုဂ္ဂိုလ်သတ္တဝါတို့နှင့်မရောမယှက် ဆင်းရဲတုံးဆင်းရဲခဲ ဆင်းရဲအစုအပုံသက်သက်၏။ သာမုဒယော၊ ကြောင်းကျိုးဆက်ကာ တသီတတန်းကြီး ဖြစ်ပေါ်လာတော့သည်။ ဟောတိ၊ မုချမသွေ ဖြစ်ပေါ်လာတော့သတည်း။

**မှတ်ချက်။** ။ဤ၌ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်၏ အနက်ကို အခြားအခြားသော ပါဠိတော်၊ အဋ္ဌကထာ၊ သဂြိုဟ်ကျမ်းသာ စသည် တို့၏ ကျဉ်းကျဉ်းအနက်မျိုးမဟုတ်ဘဲ အကျယ်ချဲ့၍ အနက်ပေး

ဖော်ပြသည်မှာ၊ ပင်ကိုယ်ကဘဲ လွန်စွာနက်နဲ
ခက်ခဲနေတဲ့ အနက်အဓိပ္ပါယ်တွေ ပါဝင်၍နေ
ကာ ရိုးရိုးကျဉ်းကျဉ်းမျှလောက်သာ အနက်
ပေး ဖော်ပြနေက သဲလွန်စသိဘို့ရာမှာ လွန်စွာ
လွန်စွာ ခက်ခဲနေ၍ သိရခဲ သိနိုင်ခဲတဲ့ အနက်
အဓိပ္ပါယ်မျိုးကို ပေါ်လွင်ထင်ရှား အသိဉာဏ်
တိုးပွားစေရန် ရည်သန်၍ သက်ဆိုင်ရာ ခန္ဓ
ဝိဘင်းပါဠိတော်၊ ၎င်းအဖွင့် အဋ္ဌကထာ၊ဓာတု
ကထာ ပါဠိတော်၊ ၎င်းအဖွင့် အဋ္ဌကထာဆရာ
တို့၏ အမိန့်အဆိုတို့ကို ကြည့်၍ အကျယ်ချဲ့၍
အနက်ပေးထားသည်။ သို့သော်-ပါဠိအနက်အရ
ကျက်လိုသူတို့မှာ အနက်ကိုချန်လှပ်၍ သမ္ဘဝန္တိ
သမ္ဘဝတိ ပုဒ်တို့၌စပ်၍ ကျက်မှတ်ကြပါလေ။
အနက် များကို သဘောပေါက်လွယ်အောင်
မကြာမကြာ ပြန်လှန်သုံးသပ်ကြည့်ရှု လေ့လာ
ကြပါလေ။

---

## ၂။ ပဋိလောမ၏ အနက်။

အဝိဇ္ဇာယတွေဝ၊ အနုလုံ၌ အဆိုပါရှစ်ဋ္ဌာနတို့ကို ပိတ်စတုံး
လုံးလုံးကြီး မသိ မမြင်နိုင်အောင်။ ဝါ၊ မသိ မမြင်ရအောင်
ဖုံးလွှမ်းပိတ်ပင်၍ထားတတ်သော မောဟခေါ်သော အဝိဇ္ဇာ၏
သာလျှင်။ အသေသ ဝိရာဂနိရောဓာ၊ အရဟတ္တ မဂ်ဉာဏ်ဖြင့်

အကြွင်းမဲ့ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကြောင့်။ သင်္ခါရ နိရောဓော၊အနုလုံ၌ အဆိုပါ သင်္ခါရတို့၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ဖြစ်၏။

သင်္ခါရနိရောဓာ၊ အဆိုပါ သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်း ကြောင့်။ ဝိညာဏနိရောဓော၊ အဆိုပါ ဝိညာဏ်တို့၏ချုပ်ငြိမ်း ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (ပ) ဤသို့ စသည်ဖြင့်။ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ထိအောင်ဆိုလေ။

ဧဝံ ဤမိနာဝုတ္တပစ္စယပရံပရဝိမိနာ၊ ဖြင့်။ ကေဝလဿ၊ သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ၏။ နိရောဓော၊ ကြွင်းကျန်မရှိ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ မုချမသွေ ဖြစ်လေတော့၏။

(ဤကား—ပဋိလောမ၏ အနက်ဘည်း)

## ပဋိစ္စသမုပ္ပါဒ်ပါဠိတော်၏(အဓိပ္ပါယ်အကျဉ်း)

၁။ အဝိဇ္ဇာကြောင့်—ပုညာဘိသင်္ခါရ ဖြစ်ရာ၌ အာရမ္မဏ, ပတ္ထုပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ အဝိဇ္ဇာကြောင့်—အပုညာဘိသင်္ခါရဖြစ်ရာ၌ အာရမ္မဏ, ပကတူပနိဿယသတ္တိ စသည်အားဖြင့် ကျေးဇူးပြု၏။

၃။ အဝိဇ္ဇာကြောင့်—အာနေဉ္ဇာဘိသင်္ခါရဖြစ်ရာ၌ ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၄။ သင်္ခါရကြောင့်—ဝိညာဏ်ဖြစ်ရာ၌ နာနာက္ခဏိကကမ္မ, ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

## ကျေးဇူးပြုပုံပြုနည်း။

**အဆိုပါ** ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် အခက်ကြီး လေးပါးတွင် နောက်ဆက်တွဲအနေဖြင့် အခက်တပါး ပါဝင် နေ၍ လွန်စွာ လွန်စွာ ခက်ခဲ နက်နဲနေ၍ အနည်းငယ်ခွဲ၍ ပြဆိုပါဦးမည်။

**အဘယ့်ကြောင့်ဆိုသော်**–"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ။ သော ဓမ္မံ ပဿတိ"ဟု မူလပဏ္ဏာသမှာ ပြဆိုပါသောကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ဉာတပရိညာဖြင့် သိမှု နှင့် စင်ကြယ်စေဘို့ အထူးလိုအပ်နေပါတယ်။ ဤလိုဤပုံ-ဉာတပရိညာဖြင့်၊ ဝါ၊ ရုပ်နာမ် ခန္ဓာအထိ သိမှုဖြင့် သိမှုနှင့်စင်ကြယ်နေလျှင် ရှုန့်ရင်း ကြမ်းတမ်းလှတဲ့ ဒိဋ္ဌိတရားကြီးသည်၊ ဝါ၊ပဋိစ္စသမုပ္ပါဒ်တရားကို ငါ့ကိုယ်အတ္တဟု မဟုတ်မမှန်ဘဲ လုပ်ကြံပြီးစွပ်စွဲနေတဲ့ အတ္တဒိဋ္ဌိ တရားသည် မစွဲနိုင်တော့ဘဲ၊ ဝါ၊ မပူး မကပ်လာနိုင်တော့ဘဲ အကြောင်းအကျိုး ဆက်စပ်နေတဲ့သဘောဘဲလို့ သိမြင်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်သို့ ရောက်ကာ ဉာတ တီရဏပရိညာ ဖြင့် ဓမ္မ သဘာဝကို ပိုင်ပိုင် နိုင်နိုင် သိမြင်နိုင်တော့တာဘဲဟု ဆိုလိုပါ တယ်။

**တဘန်** "ယော ဓမ္မံ ပဿတိ။ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ" ဟုပြန်လှန်၍ပြဆိုပါသောကြောင့် ယထာဘူတ သဘာဝ ကျကျ ဓမ္မသဘာဝကို သိမြင်လျှင်လဲ ပဋိစ္စသမုပ္ပါဒ်ကို သိမြင်လာတော့ တာပါဘဲ။

တဘန် “ယထာရဟံ တေ ဘဝစက္ကံ ဝိညာတဗ္ဗံ” လို့ ဝိသုဒ္ဓိမဂ်မှာဆိုထားသောကြောင့် သိမှုနှင့် ဉာဏ်အမြင်စင်ကြယ် လာအောင် ဖြစ်သင့်ဖြစ်ထိုက်သည်အားလျော်စွာ နက်နဲခက်ခဲ ခြင်းနှင့် လုံးဝပြည့်စုံနေသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ အကြောင်းအကျိုး ဆက်စပ်လျက် တသံသရာလုံး မပြတ်လည် နေသော ဘဝစက်ရဟတ်ကြီး၏အကြောင်းကို ကောင်းကောင်း သိထားဘို့ရာ လွန်စွာ လွန်စွာ လိုအပ်လှပါသည်။ အဘယ့် ကြောင့်ဆိုသော်–ပဋိစ္စသမုပ္ပါဒ်အကြောင်းကို ကောင်းကောင်း မသိလျှင် သံသရာဝဋ်က မထွက်မြောက်နိုင်ကြသောကြောင့် ပေတည်း။ ထို့ကြောင့်-ပိုင်ပိုင်နိုင်နိုင် သိအောင် အားထုတ် ကြပါလေ။

အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ ဖြစ်ရာ၌၊ ၁-အဝိဇ္ဇာကို ဦးခေါင်း၌ ရွက်လျက် ဖြစ်ပုံ။ ၂-အဝိဇ္ဇာကို ခုန်ကျော်လျက် ဖြစ်ပုံ။ ၃-အဝိဇ္ဇာကိုနင်းလျက် ဖြစ်ပုံ ဟု-သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင်—

ဦးခေါင်း၌ရွက်လျက် ဖြစ်ပုံ။

၁။ သံသရာဘေးကို မဆင်ခြင်, မွေးသေ လွတ်တဲ့ နိဗ္ဗာန် ချမ်းသာကို မလိုခြင် မတောင့်တဘဲ မွေး သေ မလွတ်သေးတဲ့ လူနတ်ချမ်းသာကိုတောင့်တ၍ကုသိုလ်ပြုသောအခါ ဥပနိဿယ သတ္တိဖြင့် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်သည်။ ထိုအခါ အဝိဇ္ဇာကို ဦးခေါင်း၌ရွက်လျက် ကုသိုလ်ရှင်အား ကုသိုလ်ဖြစ် သည်။ထိုအခါ ဘာနှင့်တူပါသလဲဆိုလျှင်အဝိဇ္ဇာရွက်ထားသော ကုသိုလ်ရှင်သည် အညစ် အကြေးတွေ လိမ်းကျံ ပေနေလို့

ရှုံအိုင်ရေကိုချိုးလျှင် တိုး၍ အညစ်အကြေးတွေ လိမ်းကျံ ပေနေပြန်သလို မိုက်မဲ၍ ဝဋ်ချမ်းသာကို တောင့်တပြီး ကုသိုလ်ပြုလျှင် ဝဋ်ချမ်းသာကိုရရှိပြန်၍ အို, နာ, သေရေး ဒုက္ခဘေးတို့ကို ထပ်ပြီးတိုးမိနေပြန်၍ တိုးပြီးမိုက်မဲသွားသည်နှင့် တူနေပြန်တော့သည်။

## ခုန်ကျော်လျက် ဖြစ်ပုံ။

၂။ မိမိ-သူတပါးပြုခဲ့သော အကုသိုလ်အဝိဇ္ဇာကိုအပါယ်ဘေးသံသရာဘေးအပြစ်ဖြစ်လတံ့ဟု ဆင်ခြင်၍ ထိုအပြစ်မှ လွတ်စေခြင်းငှါကုသိုလ်ပြုသောအခါဥပနိဿယသတ္တိဖြင့်အဝိဇ္ဇာကြောင့်ပုညာဘိသင်္ခါရဖြစ်သည်။ ထိုအခါ အဝိဇ္ဇာကို ခုန်ကျော်လျက်ကုသိုလ်ရှင်အား ကုသိုလ်ဖြစ်သည်။ ထိုအခါ ဘာနှင့်တူသလဲဆိုလျှင် အဝိဇ္ဇာကို ခုန်ကျော်သော ကုသိုလ်ရှင်သည် အညစ်အကြေး ပေနေလို့ ရေကောင်း ရေသန့်နှင့် ချိုးလျှင် အညစ်အကြေး ကင်းစင်သွားသလို၊ မိုက်လို့ အမိုက် လွှတ်အောင်အဝိဇ္ဇာကို ခုန်ကျော်၍ ကုသိုလ်ပြုလျှင် အမိုက်အမဲ ကင်းသွားသည်နှင့်တူလေသည်။

## နင်းလျက်ဖြစ်ပုံ။

၃။ မိမိပြုမိသော အကုသိုလ်အဝိဇ္ဇာကို၊ ဝါ-မောဟစိတ်စေတသိက်ကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍၊ ဝါ ဥပါဒ်,ဌီ,ဘင်မျှဖြစ်၍ ပျက်လေ ပျောက်လေတော့သည်ဟုသိ၍ မမြဲ-ဆင်းရဲအစိုးမရ, အနိစ္စ, ဒုက္ခ,အနတ္တသာဖြစ်သည်ဟု ဝိပဿနာရှုသောအခါ အာရမ္မဏသတ္တိဖြင့် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်သည်။ ထိုအခါ အဝိဇ္ဇာကို နင်းလျက် ကုသိုလ်ရှင်အား

ကုသိုလ်ဖြစ်သည်။ ထိုအခါ ဘာနှင့်တူသလဲဆိုလျှင် အဝိဇ္ဇာကို နင်းထားသော ကုသိုလ်ရှင်သည် ပုအိုက်လွန်း၍ ရေအေးချိုးလျှင် အပူအအိုက် ပျောက်သွားသလို မိုက်လွန်း၍ အဝိဇ္ဇာအမိုက်ကို နင်း၍ ဝိပဿနာကုသိုလ်နှင့် နင်းပစ်လျှင် အဝိဇ္ဇာအမိုက် ပျောက်ပျက်သွားသည်နှင့်တူလေသည်။

အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ရာ၌ ရှေးကဖြစ်ခဲ့ပြီးသော အကုသိုလ်အဝိဇ္ဇာကို စဉ်းစားမိတိုင်း အာရုံပြု၍ လောဘဒေါသတို့ဖြစ်သာသောအခါ အာရမ္မဏသတ္တိဖြင့် အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်သည်။

ရှေးရှေးဖြစ်ပြီး အကုသိုလ်အဝိဇ္ဇာကို အခြေခံ၍ မည်သည့်အရပ်ဒေသ, မည်သည့်အခါကာလ, မည်သည့်မကောင်းမှုကို “ငါ-လူသတ်မှုတခုကိုပြုလုပ်ခဲ့တာ ငါကွ”စသည်ဖြင့် နောက်ထပ်လောဘ၊ ဒေါသ ဖြစ်သောအခါ **ပကတူပနိဿယသတ္တိ** ဖြင့် **အဝိဇ္ဇာကြောင့်** အပုညာဘိသင်္ခါရဖြစ်သည်။ ကျန်—အနန္တရ, **သဟဇာတ**တို့၌လည်း သက်ဆိုင်ရာအဝိဇ္ဇာကြောင့် သက်ဆိုင်ရာအနန္တရ သဟဇာတကတို့ဖြင့် ကျေးဇူးပြု၍ဖြစ်ကြလေသည်။

**အဝိဇ္ဇာကြောင့်**-အာနေဉ္ဇာဘိသင်္ခါရဖြစ်ရာ၌ အရူပလေးဘုံသည် နာမ်ခန္ဓာလေးပါးတို့၏ ကျက်စားရာသင်္ခါရမကင်းသေး၍ နိဗ္ဗာန်မဟုတ်ဘဲလျက် နိဗ္ဗာန်ဟုမှားသောအားဖြင့် သုံးသပ်မိရာ အရူပလေးဘုံ၌ တပ်မက်သော လောဘဖြစ်သောအခါ ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုကြလေသည်။

**သင်္ခါရကြောင့်—ဝိညာဏ်ဖြစ်ပုံမှာ** လွန်စွာကျယ်ဝန်းလှပါ သောကြောင့် နောက်မှ ပြဆိုပါမည်။ ဤသို့ စသည်ဖြင့် **အကြောင်းအကျိုး အစဉ်မပြတ် ဆက်စပ်၍ဟောတော်မူထားရာ သံသရာ စက်, ဘဝ စက် ဖြစ်ခြင်းအားလျော်သောကြောင့် လောမသာအနုရူပံ အနုလောမံ** ဟူသော အဗျယီဘာဝသမာသ် **နှင့်အညီပေတည်း။** ။**လောမသာ၊ အဝိဇ္ဇာ**စသော ပစ္စည်းတရား **အား။ အနုရူပံ၊** လျော်သည်တည်း၊' **အနုလောမံ၊ အဝိဇ္ဇာ** **စသော ပစ္စည်းတရားအားလျော်သည်** ဟု—**အနက်ပေးလေ။**

**ဤ၌—လောမ**အရကို အဝိဇ္ဇာ စသော အကြောင်းကြောင့် **သင်္ခါရ**စသော အကျိုးတရားဖြစ်သော အခြင်းအရာ အာကာရ ကို ယူလေ။

ဤ **အနုလုံ၌** အဝိဇ္ဇာနှင့် ဘဝတဏှာသည် သံသရာဟူသော ဘဝစက်၏ မူလ အကြောင်းရင်း ဖြစ်သောကြောင့် ရထား လှည်းဘီး ပုံတောင်း(ပဒေါင်း)နှင့်တူ၏။ သင်္ခါရ အစ, ဇာတိ အဆုံးရှိသော ဆယ်ပါးသောတရားစုသည် ဘဝသုံးပါး၌ မနား မရပ် လှည့်ပတ် သွားလာနေဘတ်သောကြောင့် ရထားဘီး အကန့်အထောက်၊ ဝါ-လှည်းထောက်အပေါင်းနှင့်တူ၏။ ဇရာ နှင့် မရဏသည် တဘဝ-တဘဝ၏ အဆုံးအဆုံး၌ဖြစ်တတ်သော ကြောင့် ရထားလှည်းဘီး **အကွပ်** သံပတ်နှင့်တူ၏။ ။ ဤ၌ ဇရာ, မရဏအရမှာ ရုပ် နာမ်တို့၏ ဌီ-အခိုက်ကို မယူလေနှင့်၊ ဆံဖြူ-သွားကျိုး-အရေတွန့်လိမ်ခြင်း စသည်ကိုသာယူပါလေ။

(ဤကား—အနုလုံအဓိပ္ပါယ်အကျဉ်းတည်း)

## ပဋိလုံ အစိပ္ပါယ်အကျဉ်းကား။

**အရဟတ္တမဂ်ဖြင့်** အဝိဇ္ဇာ, တဏှာဟူသော ဝဋ်မြစ်ပြတ်ခြင်းကြောင့် ရှေးအတိတ်ကံဟောင်းလည်း မီးလောင်ပြီး မျိုးစေ့ကဲ့သို့ဖြစ်၍ အကျိုးကို မဖြစ်စေနိုင်ပြီ၊ **ဘုရားကို ပူဇော်ခြင်း** စသည်တို့၏ အစွမ်းကြောင့်ဖြစ်သော ပစ္စုပ္ပန်လက်ရှိဘဝ၌ဖြစ်သော စေတနာသည်လည်း ရေသောက်မြစ် ပြတ်ပြီးသော သစ်ပင်ကဲ့သို့ဖြစ်၍ ဘဝဘဘန် ရုပ်နာမ်ခန္ဓာဟူသောအကျိုးကို မဖြစ်စေနိုင်ပြီ။ ဤ **အဓိပ္ပါယ်မျိုး** ကို ရည်၍ အဝိဇ္ဇာဟူသော မောဟ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရချုပ်ခြင်းသည် စသည်ဖြင့် ဟောတော်မူသည်။ ဤသို့ ဟောတော်မူသည်မှာ အကြောင်းတရားတို့သည်ပြီးစေအပ်သော အကျိုးတရားကို မပြီးစေနိုင်သည်ဖြစ်၍ သံသရာစက် ဘဝစက်တဘန် ဝဋ်ဖြန်ပြန်ခြင်း၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် **လောမသပဋိပက္ခ ပဋိလောမံနှင့်အညီပေတည်း။** လောမဿ၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရစသည်တို့၏ ချုပ်ခြင်း၏။ ပဋိပက္ခံ၊ ဆန့်ကျင်ဘက်တည်း။ ပဋိလောမံ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရစသည်တို့၏ချုပ်ခြင်း၏ဆန့်ကျင်ဘက်ဤ၌—လောမအရကို အဝိဇ္ဇာစသည်တို့၏ ချုပ်ခြင်းကြောင့် သင်္ခါရစသည်တို့၏ချုပ်ခြင်းကိုယူလေ။

(ဤကား—ပဋိလုံ၏အဓိပ္ပါယ်အကျဉ်းတည်း)

**မှတ်ချက်။** ။ ဤ၌အနုလုံ ပဋိလုံအရမှာ ကောသာ့လောမာ (ပ) မုတ္တံ။ ။မုတ္တံ(ပ)လောမာ့ကောသာ ဆိုတဲ့ ကာယဂတာသတိပဋ္ဌာန်မှာလာတဲ့ စုန်-ဆန် ပြန်လှန်မျိုးမဟုတ် အဟုတ်အမှန်မှာ—အဝိဇ္ဇာ စသော အကြောင်းတရားတို့သည် မိမိတို့ပြုအပ်သော ပစ္စယကိစ္စကို ပြုလုပ်သည်ကား၊ အနုလုံမည်၏။ မိမိတို့သည် ချုပ်ပျောက်ခဲ့ရပြီးရကား၊ ပစ္စယကိစ္စကို မပြုလုပ်သည်ကား ပဋိလုံမည်၏။ ဆိုလိုရင်းမှာ—အဖြစ်ကို အနုလုံ၊ အချုပ်ကို ပဋိလုံဟု ယူစေလိုပါသည်။ တနည်းဆိုသော်--သံသာရာဝဋ်ဖြစ်ခြင်းအားလျော်သည်ကို အနုလုံ၊ သံသရာဝဋ်နှင့်ဖြစ်ခြင်းငှါဆန့်ကျင်နေသည်ကို ပဋိလုံ ဟု ဆိုလိုရင်းဖြစ်သည်ဟု သိလေ-မှတ်လေ။

———

## ဝဋ္ဋကထာ—အဝိဇ္ဇာနှင့် တဏှာ။

ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဘယ့်ကြောင့် အဝိဇ္ဇာကို ရှေးဦးအစထား၍ ဟောကြားအပ်ပါသနည်း ?။ အဝိဇ္ဇာ၏ အကြောင်းမရှိသောကြောင့်ပင် အစထား၍ဟောကြားအပ်ပါသလောဟူသော အမေး၌၊ "**အာသဝသမုဒယာ၊ အဝိဇ္ဇာ သမုဒယော**"နှင့်အညီ၊ အဝိဇ္ဇာ၏ အကြောင်းအာသဝ ရှိပါသည်၊ မရှိ၍ မဟုတ်ပါ။ သို့ရာတွင် ဘုရားမြတ်စွာ စိန္တေယျသည် ဝဋ္ဋကထာ ဝဋ်အကြောင်းကိုဟောတော်မူတဲ့ခါ ရံခါအဝိဇ္ဇာကို ခေါင်းတပ်၍ ရံခါ-တဏှာကို ခေါင်းတပ်၍ ဟောတော်မူတတ်သော အလေ့ထုံးစံရှိပါသည်။

**အဝိဇ္ဇာပုံစံကား—** ပုရိမာဘိက္ခဝေ (ပ) အဝိဇ္ဇာယ ဣတော
ပုဗ္ဗေ အဝိဇ္ဇာနာဟောသိ။ ။

**တဏှာ ပုံစံကား—** ပုရိမာဘိက္ခဝေ(ပ) ဘဝတဏှာယဣတော
ပုဗ္ဗေဘဝတဏှာနာဟောသိ။ ။

**မှတ်ချက်။** ။သမ္မောဟဝိနောဒနီ၊ ဝိသုဒ္ဓိမဂ်ကျမ်းတို့၌ကား နွယ်
ဆောင်ယူသော ယောကျ်ားလေးယောက်ဥပမာနှင့်
ဖွင့်ပြထားပါးသည်၊ အလိုရှိပါလျှင် ၎င်းတို့၌ ကြည့်
ရှုပါ လေ။

---

## ဆောင်ပုဒ်လင်္ကာ၊

စတုသစ္စ၊တိအန္တနှင့်၊ပဋိစ္စသမုပ္ပါဒါမသိတာ၊အဝိဇ္ဇာဟုခေါ်။
မသိတတ်စွာ၊အဝိဇ္ဇာကြောင့်၊ကာယဝစီ၊ စိတ်တမည်နှင့်၊ သုံးလီ
သင်္ခါရ၊ ဖြစ်ပေါ်ကြ၏။ သင်္ခါရကြောင့်၊ ခြောက်ဝဝိညာဏ်၊
ထိုဝိညာဏ်ကြောင့်၊ နာမ်ရုပ်ပေါ်ငြား၊ နာမ်ရုပ်အားကြောင့်၊
ခြောက်ပါးအာယတန၊ ဖြစ်ပေါ်ရ၏။ ဖဿတွေ့ငြား၊ ခံစား
ဝေဒနာ၊ တဏှာနှစ်သက်၊စွဲချက်ဥပါဒါန်၊ အကြောင်းခံ၍၊ ကံ
ခေါ်ဘဝ၊ ဖြစ်လာရ၏။ ဘဝအတွက်၊ဇာတိထွက်၍၊ အို့ပျက်
ပူဆွေး၊ ငိုကြွေး ဆင်းရဲ၊ စိတ်ထဲမသာ၊ ပင်ပန်းစွာတို့။ ဖြစ်လာ
သီးသီး၊ လောကကြီးသည်၊ပွားစီးနေရ၊ ကြောင်းကျိုးမျှတည်း။
ထာဝရဘုရား၊ဖန်ဆင်းထားသည်၊လားလားမဟုတ်၊အကြောင်း
ချုပ်က၊ ကျိုးချုပ်ပျက်စီး၊ လောကကြီးသည်၊ ချုပ်ငြိမ်းမုချ၊
အေးငြိမ်းရသည်၊ ဗုဒ္ဓဘာသာ—ယူမှန်တည်း။ ။

## ဒိဋ္ဌိအမှား လွင့်ပျောက်သွား။

**မှတ်ချက်။** ။ ဤလိုဤပုံ အကြောင်းအကျိုး ဆက်၍ ဖြစ်ပျက်နေကြသော ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို ဆီးဝမ်းကွဲအောင် အသိဉာဏ် ပေါက်ရောက်သွားပါလျှင် ဤလောကကြီးသည်၊ ဝါ၊လူ နတ် ဗြဟ္မာ သတ္တဝါသည် ဘယ်ဗြဟ္မာ ဘယ်ဘုရားက ဖန်ဆင်း၍ဖြစ်သည်မဟုတ်။ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဖြစ်ခြင်း,ပျက်ခြင်း,မွေးခြင်း သေခြင်းလည်း မဟုတ်။ အဝိဇ္ဇာစသော အကြောင်းတရား အဆက်ဆက်ကြောင့် သင်္ခါရ စသော အကျိုးတရား အဆက်ဆက်တို့၏ ဖြစ်ခြင်း ပျက်ခြင်း, ဖြစ်မှုပျက်မှုမျှသာ ဖြစ်ကြလေသည်။ ထို အကြောင်းတရား အဆက်ဆက်, အကျိုးတရားအဆက်ဆက်တို့ကို ပျက်အောင် ပြတ်အောင် ဖျက်ဆီး၍ပေးနိုင်သော စွမ်းရည်သတ္တိ ကျပ်ပြည့်ရှိသော အရဟတ္တမဂ် လက်နက်ဖြင့် ဖျက်ဆီး၍ ထိုအကြောင်းအကျိုးတရားတွေနောက်ထပ် အသစ်တဖန် မဖြစ်နိုင်တော့ဘဲ အငြိမ်းကြီး ငြိမ်း၍ အအေးကြီးအေးလေတော့သည်ဟု အသိမှန် အမြင်မှန်ကိုရ၍ အယူမှန်ကို ယူသွားနိုင်တဲ့ခါ တသံသရာလုံး ယူမှားခဲ့သော မိစ္ဆာဒိဋ္ဌိ, အတ္တဒိဋ္ဌိ, သတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, အတ္တဝါဒုပါဒါန် အယူမှား အမျိုးမျိုးတို့သည် ရေဆေးပစ်လိုက်သလို၊ ဝါ၊ ခဝါချဒိုဘီပေးလိုက်သလို အကုန်လုံး စင်ကြယ်သွားလေတော့သည်။

ထို့ကြောင့် ဤမျှကြီးမားလှစွာသော တသံသရာလုံးက မှားခဲ့သော အယူမှားတို့ကို ယခုလက်ရှိဘဝ သေနေ့မဦးခင် ပယ်ရှား ပစ်နိုင်အောင် ဤ ခန္ဓာဒီပကာသနီကျမ်းကို လက်ကိုင်ထား၍ ကျိုးစားကြပါရန် အပါယ်လွတ်အကျိုးမျှော်၍ နှိုးဆော်လိုက်ပါသည် မင်္ဂဖိုလ်စောင့်မျှော် သူတော်စဉ်အပေါင်းတို့။

---

အနုလုံ မြန်မာပြန်။

၁။ အဝိဇ္ဇာကြောင့် .... သင်္ခါရဖြစ်၏။
၂။ သင်္ခါရကြောင့် .... ဝိညာဏ်ဖြစ်၏။
၃။ ဝိညာဏ်ကြောင့် .... နာမ်ရုပ်ဖြစ်၏။
၄။ နာမ်ရုပ်ကြောင့် .... သဠာယတနဖြစ်၏။
၅။ သဠာယတနကြောင့်-- ဖဿဖြစ်၏။
၆။ ဖဿကြောင့် .... ဝေဒနာဖြစ်၏။
၇။ ဝေဒနာကြောင့် .... တဏှာဖြစ်၏။
၈။ တဏှာကြောင့် .... ဥပါဒါန်ဖြစ်၏။
၉။ ဥပါဒါန်ကြောင့် .... ဘဝဖြစ်၏။
၁၀။ ဘဝကြောင် .... ဇာတိဖြစ်၏။
၁၁။ ဇာတိကြောင့် .... ဇရာ မရဏဖြစ်၏။
၁၂။ ဇရာမရဏကြောင့် .... သောက စသည်ဖြစ်၏။

ဤပုံဤနည်း-ချမ်းသာမဘက် ဆင်းရဲသက်သက်သာဖြစ်၏၊ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဆိုတာနှင့် လုံးဝမပတ်သက်၊ လုံးဝမစပ်ရှက်၊ အလွတ်သက်သက်သာဖြစ်၏။ ။

**ဆောင်ပုဒ်**.... မသိလို့ပြု၊ ပြုလို့ဖြစ်၊ ဖြစ်လို့ အို့ နာ သေ၊
စိုးရိမ်ငိုကြွေး၊ဆင်းရဲပင်ပန်း၊ဝဋ်ဒုက္ခစခန်း၊ဆုံးခန်း
မရှိ၊ ချာချာလှည့်၊ မှတ်သိ သမုပ္ပါဒ်။ ။

---

## ပဋိလုံ—မြန်မာပြန်။

၁။ အဝိဇ္ဇာချုပ်ခြင်းကြောင့် .... သင်္ခါရချုပ်၏။
၂။ သင်္ခါရချုပ်ခြင်းကြောင့် .... ဝိညာဏ်ချုပ်၏။
၃။ ဝိညာဏ်ချုပ်ခြင်းကြောင့် .... နာမ်ရုပ်ချုပ်၏။
၄။ နာမ်ရုပ်ချုပ်ခြင်းကြောင့် .... သဠာယတနချုပ်၏။
၅။ သဠာယတနချုပ်ခြင်းကြောင့်....ဖဿချုပ်၏။
၆။ ဖဿချုပ်ခြင်းကြောင့် .... ဝေဒနာချုပ်၏။
၇။ ဝေဒနာချုပ်ခြင်းကြောင့် .... တဏှာချုပ်၏။
၈။ တဏှာချုပ်ခြင်းကြောင့် .... ဥပါဒါန်ချုပ်၏။
၉။ ဥပါဒါန်ချုပ်ခြင်းကြောင့်.... ဘဝချုပ်၏။
၁၀။ ဘဝချုပ်ခြင်းကြောင့် .... ဇာတိချုပ်၏။
၁၁။ ဇာတိချုပ်ခြင်းကြောင့် .... ဇရာ မရဏချုပ်၏။
၁၂။ ဇရာ မရဏချုပ်ခြင်းကြောင့်....သောကစသည်ချုပ်၏။

ညှိပုံညှိနည်း— ချမ်းသာမဘက် ဆင်းရဲ သက်သက်သာ ချုပ်၏။ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဆိုတာနှင့် လုံးဝ မပတ်သက်၊ မစပ်ရှက်၊ အလွတ်သက်သက်သာချုပ်၏။

**ဆောင်ပုဒ်....** သိလို့မပြု၊ မပြုလို့မဖြစ်၊ မဖြစ်လို့ မအို့မနာ မသေ။ မစိုးရိမ် မဆင်းရဲ့ မပင်ပန်း့ ဝင်္ကစခန်းသတ်၊ မလည်ပတ်၊ ပြတ်၏ သမုပ္ပါဒ်။ ။

**မှတ်ချက်။ ။** ဤ၌ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် **သင်္ခါရ ချုပ်၊** သင်္ခါရ ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ် စသည်ဖြင့် ဟောတော်မူသည်မှာ လူ နတ်တို့ နားလည်နိုင်စေရန် ( **ဒေသနာဝိလာသ** ) ဒေသနာတော် အစဉ်ကျသော အားဖြင့် ဒေသနာတော်ကို တန်းဆာဆင်၍ ဟောတော် မူခြင်းသာ ဖြစ်လေသည်။ **တခုချုပ်ပြီး မှ** တခုချုပ်၊ တဆင့် တဆင့်စီ ချုပ်-ချုပ်နေရတော့သည် မဟုတ်။ တရားအလုပ် အားထုတ်၍ ကရားရ အရဟတ္တမဂ်ခဏ၌ အဝိဇ္ဇာချုပ်သည်နှင့် တပြိုင်နက် တချက်တည်း အပြီး အပြတ် လက်စသတ် သင်္ခါရ စသော အကျိုးတရား အကြောင်းတရား အဆက်ဆက် တို့သည် တပြိုင်နက် တချက်တည်း အကုန်လုံး ချုပ်ငြိမ်းကြကုန်သည် ဟု သိလေ-မှတ်လေ၊ ဝါ-နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီးငြိမ်း ကြသည်ဟု သိလေ-မှတ်လေ။

ဤ၌-ချုပ်၏အရကို "**ဝိရာဂသင်္ခါတေန မဂ္ဂေန အဝသေသ နိရောဓော အနုပ္ပါဒနိရောဓော**" ဟူသော ဗောဓိကထာအဖွင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အညီ၊ တဘန် အသစ်မဖြစ်သော ချုပ် ငြိမ်းခြင်းကိုယူလေ။ ထို အချုပ်တွေထဲမှာလဲ လူ-နတ်-ဗြဟ္မာ, သတ္တဝါ, သူ-ငါတွေ ပါမနေစေနှင့်။ လုံးဝမပါဘူး၊ လူ နတ် စသည်တို့၏ ချုပ်မှု ပဲ မဟုတ်ဘူး။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ပင် "**သကလဿ ဝါ သုဒ္ဓဿ**

သတ္တာဝိရဟိတာသာတိအတ္ထော” ဟု ဖွင့်ပြသောကြောင့် ပုဂ္ဂိုလ် သတ္တဝါတို့နှင့်မရောမရှက် အလွတ်သက်သက် ဘဝစက် သံသရာ စက်ခေါ်သော ပဋိစ္စသမုပ္ပါဒ်စက် ချုပ်မှု ချုပ်ငြိမ်းမှုသက်သက် သာ ဖြစ်သည်ဟု သိလေ-မှတ်လေ။

## တခြားစီ—မနေစေနှင့်။

**ပဋိစ္စသမုပ္ပါဒ်** က တခြား, ငါတခြား, သူတခြား, လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါစသည် က တခြား၊ ဤသို တခြားစီဖြစ် မနေစေနှင့်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာလဲ ငါဘဲ၊ ငါဆိုတာလဲ ပဋိစ္စ သမုပ္ပါဒ်ဘဲ၊ ပဋိစ္စသမုပ္ပါဒ်ကို နုတ်လျှင် ငါမရှိပြီ၊ ငါကို နုတ် လျှင်လဲ ပဋိစ္စသမုပ္ပါဒ် မရှိပြီ၊ အဆိုပါ ပဋိစ္စသမုပ္ပါဒ်ကိုသာ ပညတ်အားဖြင့် သူ,ငါ,လူ,နတ်,ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါ စသည် ဖြင့် ခေါ်ဆိုရသည်။ ခေါ်ဆိုရရုံ ပညတ်မျှသာရှိသည်၊အဟုတ် မရှိ, ဆယ်မရှိ, ကိုးမရှိ,ပိတ်စတုံး လုံးလုံးမရှိ။အဟုတ်ရှိသည်ကား ကိုသုံးပါးတို့မှာ ကံအားလျော်စွာ အဝိဇ္ဇာစသော အကြောင်း တို့ကြောင့် သင်္ခါရ စသော အကျိုးတရားသက်သက် ပဋိစ္စ သမုပ္ပါဒ်စက်ကြီး မပြတ်လည်နေခြင်းမျှသာဖြစ်လေသည်အမှန်။ ထို့ကြောင့် “**တေ္တာ အတ္တာ စ ပရော စ နဝိဇ္ဇတိ**” နှင့် အညီ၊ ဤပဋိစ္စသမုပ္ပါဒ်စက်ထဲမှာ မိမိလဲမရှိ, သူတပါးလဲမရှိ, ဘယ်လူ ဘယ်နတ်,ဘယ်ဗြဟ္မာမှမရှိ။ အဆိုပါ အကြောင်းတရားကြောင့် အကျိုးတရားတွေ၊ ဝါ-အကြောင်း အကျိုးတွေ မပြတ်မစဲ ထပ် တလဲလဲ ဖြစ်ပျက်မွေးသေ နေကြတဲ့ သတ္တဝါတို့ရဲ့ ဖြစ်ရပ်တွေ ကိုသာ ပဋိစ္စသမုပ္ပါဒ်ဆိုရသည်ဟု ရှင်းရှင်းလင်းလင်း သိလေ။ ယုံမှားရှိမနေစေနှင့်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တခြား, ငါ- တခြား မနေစေနှင့်ဟု ဆိုခဲ့ပေသည်။

## ထပ်မံ—ရှင်းလင်းဖော်ပြချက်။

ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ် စသည် ဟောထားရာ၌ မဂဓဘာသာဖြင့်ဟောထားရာ-ပါဠိဘာသာ နားမလည် မကျွမ်းကျင်သူတို့မှာ သိရှိနားလည်နိုင်ဘို့ရာ သဘောပေါက်ဘို့ရာ လွန်စွာ့လွန်စွာ ခဲယဉ်းလှပါသောကြောင့်အနည်းငယ်ရှင်းပြပါဦးအံ့။

———

| ပါဠိလို | | မြန်မာလို |
|---|---|---|
| ၁။ အဝိဇ္ဇာ | .... | အဆိုပါရှစ်ဋ္ဌာနတို့ကို မသိမှုမလိမ္မာမှု, နားမလည်မှုဟု ဆိုလိုသည်။ |
| ၂။ သင်္ခါရ | .... | ပြုလုပ်မှု, စီရင်မှု, စီမံဖန်တီးမှု ဟုဆိုလိုသည်၊ |
| ၃။ ဝိညာဏံ | .... | အဆိုပါ သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်, နာမ်ဝိညာဏ်,အညွန့်အညှောက် ပေါက်မှုဟု ဆိုလိုသည်။ |
| ၄။ နာမရူပံ | .... | အဆိုပါဝိညာဏ်ကြောင့် တစုံတခုသောဘုံဘဝတို့၌ နာမ်ရုပ်ဖြစ်ပေါ်လာမှုဟု ဆိုလိုသည်။ |
| ၅။ သဠာယတနံ | .... | အဆိုပါ နာမ်ရုပ်ပေါ်မှာ မျက်စိ, နား,နှာ,လျှာ,ကိုယ်,အတွင်းအာယတန ခြောက်ပါးဟုဆိုလိုသည်။ |

| ပါဠိလို | | မြန်မာလို |
|---|---|---|
| ၆။ ဖဿ | .... | မျက်စိအတွေ့, နားအတွေ့ စသည် ခြောက်ပါးဖြစ်ပွားမှုဟုဆိုလိုသည်၊ |
| ၇။ ဝေဒနာ | .... | ခံသာ-မခံသာ, ခံသာ-မခံသာ, ဝေဒနာ သုံးမျိုး ဖြစ်ပေါ်မှုဟု ဆိုလိုသည်။ |
| ၈။ တဏှာ | .... | ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ၊ တဏှာသုံးပါး ဖြစ်ပွားမှု, အကျယ် အားဖြင့် တဏှာအစစ် (၁၀၈)ဖြစ်ပေါ်မှုဟုဆိုလိုသည်။ |
| ၉။ ဥပါဒါန် | .... | ကာမုပါဒါန်,ဒိဋ္ဌုပါဒါန်,သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန် လေးပါး စွဲလမ်းမှုဟုဆိုလိုသည်။ |
| ၁၀။ ဘဝေါ | .... | ကာမ, ရူပ, အရူပ, ကုသိုလ်, အကုသိုလ် စေတနာခေါ်သော ကမ္မဘဝ ဟုဆိုလိုသည်။ |
| ၁၁။ ဥပပတ္တိဘဝ | .... | ထို ကမ္မဘဝ ကြောင့် ဖြစ်သော ဝိပါက်နာမက္ခန္ဓာဟူသော ဥပပတ္တိဘဝဟု ဆိုလိုသည်။ |
| ၁၂။ ကာမဘဝ | .... | ကာမ-၁၁ဘုံခေါ်သော ကာမဘဝ။ |

| ပါဠိလို | | မြန်မာလို |
|---|---|---|
| ၁၃။ ရူပဘဝ | .... | ရူပ-၁၆-ဘုံခေါ်သော ရူပဘဝ။ |
| ၁၄။ အရူပဘဝ | .... | အရူပ-၄-ဘုံခေါ်သော အရူပဘဝ။ |
| ၁၅။ သညီဘဝ | .... | ပဋိသန္ဓေသညာရှိသော သညီဘဝ။ |
| ၁၆။ အသညီဘဝ | .... | ပဋိသန္ဓေသညာ မရှိသော အသညီဘဝ။ |
| ၁၇။ နေ၀သညီ နာသညီဘဝ | .... | ပဋိသန္ဓေသညာရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်သောဘဝ။ |
| ၁၈။ ဧကဝေါကာရဘဝ | .... | ရုပ်ခန္ဓာတပါးသာရှိသော အသညသတ် ခေါ်သော ဧကဝေါကာရဘဝ။ |
| ၁၉။ စတုဝေါကာရဘဝ | .... | နာမ်ခန္ဓာ လေးပါးသာ ရှိသော အရူပဗြဟ္မာ ခေါ်သော စတုဝေါကာရ ဘဝ။ |
| ၂၀။ ပဉ္စဝေါကာရဘဝ | .... | ခန္ဓာငါးပါး အစုံရသော ကာမ ၁၁-ဘုံ, အသညသတ် ကြဉ်သော ရူပ-၁၅-ဘုံ, ပေါင်း ၂၆-ဘုံ ခေါ်သော ဘဝ။ |

**မှတ်ချက်။** ။ ကာမဘဝမှစ၍ ပဉ္စဝေါကာရဘဝထိ ဘဝများကို ဘဝကြီး ၉-ပါးဟု ဆိုသည်။

| ပါဠိလို | | မြန်မာလို |
|---|---|---|
| ၂၁။ ဇာတိ | .... | တစုံတခုသော ဘုံဘဝတို့၌ ရှေးဦးစွာ ဖြစ်ပေါ်လာသော ရုပ်ဇာတိ, နာမ်ဇာတိ။ |
| ၂၂။ ဇရာ | .... | ဆံဖြူ, သွားကျိုး, အရေတွန့်လိပ်ခြင်းစသော ရုပ်ဇရာ,နာမ်ဇရာ။ |
| ၂၃။ မရဏ | .... | ထင်ရှား ရှိသော လက်ရှိ ဘဝမှ စုတေ ရွေ့လျော ပျက်စီး ခြင်း, သေခြင်း။ |
| ၂၄။ သောက | .... | စိုးရိမ်ခြင်း။ |
| ၂၅။ ပရိဒေဝ | .... | ငိုကြွေးရခြင်း။ |
| ၂၆။ ဒုက္ခ | .... | ကိုယ်ဆင်းရဲခြင်း။ |
| ၂၇။ ဒေါမနဿ | .... | စိတ်ဆင်းရဲခြင်း။ |
| ၂၈။ ဥပါယာသ | .... | ပြင်းစွာ ပင်ပန်းခြင်း တို့သည် အကြောင်းအားလျော်စွာဖြစ်ပေါ်လာကြကုန်၏။ |

## ထပ်မံရှင်းလင်းပေါ်ပြချက်။

နံပါတ်(၂)အရ၊ ပြုပြင်မှု, ပြုလုပ်မှု, စီရင်မှု, စီမံဖန်တည်းမှု ခေါ် သင်္ခါရသည် ပုည,အပုည,အာနေဉ္စဟု သုံးမျိုးရှိရာ—

၁။ ။ကာမကုသိုလ်စေတနာ-၈-ခု၊ရူပကုသိုလ်စေတနာ ၅ခု ပေါင်း-၁၃-ခုတို့သည် လူ့ဘုံ, နတ်ဘုံ, ရူပဘုံတို့၌ ဖြစ်သင့်ဖြစ် ထိုက်သလို ပြုပြင်စီရင်ဖန်တီး၍ ပေးတတ်သောကြောင့် ပုညာဘိ သင်္ခါရဟု ဆိုသည်။

၂။ ။အကုသိုလ်စေတနာ-၁၂-ခုသည် အပါယ်လေးဘုံတို့၌ ဖြစ်သင့်ဖြစ်ထိုက်သလို ပြုပြင်၍ပေးတတ်သောကြောင့် အပုညာ ဘိသင်္ခါရဟု ဆိုသည်။

၃။ ။အရူပကုသိုလ် စေတနာ-၄-ခုသည် အရူပလေးဘုံတို့၌ မတုန်မလှုပ်စေဘဲ ဖြစ်သင့်ဖြစ်ထိုက်သလို ပြုပြင်၍ပေးတတ်သော ကြောင့် အာနေဉ္စာဘိသင်္ခါရဟု ဆိုသည်။

**အဆိုပါ** ကုသိုလ်, အကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ် စေတနာ-၂၉-ခုကိုပင် ထိုထိုဘုံဘဝတို့၌ ထိုထိုကံအားလျော်စွာ ဖြစ်ပေါ်လာအောင် ပြုပြင်ပေးတတ်သောကြောင့် သင်္ခါရဟု ခေါ်ဆိုရလေသည်။

**သို့ရာတွင်** အဆိုပါစေတနာသည် လောကီကုသိုလ်, အကု သိုလ်, ရူပကုသိုလ်,အရူပကုသိုလ်တို့၌သာရှိသည် မဟုတ်။ လော ကုတ္တရာ၌လည်း ရှိသည်သာ၊ ထိုသို့ရှိသော်လည်း“**လောကုတ္တရာ စေတနာ ပနဝဋ္ဋမူလစ္ဆေဒဘူတတ္တာ ဣဓ နဂဟိတာ**”ဟုသင်္ခေပ သင်္ဂြိုဟ်ဋီကာ၌ မိန့်ဆိုသောကြောင့် ဝဋ်မြစ်ကိုဖြတ်တတ်သော

တရားဖြစ်၍၎င်း၊ မဂ်-၄-ပါး, ဖိုလ်-၄-ပါး, နိဗ္ဗာန်-၁-ပါး၊ ဤလောကုတ္တရာ တရား-၉-ပါးကို ချင်းချန်၍ ကြွင်းကျန်သော တရားအလုံးစုံသည် ဤပဋိစ္စသမုပ္ပါဒ်မှ ကင်းလွတ်သော တရား မရှိဟု ဆိုသောကြောင့်၎င်း၊ ဤပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရအရတွင် မပါဝင်သင့် မယူသင့်ဟု သိရမှတ်ရမည်။

ထို့ပြင်—သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည် ဆိုရာ၌လည်း ပဋိသန္ဓေအခါ ဥဒ္ဒစ္စစေတနာကို၎င်း၊ ပဋိသန္ဓေ ပဝတ္တိ နှစ်ပါး လုံးတို့၌ အဘိညာဏ်စေတနာကို၎င်း ချင်းချန်၍ ကြွင်းကျန် သော စေတနာအားလုံးကို သင်္ခါရအရ ကောက်ယူရပေမည်။

၎င်းပြင် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူ၍၎င်း သင်္ခါရသုံးပါးရှိသေးသည်၊ ထိုတွင် အကုသိုလ်စေတနာ ၁၂-ခု ကာမကုသိုလ်စေတနာ-၈-ခုဟု ဆိုအပ်သော ၂၀-သောစေတနာ ကို ကာယဒွါရ၌ ဆွဲငင်ယူဆောင် လှုပ်ရှားစေလျက် ဖြစ်ပွား စေတတ်သောကြောင့် ကာယသင်္ခါရဆိုရသည်။

အဆိုပါ စေတနာ ၂၀-တို့သည်ပင်လျှင် ဝစီဒွါရ၌ဖြစ်သော အခါ ဝစီသင်္ခါရဆိုရသည်။

ကာယဝစီ နှစ်ပါးတို့၌ မဖြစ်ဘဲ မနောဒွါရ၌သာဖြစ်ခိုက် အခါ အကုသိုလ်စေတနာ-၁၂-ခု၊ မဟာကုသိုလ်စေတနာ-၈-ခု မဟဂ္ဂုတ်ကုသိုလ်စေတနာ-၉-ခု၊ ဤ ၂၉-ခုကို စိတ္တသင်္ခါရ ဆိုရသည်။

အဆိုပါ သင်္ခါရ-၆-ပါးတို့သည် အဆိုပါ အဝိဇ္ဇာကြောင့် အကြင်မျှလောက် နိဗ္ဗာန်မရောက်သေး။ ထိုမျှလောက်တပြောင်းပြန်ပြန် တသံသရာလုံး ပြီးဆုံးတယ်လို့မရှိ၊ အဝိဇ္ဇာ အသစ် အသစ်, သင်္ခါရ အသစ် အသစ် ဖြစ်၍ ကရွတ်ကင်းလျှောက် တဒေါက်ပတ်ပတ် အတောမသတ် ရုံခါ-မသိမှုအဝိဇ္ဇာကြောင့် ရုံခါအကုသိုလ်သင်္ခါရကိုပြုပြင်၊ ၎င်းစေတနာကံကြောင့် အပါယ်လေးဘုံဘို့၌ ဖြစ်ပျက်မွေးသေ၊ ရုံခါ-ကာမကုသိုလ်သင်္ခါရတွေကို ပြုပြင်၊ ၎င်းစေတနာကံကြောင့် လူ့ဘုံ နတ်ဘုံတို့၌ ဖြစ် ပျက် မွေးသေ။ ရုံခါ-ရူပ, အရူပ ကုသိုလ်သင်္ခါရတွေကို ပြုပြင်၊ ၎င်းစေတနာကံကြောင့် ရူပ, အရူပဘုံတို့၌ ဖြစ်ပျက် မွေးသေ သံသရာရှည်၍ နေ့ရလေတော့သည်ဟု သိလေ-မှတ်လေ။

ဤလိုဤပုံ – မသိမှု, မလိမ္မာမှု, နားမလည်မှု, အ-မှု, န-မှု ခေါ်သော အဝိဇ္ဇာကို အချင်းခံကာ လုပ်မိလုပ်ရာ ကံ သင်္ခါရအားလျော်စွာ ဘာဝတဖန် ရုပ်နာမ်ခန္ဓာ, ရုံခါ-ဒုဂ္ဂတိ, ရုံခါ-သုဂတိဆိုး, ကောင်း, ယုတ်, မြတ်, တပတ်ပတ် အဆုံးမသတ်နိုင်ကြဘဲ ထပ်ပြန်ဘလဲလဲ ဖြစ်ပျက်မွေးသေ ဖြစ်နေကြသည်ကိုပင်(စာလို) ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် ချားရဟတ်ကဲ့သို့ မပြတ်လည်နေသည်ဟု ဆိုရလေသည်။ သို့သော် လည်တတ်သော ပုဂ္ဂိုလ်သတ္တဝါကား ပဋိစ္စသမုပ္ပါဒ်မှအလွတ် တမျိုးသီးခြားမရှိတော့ပြီဟု သိလေ မှတ်လေ။

(ဤကား—အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသော ပုဒ်၏ အကျဉ်းချုပ်အဓိပ္ပါယ်တည်း။)

## သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံမှာ—လွန်စွာ ကျယ်ဝန်းလှပါသောကြောင့် နောက်မှ ပြဆိုပါမည်ဟု ဝန်ခံထားခဲ့ရာ၊ ယခုအခါ ဆက်လက်၍ ပြဆိုပါတော့မည်။

ဥပမာ "ခေတ္တံ ဗီဇံ သေနဟော" ဆိုတဲ့အတိုင်း မြေကြီးပေါ်မှာ မျိုးစေ့ချ၍ မိုးရေကျလာတဲ့ခါ မျိုးစေ့မှ ဓမ္မတာအတိုင်း အညွန့်အညှောက် ပေါ်ပေါက်လာသလို၊ ထိုနည်းတူစွာ အဝိဇ္ဇာတည်းဟူသော မြေကြီးပေါ်မှာ သင်္ခါရ မျိုးစေ့ ကျရောက်သွားတော့ တဏှာ တည်းဟူသော မိုးရေက စိုစွတ်ပက်ဖျန်းပေးလိုက်တဲ့အခါ ပဋိသန္ဓေဆိုတဲ့ ဝိညာဏ် တည်းဟူသော အညွန့် အညှောက် စ၍ အပင်ပေါက်တော့သည်။

ထိုတွင် ဝိညာဏ် ပင်စို့ အညွန့်အညှောက်ပေါင်း ၁၉-ခုကို ရှေးဦးစွာ သိထားဘို့လိုပါသည်၊ ဘယ်ဟာများလဲ ဆိုလျှင်—အပါယ်ပဋိသန္ဓေ ဝိညာဏ်-၁-ခု၊ ကာမပဋိသန္ဓေဝိညာဏ်-၉-ခု၊ ရူပ ပဋိသန္ဓေဝိညာဏ်-၅-ခု၊ အရူပ ပဋိသန္ဓေဝိညာဏ်-၄-ခုအားဖြင့် ၁၉-ပါးသော ပဋိသန္ဓေဝိညာဏ် တို့ကို ခွဲခြား၍ သိရှိထားပါဦး....။ တရားကိုယ်အရကတော့ အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁-ခု၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁-ခု၊ မဟာဝိပါက်-၈-ခု၊ ရူပဝိပါက် ၅-ခု၊ အရူပဝိပါက် ၄-ခု၊ ပေါင်း ၁၉-ခုဘဲဖြစ်ပါသည်။ အဆိုပါ ပဋိသန္ဓေဝိညာဏ် စ ဖြစ်တည်ဆိုလျှင် ဝိပါကဝဋ်ခေါ်တဲ့ သံသရာစက်ကြီး စ၍ လည်တော့တာပါဘဲ။

## အပါယ် ၄-ဘုံ ဝိညာဏ်ညွန့်-ညှောက်။

အပါယ် ၄-ဘုံတို့၌ ကိုယ်,နှုတ်,စိတ်အားဖြင့် ဥဒ္ဓစ္စ ကြဉ် ၁၁-ပါးသော အပုညာဘိသင်္ခါရ မျိုးစေ့ကြောင့် အကုသလဝိပါက် ဥပေက္ခာသန္တီရဏဆိုတဲ့ ပဋိသန္ဓေဝိညာဏ် ပင်စို့ အညွန့်အညှောက်သည် အပါယ် ၄-ဘုံမှာ အပါယ်ဝဋ် ခန္ဓာပင်ကြီးကို ပေါ်ပေါက်၍လာစေပါတော့သည်။

ဥပမာ—မြေပေါ်မှာ ပေါ်ပေါက်လာတဲ့ သစ်ပင်တပင်ဟာ သစ်ပင်နှင့်တူစွာ တစတစ အညွန့်အညှောက်မှ ပင်စည်လုံးပတ် အပွေး,အခေါက်,အကာ,အသား,အနှစ်,အကိုင်း,အခက်,အရွက် အဖူး,အပွင့်,အသီး ဖြစ်ပေါ်လာမြဲ ဓမ္မတာဖြစ်ရသလို၊ ထို့အတူ ဘုံအားလျော်စွာ အပါယ်လေးဘုံမှာဆိုလျှင် အဆိုပါအပါယ် ခန္ဓာပင်အညွန့်အညှောက်ပေါ်ပေါက်လာဘယ်ဆိုလျှင်ပင် ခန္ဓာပင်နှင့်တူစွာ သိတဲ့သဘော နာမ်နှင့် မသိတဲ့ရုပ်၊ ဤနာမ်ရုပ်သည်ပင်၊ သစ်ပင်၏ပင်စည်လုံးပတ်ပေါ်မှာ အပွေး,အခေါက်,အကာ အသား,အနှစ်ပမာ အဆိုပါခန္ဓာပေါ်မှာ မျက်စိ,နား,နှာ,လျှာ ကိုယ်,မနော ခေါ်သော အဇ္ဈတ္တိကာယတန ၆-ပါးသည်ပင်၊ ထို ကိုယ်တွင်း အာယတနနှင့် ပြင်ပရှိ ရူ-သဒ်-ဂန်-ရ-ဖော-ဓမ္မ ဆိုတဲ့ ဗာဟိရာယတန ၆-ပါးတို့ တိုက်ဆိုင်မိကြတဲ့ခါ တွေ့ထိကြသော (ဖဿ) ၆-ပါးတို့သည်ပင်၊ ထို ဖဿ ၆-ပါးတို့နှင့် တွေ့ထိကြမိတဲ့ခါ ဖြစ်ပေါ်မြဲဖြစ်သော ဝေဒနာ ၆-ပါးတို့သည်ပင်၊ ထိုဝေဒနာတို့ကိုခံစားရတဲ့ခါ ဖြစ်ပေါ်မြဲဖြစ်သော တဏှာ အပြား ၁၀၈-ပါးတို့သည်ပင်၊ ထို တဏှာ အားကြီးလာတဲ့ခါ အစွဲအလမ်း ခေါ်သော ဥပါဒါန် ၄-ပါးတို့သည်ပင်၊ အစွဲ

**အလမ်းကြီးမှု** ဥပါဒါန်ကို အကြောင်းပြု၍ စေတနာကံ ခေါ်**သော ကမ္မဘဝ၊** ၎င်းမှ ပေါက်ဖွားလာသော **ဥပပတ္တိဘဝ** အမျိုးမျိုး ဖြစ်ပေါ်လာကြပေတော့သည်။

၎င်း ဥပပတ္တိဘဝ ဖြစ်ပေါ်လာလျှင် မလွဲသာ မရှောင်သာ လွဲမရ ရှောင်မရ, လွဲမဖြစ် ရှောင်မဖြစ်နိုင်တဲ့ အဖြစ်မျိုး အဖြစ်ဆိုး **ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ** တို့သည် တမျိုးပြီး တမျိုး တသိ တတမ်း တပုံတခေါင်းကြီး စီတန်း၍ အရဟန္တစုတိ ပရိနိဗ္ဗာနစုတိကျအောင် လိုက်ကြလေတော့သည်။

**အထူး သိမှတ်ရန်မှာ** — ပရိနိဗ္ဗာနစုတိ ဘင်္ဂက္ခဏဟိုဘက်ကျတော့ ခြေရာပျောက် မျက်စိအမြင်ပြတ်သွား၍ နောက်ထပ် ဆက်မလိုက်နိုင်တော့ဘဲ ဤနေရာတွင် အပြီးအပြတ် ယက်စသတ်သေပွဲဝင်၍သွားကြလေတော့သည်။

**မှတ်ချက်။** ။ ဤအပါယ်ဘုံမှတပါး ရှေ့၌ပေါ်ပြလတံ့သော ဘုံတို့၌လည်း ဤနည်းအတူ သိရှိကြပါလေ။

---

### လူ-နတ် ၂-ဘုံ, ဝိညာဏ် ညွန့်-ညှောက်။

**အဆိုပါ** ကိုယ်,နှုတ်,စိတ်အားဖြင့် ကာမကုသိုလ် အပုညာဘိသင်္ခါရမျိုးစေ့ကြောင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ၁-ခု၊ ပဋိသန္ဓေဝိညာဏ် ပင်စို့ အညွန့်အညှောက်သည် လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံမှာ ဇာတ္ထေ်ချို့တဲ့သော ဇစ္စန္ဓ မဖြစ်ပါလျှင် လူ့ဘဝ လူ့ခန္ဓာ, နတ်ဘဝ နတ်ခန္ဓာ, ရုပ်နာမ်ခန္ဓာ ခေါ်သော ဝိပါကဝဋ် **ခန္ဓာပင်ကြီး** အပြည့်အစုံ ပေါ်ပေါက်၍ လာတော်သည်၊ ရှေ့ကို နည်းတူသိလေ။

## လူ နတ် ၇-ဘုံ, ဝိညာဏ်ညွှန်ပြောက်။

အဆိုပါ ကိုယ်နှုတ် စိတ်အားဖြင့် ရှစ်ပါးသော မဟာကုသိုလ် ပုညာဘိသင်္ခါရ မျိုးစေ့ကြောင့် မဟာဝိပါက် ရှစ်ပါး ခေါ်တဲ့ ပဋိသန္ဓေဝိညာဏ် ပင်စို့ အညွန့်အညှောက်သည် ကာမသုဂတိ ၇-ဘုံမှာ ဒွိဟိတ်,တိဟိတ်ဟုဆိုအပ်သော လူ့ဘဝ လူ့ခန္ဓာ, နတ်ဘဝ နတ်ခန္ဓာ, ရုပ်နာမ်ခန္ဓာ ခေါ်သော ဝိပါကဝဋ်ခန္ဓာ ပင်ကြီး ပေါ်ပေါက် လာပါတော့သည်၊ ရှေ့ကို နည်းတူ သိလေ။

## ရူပ ၁၅-ဘုံ, ဝိညာဏ် ညွှန့်ညှောက်။

အဆိုပါ ရူပကုသိုလ် မနောကံစေတနာခေါ်တဲ့ ငါးပါး သော ပုညာဘိသင်္ခါရမျိုးစေ့ကြောင့် ရူပဝိပါက်ငါးပါးဆိုတဲ့ တိဟိတ်ပဋိသန္ဓေဝိညာဏ် ပင်စို့ အညွန့်အညှောက်သည် ရူပ ၁၅-ဘုံ၌ ရူပဘဝ, ရူပခန္ဓာ, ရုပ်ခန္ဓာ နာမ်ခန္ဓာ ခေါ်သော ဝိပါက ဝဋ်ခန္ဓာပင်ကြီး ပေါ်ပေါက်၍ လာလေတော့သည်၊ ရှေ့ကို နည်းတူ သိလေ။

## အရူပ ၄-ဘုံ၊ ဝိညာဏ်ညွှန့်ညှောက်။

အဆိုပါ အရူပကုသိုလ် မနောကံစေတနာခေါ်တဲ့ ၄-ပါး သော အာနေဉ္ဇာဘိသင်္ခါရမျိုးစေ့ကြောင့် အရူပဝိပါက် ၄-ခု ဟုဆိုအပ်သော တိဟိက်ပဋိသန္ဓေ ဝိညာဏ် ပင်စို့ အညွန့် အညှောက်သည် အရူပ ၄-ဘုံ၌ အရူပဘဝ အရူပခန္ဓာ, နာမ် ခန္ဓာ ခေါ်သော ဝိပါက ဝဋ်ခန္ဓာပင်ကြီးသည် ပေါ်ပေါက်၍ လာလေတော့သည်၊ ရှေ့ကို နည်းတူသိလေ။

ဤလို ဤပုံ – ယထာလာဘ နည်းအားဖြင့် နာနာက္ခဏိက ပကတူပနိဿယသတ္တိဖြင့် သင်္ခါရကြောင့် ဝိညာဏ် ဖြစ်ပုံကို သိသာရုံ ဖေါ်ပြလိုက်ပါသည်၊ အပြည့်အစုံသိဘို့ရာမှာ ယမိုက် ပဋ္ဌာန်းတို့ကို ညက်ညက်ကြေအောင် သင်ဘူး ဆိုဘူးမှ သိနိုင် ပါမည်၊ အဲဒါ–သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်ပုံ ပါဘဲ။

ဤကား– "သင်္ခါရ ပစ္စယာ ဝိညာဏံ" ဟူသော ပုဒ်၏ အကျဉ်းချုပ် အဓိပ္ပါယ်တည်း။

**သင်္ခါရကြောင့် ပဝတ္တိဝိညာဏ်ဖြစ်ပေါ်ပုံ။**

**သင်္ခါရကြောင့်** ပဝတ္တိဝိညာဏ် ဖြစ်ပေါ်ပုံကို ဆက်လက်၍ ပြဆိုပါဦးမည်။ ပဝတ္တိဝိညာဏ် ဖြစ်ပေါ်လာပုံမှာ ပစ္စုပ္ပန် လက်ရှိဘဝ၌ မကောင်းတာ မြင်ရ, မကောင်းတာ ကြားရ, ထို့တူ စားရ, နံရ, တွေ့ထိရ ဆိုတဲ့ ဝိညာဏ်တွေဟာ ၁၂-ပါး သော အကုသိုလ်အပုညာဘိသင်္ခါရကြောင့် ဖြစ်ပေါ်လာကြတဲ့ ပဝတ္တိ ဝိညာဏ်တွေပါဘဲ။ တရားကိုယ်ကတော့ အကုသလ ဝိပါက် ၇-ပါးဘဲ ဖြစ်ပါသည်။

**တဘန်** ၅-ပါးသော ရူပကုသိုလ် ပုညာဘိသင်္ခါရကြောင့် ၅-ပါးသော ရူပဝိပါက်ပဝတ္တိဝိညာဏ်တွေဖြစ်ပေါ်လာပါသည်၊ ထို့တူ ၄-ပါးသော အရူပကုသိုလ်အာနေဥ္ဇာဘိသင်္ခါရကြောင့် ၄-ပါးသော အရူပ ပဝတ္တိဝိညာဏ်တွေ ဖြစ်ပေါ်လာပါသည်၊ အဲဒါ သင်္ခါရကြောင့် ပဝတ္တိဝိညာဏ်တွေ ဖြစ်ပေါ်လာပုံပါဘဲ။ အဲဒါလဲ "သင်္ခါရပစ္စယာ ဝိညာဏံ" ဘဲ။ ပဋိသန္ဓေဝိညာဏ်နှင့် ပဝတ္တိဝိညာဏ်သာ ထူးကြသည်ဟု သိလေ။

## ကံမျိုးစေ့ အစွမ်းသတ္တိ။

အထူးမှာ—အဆိုပါ ပုည, အပုည, အာနေဉ္စာဘိသင်္ခါရ သုံးမျိုးတို့သည် ထိုထိုဘုံဘဝတို့၌ ဖြစ်ထိုက်သည်အားလျော်စွာ "ယထာသမ္ဘဝ" နည်းအားဖြင့် ဖြစ်ကြပြီးလျှင် အတိတ်ကာလမှာ ချုပ်ပျောက်လေပြီ၊ ပြတ်တောက်လေပြီ။ သို့သော် အစွမ်းသတ္တိ ကင်းမဲ့စွာနှင့် ချုပ်ကွယ် ပြတ်တောက်ကြသည်မဟုတ်ပါ၊ အဟုတ်မှာ ကံ-ဆိုတဲ့ မျိုးစေ့၏ အစွမ်းသတ္တိသည် ရုပ်နာမ် အစဉ်မှာ အနုသယအနေအားဖြင့် အမြဲတမ်းလိုက်ပါ၍နေသောကြောင့် ထိုအစွမ်းသတ္တိသည် ပဋိသန္ဓေဝိညာဏ်,ပဝတ္တိဝိညာဏ် နှစ်ပါးတို့အား နာနာက္ခဏိက ကမ္မပစ္စည်းဖြင့်၎င်း၊ ပကတိမိုးရာဖြစ်တဲ့ ပကတူပနိဿယပစ္စည်းဖြင့်၎င်း ကျေးဇူးပြု၍ နေကြပါတယ်လို့ ကျမ်းဂန်တို့၌ ကျမ်းဆရာတို့ မိန့်ဆိုချက်ရှိပါသည်။

## အယူမမှားစေရန်။

အဆိုပါ စေတနာကံ၌ ပါသော စွမ်းအင်သတ္တိနှင့် ပြည့်စုံသော နာနာက္ခဏိက ကမ္မပစ္စည်း အဆက်ဆက်ဖြင့် နိဗ္ဗာန်မရသေးသမျှ သံသရာကာလပတ်လုံး မရပ်မတည် ကျင်လည်နေကြသည်မှာ လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါတို့၏ လည်မှု,တည်မှု, ဖြစ်မှု ပျက်မှု, မွေးမှု သေမှု မဟုတ်။ ပဋိစ္စသမုပ္ပါဒ်ခေါ်သော ဘဝစက် သံသရာစက်ကြီး၏ လည်မှုသာ မုချကေန် အမှန်ဖြစ်သည်ဟု တထစ်ချ လေ့နိမ့်ခြားထင် သန္နိဋ္ဌာန်ကျကျ မှတ်သားကြပါလေ။

ဤလို ဤပုံ—အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်ဟု တပိုင်း တစ ပဋိစ္စသမုပ္ပါဒ်ကို သိမြင်သောကြောင့် အဆိုပါ ပုညာ, ပုညာအာနေဥ္စ ၂၉-ခုကို လက်ညှိုး ထိုးကာ ထိုးကာ စေတနာ ၂၉-မျိုး မပြတ်ဟူ အယူမှားကာ ကုသိုလ်, အကုသိုလ်ကို ယခု ဘဝ မပြုလုပ်ဘဲနေက မျိုးပြတ်လိမ့်မည်အထင်ရှိ၍ ကုသိုလ်လဲ မလုပ်၊ အကုသိုလ်လဲ မလုပ်ဘဲနေသူတွေ ရှိနေသည်ဟု ကြားသိရ၏။ ဤလို နေရုံနှင့်တော့ အလိုလိုမျိုးပြတ်သွားမည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် "တေန မုတ္တော သတ္တော နာမ နတ္ထိ" နှင့်အညီ၊ အလယ်ဇောငါးချက် စေတနာ ခေါ်သော အပရာ ပရိယ ဝေဒနိယ ကုသိုလ် - အကုသိုလ် ကံနှင့် ကင်းလွတ်သော ပုဂ္ဂိုလ်သတ္တဝါမည်သည် ဤလောကကြီးမှာ တစုံတယောက်မျှ မရှိနိုင်ဟု သမ္မော စသော ကျမ်းတို့၌ ဆိုထားသောကြောင့် တည်း။

အဆိုပါ အပရာပရိယ ဝေဒနိယကံသည် သတ္တဝါတယောက် တယောက်လျှင် ဘယ်လောက်များ ရှိပါသလဲ ? ဟု မေးခဲ့လျှင် လှည်းအစီးပေါင်း ကုဋေတသိန်း တိုက်ထားတဲ့ သဲစု-သဲပုံကြီး ထဲမှ သဲလုံးနှင့် အမျှ သဲလုံးထက်မက များစွာ ရှိသည်ဟု ဖြေလေ။

ထို့ကြောင့် အဆိုပါ အလယ်ဇောငါးချက် စေတနာကံတွေ အခွင့်ရလျှင် ပေးဦးမည်ဖြစ်၍ ယခုဘဝ ဘယ်ကုသိုလ်, အကုသိုလ်ကိုဘဲ လုံးဝမပြုဘဲနေသော်လည်း ဘဝမပြတ်ဘဲ ဘဝ စက်ကြီး လည်မြဲ လည်ဦးမည်မှာ မြေကြီးလက်ခတ်မလွဲ အမှန်ဘဲ ဖြစ်ပေသည်။

"မာ ဘိက္ခဝေ ပုညံ ဘာယိတ္ထ။ သုခဿေတံ နာမံ" နှင့် အညီ၊ ကံ-မြင်တိုင်းကိုမကြောက်ရ၊ အကုသိုလ်ကံနှင့် ဝဋ္ဋနိဿိတ ကုသိုလ်ကံကိုသာ ကြောက်ရမည်။ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ တို့သည်လည်း ဝိဝဋ္ဋကုသိုလ်ကံကိုပင် အမှီပြု၍ ဘုရားပစ္စေက ဗုဒ္ဓါ ရဟန္တာအဖြစ်သို့ ရောက်ရှိကြလေသည်၊ ကျမ်းဂန်များ၌ လာသည်ကို ကြည့်လေ။

ဖြစ်နိုင်သည်မှာ—အဆိုပါ စေတနာ ၂၉-ခုကို ယခုဘဝ ပြတ်စေလိုလျှင် လက်ရှိဘဝ တရားအလုပ် အားထုတ်၍ အရဟတ္တ မဂ်ကိုရရှိနိုင်ပါလျှင် ၎င်း အရဟတ္တမဂ်ကမှ စေတနာ ၂၉-ခုကို မျိုးမကျန်အောင် အပြီးအပြတ် လက်စသတ် ပျက်စီးအောင် ဖျက်ဆီး၍ ပေးနိုင်သောကြောင့်ပေတည်း။

အကြောင်းကား — အရဟတ္တမဂ်ခဏဘွင် ရှေးကံဟောင်း လည်း မီးလောင်ပြီးသော မျိုးစေ့ကဲ့သို့၊ ကံ အသစ်လည်း ရေသောက်မြစ် ပြတ်ပြီးသော သစ်ပင်ကဲ့သို့ဖြစ်၍ တဘန် ခန္ဓာ ပင်အညွန့်အညှောက်ကို မပေါက်စေနိုင်သောကြောင့်ပေတည်း။ ထို့ကြောင့် အယူမမှားစေနှင့်ဟု ဆိုခဲ့ပေသည်။

## အရကောက်ကို ပြခြင်း။

| ပါဠိ | တရားကိုယ် | နာမ်–ရုပ် |
|---|---|---|
| ၁။ အဝိဇ္ဇာ .... | အကုသိုလ် ၁၂-ခုဉ်ရှိသော မောဟစေတသိက် | (နာမ်) |
| ၂။ သင်္ခါရ .... | လောကီကုသိုလ်,အကုသိုလ် ၂၉-ခုဉ်ရှိသောစေတနာကံ | (နာမ်) |
| ၃။ ဝိညာဏံ .... | ပဋိ/ပဝတ္တိနာမ် ဝိညာဏ် ၃-ပါး၊ ကျန် ၆-ပါး။ | (နာမ်) |
| ၄။ နာမရူပံ .... | နာမ်-၅၃၊ ရုပ်-၂၈။ | (နာမ်–ရုပ်) |
| ၅။ သဠာယတန.... | သဠာယတန ၆-ပါး။ | (နာမ်–ရုပ်) |
| ၆။ ဖဿ .... | စက္ခုသမ္ဖဿစသော ဖဿ ၆-ပါး။ | (နာမ်) |
| ၇။ ဝေဒနာ .... | စက္ခုသမ္ဖဿဇာ စသော ဝေဒနာ ၆-ပါး။ | (နာမ်) |
| ၈။ တဏှာ .... | တဏှာအပြား ၁၀၈-ပါး။ | (နာမ်) |
| ၉။ ဥပါဒါန် .... | ဥပါဒါန်၄-ပါး(တရားကိုယ် အရ) လောဘ, ဒိဋ္ဌိ | (နာမ်) |
| ၁၀။ ဘဝ .... | ကမ္မဘဝ ဥပပတ္တိဘဝကြီး ၉-ပါး | (နာမ်–ရုပ်) |

| ပါဠိ | တရားကိုယ် | နာမ်—ရုပ် |
|---|---|---|
| ၁၁။ ဇာတိ .... | ရုပ်ဇာတိ, နာမ်ဇာတိ | (နာမ်—ရုပ်) |
| ၁၂။ ဇရာ .... | ရုပ်ဇရာ, နာမ်ဇရာ | (နာမ်—ရုပ်) |
| ၁၃။ မရဏ .... | ရုပ်မရဏ, နာမ်မရဏ | (နာမ်—ရုပ်) |
| ၁၄။ သောက .... | ဒေါသမူဒွေ့ဥ်ရှိသော ဒေါမနဿဝေဒနာ | (နာမ်) |
| ၁၅။ ပရိဒေဝ .... | စိတ္တဇဝိပလ္လာသ သဒ္ဒ | (ရုပ်) |
| ၁၆။ ဒုက္ခ .... | ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ ရှိသော ဝေဒနာစေတသိက် | (နာမ်) |
| ၁၇။ ဒေါမနဿ .... | ဒေါသမူဒွေ့ဥ် ရှိသော ဝေဒနာစေတသိက် | (နာမ်) |
| ၁၈။ ဥပါယာသ .... | လွန်လွန်ကဲကဲစိတ်ဆင်းရဲခြင်း ဒေါသ စေတသိက် | (နာမ်) |

ဤ၌ လူနတ်ပြဟ္မာ မပါ။ ဤ၌ လူနတ်ပြဟ္မာ မပါ။ လူနတ်ပြဟ္မာ မပါ။

**မှတ်ချက်။** ။ ဤ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ ပညာမျက်စိ ဉာဏ်မျက်စိနှင့်စေ့စေ့ငုငုကြည့်ရှုပါလျှင်ဘယ်အကွက် ဘယ်အချက်မှာမှ လူလည်းမပါ၊ နတ်လည်းမပါ၊ ဗြဟ္မာ လည်း မပါ။ ဘယ်ပုဂ္ဂိုလ် သတ္တဝါ တစုံတယောက်မျှ မပါသည်မှာ လွန်စွာထင်ရှားနေသည့်ပြင် သရုပ်တရား ကိုယ်အရ သဘောတူရာ ပေါင်းစု၍ ကြည့်တဲ့အခါ အကျဉ်းအားဖြင့် ရုပ်-နာမ် ၂-ပါး၊ အပြားအားဖြင့် ခန္ဓာ ၅-ပါး, အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး ပရမတ္ထတရားတို့ကိုသာ တွေ့ရှိ သိမြင်ရလေသည်။ ပဋိစ္စ သမုပ္ပါဒ်ထဲမှာ လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ် သတ္တဝါဆိုသည် ကို လုံးဝ မရရှိနိုင်ပေ။

သို့ရာတွင် အဆိုပါ အဝိဇ္ဇာကြောင့် အဆိုပါ သင်္ခါရ တို့၏ စေတနာကံ အားလျော်စွာ ဘုံသုံးပါး တို့မှာ အဆိုပါရုပ်နာမ်တို့၏ဖြစ်ရပ်ဖြစ်စဉ်တို့ကိုသာပညတ်အား ဖြင့် အပါယ်လေးဘုံတို့၌ ငရဲကောင်,တိရစ္ဆာန်ကောင် ပြိတ္တာကောင်,အသူရကာယ်ကောင်၊ ထို့တူ—လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတို့၌ လူကောင်, နတ်ကောင်, ဗြဟ္မာ ကောင် စသည်ဖြင့် ခေါ်ဆိုကြရလေသည်၊ အမှန်မှာ ဘယ်ဘုံဘဝမှာ ဘာကောင်ဘဲဖြစ်ဖြစ်။ ပဋိစ္စသမုပ္ပါဒ် တရား, ရုပ်နာမ် ၂-ပါး, လက္ခဏာရေး ၃-ပါး, ဒုက္ခ သမုဒယသစ္စာ ၂ပါး,ပရမတ္ထတရားအပေါင်းအစုမျှသာ ဟု ပဋိစ္စသမုပ္ပါဒ် ဉာဏ်စွမ်းဖြင့် ထွင်းထောက်၍ အလင်း ရောက်အောင် သိမြင်နိုင်ကြပါစေသတည်း။

## အတ္တ စွဲနှင့်မေး၍၊ အနတ္တ စွဲနှင့် ဖြေဆိုပုံ။

သက်တော်ထင်ရှား ဘုရားလက်ထက် ဆွမ်းခံထွက်တော်မူရာ လမ်းခရီးမှာ ပရိဗိုဇ်တယောက်နှင့်တွေ့ရာ—

"အရှင်ဘုရား၊ သုခ, ဒုက္ခကို (ဝါ) ချမ်းသာ - ဆင်းရဲကို ကိုယ့်ဟာကိုယ် လုပ်ပါသလား"ဟု မေးရာ၊

ဘုရားရှင်က"ကိုယ့်ဟာကိုယ် လုပ်တယ်လို့ ငါ-မဟော"ဟု ဖြေတော်မူသည်။

"ဒါဖြင့်ယင် သူတပ္ပါးပြုလုပ်ပါသလော"ဟုမေးပြန်သည်။

"သူတပါးလုပ်သည်ဟု ငါ-မဟော"ဟုဖြေဆိုတော်မူသည်။

"ဒါဖြင့်ယင် သုခ,ဒုက္ခဟာ အကြောင်းမရှိဘဲ သူ့အလိုလို ဖြစ်ပါသလား"ဟု မေးပြန်သည်။

"အကြောင်းမရှိဘဲ သူ့အလိုလိုဖြစ်တယ်လို့ ငါ-မဟော" ဟု ဖြေဆိုတော်မူပြန်ရာ၊

"ဒါဖြင့် အရှင်ဘုရားဟာ သုခ,ဒုက္ခကို သိပုံ နားလည်ပုံ မရပ့်ါဘူး"ဟု လျှောက်ပြန်တဲ့ခါ၊

"အချင်း ပရိဗိုဇ်၊ သုခ,ဒုက္ခကို ငါဘုရား အသိဆုံးဖြစ်သည်၊ ဤလောကမှာ ငါဘုရားထက် သုခ,ဒုက္ခကိုသိသူ လူ,နတ်,ဗြဟ္မာ သတ္တဝါ တစုံတယောက်မျှ မရှိ"ဟု မိန့်တော်မူတဲ့ခါ၊

"ဤလိုသိလျှင်ဖြင့် သုခ,ဒုက္ခကို ဟောတော်မူစမ်းပါဘုရား" ဟု လျှောက်ထားတဲ့အခါ၊

ဘုရားမြတ်စွာက "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ(ပ)ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ "ဟု ဤ ပဋိစ္စသမုပ္ပါဒ်ကိုဘဲ ဟောတော်မူပါသည်။

ဆိုလိုထဲ့အဓိပ္ပါယ်ကတော့—သုခ, ဒုက္ခကို (ဝါ) ချမ်းသာ ဆင်းရဲကို ပြုလုပ်တတ်သော ပြုလုပ်ပေးတတ်သော ပုဂ္ဂိုလ် သတ္တဝါဟူ၍ မြူမျှမရှိ။ အမှန်မှာ အဆိုပါ အဝိဇ္ဇာစသော အကြောင်းကြောင့် (ဝါ) သစ္စာအထိ မသိမှုကြောင့် သင်္ခါရ စသော စေတနာကံ ၂၉-ခုခေါ်သော ကမ္မဘဝဖြစ်။ ကမ္မဘဝ ကြောင့် ပဋိသန္ဓေ ဝိညာဏ် ဖြစ်။ ပဋိသန္ဓေ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်။ နာမ်ရုပ်ကြောင့် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဆိုတဲ့ အာယတန ၆-ပါးဖြစ်။ အာယတနကြောင့် မျက်စိ အတွေ့,နားအတွေ့,နှာခေါင်းအတွေ့, လျှာအတွေ့, ကိုယ်အတွေ့, စိတ်အတွေ့ခေါ်သော ဖဿ ၆-ပါးဖြစ်။ ဖဿ ၆-ပါး, အတွေ့ ၆-ပါးကြောင့် ချမ်းသာတဲ့ သုခဝေဒနာ၊ဆင်းရဲတဲ့ ဒုက္ခဝေဒနာ ချမ်းသာ,ဆင်းရဲ မဟုတ်တဲ့ ဥပေက္ခာဝေဒနာ ၃-ပါး အကျိုး တရားတို့သာ ဖြစ်လေသောကြောင့် ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမယှက် အလွတ်သက်သက်၊ အကြောင်း အကျိုး တရား အဆက်ဆက် သက်သက်သာဖြစ်သည်။ သုခ,ဒုက္ခကို ပြုလုပ်ပေး တတ်သော ပုဂ္ဂိုလ် သတ္တဝါဟူ၍ မြူမျှမရှိချေဟု ဟောတော် မူလိုရင်းဖြစ်သည်။

ဤ၌ ပရိဗိုဇ်ကား—သတ္တဝါ ခေါ်သော ဝေဒကအတ္တ, ကာရကအတ္တ, (အတ္တစွဲ) အနေနှင့် မေးသည်။ ဘုရားရှင်ကား

သုခ, ဒုက္ခကို ပြုလုပ်တတ် ပြုလုပ်ပေးတတ်သော ပုဂ္ဂိုလ်သတ္တဝါ ဟူ၍က မရှိလုံးလုံး ဆိတ်သုဉ်း ဆိတ်သုဉ်းနေတဲ့ (အနတ္တစွဲ) အနေနှင့် ဖြေတော်မူသည်။

ဤလိုဤပုံ ဟောတော်မူတဲ့ခါ ပရိဗိုဇ်က အသိမှန်အမြင်မှန် အယူမှန်ကို ရသွား၍ “ ဟုတ်ပါတယ်, မှန်ပါပေတယ်, ဟုတ်လိုက်လေခြင်း, မှန်လိုက်လေခြင်း, မှောင်မိုက်ကြီးထဲ၌မီးငြိထွန်းပြလိုက်သလို၊ မှောက်ထားတဲ့ အိုးကို လှန်ပြလိုက်သလို၊ မြက် သစ်ရွက်ဖြင့် ဖုံးလွှမ်းထားတဲ့ ဝတ္ထုတခုကို ဖွင့်လှစ်၍ ပြလိုက်သလို ရှင်းရှင်းလင်းလင်းကြီး သိရပါပေပြီဘုရား” ဟုလျှောက်ထားပြီး ရဟန်းပြုရန် ခွင့်တောင်းပန်ရာ အခွင့်ရ၍ ရဟန်းပြုပြီး ဤ ပဋိစ္စသမုပ္ပါဒ်ကိုပင် အထပ်ထပ်ဆင်ခြင်သဖြင့် ကိစ္စပြီးမြောက်ရဟန္တာအဖြစ်သို့ရောက်၍ နိဗ္ဗာန်ယူသိမ်း အငြိမ်းကြီး ငြိမ်းရလေတော့သည်။

## ပဋိစ္စနှင့် ပဋိစ္စသမုပ္ပန္န နှစ်မျိုး။

အဆိုပါ ပဋိစ္စသမုပ္ပါဒ်တရားသည် ပဋိစ္စသမုပ္ပါဒ တရားတမျိုး၊ ပဋိစ္စသမုပ္ပန္နတရားတမျိုးဟု နှစ်မျိုးရှိလေသည်။

ထိုတွင်— (၁) “**ကတမေ စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ (ပ) အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါတိ**” ဟူသော ဝိသုဒ္ဓိမဂ်နှင့် အညီ၊ အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ တရားမျိုးတို့ဟု မှတ်လေ။

(၂) “**ကတမေစ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ၊ ဇရာမရဏံ ဘိက္ခဝေ(ပ)ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ**” ဟူသော ဝိသုဒ္ဓိမဂ်နှင့် အညီ၊ ဇရာ မရဏစသော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန္န တရားမျိုးတို့ဟူ၍ သိလေ-မှတ်လေ။

**မှတ်ချက်**။ ။ လိုရင်းချုပ်မှာ အဝိဇ္ဇာစသော အကြောင်းတရား အဆက်ဆက်ကို ပဋိစ္စသမုပ္ပါဒတရား၊ ထိုအဝိဇ္ဇာစသော အကြောင်းတရားတို့ကြောင့် ဖြစ်သော သင်္ခါရစသော အကျိုးတရား အဆက်ဆက်တို့ကို ပဋိစ္စသမုပ္ပန္နတရားဟု ဆိုလိုသည်၊ ဤကား—ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္န အထူးတည်း။

**ဥပမာ**—အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသောပုဒ်၌ အဝိဇ္ဇာပစ္စယာကား ပဋိစ္စသမုပ္ပါဒတရား၊ သင်္ခါရာကား ပဋိစ္စသမုပ္ပန္န တရားဟု ဆိုလိုပေသည်၊ ဤသို့စသည်ဖြင့် ကြွင်းသော(၁၁)ပုဒ်တို့၌လည်း နည်းတူသိလေ။

သို့ရာတွင် အကြောင်းသည်ပင် အကျိုးဖြစ်လာပြန်သည်။ အကျိုးသည်ပင် အကြောင်း ဖြစ်လာပြန်သည်။ ထို့ကြောင့် အကြောင်းဖြစ်ချည်၊ အကျိုးဖြစ်ချည်၊ ဤသည့်တရား အဘယ်နည်း။ ပဋိစ္စသမုပ္ပါဒတရား, ပဋိစ္စသမုပ္ပန္နတရားတို့ပေတည်းဟု ဖြေဆိုလေ။

အဆိုပါ ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္န တရား နှစ်ပါးတို့ကို ဖြစ်သင့်သလို ဝိဂြိုဟ်ဆို၍ ပြဦးအံ့။ ထိုတွင်—ပဋိစ္စသမုပ္ပါဒပုဒ်ကို “**ပဋိစ္စ သမံ ဥပ္ပဇ္ဇတိ ဧတသ္မာတိ ပဋိစ္စသမုပ္ပါဒေါ**”ဟုအပါဒါန်သာဓန ကိတ်ဝိဂြိုဟ်ပြု၊ ပဋိရှေး,သံရှေး,ဥရှေးရှိသော ပဒဓာတ်ဟာပစ္စည်း၊ အရကား အဝိဇ္ဇာစသော အကြောင်းတရားကိုရ၏။

ပဋိစ္စသမုပ္ပန္န ပုဒ်ကို "**ကာရဏံ ပဋိစ္စ သမံ ဥပ္ပဇ္ဇတီတိ ပဋိစ္စ သမုပ္ပန္နော**" ဟု ကတ္တုသာဓနကိတ်ဝိဂ္ဂဟ်ပြု၊ ပဋိရှေး, သံရှေး, ဥရှေးရှိသော ပဒဓာတ်, တပစ္စည်း၊ အရကား သင်္ခါရ စသော အကျိုးတရားကို ရ၏။

## ပဋိစ္စသမုပ္ပါဒ်—ဆောင်ပုဒ် လင်္ကာ။

(၁) သောကစသား၊အာသဝပွား၍၊အမှားမြင်ကာ၊ အဝိဇ္ဇာ ကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုး မှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ် ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ဖဿခြောက်ဖြာ၊ဝေဒနာကြောင့် တဏှာ ခြောက်တန်၊ ဥ ါဒါန်နှင့်၊ ဖြစ်ရန် အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ဖြစ်ရပြန်ရာ၊ အို နာ သေရေး၊ ပူ အဆွေးနှင့်၊ငိုကြွေးကိုယ်နွမ်း၊ စိတ်မချမ်းမြ ပင်ပန်းရသည်၊ လုံးဝ ဆင်းရဲစုသာတည်း။

(အရကျက်ထားပါ)

(၂) **တဘန်**—အင်္ဂါဆဲ့နှစ်ဝ၊ကာလသုံးထွေ၊ တွက်ရေသင်္ချာ၊ အလွှာလေးထပ်၊အစပ်သုံးသွယ်၊နှစ်ဆယ်ခြင်းရာ၊ဝဋ်မှာ သုံးပါး၊ မြစ် နှစ်ပါး၊ ပေါင်း အများကို၊ ခြားနား သိအောင်ကြံ။ ။ ဟူ၍ရင်း၊

(၃) **တဘန်**-ကာလသုံးစဉ်၊ဝဲယာဉ်သုံးထပ်၊အစပ်သုံးခု၊ စတု သင်္ခေ်၊တွက်ရေဝီသ၊အာကာရဖြင့်၊ပဋိစ္စသမုပ္ပါဒ်၊ ဟော မှတ်လေတွဲ့၊ဟိတ်ဖိုလ်ခွဲလျက်၊ တဆဲ့နှစ်အင်၊ ဒွါဒသင်

ဟု၊ ညွှန်ယှဉ်ကျိုးစက်၊ အဆက်ဆက်ကို၊ လွန်ထွက်နိုင်ကြောင်း၊ ကောင်းသော လို့လ၊ အားထုတ်ကြလျက်၊ မြစ်မ နှစ်မြွာ၊ နှုတ်ပယ်ခွါ၍၊ အညာနိဗ္ဗာန်၊ သူတော်ထံသို ဆန်အံ့ ရင်းတည်၊ စူးစူးရည်သည်၊ မလည်မသုံ၊ မဟာဂုဏ်တို့။ ။ ဟူ၍ရင်း ရှေးဆရာတော်ကြီးများ ရေးစီထားခဲ့ကြပေသည်။

(ဤလင်္ကာဆောင်ပုဒ်တို့ကို အရကျက်ထားပါ)

ထိုတွင်— နံပါတ် (၁) လင်္ကာမှာ....ပဋိစ္စသမုပ္ပါဒ် အနုလုံ အသွားအတိုင်း သံဝေဂရဘွယ် အသွယ်သွယ်ကို ပြဆိုထားပေသည်။

နံပါတ် (၂) လင်္ကာမှာ....အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း ပစ္စည်းပိုင်းလာ "တတ္ထ တယော အဒ္ဓါ, ဒွါဒသင်္ဂါနိ, ဝီသတာကာရာ, တိသန္ဓိ, စတုသင်္ခေပါ, တီဏိ ဝဋ္ဋာနိ ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ" အရ၊ "ကာလသုံးပါး၊ ဆဲ့နှစ်ပါး အင်္ဂါ၊ ခြင်းရာနှစ်ဆယ်၊ အစပ်သုံးဖြာ၊ အလုံးလေးထပ်၊ သုံးပါး ဝဋ်နှင့်၊ နှစ်ရပ်မူလ၊ ပဋိစ္စသမုပ္ပါဒ်" ၏ သဘာဝအသီးအသီးတို့ကို ပိုင်းခြားဝေဘန်၍ အဖြစ်မှန်ကို ကောင်း သိရမည်၊ သိအောင် ကြိုးစားရမည်ဟု ဆိုလိုပေသည်။

နံပါတ် (၃) လင်္ကာမှာ....အဆိုပါ ကာလသုံးပါး စသည်တို့ကို ပိုင်းခြားဝေဘန်၍ အမှန်ကို သိရှိပြီးလျှင် သိတဲ့အတိုင်း ၎င်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မှ ကျွတ်လွတ် ထွက်မြောက် နိဗ္ဗာန်သို့ရောက်နိုင်ရန် အဝိဇ္ဇာ တဏှာဆိုတဲ့ သံသရာရေသောက်မြစ်ကြီးကို အပြတ် ဖြတ်ပေးနိုင်တဲ့ ရှမ်းရည်သဏ္ဍာ ကျပ်ပြည့်

ရှိသော အရဟတ္တမဂ်ကို လက်ရှိဘဝ လက်ကိုင်ရရှိသွားနိုင်ကြအောင် ထက်သန်သော သမ္မာဆန္ဒ ဝီရိယဖြင့် တရားအလုပ်အားထုတ်ကြရမည်ဟု ဆိုလိုပေသည်၊ ထိုအဆိုအရ အထက်၌ထင်ရှားပါလတံ့။

---

**သံပေါက်လက်ာဖြင့် အရကျက်၍ သိမှတ်ရန်ကား။**

(၁) အဝိဇ္ဇာ သင်္ခါရာ၊ ဒွေအင်္ဂါ၊ ကာလာ အတိတ်မှတ်။
(အတိတ်ကာလ)။

(၂) ဝိညာဏ်အစ၊ ဆုံးဘဝ၊ အဋ္ဌ ပစ္စုပ်မှတ်။
(ပစ္စုပ္ပန်ကာလ)။

(၃) ဇာတိ ဇရာ၊ မရဏာ၊ အင်္ဂါနှစ်ရပ်၊ အနာဂတ်မှတ်။
(အနာဂတ်ကာလ)။

(၄) တိတ်နှစ် ပန်ရှစ်၊ နာဂတ်နှစ်၊ ပေါင်းလစ် ဆဲ့နှစ်ရပ်။
(အင်္ဂါ ၁၂-ပါး)

(၅) ဇာတိ ဓမ္မ၊ မုချကျိုးဆက်၊ မဖြစ်တုံဘိ၊ သောကာဒိ၊ မထည့်အင်္ဂါလှပ်။ (အင်္ဂါမဝင်သော တရားများ)။

(၆) ပစ္စုပ်ရှစ်တွင်၊ကျိုးငါးအင်၊ ကြောင်းလျှင် နောက်ဆုံးမှတ်။ (ပစ္စုပ်ရှစ်တွင်၊ ကြောင်းငါး၊ ကျိုးငါး)။

(၇) ကာလသုံးမှာ၊ ကြောင်း ကျိုးဖြာ၊ အလွှာလေးခုပြတ်။
(အလွှာလေးထပ်)။

(၈) အလွှာလေးခု၊ ကြားကိုရှု၊ သုံးခုသန္ဓိစပ်။
(အစပ်သုံးဖြာ)။

(၉) တိတ်ကြောင်း နှစ်လုံး၊ ပန်ကြောင်းသုံး၊ ပေါင်းရုံး ဝဋ်တူလတ်။ (ဝဋ်သုံးပါး)

(၁၀) ဥပပတ္တိ၊ ဇာတိ အိုသေ၊ သရှုပေ၊ ကောက်လေ ကျိုး ငါးရပ်။ (မူလ ၂-ပါး)

(၁၁) ရှေ့ကြောင်းငါးပါး၊ ခုကျိုးငါး၊ ခုကြောင်းငါးပါး၊ နောက်ကျိုးငါး၊ ပေါင်းငြားဝီသတ်၊ ခြင်းရာမှတ်။

ဤကား—အကျဉ်းပြတည်း။

အကျယ်ပြကား—ရှေ့၌ ထင်ရှားပါလတံ့။

---

သင်္ခါရ နှင့် ဘဝ အထူး။

(၁) ယခုဖြစ်နေ၊ သန္ဓေအကြောင်း၊ တိတ်ကံဟောင်း၊ မှတ် ကြောင်း သင်္ခါရ။

(၂) နာဂတ်သန္ဓေ၊ အကြောင်းစေ၊ မှတ်လေ ကမ္မဘဝ။

(၃) ပုဗ္ဗစေတနာ၊ သင်္ခါရာ၊ မုဉ္စာ ဘဝမှတ်။

(၄) ခြောက်ဇောစေတနာ၊ သင်္ခါရာ၊ ခွန်မှာ ဘဝမှတ်။

(၅) သမ္ပယုတ္တာ၊ သင်္ခါရာ၊ ကံမှာ ဘဝမှတ်။

## တဏှာ နှင့် ဥပါဒါန်အထူး။

(၁) ရှေ့ဖြစ် တဏှာ၊ နောက်ဖြစ်လာ။ ဥပါဒါန်ပါတဲ့။
(ရှေးဦးစွာဖြစ်ပေါ်လာတဲ့ လောဘက-တဏှာ၊နောက်ဖြစ်လာတဲ့ လောဘ,က-ဥပါဒါန်ဟု ဆိုလိုသည်။)

(၂) အားနည်းတဏှာ၊ အားကြီးလာ၊ ဥပါဒါန်ပါတဲ့။

(၃) မရသေးပါ၊ တောင့်တ,တာ၊ တဏှာ မှန်မလွဲ။

(၄) အာရုံရောက်လာ၊ စွဲလမ်းတာ၊ ဥပါဒါန်ကပ်စွဲ။

(၅) အပိစ္ဆတာ၊ သန္တောသာ၊ စဉ်ကာ ဆန့်ကျင်မြဲ။

(၆) ရှားမီးဒုက္ခာ၊ မူလကာ၊ တဏှာ ဖြစ်စမြဲ။

(၇) စောင့်ရှောက်ဒုက္ခာ၊ မူလကာ၊ ဥပါဒါန်ကပ်စွဲ။

(၈) ပရိယေသန၊ အာရက္ခ၊ မူလ လွန်ဆဖီးရဲ။

## သောက, ပရိဒေဝ, ဥပါယာသ အထူး။

(၁) မီးအေး နှင့် ချက်၊ အိုးခွက်၌ဆူ၊ ဆီအတူ၊
တွင်းပူ သောကမှတ်။

(၂) မီးပြင်းနှင့်ချက်၊ အိုးပြင်ထွက်သည့်၊ ဆီတူဘိ၊
ပရိဒေဝ မှတ်။

(၃) ထွက်၍ ကျန်ကြွင်း၊ အိုးအတွင်းတည်၊ ကုန်ခမ်းဆီ၊
တူညီ ဥပါယာသ မှတ်။

## တနည်း—ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုဦးအံ့။

ဤ ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ် မပြတ်လည်ပုံကို အတတ်သိအောင် လေ့လာသင်ကြား အားထုတ်ခြင်းမှတပါး လောက၌ အရေးကြီးသောအလုပ်ကိစ္စ မရှိတော့ပြီဟု ရှင်ဗုဒ္ဓဃောသ ဆရာ မိန့်မှာတော်မူခဲ့ပါသောကြောင့် အလွန်အသိရခက်သော ပဋိစ္စသမုပ္ပါဒ်အဓိပ္ပါယ်ကို အလွယ်နှင့် သိရအောင် တနည်းတဖုံ ပြဆိုပါဦးအံ့—။ (စေ့စေ့ငုငု သတိပြု၍ကြည့်ရှုပါလေလော)

**ပါဠိတော်မှာ။** ။(အဝိဇ္ဇာပစ္စယာသင်္ခါရာ)လို့ ဟောပါတယ်။

**ဘာသာပြန်က။** ။အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်လို့ ဆိုပါတယ်။

**(အမေး)** .... အဝိဇ္ဇာဆိုတာဘာလဲ?၊ သင်္ခါရဆိုတာဘာလဲ? ဆိုတဲ့ အမေး၌၊

**(အဖြေ)** .... အဝိဇ္ဇာဆိုတာ ပါဠိဘာသာ၊ မြန်မာလိုကတော့ သစ္စာလေးပါး, သံသရာ၏ ရှေ့အစွန်း, နောက်အစွန်း, ရှေ့နောက်အစွန်းသုံးပါး၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းတပါး၊ ပေါင်း-ရှစ်ပါးသော ဌာနတို့၌ မသိတာကို အဝိဇ္ဇာဆိုတာတဲ့။ ဒါတွေကို မသိလို့ သင်္ခါရတွေဖြစ်တာတဲ့။

(ဤကား—အဖြေ)

## ဘယ်လို သစ္စာမသိတာလဲဆိုတဲ့အမေး၌၊

တဏှာကြောင့် ခန္ဓာ၊ ဖြစ်ပျက်မွေး သေ သံသရာရှည်၍ နေကြသည်။ တဏှာပယ်တဲ့မဂ်အကျင့်ကြောင့် တဏှာကုန်တော့ ရွှေဘုံနိဗ္ဗာန်—ဤလိုမသိတာတဲ့။

ဤ၌—တဏှာက သမုဒယသစ္စာ၊ ခန္ဓာက-ဒုက္ခသစ္စာ၊ တဏှာပယ်တဲ့ မဂ်အကျင့်က-မဂ္ဂသစ္စာ၊ တဏှာကုန်တဲ့ ရွှေဘုံနိဗ္ဗာန်က နိရောဓသစ္စာ။ ။ ဤ၌ သမုဒယသစ္စာက-အကြောင်းသစ္စာ၊ ဒုက္ခသစ္စာက - အကျိုး သစ္စာ၊ မဂ္ဂသစ္စာက - အကြောင်းသစ္စာ၊ နိရောဓသစ္စာက-အကျိုးသစ္စာ၊ ဤလို အကြောင်း အကျိုးနှင့် တကွ သစ္စာလေးပါးတို့ကို မသိလို့ သံသရာခရီးတွင်ဖြစ်တာတဲ့။

(ဤကား—အဖြေ)

ထို့ကြောင့်— "တဏှာ ဒုက္ခဿ မူလံ၊ တဏှက္ခယာယ ပဋိပစ္စထ၊ တဏှက္ခယော ဟိ နိဗ္ဗာနံ" လို့ ဟောတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခဿ၊ ကုန်အောင်စုံသော ဝဋ်ဆင်းရဲဒုက္ခ၏။ မူလံ ကာရဏံ၊ အကြောင်းရင်းခံ အစစ်အမှန်ကား။ တဏှာ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ထို့ကြောင့်။ တဏှက္ခယာယ၊တဏှာကုန်စေခြင်းငှါ။ ပဋိပဇ္ဇထ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်ကြကုန်လော့။ (ဝါ)တရားကိုအားထုတ်ကြကုန်လော့။ တဏှက္ခယော ဟိ - တဏှက္ခယော ဝေ၊ တဏှာ၏

ကုန်ခြင်းသည်သာလျှင်။ (ဝါ) တဏှာ၏ကုန်ရာသည်သာလျှင်။ နိဗ္ဗာန်၊ နိဗ္ဗာန်မည်၏။(ဝါ)နိဗ္ဗာန်ကိုရတော့ ရောက်တော့သည် မည်၏။

(ဤကား—အနက်)

ဤ၌—တဏှာ ဟူသော ပုဒ်ဖြင့် သမုဒယသစ္စာကို ပြတော်မူသည်မှတ်။ ဒုက္ခသ-ဟူသော ပုဒ်ဖြင့် ဒုက္ခသစ္စာကို၊ တဏှက္ခယာယ ဟူသော ပုဒ်ဖြင့် နိရောဓသစ္စာကို၊ ပဋိပဇ္ဇထ-ဟူသောပုဒ်ဖြင့် မဂ္ဂသစ္စာကို ပြတော်မူသည်ဟု အသီးအသီး သိလေ-မှတ်လေ။

ဤလို—အကြောင်း အကျိုးနှင့်တကွ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားဟု သစ္စာလေးပါးတို့ကို ပိုင်းခြားဝေဘန်၍ အမှန်အတိုင်း မသိမှု ( မောဟ ) ခေါ်သော အဝိဇ္ဇာကြောင့် တဏှာကုန်တဲ့ ရှေ့ဘုံနိဗ္ဗာန်သို့ရောက်စေရန် တဏှာပယ်ဘဲ့ မဂ် အကျင့်ကို မကျင့်ဘဲ အလွဲလွဲ အချော်ချော် တဏှာအလိုသို့ လိုက်မှားပြီး မွေး သေ လွတ်တဲ့ နိဗ္ဗာန်ကို မတောင့်တဘဲ မွေး သေ မလွတ်သေးတဲ့ လူနတ်ချမ်းသာကိုတောင့်တ၍(ပုညာပုညာနေဉ္ဇ) ဆိုတဲ့ သင်္ခါရသုံးပါးတို့ကို ပြုလုပ်စီမံမိကြတဲ့အခါ ဘုံသုံးပါးတို့မှာ စေတနာကံမျိုးအားလျော်စွာ ရုပ် နာမ် ခန္ဓာ ပင်တွေ ပေါ်ပေါက်လာဘို့ရာ ကောင်းဆိုးကံ မျိုးစေ့များကို ကြဲချမိရက်သားဖြစ်သွားကြလေတော့သည်။

၁။ ဤလိုဤပုံ ဖြစ်သွားသည်ကို....ပါဠိလို(အဝိဇ္ဇာပစ္စယာ သင်္ခါရာ) မြန်မာလို အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုသည်ဟု သိလေ-မှတ်လေ။

**မှတ်ချက်။** ။ ဤ၌-ဤအဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုတာတွေဟာ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ၊ အဝိဇ္ဇာက-မောဟ စေတသိက် နာမ်တရားကိုရသည်။ သင်္ခါရဆိုတာကလဲ ကုသိုလ်, အကုသိုလ်တို့၌ ယှဉ်သော စေတသိက် နာမ်တရားဘဲ ဖြစ်တယ်၊ ထိုအဝိဇ္ဇာသင်္ခါရဆိုတဲ့ နာမ်တရား၊ ၎င်းတို့၏ မှီရာဝတ္ထုရုပ်တရားတို့ဟာ အကြောင်း အကျိုး တရား သက်သက်, ပုဂ္ဂိုလ်သတ္တဝါတို့နှင့် မရောမစွက် အလွတ် သက်သက်, အနိစ္စ ဒုက္ခ-အနတ္တ အစစ် ဒုက္ခသစ္စာသာ ဖြစ်ဟု၏ အသိခုန် အမြင်မှန် အယူမှန်ကိုယူကြပါလေ၊ ရှေ့ကိုလည်း နည်းတူသိလေ။

ဤလို ဤပုံ—တဏှာကြောင့်ခန္ဓာ ဖြစ်ပျက်မွေးသေ သံသရာ ရှည်၍ နေကြသည်ဟု သမုဒယသစ္စာနှင့် ဒုက္ခသစ္စာကို မသိသော ကြောင့် တဏှာပယ်တဲ့မဂ်အကျင့်ကို မကျင့်၍ (ဝါ) တရားကို အားမထုတ်၍ တဏှာမသေ တဏှာမပြတ် တဏှာတလဲလဲ ခန္ဓာ တလဲ ဖြစ်ပျက် မွေးသေ သံသရာရှည်၍ နေကြသည်ဟု သိလေ မှတ်လေ။ ထို့ကြောင့် (**သစ္စာမသိ—ရှည်ဘိသံသရာ**) ဆိုသည်။

တဏှာပယ်တဲ့မဂ်အကျင့်က-မဂ္ဂသစ္စာ၊ တဏှာကုန်တဲ့ ရွှေဘုံ နိဗ္ဗာန်က-နိရောဓသစ္စာဟု မဂ္ဂသစ္စာနှင့် နိရောဓသစ္စာကိုသိသော ကြောင့် တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်တဲ့ခါ (ဝါ) တရားကို အားထုတ်၍ အရဟတ္တဖိုလ်ကိုရတဲ့ခါ တဏှာကုန်သော ရွှေဘုံ နိဗ္ဗာန်သို့ ရောက်တော့သည်ဟု သိလေ-မှတ်လေ။ ထို့ကြောင့် (**သစ္စာသိတော့—တိုဘိသံသရာ**)ဟု ဆိုသည်။

ဤလို–သစ္စာကို သိယင်လဲ အစွန်းသုံးပါး ပဋိစ္စသမုပ္ပါဒ် တရားကိုလဲ သိတော့တာဘဲတဲ့။

**မှတ်ချက်။** ။ ဤ၌ (ပုညာပုညအာနေဉ္ဇ) အရကို အောက်က ပြဆိုခဲ့ပါပြီ၊ လိုလျှင်ပြန်ကြည့်လေ။

ဤလို-သစ္စာမသိမှု အဝိဇ္ဇာရှိနေသေးတဲ့ ပုထုဇဉ်တို့မှာဆိုယင် ပြုလုပ် ပြောဆိုကြံစည်သမျှတွေဟာ ကုသိုလ်ယင်လဲဖြစ်၊ အကုသိုလ်ယင်လဲ ဖြစ်၊ တခုမဖြစ် တခုတော့ ဖြစ်တော့တာဘဲ တဲ့။ အဝိဇ္ဇာမရှိတဲ့ ရဟန္တာတို့မှာ စေတီရှိခိုးခြင်း, ပန်းလှူခြင်းစသည် ဖြင့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပါသေးတယ်။ သို့ ပြုစေ ကာမူ အကျိုး ပေးတဲ့ ကုသိုလ်တော့ မဖြစ်တော့ပါဘူး။ ပြုကာမျှ ကြိယာသာ ဖြစ်ပါတော့တယ်။ ဤကား (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ) ဆိုတဲ့ ပုဒ်ရဲ့ ဆိုလိုရင်း အဓိပ္ပါယ်အကျဉ်း တည်း။

၁။ လောက၌ မျိုးစေ့ရှိယင် မျိုးစေ့အားလျော်စွာအညွန့် အညှောက် ပေါ်ပေါက်လာသကဲ့သို့၊ ထို့တူပမာ-ကာမ ကုသိုလ်ကံ မျိုးစေ့ကြောင့် ကာမဘုံ၌ အဟိတ်ကုသလ ဝိပါက် ဝိညာဏ်နှင့် ကာမာဝစရဝိပါက်ဝိညာဏ် အညွန့် အညှောက်များ ပေါ်ပေါက် လာရပါတယ်။ ဝိညာဏ် ဆိုတာကပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်, ကမ္မဝိညာဏ် လို့- သုံးမျိုးရှိရာ၊ ပဋိသန္ဓေအခါ ဖြစ်တဲ့ ဝိညာဏ်ကို ပဋိသန္ဓေဝိညာဏ်ခေါ်၍၊ ပဋိသန္ဓေနောင် ပဝတ္တိအခါ ဖြစ်တဲ့ ဝိညာဏ်ကို ပဝတ္တိဝိညာဏ် ခေါ်ပြီးလျှင် ရှေး ဘဝကပြုခဲ့တဲ့ ကံကို ကမ္မဝိညာဏ်ခေါ်ပါတယ်။

၂။ ရူပကုသိုလ်ကံ မျိုးစေ့ကြောင့် ရူပဘုံ၌ ရူပဝိညာဏ် အညွန့်အညှောက်ဖြစ်ပေါ်ပါတယ်။

၃။ အကုသိုလ်ကံမျိုးစေ့ကြောင့်အပါယ်လေးဘုံတို့၌ အကုသလ ဝိပါက်ဝိညာဏ် ဖြစ်ပေါ်ပါတယ်။

၄။ အရူပကုသိုလ်ကံ မျိုးစေ့ကြောင့် အရူပဘုံတို့၌ အရူပ ဝိပါက် ဝိညာဏ်ဖြစ်ပေါ်ပါတယ်။

၅။ အသညသတ် ဘုံ၌တော့ ဇီဝိတဆက္က, ဇီဝိတနဝက ကလာပ်ရုပ်သာ ဖြစ်ပေါ်ပါတယ်။

၂။ ။ ဤလို ဖြစ်သည်ကို ပါဠိလို (သင်္ခါရပစ္စယာ ဝိညာဏံ) ဗမာလို သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုသည်ဟု သိလေ-မှတ်လေ။ ရှေးနည်းတူသိလေ။

လောက၌ မျိုးစေ့တို့၏ ထုံးစံအတိုင်း မျိုးစေ့မှတဆင့် အညွန့်အညှောက် ပေါ်ပေါက်လာပြီးလျှင် အောက်၌ ဘော်ပြခဲ့ပြီးသော ဝိညာဏ်အညွန့်အညှောက်များကြောင့် ဖြစ်ထိုက်ရာ ဘုံဘဝတို့၌ ဖြစ်ထိုက်သော နာမ်ရုပ်များဖြစ်ပေါ်လာပါတယ်။

ဤ၌—နာမ်နှင့် ရုပ်ကို ဖြစ်စေတတ်ဘဲ့ ဝိညာဏ်ဟာ ကမ္မဝိညာဏ်, ဝိပါက်ဝိညာဏ်ဟု နှစ်မျိုးရှိရာ—ကမ္မဝိညာဏ်ဆိုတာက စေတနာကံနှင့် ယှဉ်တဲ့ စိတ်ကို ဆိုပါတယ်။ ဝိပါက်ဝိညာဏ် ဆိုတာက ယခုဘဝမှာ ဖြစ်တဲ့ ဝိပါက်ဝိညာဏ်ကို ဆိုပါတယ်။ ဤ ဝိညာဏ်နှစ်မျိုးဟာ နာမ်နှင့်ရုပ်ကို ဖြစ်စေပါတယ်။

ဤ၌—နာမ်အရ ဝေဒနာ,သညာ,သင်္ခါရကိုယူပါ။ ရုပ်အရ ဘူတရုပ်, ဥပါဒါရုပ်ကို ယူပါလေ။ မျိုးစေ့တို့၏ အညွန့် အညှောက်နှင့်တူသော ဝိညာဏ်က ပင်စည်လုံးပတ်နှင့်တူသော နာမ်နှင့်ရုပ်ကို ဖြစ်စေပုံမှာ ဝေါကာရသုံးပါးရှိသည့်အနက်—

၁။ (ဧကဝေါကာရ) ရုပ်ခန္ဓာတပါးသာ ရှိသော အသညသတ်ဘုံ၌ ဇီဝိတဆက္က, ဇီဝိတနဝက ကလာပ်ရုပ် ခေါ်သော ရုပ်သက်သက်ကိုသာဖြစ်စေပါတယ်။ထို့ကြောင့် အသညသတ်ဘုံမှာဆိုယင် နာမ်လုံးဝမရှိ၊ ရုပ်သက်သက်သာ ရှိပါတယ်။

၂။ (စတုဝေါကာရ) နာမ်ခန္ဓာ လေးပါးသာရှိတဲ့ အရူပဘုံ၌ ဝိပါက်ဝိညာဏ်က နာမ်သက်သက်ကိုသာ ဖြစ်စေပါတယ်။ ၎င်းအရူပဘုံ၌ နာမ်သက်သက်သာရှိ၏၊ ရုပ်လုံးဝမရှိပါ။

၃။ (ပဉ္စဝေါကာရ) ခန္ဓာငါးပါး အစုံရှိသော အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌ ဝိပါက်ဝိညာဏ်ဟာ နာမ်ရုပ်နှစ်ပါးလုံးကို ဖြစ်စေပါတယ်။

၃။ ။ ဤလို ဖြစ်သည်ကို ပါဠိလို (ဝိညာဏပစ္စယာ နာမရူပံ) မြန်မာလို ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုသည်ဟု သိလေ မှတ်လေ။ ရှေးနည်းတူ သိလေ။

လောက၌ အပင်ပေါက်တယ်ဆိုယင် အပင်နှင့် တူအောင် အပွေး,အခေါက်,အကာ,အသား,အနှစ်,အကိုင်း အခက်, အပွင့်

အသီး စသည်တို့သည် ဖြစ်ပေါ်လာမြဲ ထုံးစံရှိသကဲ့သို့၊ ထို့တူ ပမာ — ခန္ဓာပင် ပေါ်ပေါက်လာတယ် ဆိုယင်ဘဲ ခန္ဓာပင်နှင့် တူအောင် ၎င်းခန္ဓာပင်၌ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်ဆိုတဲ့ သဠာယတနခေါ်သော အတွင်း အာယတနခြောက်ပါး ဖြစ် ပေါ်လာရပါတယ်။ ၎င်းအနက် မျက်စိကို-စက္ခာယတန၊ နားကို သောတာယတန၊ နှာခေါင်းကို-ဃာနာယတန၊ လျှာကို-ဇိဝှါ ယတန၊ ကိုယ်ကို-ကာယာယတန၊ စိတ်ကို-မနာယတန ဆိုသည် ဟု သိပါလေ။

**မှတ်ချက်**။ ။ ဤ အတွင်း အာယတန ခြောက်ပါး ကိုလည်း ကာမဘုံမှာ အပြည့်အစုံ ရနိုင်ပါတယ်တဲ့။ ရူပဘုံမှာ တော့ (ဃာနာယတန,ဇိဝှါယတန,ကာယာယတန) ဤ အာယတန သုံးပါးကို မရပါဘူး။ အရူပဘုံမှာတော့- မနာယတန တပါး**သာ** ရပါတယ်တဲ့။ သို့ရာတွင်-ဗြဟ္မာ များမှာ ပသာဒ အကြည်ရုပ်သာ မရှိတာပါ၊ ပုံသဏ္ဌာန် ကတော့-အပြည့်အစုံဘဲ လှပစွာရှိပါတယ်တဲ့။ ပြီးတော့ ဣတ္ထိဘာဝ,ပုမ္ဘာဝလဲ မရှိဘူးတဲ့။ သို့သော်-ယောကျ်ား ပုံသဏ္ဌာန်ဘဲဖြစ်နေပါတယ်တဲ့။

———

၄။ ။ ဤလို ဤပုံ — ဖြစ်သည်ကို ပါဠိလို ( **နာမရူပပစ္စယာ သဠာယတနံ**) မြန်မာလို နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ် ဆိုသည်ဟု သိလေ-မှတ်လေ။

**ဤလို—အာယတန** ခြောက်ပါး ဖြစ်ပေါ်လာတယ်ဆိုယင် အပြင်အာယတနဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့နှင့် တိုက်ဆိုင်မိကြတဲ့ခါ မျက်စိနှင့်အဆင်း

နားနှင့် အသံ, နှာခေါင်းနှင့် အနံ့, လျှာနှင့် အရသာ, ကိုယ်နှင့် ဖောဋ္ဌဗ္ဗ, စိတ်နှင့် ဓမ္မာရုံ တွေ့ဆုံကြတဲ့ခါ မြင်တွေ့, ကြားတွေ့, နံတွေ့, စားတွေ့, ထိတွေ့, သိတွေ့ ဆိုတဲ့ အတွေ့ဖဿခြောက်ပါး သဘောတရားတွေလဲဖြစ်ပေါ်လာတော့တာဘဲတဲ့။

**မှတ်ချက်။** ။ အထူးကတော့ ဤ အတွေ့ သဘောတွေဟာ ချဉ်သီးစားနေသူတယောက်ကို မြင်ယင် မြင်ရသူမှာ သွားရည်ယိုလာတတ်တယ်၊ ချဉ်တဲ့အရသာကို စိတ်ထဲမှာ တွေ့ရတဲ့သဘောဘဲ၊ ထို့ပြင် တယောက်သူက ဝါးလုံးကို ဒါးနှင့် ခြစ်နေယင် မြင်ရသူမှာ သွားကျိန်းလာတတ်တယ်၊ သစ်ပင်ဖျား, အကိုင်းဖျား, ကမ်းနားကို သွားနေသောသူတယောက်ကို မြင်ပါက မြင်ရသူမှာ အသဲယားပြီး သဲတုန် အူတုန် ဖြစ်ရနေတတ်တယ်၊ ဤသို့စသည် ကိုယ်တိုင် မတွေ့ရသော်လည်း တွေ့ဘိသကဲ့သို့ အတွေ့ ဖဿ သဘောမျိုးတွေ့ ဖြစ်တတ်ပါတယ်။

---

၅။ ။ ဤလိုဤပုံ ဖြစ်သည်ကို ပါဠိလို (**သဠာယတနပစ္စယာ ဖဿော**) မြန်မာလို သဠာယတနကြောင့် ဖဿ ဖြစ်တယ်ဆိုသည်ဟု သိလေ-မှတ်လေ။

ဤလို—အာရုံ၌ တွေ့တဲ့သဘော ဖဿခြောက်ပါး ဖြစ်တယ် ဆိုယင်ဘဲ ကောင်းခံစား, ဆိုးခံစား, ကောင်းဆိုး နှစ်ရပ် အလယ် အလတ် ခံစားဆိုတဲ့ ဝေဒနာဆိုတဲ့ သဘောတရားတွေလဲ ဖြစ်ပေါ်လာတော့တာဘဲတဲ့၊ ဘယ်ဟာမျှားလဲသို့ယင် မြင်ခံစား,

ကြားခံစား, နံခံစား, စားခံစား, ထိခံစား, သိခံစား၊ ဤခြောက်မျိုးတို့ပါဘဲ။ တွေ့လို့ ကောင်းတာ-သုခဝေဒနာ, တွေ့လို့ မကောင်းတာ-ဒုက္ခဝေဒနာ, တွေ့လို့ ကောင်း မကောင်းတာ-ဥပေက္ခာဝေဒနာလို့လဲ ခွဲ၍ သိရပါသေးတယ်။

၆။ ။ ဤလိုဤပုံ ဖြစ်သည်ကို ပါဠိလို(**ဖဿပစ္စယာ ဝေဒနာ**) မြန်မာလို ဖဿကြောင့် **ဝေဒနာ**ဖြစ်တယ် ဆိုသည်ဟု သိလေ မှတ်လေ။

ဤလို—ဝေဒနာ ခြောက်ပါး ဖြစ်ပေါ်လာတယ်ဆိုယင်ဘဲ တဏှာခြောက်ပါး၊ အကျယ်အားဖြင့် (၁၀၈) ပါး ဖြစ်ပေါ်လာတော့တာဘဲတဲ့။ ဘယ်ဟာများလဲဆိုတော့ ရူပါရုံ၌ တပ်မက်တဲ့ ရူပတဏှာ၊ သဒ္ဒါရုံ၌ တပ်မက်တဲ့ သဒ္ဒတဏှာ၊ ဂန္ဓာရုံ၌ တပ်မက်တဲ့ ဂန္ဓတဏှာ၊ ရသာရုံ၌တပ်မက်တဲ့ ရသတဏှာ၊ ဖောဋ္ဌဗ္ဗာရုံ၌တပ်မက်တဲ့ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မာရုံ၌တပ်မက်တဲ့ ဓမ္မတဏှာ၊ ဤတဏှာခြောက်ပါးဘဲ။

အကျယ်အားဖြင့်တော့—

၁။ ကာမ,ဘဝ၊ ဝိဘဝ၊ တဏှာ သုံးမျိုးတည်း။
၂။ အာရုံခြောက်ပါး၊မြှောက်တုံငြား၊အပါးဆဲ့ရှစ်မည်၊
၃။ ကာလသုံးတန်၊မြှောက်တုံပြန်၊ရဟန် စတုပညာပေ။
၄။ သန္တာန်နှစ်ဝ၊ မြှောက်တုံက၊ **၁၀၈ပါး**-တည်း။
ဟူ—ဆိုပါတယ်။

ဤ၌—ကာမတဏှာဆိုတာက ရူပါရုံစသော ငါးပါးအာရုံ ကာမဂုဏ်တို့၌ တပ်မက်သော(လောဘ)ကို ဆိုပါတယ်။ ဘဝ တဏှာဆိုတာက ရုပ်သာသေ၍ နာမ်မသေဘဲထပ်ဖြစ်ဦးမှာဘဲဟု ယူမှားတဲ့အယူကို ဘဝဒိဋ္ဌိလို့ ဆိုပါတယ်။ မြဲတယ်လို့ယူတဲ့ အတွက် သဿတဒိဋ္ဌိလို့လဲ ခေါ်တယ်၊ အတူတူပါဘဲ။ ဝိဘဝ ဒိဋ္ဌိဆိုတာက ဒီ-ဘဝသေယင်ပြီးတာဘဲ နောက်လဲ ဘာမှမဖြစ် တော့ဘူးဟု ယူမှားတဲ့အယူကို ဝိဘဝဒိဋ္ဌိလို့ ဆိုပါတယ်။ ပြတ် တယ်လို့ ယူတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိလို့လဲခေါ်ပါတယ်၊ အတူတူ ပါဘဲ။

ဤ၌ဘဝဒိဋ္ဌိ,သဿတဒိဋ္ဌိဆိုတာကဘုရားမပွင့်မီရှေးအခါက ဘုရား တရားကို မကြားမနာရ၍ ဘုရားအယူမှ တပါးသော အယူရှိသော အညတိတ္ထိတို့သည် အတ္တနောမတိ-မိမိထင်မြင်ချက် အတိုင်း လက်ရှိဘဝ သေသွားတဲ့ခါ ရုပ်သာသေတာ နာမ် ကတော့ မသေဘူးလို့ ယူမှားတဲ့အယူကို ဆိုပါတယ်၊ ဘုရား လက်ထက်တော်မှာဘဲ ဘုရားတပည့်သား သာတိ ရဟန်းဟာ ခန္ဓာငါးပါးထဲက သေတဲ့အခါ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, လေးပါးတို့သာ ချုပ်ဆုံးကြတယ်။ ဝိညာဏ်ခေါ်တဲ့ နာမ် ကတော့ မချုပ်မသေဘူး။ ဤဘဝမှ တပါးသောဘဝသို့၊တပါး သောဘဝမှ ဤဘဝသို့ မြဲသည်၏အစွမ်းအားဖြင့် တပြောင်း ပြန်ပြန် ကျင်လည်ရ၏ဟု ဤသဿတဒိဋ္ဌိ အယူမှားကို ယူသေး တာဘဲ၊ အမှန်မှာ-ဤလိုမဟုတ်ပါဘူး၊ ဘယ်ဘဝမှာ ဘာကောင် ဘဲ သေသေ,သေသွားတဲ့ခါ ရုပ်နာမ်အစုံရှိတဲ့ ပဉ္စဝေါကာရ ဘုံဆိုတင် ရုပ်ရော-နာမ်ရော နှစ်ပါးလုံး ချုပ်သွားပါတယ်။ တပါးမှ မကြွင်းမကျန်ပါဘူး။ သို့သော်-ဘုရား ရဟန္တာ မဖြစ်

သေးလျှင် မသေမီကာလ ရှေးဘဝက မိမိတို့ပြုလုပ်ခဲ့ကြသော ကောင်းကံ-ဆိုးကံတို့ကြောင့် ကံအားအော်စွာ တစုံတခုသော ဘုံဘဝတို့မှာ (ပဲ့တင်သံ, ဆိမ်းလျှံ, တံဆိပ်ရေး, မျက်နှာရိပ်) ကဲ့သို့၊ ရုပ်သစ်, နာမ်သစ်များ အသစ်ထပ်၍ ဖြစ်ရပြန်ပါတယ်။ နိဗ္ဗာန်မရသမျှကာလပတ်လုံး ဤပုံချည်းပါဘဲ။ ဒါကြောင့်မို့ မြဲတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိအယူကို အယူမှားလို့ ဆိုရပါတယ်။

သေ-ပြီးတာဘဲ ပြတ်တာဘဲဆိုတဲ့ ဝိဘဝဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိကလဲ ပြဆိုခဲ့ပြီးတဲ့အတိုင်းဘဲ တစုံတခုသောဘုံဘဝတို့၌ တဘန်အသစ် ပြန်၍မဖြစ်လတံ့သော ဘုရား ရဟန္တာ မဖြစ်သေးဘူး ဆိုယင် မဖြစ်ချင်မနေရ၊ တစုံတခုသောဘုံဘဝတို့မှာ ကံအားလျော်စွာ ရုပ်သစ်,နာမ်သစ်ဖြစ်ရပြန်ပါတယ်။ ဒါကြောင့်မို့ ပြတ်တယ် လို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူကိုအယူမှားလို့ ဆိုရပါတယ်။ ဤဥစ္ဆေဒ ဒိဋ္ဌိ အယူမှားကိုလဲ ဘုရား လက်ထက်တော်မှာပင် ရှေးဦးစွာ ယမက ရဟန်းဟာ အယူမှားလို့ ရှင်သာရိပုတ္တရာ၏ တရားကို နာယူရမှ ဤအယူမှားကို ပယ်စွန့်ပြီး သောတာပန်ဖြစ်သွားပါ တယ်၊ နောက်-ရဟန္တာဖြစ်သွားပါတယ်။

(ပဲ့တင်သံ၊ ဆိမ်းလျှံ၊ တံဆိပ်ရေး၊ မျက်နှာရိပ်)

နိဗ္ဗာန်မရသမျှကာလပတ်လုံး တဘဝမှ တဘဝ ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပုံကို—

"တွေ့ စေတသာ ဝိညာဏသာ ပုရိမဘဝတော ဣမ အနာဂမနေ အတီတဘဝပရိယာပန္နဟေတူဟိစ ဥပ္ပါဒေ ပဋိသောသ ပဒီပ မုဒ္ဒါ ပဋိဗိမ္ဗကာရာဓမ္မာနိဒဿနာနိ

သိယုံ”—ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ ၁၅၅-မှာ ဖွင့်ပြထားပါတယ်။

တွေ စေတဿ ဝိညာဏဿ ပုရိမဘာဝတော ဣမ အနာဂမနေ စ၊ ဤသို့ ထိုပဋိသန္ဓေဝိညာဏ်၏ ရှေးဘဝမှ ဤပစ္စုပ္ပန်ဘဝသို့လာ၍ မဖြစ်ခြင်းသည်ရှင်း။ တွေအတိတဘဝပရိယာပန္နဟေတူဟိ စ ဥပ္ပါဒေ၊ ဤလွန်ခဲ့ပြီးသောဘဝ၌ အကျုံးဝင်သော ကံ စသော အကြောင်းတို့ကြောင့် ဖြစ်ခြင်းသည်ရှင်း။ ပဋိဃောသ ပဒီပ မုဒ္ဒါ ပဋိဗိမ္ဗကာရာ၊ ပဲ့တင်သံ၊ ဆီမီးလျှံ၊ တံဆိပ်ရေး၊ မျက်နှာရိပ် အပြားရှိကုန်သော။ မွော၊ သဘောတရားတို့သည်။ နိဒဿနာနိ၊ ယုံကြည်နိုင်ရန် သက်သေခံ ပုံစံ ဥဒါဟရဏ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

(ဤကား—အနက်)

ထိုမှတပါး—သဗ္ဗြိဟ် ရုပ်ပိုင်း စာမျက်နှာနံပါတ်-၃ဝ၌လည်း “ပဋိသန္ဓိ သင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပဋ္ဌာတိ ဘဝန္တရေ”ဟု ပြဆိုထားပါသည်။

**အဓိပ္ပါယ်ကား** .... ဘဝသစ်၌ ပဋိသန္ဓေဝိညာဏ်စိတ်သည် ဘဝဟောင်းမှ ပြောင်းလာ၍ ဘဝသစ်၌ဖြစ်သည်လည်းမဟုတ်၊ ဘဝသစ်၌ အကြောင်းမရှိဘဲ အလိုလိုဖြစ်သည်လည်း မဟုတ်။ ရှေးဘဝဟောင်းက ပြုလုပ်ခဲ့သော ကံ-စသော အကြောင်းကြောင့်သာ ဘဝသစ်၌ ပဋိသန္ဓေဝိညာဏ် ရုပ်သစ်၊ နာမ်သစ် ဖြစ်သည်ဟု ဆိုလိုသည်။

ပဲ့တင်သံ စသော ဥပမာအတိုင်း၊ တောတောင် ချောက်ကမ်းပါးကြီးထဲသို့ရောက်နေကြ၍ လူတယောက်က (ဟိုး)ဆိုတဲ့

အသံကို အော်လိုက်တဲ့အခါ ထိုတောတောင်ကြီးထဲမှာ (ဟိုး) ဆိုတဲ့ နောက်ထပ် အသံတခု ဖြစ်ပေါ်လာပါတယ်။ အဲဒါကို ပဲ့တင်သံလို့ ခေါ်ပါတယ်။ အဲဒီ ပဲ့တင်သံဟာ (ဟိုး) ဆိုတဲ့ အသံဖြစ်ရာ အရပ်သို့သွားသည်လည်း မဟုတ်ပါ။ (ဟိုး) ဆိုတဲ့ ရှေ့အသံနှင့်ကင်း၍လည်း မဖြစ်ပါ။ (ဟိုး) ဆိုတဲ့ ရှေ့အသံ ကြောင့်သာ ပဲ့တင်သံဖြစ်သကဲ့သို့ရင်း။ ရှေ့ဆီမီးသည် နောက်ဆီမီးသို့ပြောင်းရွှေ့သွားသည်လည်းမဟုတ်၊ ရှေ့ဆီမီးနှင့်ကင်း၍ နောက်ဆီမီး ဖြစ်သည်လည်း မဟုတ်၊ ရှေ့ဆီမီးကြောင့်သာ နောက်ဆီမီးဖြစ်သကဲ့သို့ရင်း။ တံဆိပ်ရေးသည် မူလတံဆိပ်တုံးမှ ရွှေ့ပြောင်း၍သွားသည်လည်း မဟုတ်၊ မူလ တံဆိပ်တုံးနှင့် ကင်း၍ဖြစ်သည်လည်းမဟုတ်၊ မူလတံဆိပ်တုံးကြောင့်သာတံဆိပ် ရေးဖြစ်သကဲ့သို့ရင်း။ မှန်ထဲမှာ ထင်လာသော မျက်နှာရိပ်သည် မူလမျက်နှာမှလာ၍ ဖြစ်သည်လည်း မဟုတ်၊ မူလမျက်နှာနှင့် ကင်း၍ ဖြစ်သည်လည်း မဟုတ်၊ မူလ မျက်နှာကြောင့်သာ မှန်ထဲမှာ မျက်နှာရိပ်ထင်လာသကဲ့သို့ရင်း။ ထို့အတူ ပဋိသန္ဓေ ဝိညာဏ်စိတ်သည် ဘဝဟောင်းမှ ဘဝသစ်သို့ပြောင်း၍ လာသည်လည်း မဟုတ်၊ ဘဝဟောင်းက အကြောင်းမရှိဘဲဖြစ်ပေါ် လာသည်လည်း မဟုတ်၊ သဝဟောင်းက ပြုခဲ့သော ကံ-စသော အကြောင်းကြောင့်သာ ဘဝသစ်မှာ ရုပ်သစ် နာမ်သစ်ဖြစ်လာ သည်ဟု ယူမှသာ ဘုရားအလိုတော်ကျ သမ္မာဒိဋ္ဌိ အယူမှန် ဖြစ်သည်ဟု သိလေ-မှတ်လေ။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ဤသုံးပါးမူကိုတည် ရှုပါရုံ စသော အာရုံခြောက်ပါးနှင့် မြှောက်သော် (၁၈) ဖြစ်၏။

ဂုဏ်း(၁၇)ကို အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဆိုတဲ့ ကာလ သုံးပါးနှင့် မြှောက်သော်(၅၄)ဖြစ်၏။

ဂုဏ်း(၅၄)ကို အဇ္ဈတ္တသန္တာန်,ဗဟိဒ္ဓသန္တာန် နှစ်ပါးနှင့် မြှောက်သော်(၁၀၈)ပါး ဖြစ်၏။

၇။ ။ ဤသိုဖြစ်သည်ကို ပါဠိလို(**ဝေဒနာပစ္စယာ တဏှာ**) မြန်မာလို ဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုသည်ဟု သိလေ မှတ်လေ။

ဤလို–တဏှာဖြစ်တယ် ဆိုယင်လဲ ကာမုပါဒါန် စသော ဥပါဒါန် လေးပါး သဘောတရားတို့လဲ ဖြစ်တော့တာဘဲ-တဲ့။ ဘယ်တရားများလဲဆိုယင် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်,သီလဗ္ဗတု ပါဒါန်, အတ္တဝါဒုပါဒါန်, ဤ လေးပါးတို့ပါဘဲ၊ ထိုတွင်– ကာမုပါဒါန်ဆိုတာက ငါးပါးအာရုံ ကာမဂုဏ်တို့၌ပြင်းထန်စွာ စွဲလမ်းတဲ့ လောဘကိုဆိုပါတယ်။ ဒိဋ္ဌုပါဒါန်ဆိုတာက "နတ္ထိ ဒိန္နံ"စသည်ဖြင့်လာသော(ဒသဝတ္ထုက)၁၀-ပါးကိုဆိုပါတယ်။ သီလဗ္ဗတုပါဒါန် ဆိုတာက-နွားတို့, ခွေး တို့၏ အကျင့်ဖြင့်ပင် သံသရာမှစင်ကျယ်၏ဟု ယူမှားသော ဒိဋ္ဌိကိုဆိုပါတယ်။ အတ္တဝါဒုပါဒါန် ဆိုတာက"ရူပံအတ္တတောသမနုပဿတိ"စသည်ဖြင့် လာသော သက္ကာယဒိဋ္ဌိကို ဆိုပါတယ်။

ဤ၌ – တဏှာလည်း-လောဘ, ဥပါဒါန်လည်း-လောဘ ဖြစ်နေကြ၍ ဘယ်လိုထူးပါသလဲဆိုတဲ့အမေး၌ အားနည်းသော လောဘကို တဏှာဆို၍ အားကြီးသော လောဘကို ဥပါဒါန် ဆိုရသတဲ့။ တနည်းမှာ–မရောက် မရသေးသောအာရုံကို တောင့် တတဲ့ လောဘကို တဏှာဆို၍၊ ရောက်ပြီး ရပြီးတဲ့ အာရုံကို

ဘားကို မြေဖမ်းသကဲ့သို့ မလွတ်တန်း စွဲလမ်းတဲ့ လောဘကို ဥပါဒါန်ဆိုသတဲ့။ **တနည်း—အလိုနည်းခြင်း၏ဆန့်ကျင်ဘက်ကို** တဏှာဆို၍၊ ရောင့်ရဲခြင်း၏ဆန့်ကျင်ဘက်ကို ဥပါဒါန်ဆိုသတဲ့။ တနည်း—ရှာမှီးခြင်းဒုက္ခလျှင် အရင်းရှိသော လောဘကို တဏှာဆို၍၊ စောင့်ရှောက်ခြင်းလျှင် အရင်းရှိသော လောဘကို ဥပါဒါန်ဆိုသတဲ့။ ဤကား—တဏှာနှင့် ဥပါဒါန်အထူးတည်း။ လိုရင်းမှာ-လောဘ အငယ်စားနှင့် လောဘ အကြီးစားပါဘဲ။ လောဘအငယ်စားက-တဏှာ, လောဘအကြီးစားက-ဥပါဒါန်၊ ဥပမာဆိုရသော်"ဖွတ်ကြီးတော့-မိကျောင်း၊ တစ္ဆေကြီးတော့ ဥပက"ဆိုသကဲ့သို့ပါဘဲ။ ဤဥ—ဖွတ်,တစ္ဆေနှင့် တဏှာတူသည်။ မိကျောင်း, ဥပကနှင့် ဥပါဒါန် တူသည်။

၈။ ။ ဤလိုဖြစ်သည်ကို ပါဠိလို (**တဏှာပစ္စယာ ဥပါဒါနံ**) မြန်မာလို တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်ဆိုသည်ဟု သိလေမှတ်လေ။

ဤလို ဥပါဒါန်တရား လေးပါးဖြစ်တယ်ဆိုယင်လဲ ကမ္မဘဝ ဥပပတ္တိဘဝ စသော ဘဝကြီးကိုးပါးတို့လဲ ဖြစ်ပေါ်လာတော့တာဘဲတဲ့။ ဘဝကြီးကိုးပါးများကား (ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ) တို့ပါဘဲ။ဘဝဟူသည် ကမ္မဘဝ,ဥပပတ္တိဘဝဟူ၍နှစ်မျိုးရှိရာ ကမ္မဘဝဆိုတာက-လောကီကုသိုလ်,အကုသိုလ်တို့၌ယှဉ်တဲ့ စေတနာကံကိုဆိုပါတယ်။ ဥပပတ္တိဘဝဆိုတာက အဆိုပါ စေတနာကံမျိုးစေ့ကြောင့် ထိုက်သင့်သောဘုံဘဝတို့မှာ ပဋိသန္ဓေပဝတ္တိ

အခါတို့၌ ဖြစ်ပေါ်လာတဲ့ လောကီဝိပါက် စိတ်, စေတသိက်, ကမ္မဇရုပ် တို့ကို ဆိုပါတယ်။ ထိုတွင် အနာဂတ် ပဋိသန္ဓေ အကြောင်းဖြစ်သော စေတနာကို ကမ္မဘဝဆို၍၊ ယခုဘဝ ပဋိသန္ဓေအကြောင်းဖြစ်သော အတိတ်ကံစေတနာကို သင်္ခါရ ဆိုသည်။ ဤကား—ကမ္မဘဝနှင့် သင်္ခါရ အထူးတည်း။

၉။ ။ ဤလိုဖြစ်သည်ကို ပါဠိလို (**ဥပါဒါနပစ္စယာ ဘဝေါ**) မြန်မာလို ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုသည်ဟု သိလေ မှတ်လေ။

ဤလို ကမ္မဘဝ, ဥပပတ်ဘဝ ဖြစ်ပေါ်လာတယ်ဆိုယင်လဲ ဘဝကြောင့် ဇာတိ ဖြစ်ပေါ်လာတော့တာဘဲတဲ့။ ဘယ်တရား များလဲဆိုတော့ လောကီဝိပါက် စိတ်, စေတသိက်နှင့် ကမ္မဇ ရုပ်တို့၏ ဖြစ်စ-ပေါ်စ ဥပါဒ်ခဏကို ဇာတိဆိုပါတယ်။

၁၀။ ။ ဤလို ဖြစ်သည်ကို ပါဠိလို (**ဘဝပစ္စယာ ဇာတိ**) မြန်မာလို ဘဝကြောင့် ဇာတိ ဖြစ်တယ်ဆိုသည်ဟု သိလေ မှတ်လေ။

ဤလို ဤပုံ—ဇာတိ ဖြစ်တယ် ဆိုယင်လဲ အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ, ပြင်းစွာပင်ပန်းခြင်းတို့သည် တသီတတန်း တပုံတခေါင်းကြီး ဆက်ကာဆက်ကာ ဖြစ်ပေါ်လာကြကုန်၏။ ဤလိုဤပုံ ချမ်းသာ မဘက် ချမ်းသာမစွက် ဆင်းရဲသက်သက် ဆင်းရဲဟုံး,ဆင်းရဲခဲ ဆင်းရဲအစုအပုံ, ဆင်းရဲအသိုက်အအုံကြီးတို့သည် ကြောင်းကျိုး ဆက်ကာ ဖြစ်ပေါ်လာကြတော့တာဘဲတဲ့။

၁၁။ ။ ဤလိုဖြစ်သည်ကို ပါဠိလို(**ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ**) မြန်မာလို ဇာတိကြောင့် အိုခြင်း, သေခြင်း စသည်တို့သည် ဖြစ်ကုန်၏ဟု ဆိုသည်ဟု သိလေ-မှတ်လေ။

## ပဋိစ္စသမုပ္ပါဒ်-ဆက်စပ်ပြန်ပုံ။

**မှတ်ချက်**။ ။ ဤဌ်-ဇရာ, မရဏ, သောက စသည်တို့၏ အရကို နောက်က ပြဆိုခဲ့ပါပြီ။

အထူးမှတ်ရန်မှာ—ဤ ပဋိစ္စသမုပ္ပါဒ်အင်္ဂါသည် အဝိဇ္ဇာအစ ဇရာမရဏအဆုံး ၁၂-ပါးသာဖြစ်ပါလျက် သောက စသည်ကို အပိုအမို အဘယ့်ကြောင့် ဘုရားမြတ်စွာဟောတော်မူပါသနည်း ဆိုတဲ့အမေး၌၊ အဖြေကား—

ဇရာမရဏမုစ္ဆာယ၊ ပီဠိတာနမဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။ ။

ဆိုတဲ့—သင်္ဂြိုဟ်နှင့်အညီ။ အိုခြင်း,သေခြင်း,တွေဝေမိန်းမော ခြင်းဖြင့်၊ (ဝါ) သည် မပြတ်နှိပ် စက်အပ်ကုန်သော သတ္တဝါ တို့အား သောက စသော အာသဝေါတရားတို့၏ ဖြစ်ခြင်း ကြောင့် ယှဉ်ဘက် ဖြစ်သော အဝိဇ္ဇာ စသည်တို့သည်လည်း တဖန်ပြန်၍ ဖြစ်ပေါ်လာကြကုန်၏။ ဤလို၍ပုံ—ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဟာ မရပ်မတည် ပတ်ပတ်လည်၍ နေပုံကို ပြဆိုလို၍ အင်္ဂါထဲမှာ မပါသော်လည်း ပဋိစ္စသမုပ္ပါဒ် ဆက်စပ်မိအောင် ပြဆိုလို၍ ဤသောကစသည်ကိုဟောတော်မူရသည်ဟုဖြေလေ။

## ပဋိစ္စသမုပ္ပါဒ် လည်ပုံ။

ဤလိုဤပုံ ဆိုခဲ့ပြီးသောနည်းဖြင့် မပြတ်လည်သော အစမထင်သော (ဝါ) မသိအပ်သော အစရှိသော ဘုံသုံးပါးတို့၌ ဖြစ်သော ဝဋ်တရားကို အကြောင်းတရားတို့၏ ညီညွတ်မှုကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ရာဟူ၍ မြတ်စွာဘုရားသည် ဟောကြားတော်မူလေသည်။

## ပဋိစ္စသမုပ္ပါဒ် ပြတ်ပုံ။

(**တေသမေဝစ မူလာနံ၊ ရောဓေနနိရုဇ္ဈတိ**) နှင့် အညီ၊ ထို သံသရာရေသောက်မြစ် ဖြစ်သော အဝိဇ္ဇာ နှင့် တဏှာမူသတရား (ဝါ) အမြစ်တရား နှစ်ပါးတို့ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သံသရာဝဋ်သည် ချုပ်၏ ဆိုသောကြောင့် ၎င်း ဝဋ်မြစ်နှစ်ရပ် အပြတ်ကြီးပြတ်၍ မွေးသေဝဋ်က ထွက်နိုင်အောင် တရားအလုပ် အားထုတ်ရမည်ဟု သိလေ-မှတ်လေ။

### ပဋိစ္စသမုပ္ပါဒ် ဆဲ့နှစ်ရပ်ကို တူပုံ ဥပမာဖြင့် ပြဆိုဦးအံ့။

၁။ **အဝိဇ္ဇာသည်** ....အဆိုပါရှစ်ဌာနတို့ကိုမဂ်မမြင်ရအောင် ဖုံး လွှမ်း ၍ ထားတတ်သောကြောင့် (သူကာဏ်း)မျက်မမြင်နှင့်တူ၏ဟုမှတ်၊

၂။ **သင်္ခါရသည်** ....မညီမညွတ်သောအရပ်၌ (သူကာဏ်း) မျက်မမြင်၏ ချွတ်ချော်တိမ်းယိမ်းခြင်း နှင့် တူ၏ဟု မှတ်။

၃။ **ဝိညာဏ်သည်** ....ချွတ်ချော် တိမ်း ယိမ်း ခြင်း ကြောင့် သူ့ကာဏ်းမျက်မမြင်၏ မှောတ်ခုံ ပက်လက် လည်း(လဲ)ခြင်းနှင့် တူ၏ဟုမှတ်။

၄။ **နာမ်ရုပ်သည်** ....မှောက်ခုံပက်လက် လဲခြင်းကြောင့် သူကာဏ်း၏ ကိုယ်မှာ အိုင်းအမာ အနာအဆာ ဖြစ်ပေါ်လာသည် နှင့် တူ၏ဟု မှတ်။

၅။ **သဠာယတနသည်**....ရှေးဦးစွာအိုင်းအနာရင့်သည့်နောက် အိုင်းအနာငယ် ထပ်၍ပေါက်လာသည် နှင့် တူ၏ဟု မှတ်။

၆။ **ဖဿသည်** ....အိုင်းအနာကြီး အနာငယ်ကို တစုံတခုသော ဝတ္ထုဖြင့် ထိခိုက်မိသည်နှင့် တူ၏ဟု မှတ်။

၇။ **ဝေဒနာသည်** ....အိုင်းအနာကြီး အနာငယ်ကို ထိခိုက်မိသဖြင့် ဆင်းရဲကြီးစွာ နာကျင်သည်နှင့် တူ၏ဟု မှတ်။

၈။ **တဏှာသည်** ....အိုင်းအနာကြီး အနာငယ်ကို ထိခိုက်မိသဖြင့် ဆင်းရဲကြီးစွာ နာကျင်ကုသရန် ဆေးကိုစားလိုသော အလိုဆန္ဒနှင့်တူ၏ဟု မှတ်။

၉။ ဥပါဒါန်သည်....ဆင်းရဲကြီးစွာ နာကျင်သည်ကို ဆေး
ကုစားလိုသည်နှင့် မသင့်သော ဆေး
အာဟာရကို ယူငင်ကိုင်တွယ်မိခြင်းနှင့်
တူ၏ဟု မှတ်။

၁၀။ ဘဝသည် ....သူကာဏ်း မျက်မမြင်သည် မသင့်သော
ဆေးအာဟာရကိုသုံးစွဲလိမ်းကျံမိသည်
နှင့် တူ၏ဟု မှတ်။

၁၁။ ဇာတိသည် ....မသင့်သောဆေးအာဟာရကိုလိမ်းကျံ
သုံးဆောင်မိသောကြောင့် အိုင်းအနာ
စည်ပင် ကြီးပွားလာသည်နှင့် တူ၏ဟု
မှတ်။

၁၂။ ဇရာမရဏသည်....အိုင်းအနာ စည်ပင်တိုးပွား ရောင်ရမ်း
ပြီး၍ ယိုစီးပေါက်ပြဲ အက်ကွဲ ပျက်စီး
ကြည်းဟီး ကြည်သိုး ကုန်ခမ်းသည်နှင့်
တူ၏ဟုမှတ်။
(သမ္မောအဋ္ဌကထာအဘွင့် အခိပ္ပါယ်)

(မှတ်ရန်လင်္ကာ) သူကန်းအဝိဇ္ဇာ၊ သင်္ခါလမ်းမှာ၊ လဲသွာ ဝိညာဏ်၊ နာကျင်နာမ်ရုပ်၊ ပြည်ငုတ် ဆဠာ၊ ထိလာဖဿ၊ နာလှ ဝေဒနာ၊ တဏှာဆေးကု၊ ဘေးပြု ဥပါဒါန်၊ လိမ်းကျံဘဝ၊ မှားထအစာ၊ ဖြစ်လာဇာတိ၊နာဘိပေါက်ပြဲ၊ အက်ကွဲ ဇရာမရဏ ဆဲ့နှစ်ဝသည်....ပဋိစ္စသမုပ္ပါဒ် ဆင်းရဲတည်း။ ။

## ဥပမာ တနည်းဆိုရသော်။

၁။ အဝိဇ္ဇာသည်—ဒုက္ခသစ္စာ စသည်ကို မသိမမြင်ခြင်းကြောင့် မှားသောအကျင့်ကို ကျင့်သောအားဖြင့် သတ္တဝါတို့ကို လွှမ်းမိုးဘိစီးနှိပ်စက်တတ်၏။ (ဥပမာ) တိမ်သလာသည် မျက်စိကို လွှမ်းမိုး ဘိစီးနှိပ်စက်သကဲ့သို့ပေတည်း။

၂။ ထိုအဝိဇ္ဇာဘိစီးနှိပ်စက်သော သတ္တဝါသည် တဘန်ဘဝသစ်ကို ဖြစ်စေတတ်သော သင်္ခါရဖြင့် မိမိကိုယ်ကို ရစ်ပတ်စေ၏။ (ဥပမာ) အအိမ်ကိုပြုတတ်သော ပိုးကောင်သည် မိမိကိုယ်ကို အအိမ်ဖြင့် ရစ်ပတ်သကဲ့သို့ပေတည်း။

၃။ သင်္ခါရတို့သည် ခြံရံ၍ စောင့်ရှောက် သိမ်းဆည်းအပ်သော ဝိညာဏ်သည် ငါးပါးသော ဂတိတို့၌ ထောက်ရာ တည်ရာကို ရ၏။ (ဥပမာ) အမတ်ကြီးတို့သည် ခြံရံ၍ စောင့်ရှောက် ထိန်းသိမ်းအပ်သော မင်းသားသည် မင်း၏အဖြစ်၌ ထောက်ရာ တည်ရာကို ရသကဲ့သို့ပေတည်း။

၄။ ဝိညာဏ်သည် ပဋိသန္ဓေအခါ၌ များသော အပြားရှိသော နာမ်နှင့်ရုပ်ကိုဖြစ်စေ၏။ (ဥပမာ)မျက်လှည့်ဆရာသည် ထွေထွေရာရာ မျက်လှည့်မာယာကို ဖြစ်စေသကဲ့သို့ပေတည်း။

၅။ နာမ်ရုပ် တည်းဟူသော သဠာယတနသည် စည်ပင်ကြီးပွား ပြန့်ပြောများခြင်းသို့ရောက်၏။ (ဥပမာ)ကောင်းသော မြေအရပ်၌ ပေါက်ရောက်သော တောခြုံသစ်ပင်သည် စည်ပင်ကြီးမား ပြန့်ပြောပွားများခြင်းကဲ့သို့ပေတည်း။

၆။ အာယတနတို့နှင့် ထိခိုက် တိုက်မိသောကြောင့် အတွေ့ဖဿ ဖြစ်ပေါ်လာရ၏။ (ဥပမာ) ပွတ်ကြည် ပွတ်ခုံနှင့် ပွတ်တံတိုက်ခိုက်မိခြင်းကြောင့် မီး-ဖြစ်ပေါ်လာသကဲ့သို့ပေတည်း။

၇။ ဖဿဖြင့် အာရုံကို တွေ့ထိသောသူအား နာကျင်ခြင်းစသော ဝေဒနာဖြစ်ပေါ်လာ၏။ (ဥပမာ) မီးဖြင့်တွေ့ထိသောသူအား ပူလောင်ခြင်းဖြစ်သကဲ့သို့ပေတည်း။

၈။ အာရုံကိုခံစားသောသူအား တပ်မက်ခြင်းတဏှာဖြစ်၏၊ (ဥပမာ) သမုဒ္ဒရာ ဆားငန်ရေကို သောက်သောသူအား မွတ်သိပ် ဆာလောင်ခြင်းဖြစ်သကဲ့သို့ပေတည်း။

၉။ အာရုံ၌တပ်မက်သောသူအား ထိုထိုဘဝတို့၌တောင့်တစွဲလမ်းခြင်း ဥပါဒါန်သည်ဖြစ်၏။ (ဥပမာ) မွတ်သိပ်ဆာလောင်သောသူသည် ရေကိုသောက်သကဲ့သို့ပေတည်း။

၁၀။ မြဲမြံစွာ စွဲလမ်းခြင်း ဥပါဒါန်ဖြင့် ဘဝကို ယူ၏။ (ဥပမာ)အစာကိုမက်မောသော ငါးမိုက်သည် ငါးမျှားချိတ်ကို မျိုသကဲ့သို့ပေတည်း။

၁၁။ ဘဝရှိသော် ဇာတိ ဖြစ်ပေါ်လာရ၏။ (ဥပမာ) မျိုးစေ့ရှိသော် စည်ပင် ညွန့်ညှောက် အပင်ပေါက်ပြန်သကဲ့သို့ပေတည်း။

၁၂။ ထိုထိုဘဝတို့၌ ကံအားလျော်စွာ ဘဝတဘန် ဖြစ်ပြန်၍ ပဋိသန္ဓေနေရသောသူအား အမြဲကေန် အိုရ,နာရ,သေရ စိုးရိမ်ရ, ပူဆွေးရ,ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ, နှလုံးမသာယာခြင်း

သက်ကြီးရှိုက်ငင် ပူပန်ဆင်းရဲခြင်း စသည်တို့သည် မြေကြီး လက်ခပ်မလွဲ တပါးပြီးတပါး, တမျိုးပြီး တမျိုး အမျိုးမျိုး အဖုံဖုံ ဆင်းရဲစုံအောင်ဖြစ်ပေါ်လာကြကုန်၏။ (ဥပမာ)ပေါက် ရောက်လာသော မြက်သစ်ပင်အပေါင်းသည် မချွတ်မလွဲ အမြဲ ကေန် ပြိုလဲပျက်စီးခြင်းအဆုံးရှိသကဲ့သို့ပေတည်း။

ဤလိုဤပုံ—ပဋိစ္စသမုပ္ပါဒ် တဆဲ့နှစ်ရပ်တို့ကို အထပ်ထပ် အခါခါ ဥပမာ-ဥပမေယျတို့ကို စပ်ကာ တတ်တတ်ထင်ထင် တွဲတွဲမြင်အောင် ဉာဏ်ဥက္ကောင်းထောင်၍ အတတ်သိအောင် ကြည့်ရှုဆင်ခြင်ကြပါလေ ဟူလို။

## သစ္စာ ၂ — ပါး။

ပဋိစ္စသမုပ္ပါဒ် သစ္စာဖွဲ့နည်းမှာ-အခြားနေရာနှင့်မတူ၊ သစ္စာ မှာလည်း ဒုက္ခ နှင့် သမုဒယသာဖြစ်သည်။

(၁) အဝိဇ္ဇာ သင်္ခါရသည် **သမုဒယသစ္စာ**။

(၂) ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာသည် **ဒုက္ခသစ္စာ**။

**တနည်း** (၁) တဏှာ ဥပါဒါန်သည် **သမုဒယသစ္စာ**။

(၂) ဥပပတ္တိဘဝ,ဇာတိ,ဇရာမရဏသည် **ဒုက္ခသစ္စာ**။

**မှတ်ချက်။** ။ ပါဠိလို အလိုရှိပါမူ ပဋိစ္စသမုပ္ပါဒ် ဝိဘင်း အဘိဓမ္မာဘာဇနီယပါဠိ, ၎င်း၏ အဖွင့် အဋ္ဌ ကထာတို့၌ ကြည့်ရှုပါလေ။

## ပဋိစ္စသမုပ္ပါဒ်၌ သိနားလည်အပ်သော နည်းလေးပါးတို့ကို ဖော်ပြချက်။

(၁) ဧကတ္တနယော နာနတ္တံ၊ အဗျာပါရနယောပိ စ၊
ဧဝံဓမ္မတာနယောတိ၊ စတုဓာ တတ္ထ နယာဝိုဒ စ။ ။

(၂) သန္တာနဿာနုပစ္ဆေဒေါ၊ နာနာဘာဝေါ နိရိဟတာ။
ယထာဟေတုသမုပ္ပန္နံ၊ ဧကတ္တာဒိ ယထာက္ကမံ။ ။

(၁) ဧကတ္တနယောစ၊ဧကတ္တနည်းဂုင်း။ နာနတ္တံစ၊နာနတ္တနည်းဂုင်း။ အဗျာပါရနယောပိစ၊ အဗျာပါရနည်းဂုင်း။ ဧဝံဓမ္မတာနယောစ၊ ဧဝံဓမ္မတာနည်းဂုင်း။ဣတိ၊ဤသို့။ အတ္ထနယာ၊ ပဋိစ္စသမုပ္ပါဒ်၌ သိနားလည်အပ်သော (ဝါ) သိနားလည်ရမည့် အတ္ထနည်းတို့သည်။ စတုဓာ၊ လေးပါးအပြားရှိကုန်၏။

(၂) အတြစ၊ ထိုလေးပါးတို့တွင်လည်း။ သန္တာနဿာနုပစ္ဆေဒေါ၊ အကြောင်း အကျိုး အစဉ်မပြတ် စပ်၍ဖြစ်ခြင်းသည်။ ဧကတ္တနယော၊ ဧကတ္တနည်းမည်၏။နာနာဘာဝေါ၊အကြောင်း တပါး အကျိုးတခြား အသီးအသီး ဖြစ်ခြင်းသည်။ နာနတ္တံ၊ နာနတ္တနည်းမည်၏။ နိရိဟတာ၊ အကြောင်းသည် အကျိုးကို ပြုအံ့ဟု အားထုတ်ခြင်းမှ ကင်းခြင်းသည်။ အဗျာပါရနယော၊ အဗျာပါရနည်း မည်၏။ ယထာဟေတုသမုပ္ပန္နံ၊ အကြောင်း အားလျော်စွာ အကျိုးဖြစ်ခြင်းသည်။ ဧဝံဓမ္မတာနယော၊ ဧဝံ ဓမ္မတာနည်း မည်၏။ ဣတိ၊ဤသည်ကား။ဧကတ္တာဒိယထာက္ကမံ၊ ဧကတ္တ စသော နည်းတို့၏ အစဉ်အတိုင်းဖြစ်သော လက္ခဏာ ပေတည်း။ (ဤကား—အနက်)

## (၁) ကေတ္တနည်း။

ထိုတွင်—မျိုးစေ့မှအညှန့်စသည်ဖြစ်သဖြင့် သစ်ပင်အဖြစ်သို့ ရောက်သကဲ့သို့၊ အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရစသော အကျိုးတရားများဖြစ်ကြ၍ အကြောင်း အကျိုးတို့၏ အစဉ်မပြတ် စပ်ခြင်းသည် **"ကေတ္တနည်း"**မည်၏။

**မှတ်ချက်။** ။ ထိုကေတ္တနည်းကို ကောင်းစွာသိမြင်သည်ရှိသော် ဟေတုဖလသမ္ဗန္ဓအားဖြင့်(ဝါ)အကြောင်းအကျိုး စပ်သောအားဖြင့် အစဉ်မပြတ်ခြင်းကို ကောင်းစွာသိမြင်သောကြောင့်သေလျှင်ပြီးတာဘဲဆိုတဲ့ **ပြတ်မှား-ဥစ္ဆေဒဒိဋ္ဌိ**ကို ပယ်စွန့်နိုင်၏၊ ထိုသို့မဟုတ်ဘဲ **မှားသောအား**ဖြင့် သိမြင်သည်ရှိသော် ဟေတုဖလသမ္ဗန္ဓအားဖြင့် ဖြစ်**သော** အစဉ်မပြတ် စပ်ခြင်းကို ကေတ္တနည်း**အား**ဖြင့် ယူမှားခြင်းကြောင့် သေသော်လည်း ရုပ်သာသေ၍ နာမ်က တဘန် တစုံတခုသော ဘုံဘဝမှာ ပိုးလောက်လမ်းပမာ ဆက်ပြန်မှာဘဲ ဆိုတဲ့ **(ဆက်မှား) သဿတဒိဋ္ဌိ** ဖြစ်တတ်၏၊ ကြီးကြီးမားမား သတိထားလေ။ အမှန်မှာ—သေသည်အခြားမဲ့၌ လက်ရှိဘဝ ရုပ် နာမ် နှစ်ပါးလုံး ချုပ်ပျက်၏။ ရှေ့ဘဝသို့ မလိုက်မပါ။ ထိုသို့မပါသော်လည်း ရှေ့ဘဝဟောင်းက ပြုလုပ်ခဲ့သော ကံ-သင်္ခါရ အကြောင်းနှင့်ကင်း၍လည်း ဘဝသစ်မဖြစ်နိုင်၊ပဲ့တင်သံ တံဆိပ်ရေး ဥပမာအတိုင်းသိလေ။ ဤသို့ယူက **သဿတဒိဋ္ဌိ မဖြစ်ပါ၊ သမ္မာဒိဋ္ဌိအယူသာ** ဖြစ်သည်ဟု **သိလေ** မှတ်လေ။

## (၂) နာနတ္တ နည်း။

အဝိဇ္ဇာ စသော အကြောင်း၊ သင်္ခါရ စသော အကျိုးတို့၏ မိမိတို့ သဘောလက္ခဏာကို အသီးအသီး ပိုင်းခြားမှတ်သားခြင်းသည် "နာနတ္တ နည်း" မည်၏။

**မှတ်ချက်။** ။ ထိုနည်းကိုကောင်းစွာသိမြင်သော် အသစ်အသစ်ဖြစ်သည်ကို ကောင်းစွာသိမြင်သောကြောင့်(ဆက်မှား) သဿတဒိဋ္ဌိကို ပယ်စွန့်နိုင်၏၊ ထိုသို့မဟုတ် မှားသောအားဖြင့် သိမြင်သည်ရှိသော် သန္တာန်တူ၌ ကျသည်ကို သန္တာန်ပြား၌ ကျဘိသကဲ့သို့ နာနတ္တ နည်းအားဖြင့် ယူမိသောကြောင့် (ပြတ်မှား) ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်၏၊ သသိထားလေ။

## (၃) အဗျာပါရ နည်း။

သင်္ခါရ စသော အကျိုးကို ငါ-ဖြစ်စေအံ့ဟု အဝိဇ္ဇာစသော အကြောင်း၏အားထုတ်မှု ဗျာပါရကင်းခြင်းသည် "အဗျာပါရ နည်း" မည်၏။

**မှတ်ချက်။** ။ ထိုအဗျာပါရ နည်းကို ကောင်းစွာ သိမြင်သည်ရှိသော် ပြုလုပ်ပေးတတ်သော ကာရက ပုဂ္ဂိုလ်၏ မရှိခြင်းကို ကောင်းစွာသိမြင်သောကြောင့် ပုဂ္ဂိုလ်သတ္တဝါရှိ၏ဟု ယူမှားသော အတ္တဒိဋ္ဌိကိုပယ်စွန့်နိုင်၏၊ မှားသောအားဖြင့် သိမြင်သည် ရှိသော် အဝိဇ္ဇာ စသည်တို့၏ သင်္ခါရစသည်ကိုပြုအံ့ဟူသော ဗျာပါရကင်းသော်လည်း သဘာဝ နိယာမအားဖြင့် ပြီးသော ဟေတုဘာဝကို မယူမိသောကြောင့် ပြုလုပ်သော်လည်း အကျိုးမရှိဟု အယူမှားသော အကြိယဒိဋ္ဌိဖြစ်တတ်၏၊ သတိထားလေ။

## (၄) ဧဝံဓမ္မတာ နည်း။

နို့ရေ စသည်မှ နို့ဓမ်း စသည် ဖြစ်သကဲ့သို့၊ အဝိဇ္ဇာစသော အကြောင်းမှ သင်္ခါရစသော အကျိုးဖြစ်ခြင်းသည် "**ဧဝံဓမ္မတာ နည်း**" မည်၏။

**မှတ်ချက်။** ။ ထို ဧဝံဓမ္မတာနည်းကို ကောင်းစွာ သိမြင်သည် ရှိသော် အကြောင်းအားလျော်စွာ အကျိုးဖြစ်သည်ကို သိမြင်ခြင်းကြောင့် အကြောင်းမရှိ၊ အကျိုးမရှိဟု ယူမှားသော အဟေတုက, အကိရိယ ဒိဋ္ဌိကို ပယ်စွန့်နိုင်၏၊ မှားသော အားဖြင့် သိမြင်သည်ရှိသော် အကြောင်း အားလျော်စွာ အကျိုးဖြစ်သည်ကို မယူမိသောကြောင့် တစုံတခုသော အကြောင်းကြောင့် တစုံတခုသော အကျိုးမဖြစ်ဟု ယူမှားသော အဟေတုက နိယာမဒိဋ္ဌိ ဖြစ်တတ်၏၊ သတိထားလေ။

---

## တနည်း — နည်းလေးပါး။

(၁) ထို့အတူ — ဥပမာ ပြရသော် မိုးရွာသောကြောင့် မြက်ပင်ပေါက်သည်ဆိုရာ၌ မိုးရွာခြင်းသည် အကြောင်း၊ မြက်ပင် ပေါက်ခြင်းသည် အကျိုး၊ ဤအကြောင်း အကျိုးဆက်စပ် လျက် ရှိ၏၊ အကြား၌ အပြတ်မရှိ၊ အကြောင်း နှင့် အကျိုး၊ ဤသို့ အကြောင်းနှင့် အကျိုး တဆက်ထည်း တစပ်ထည်း ဖြစ် သည်ကို "**ဧကတ္တနည်း**" ဟူ၍ ဆိုလိုသည်။

(၂) တဘာန် ဆင်ခြင်ကြည့်လျှင် အကြောင်းနှင့် အကျိုးသည် သဘောချင်းလုံးဝမတူ၊ အကြောင်းက မိုးရေ၊ အကျိုးက မြက်ပင် တမျိုးစီပင်ဖြစ်၏။ ဤလိုအကြောင်းနှင့်အကျိုးသဘော တမျိုးစီဖြစ်သည်ကို **"နာနတ္တနည်း"**ဟူ၍ ဆိုလိုသည်။

(၃) တဘာန်—မိုးရေက မြက်ပင်များကို ပေါက်လာကြစေရန် စေခိုင်းခြင်း တိုက်တွန်းခြင်း ဗျာပါရလုလ္လပယောဂလုံးဝမရှိ၊ သူ့သဘောအတိုင်း ရွာသွန်းခြင်းဖြစ်၏၊ မြက်ပင်အပေါ်၌ ဩဇာအာဏာပေးခြင်း လုံးဝမရှိ၊ ဤလိုမရှိသည်ကို **"အဗျာပါရနည်း"**ဟူ၍ ဆိုလိုသည်။

(၄) တဘာန်–မြက်ပင်တွေ ဘာ့ကြောင့်ပေါက်လာကြပါသလဲ။ ထာဝရဘုရား သိကြားပြဟ္မာများက ဖန်ဆင်း၍ပေါက်လာကြလေသလောဟု ကွေးတောနေရန်မရှိ မိုးရွာလျှင် ပေါက်ရောက်မြဲ ဓမ္မတာဖြစ်သည်၊ ဤလို ဘန်ဆင်းသူတစုံတယောက်မှ မရှိဘဲ သူ့အချိန်ရောက်က ဓမ္မတာအတိုင်းဖြစ်ပေါ်လာသည်ကို **''ဧဝံဓမ္မတာနည်း''**ဟူ၍ ဆိုလိုသည်။

## ပဋိစ္စသမုပ္ပါဒ်မှ လွတ်သောတရား မရှိ။

တလောကလုံးကို ခြုံ၍ကြည့်လျှင် မဂ်-၄-ပါး, ဖိုလ်-၄-ပါး, နိဗ္ဗာန် ၁-ပါး၊ ဤလောကုတ္တရာတရား ၉-ပါးမှ တပါး ပဋိစ္စသမုပ္ပါဒ်မှကင်းလွတ်သောဒ ရာဝတ္ထုဟူ၍လုံးဝမရှိချေ၊ မရှိပုံကို နောက်က ပြဆိုခဲ့ပြီ။

## ဘူမိရပ်ဆရာနှင့် မြတ်စွာဘုရား။

တနည်းဆိုရသော် — ဤ ပဋိစ္စသမုပ္ပါဒ် တရားတော်သည် လောက၌ မြတ်စွာဘုရား ပွင့်သည်ဖြစ်စေ, မပွင့်သည်ဖြစ်စေ၊ ထင်ရှားတည်ရှိလျက်ပင်ဖြစ်သည်။ သို့သော်—ဘုရားပွင့်လာ၍ ဘုရားရှင်က ထုတ်ဘော်ဟောကြားတော်မူမှ ပဋိစ္စသမုပ္ပါဒ်မှန်း သိကြရသည်။ ဥပမာဆိုသော် မြေအောက်၌ မြှုပ်ထားသော ရွှေအိုးကို ဘူမိရပ်ပညာဖြင့် သိမြင်နိုင်သော ဘူမိရပ်ဆရာက ထုတ်ဘော်၍ပြမှ သုံးဆောင်နိုင်သကဲ့သို့၊ ထို့ တူပမာ-ဘုရား မြတ်စွာက သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူ၍ ဟောပြတော်မူမှ သိမြင်နိုင်ကြသည်။

ဤလို ဤပုံ—ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြယ်၌ လာသော အဆိုပါနည်းလေးပါးသည် မသိလျှင်မဖြစ်။ အကြောင်းသော်ကား—ပဋိစ္စသမုပ္ပါဒ်ကို မလေ့လာ မသင်ကြားလျှင် အဆိုပါ နည်းလေးပါးတို့၏ အဖြစ်မှန်တို့ကို မသိနိုင်တော့ရာ၊ အဆိုပါ ဒိဋ္ဌိအမှားတို့ကို မစွန့်မပယ်နိုင်တော့ပေ။ အဆိုပါဒိဋ္ဌိအမှားတို့ကို မပယ်နိုင်ကလည်း အတ္တဒိဋ္ဌိခေါ် သက္ကာယဒိဋ္ဌိမှ ပေါက်ပွားလာသော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ လက်ကိုင်ရှိနေကြသူ လူနတ်တို့သာဖြစ်နေကြ၍ ဘယ်တော့မှ အပါယ်လွတ် တရားကို မရနိုင်ကြတော့ပေ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို လေ့လာသင်ကြားပါက သက္ကာယဒိဋ္ဌိမှ ပေါက်ပွားလာကြသော ၆၂-ပါးသော ဒိဋ္ဌိတို့မှလည်း လွတ်ကင်းနိုင်ကြ၍ ရှေးဦးစွာ အတ္တဒိဋ္ဌိကို စွန့်လွှတ်လိုက်သည်နှင့် တပြိုင်နက် အပါယ်လွတ်ခွင့်ကို

ရရှိကြပြီးလျှင် နောက်အခါ မွေးသေလွတ်သော နိဗ္ဗာန်ကိုပင် ရရှိနိုင်ကြလေတော့သည်။

ထို့ကြောင့်ပင် "ပဋိစ္စသမုပ္ပါဒ်ကို အသေအချာမသိသမျှ နိဗ္ဗာန်မရ၊ အသေအချာသိမှ နိဗ္ဗာန်ရနိုင်ကြသည်" ဟု ဆိုရိုးရှိခဲ့ကြလေသည်၊ ထို့ကြောင့် ဤမျှအရေးကြီးလှသော ပဋိစ္စသမုပ္ပါဒ်ကိုအသေအချာသိအောင် ဆရာကောင်းရှာ၍သင်ကြားလေ့လာကြပါလေဟု တိုက်တွန်း နှိုးဆော်ခြင်းကို ပြုလိုက်ရပေသည်။

## အရှင်ဗုဒ္ဓဃောသ မိန့်ခွန်း။

ကျမ်း၏အစတွင် ဖော်ပြခဲ့သော "**ပရိယတ္တိ သဝန စိန္တန ပဋိပတ္တိက္ကမတော၊ သဒ္ဓါ ဝိရော တတ္ထ ကယိရာ၊ န အည့ ကရဏီယ တရံ တတော အတ္ထိ**" အဆိုပါ ပဋိစ္စသမုပ္ပါဒ်ကို သင်ကြားနာယူ ကြံစီကြိုးကုတ် အားထုတ်ခြင်းမှတပါး အခြားအရေးကြီးသော ကိစ္စအလုပ် ဘာတခုမျှ လောကမှာ မရှိနိုင်တော့ပြီဟူသော အရှင်ဗုဒ္ဓဃောသ ဆရာ၏ ဩဝါဒနက်လေး အမိန့်ပေးသည်နှင့်အညီ၊ ရခဲသော လူ့ဘဝ၊ ကြုံခဲသော သာသနာတော်ကြီးနှင့် ကံကောင်းထောက်မ ယခုဘဝ ကြုံကြရတဲ့အခါ ကြားနာရခဲ သိရခဲ သိနိုင်ခဲလှသော ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကြီးကို ထက်သန်သော စေတနာသဒ္ဓါတရား ကြီးကြီးမားမားထားလျက် ကြားနာမှတ်သားခြင်း၊ အာဂုံနှုတ်တက်အရကျက်၍ဆောင်ထားခြင်းများသည် ပဋိစ္စသမုပ္ပါဒ် ခေါ် ဘဝစက်

သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်နိုင်ကြောင်းနည်းကောင်း လမ်းမှန်ဖြစ်၍ ကျက်မှတ်လွယ်စေခြင်း အကျိုးငှါ "အဘိဓမ္မတ္ထ နိယံ"ကျမ်းမှ လိုရာတွင် ကောက်နုတ်၍ ကဗျာလင်္ကာနည်းဖြင့် တဘန်ရေးသား၍ပြဆိုပါဦးမည်၊အာဂုံနှုတ်တက်အရ ကျက်မှတ် လိုသော အမျိုးကောင်းသားသမီးတို့မှာ မှတ်ချက်/အဓိပ္ပါယ် တို့ကို ခြွင်းချန်၍ ကြွင်းကျန်သော ကြက်ခြေပြ ( x ) အမှတ် အသားပါ ကဗျာလင်္ကာတို့ကိုသာ ကျက်မှတ် လေ့လာကြပါ လေ၊ အဓိပ္ပါယ်ကိုသဘောပေါက်အောင် ကြံမိကြပါစေ။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ (x) "အဝိဇ္ဇာ၊သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာ၊ တဏှာ၊ဥပါဒါန်၊ ဘဝ ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ၊ဆဲ့ရှစ်ဝ၊ပဋိစ္စသမုပ္ပါဒ် အစဉ်တည်း"။

**အဆိုပါ ဆဲ့ရှစ်ဝတို့၏ ဝစနတ္ထနှင့် အဓိပ္ပါယ်များကား၊**

(၁) **နဝိဇ္ဇာနာတီတိ အဝိဇ္ဇာ**....အဆိုပါ ရှစ်ဌာနတို့ကို လုံးဝ မသိတတ်သောကြောင့် အဝိဇ္ဇာ မည်၏။

(၂) **သင်္ခရောန္တီတိ သင်္ခါရာ**....ပြုပြင်အပ်သော အကျိုးတရားတို့ကို ပြုပြင်တတ်သောကြောင့် သင်္ခါရ မည်၏။

(၃) **ဝိဇာနာတီတိ ဝိညာဏံ**....အာရုံကိုသိတတ်သောကြောင့် ဝိညာဏ် မည်၏။

(၄) **နမတီတိ နာမံ**....အာရုံ၌ ညွတ်တတ်သောကြောင့် နာမ် မည်၏။

(၅) ရုပ္ပတီတိ ရူပံ .... ဖောက်ပြန် တတ်သောကြောင့် ရုပ် မည်၏။

(၆) **အာယေ တနောတီတိ အာယတနံ** .... စိတ် စေတသိက်တို့ကို ချဲ့တတ်သောကြောင့် အာတတန မည်၏။

(၇) ဖုသတီတိ ဖဿော....အာရုံ၌ တွေ့ထိတတ်သောကြောင့် ဖဿ မည်၏။

(၈) ဝေဒယတီတိ ဝေဒနာ....အာရုံ၏အရသာကို ခံစားတတ်သောကြောင့် ဝေဒနာ မည်၏။

(၉) ပရိတဿတီတိ တဏှာ .... အာရုံ၌ တပ်မက်တတ်သောကြောင့် တဏှာ မည်၏။

(၁၀) ဥပဒီယတီတိ ဥပါဒါနံ .... မြဲမြံစွာ စွဲလမ်း တတ်သောကြောင့် ဥပါဒါန် မည်၏။

(၁၁) ဘဝတီတိ ဘဝေါ....ဖြစ်တတ်, ဖြစ်ပေါ်လာတတ်သောကြောင့် ဘဝ မည်၏။

(၁၂) ဇနနံ ဇာတိ....ဖြစ်ခြင်းသဘောကြောင့် ဇာတိ မည်၏။

(၁၃) ဇီရဏံ ဇရာ .... ရင့်ရော် ဆွေးမြည့် တတ်သောကြောင့် ဇရာ မည်၏။

(၁၄) မရန္တိ ဧတေနာတိ မရဏံ .... ထင်ရှားရှိသော ဘဝ ရွေ့လျောတတ်သောကြောင့် မရဏ မည်၏။

(၁၅) သောစနံ သောကော .... စိုးရိမ်ခြင်းကြောင့် သောက မည်၏။

(၁၆) ပရိဒေဝနံ ပရိဒေဝေါ....ငိုကြွေး မြည်တမ်းခြင်းကြောင့် ပရိဒေဝ မည်၏။

(၁၇) ဒုက္ခယတီတိ ဒုက္ခံ....ဆင်းရဲကိုဖြစ်စေတတ်သောကြောင့် ဒုက္ခ မည်၏။

(၁၈) ဒုမ္မနဿဘာဝေါ ဒေါမနဿံ .... မကောင်းသော စိတ်ရှိသောသူ၏ အဖြစ်သည် ဒေါမနဿ မည်၏။

(၁၉) ဘုသော အာယာသော ဥပါယာသော .... ပြင်းစွာသော စိတ်၏ပူပန်ခြင်းသည် ဥပါယာသ မည်၏။
(ဤကား—ပထမ ကဗျာ၏ လင်္ကာ၏ အဓိပ္ပါယ်တည်း၊)

၁။ အဝိဇ္ဇာ။

၂။ (  ) "သစ္စာလေးဝ၊ တိအန္တနှင့်၊ ပဋိစ္စသမုပ္ပါဒါ၊ ဖုံးလွှမ်းတာ၊ အဝိဇ္ဇာဟု ခေါ်သတည်း။"

အဓိပ္ပါယ်မှာ--အနုလောမ ပဋိစ္စသမုပ္ပါဒ ဒေသနာတော်လာ အဝိဇ္ဇာ စသော တရားအပေါင်းတို့တွင် ဦးစွာပါဝင်သော အဝိဇ္ဇာဆိုသည်မှာ ပါဠိဘာသာ ဖြစ်သည်၊ ဗမာလိုကတော့ အဘိဓမ္မာနည်းအားဖြင့် လောကီစိတ် ၈၁-ခု၊ လောဘကြဉ်သော စေတသိက် ၅၁-ခု၊ ရုပ် ၂၈-ခုသည် **ဒုက္ခသစ္စာ**။ ဘုံသုံးပါးတို့၌ ဖြစ်လိုဖြစ်ချင်နေတဲ့ တဏှာ ရာဂ လောဘသည် **သမုဒယသစ္စာ**။ တဏှာပယ်သောမဂ်အကျင့်ကြောင့် ထိုဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏ တဘန်အသစ်မဖြစ်ရာ ကုန်သုံးချုပ်ငြိမ်းရာ နိဗ္ဗာန်သည် **နိရောဓသစ္စာ**။ ထို နိရောဓသစ္စာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါးသည် **မဂ္ဂသစ္စာ**ဟု သစ္စာလေးပါးကိုရင်း၊

ဤကား သံသရာ၏ ရှေ့အစွန်း **အတိတ်ခန္ဓာ**။ ဤကား သံသရာ၏ နောက်အစွန်း **အနာဂတ်ခန္ဓာ**။ ဤကား သံသရာ၏ ရှေ့အစွန်း နောက်အစွန်း အကြားဖြစ်သော **ပစ္စုပ္ပန်ခန္ဓာ** ဟု ဤအစွန်းသုံးပါးကိုရင်း၊

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ် စသည်ဖြင့် (ပ) ချမ်းသာမဘက်, ပုဂ္ဂိုလ် သတ္တဝါမစွက် အလွတ်သက်သက် ဆင်းရဲတုံး ဆင်းရဲခဲ ထင်းရဲအစုအပုံ ဆင်းရဲအသိုက်အအုံကြီးသာဖြစ်သည့် တသံသရာလုံး ဖြစ်ပျက်နေကြသော ပဋိစ္စသမုပ္ပါဒ် ဘာဝစက်ရဟတ်၏ အချက်ကိုရင်း၊

**အဆိုပါ** ရှစ်ဌာန ရှစ်ချက်တို့ကို ကွက်ကွက် ကွင်းကွင်း ထင်ထင်လင်းလင်း ရှင်းရှင်းကြီးမသိရအောင် မသိနိုင်အောင် ဖိတ်ပင်ဖုံးလွှမ်း၍ ထားသော မောဟစေတသိက်ကို အဝိဇ္ဇာ ခေါ်သည်၊ အဝိဇ္ဇာဆိုသည်ဟု ဆိုလိုပေသည်။

### တနည်း—ရှစ်ဌာန၌ တွေဝေပုံ။

(၁) ဒုက္ခသစ္စာ။ ၃၁-ဘုံရှိ ခန္ဓာနာမ်ရုပ်ဒုက္ခစစ်စစ်ကို သုခစစ်စစ်ဟု မှတ်ထင်ခြင်းသည် ဒုက္ခသစ္စာ၌ တွေဝေသည် မည်၏။ (ဝါ) ဒုက္ခသစ္စာ၌ မသိသော မောဟ မည်၏။

(၂) **သမုဒယသစ္စာ**။ ရုပ်နာမ် ခန္ဓာဖြစ်ကြောင်း တဏှာဟူသော လောဘကို သုခဖြစ်ကြောင်းဟု ပြောင်းပြန်မှတ်ထင်ခြင်းသည် **သမုဒယသစ္စာ၌** တွေဝေသည် မည်၏။

(၃) **နိရောဓသစ္စာ**။ ဒုက္ခမကင်းသော ဘုံဘဝ တခုခုကို (ဝါ) နေဝသညာနာသညာယတနဘုံကို ဒုက္ခကင်းရာ နိဗ္ဗာန်ဟု မှတ်ထင်ခြင်းသည် **နိရောဓသစ္စာ၌**တွေဝေသည်မည်၏ "**နိရောဓေ ဝိပ္ပဋိပတ္တိံ နိဝတ္တေတိ**"။ (အဘိ၊ ဋ္ဌ၊ ၂၊ ၇၂)

(၄) **မဂ္ဂသစ္စာ**။ မဂ္ဂင်ရှစ်ပါးမှ တပါးသော ပဥ္စာတာ စသော အကျင့်ကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟု မှတ်ထင်ခြင်းသည် မဂ္ဂသစ္စာ၌ တွေဝေသည်မည်၏

(၅) **ပုဗ္ဗန္တ**။ သံသရာ၏ ရှေ့အစွန်းဖြစ်သော အတိတ်ဘဝ အတိတ်ခန္ဓာရှိသည်ဟု မသိမြင်ခြင်းသည် ပုဗ္ဗန္တ ၌ တွေဝေသည်မည်၏။

(၆) **အပရန္တ**။ သံသရာနောက်အစွန်းဖြစ်သော အနာဂတ်ဘဝ, အနာဂတ်ခန္ဓာရှိသည်ဟု မသိခြင်းသည် အပရန္တ ၌ တွေဝေသည် မည်၏။

(၇) **ပုဗ္ဗန္တာပရန္တ**။ သံသရာ၏ရှေ့အစွန်း အတိတ်ခန္ဓာကိုင်၊ နောက်အစွန်း အနာဂတ်ခန္ဓာကိုင်း၊ ရှေ့နောက် အစွန်း အလယ်ပစ္စုပ္ပန်ခန္ဓာကိုင်း ရှိ၏ဟု မသိခြင်းသည် **ပုဗ္ဗန္တာပရန္တ**၌ တွေဝေသည်မည်၏။

(၈) **ပဋိစ္စသမုပ္ပါဒ်**။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည် စသည်ဖြင့် ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မပတ်သက် မစပ်ရှက် ဝဋ္ဋဒုက္ခသက်သက်စစ်စစ် ကြောင်းကျိုးဆက်၍ ဖြစ်သည်ကိုပင် လူဖြစ်သည်, နတ်ဖြစ်သည်, ဗြဟ္မာဖြစ်သည် စသည်ကိုင်း၊ (ဝါ) သူ့ကြောင့်ဖြစ်သည် ငါ့ကြောင့်ဖြစ်သည် (ဝါ) ထာဝရဘုရားဖန်ဆင်း၍ဖြစ်သည်(ဝါ)မြဲသည် ချမ်းသာသည် အစိုးရသည် (ဝါ)ငါ့ကိုယ် ငါ့ဟာ ငါဖြစ်သည် (ဝါ) အကြောင်းမရှိ အလိုလိုဖြစ်သည် အလိုလိုပျက်သည် စသည်ဖြင့်ကိုင်း မှတ်ထင်ခြင်းသည် **ပဋိစ္စသမုပ္ပါဒ်** ၌ တွေဝေသည် မည်၏။

**တဘန်**—စုတိ, ပဋိသန္ဓေ, သံသရာ, သင်္ခတလက္ခဏာ, ပဋိစ္စ သမုပ္ပါဒ်၊ ဤငါးဌာန၌ တွေ့ဝေသောသူသည် သင်္ခါရသုံးပါးကို ပြုသည်ဟု အဋ္ဌကထာ၌ဆိုရာ—

(၁) **စုတိ**။ ရုပ်နာမ်တို့၏ အကြောင်းအားလျော်စွာ ဖြစ်ပျက်ခြင်းသည် မရဏစုတိ မည်၏၊ (ဝါ) သေသည်မည်၏၊ ဤအနေမျှသာယူရမည်ကို သတ္တဝါသေသည် ငပြုံ-ငမဲ သေသည်ဟု ဒေသနာတော်ကိုလွန်၍ ယူခြင်းသည် စုတိ၌ တွေ့ဝေသည် မည်၏။

(၂) **ပဋိသန္ဓေ**။ ရုပ်နာမ်တို့၏ အကြောင်းအားလျော်စွာ ဖြစ်ခြင်းသည် ဇာတိပဋိသန္ဓေနေသည် မည်၏၊ ဤအနေမျှသာ ယူရသည်ကို သတ္တဝါဖြစ်သည် မွေးဖွားသည်ဟုဒေသနာတော်ကို လွန်၍ ယူခြင်းသည် 'ပဋိသန္ဓေ၌ တွေ့ဝေသည်မည်၏။

(၃) **သံသရာ**။ ခန္ဓာ,အာယတန,ဓာတ်တို့၏ကြောင်းကျိုး ဆက်စပ် မပြတ်ဖြစ်ခြင်းသည် သံသရာမည်၏၊ ဤအနေမျှ ယူရမည်ကို လူ-နတ်-ပြဟ္မာ သတ္တဝါအပေါင်းသည် တဘဝမှတဘဝ သို့ ပြောင်းသွားကျင်လည်၏ဟု လွန်၍ယူခြင်းသည် သံသရာ၌ တွေ့ဝေသည်မည်၏။

(၄) **သင်္ခတလက္ခဏာ**။ စိတ်ဟူသော သင်္ခတ တရားသည် သိခြင်းလက္ခဏာရှိ၏၊ စေတသိက်ဟူသော သင်္ခတ တရားသည် ထိခြင်း,ခံစားခြင်း စသော လက္ခဏာရှိ၏၊ ရုပ်ဟူသော သင်္ခတ တရားသည်၊ ခက်မာ,ဖွဲ့စည်း, ပူအေး, ထောက်ကန်ခြင်း စသော လက္ခဏာရှိ၏၊ဤကား-သဘာဝလက္ခဏာမည်၏၊စိတ်,စေတသိက် ရုပ် သင်္ခတ တရားသည် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရှိ၏၊

ဤကား-သာမညလက္ခဏာမည်၏။ ဤလို့ဤပုံ-သဘာဝလက္ခဏာ သာမညလက္ခဏာ နှစ်ပါးကိုမသိဘဲ ငါ့ကိုယ်, ငါ့ဟာ, ငါဟူ (ဝါ) မြဲ၏,ချမ်းသာ၏,အစိုးရ၏,တင့်တယ်၏ဟု ဒေသနာတော်ကို လွန်၍ယူခြင်းသည် သင်္ခတလက္ခဏာ၌ တွေဝေသည်မည်၏။

(၅) ပဋိစ္စသမုပ္ပါဒ်၌ တွေဝေပုံမှာ နောက်က ပြဆိုခဲ့တဲ့ အတိုင်း သိလေပါတော့။

———

## ၂။ သင်္ခါရ။

၃။ (×) "ကုသလာကုသလ ဟု၊ရှိကြစေတနာ၊နောဝီသာ၊ သင်္ခါရဟုခေါ်။

အဓိပ္ပါယ်မှာ....ကာမကုသိုလ်စေတနာ ၈-ခု၊ အကုသိုလ် စေတနာ ၁၂-ခု၊ ရူပကုသိုလ်စေတနာ ၅-ခု၊ အရူပကုသိုလ် စေတနာ ၄-ခု၊ ပေါင်း ၂၉-ခုကို သင်္ခါရ ခေါ်ဆိုရသည်ဟု ဆိုလိုသည်၊ နောဝီသာ၌-နောက(၉)၊ ဝီသာက(၂၀)၊ ၂၉-ဟု ယူလေ၊ သို့ရာတွင် ဤ၌ သင်္ခါရအရမှာ-ပဋိသန္ဓေအခါ ဥဒ္ဓစ္စ စေတနာကိုကြဉ် ပဋိသန္ဓေ ပဝတ္တိအခါ အဘိညာဏ်စေတနာကို ကြဉ်၍ ယူလေ။ (ဤကား—အမှာ)

၄။ (×) "ကာမ ရူပ၊ ကုသလ စေတနာ၊ တေရသာ၊ ပုညာဘိသင်္ခါရခေါ်။"

အဓိပ္ပါယ်မှာ....ကာမကုသိုလ် စေတနာ ၈-ခု၊ ရူပကုသိုလ် စေတနာ ၅-ခု၊ ပေါင်း ၁၃-ခုကို ပုညာဘိသင်္ခါရ ဆိုသည်ဟု ဆိုလိုသည်၊ တေရသ၌—တေ က (၃)၊ ရသ-က(၁၀) ၁၃-ဟု ဆိုလိုသည် သင်္ချာဂဏနာနည်းဖြစ်၍ ပြောင်းပြန် ပြန်၍ယူလေ။

၅။ (×) "အကုသလ စေတနာ၊ အပုညာဘိသင်္ခါရ၊ အရူပမှာ၊ အာနေဉ္ဇာ၊ သုံးဖြာ သင်္ခါရ။"

အဓိပ္ပါယ်မှာ....အကုသိုလ်စေတနာ ၁၂-ခုကို အပုညာဘိသင်္ခါရ၊ အရူပကုသိုလ်စေတနာ ၄-ခုကို အာနေဉ္ဇာဘိသင်္ခါရ ခေါ်ဆိုသည်ဟု ဆိုလိုသည်။

၆။ (×) "ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ၊ ဤသုံးဝ၊ သင်္ခါရ တနည်းခေါ်။"

၇။ (×) "ကာယကံ စေတနာ၊ သုံးပါးမှာ၊ ကာယ သင်္ခါရခေါ်။"

၈။ (×) "ဝစီကံ စေတနာ၊ လေးပါးမှာ၊ ဝစီသင်္ခါရ ခေါ်။"

၉။ (×) "မနောကံ စေတနာ၊ သုံးပါးမှာ၊ စိတ္တသင်္ခါရ ခေါ်။"

အဓိပ္ပါယ်မှာ....ကာယကံ သုံးပါးကို၊ ကာယသင်္ခါရ ခေါ်သည်၊ ဝစီကံ လေးပါးကို ဝစီသင်္ခါရ ခေါ်သည်၊ မနောကံ သုံးပါးကို စိတ္တသင်္ခါရခေါ်သည်ဟု ဆိုလိုသည်။

တနည်းဆိုရသော် ကာမကုသိုလ်,အကုသိုလ်စေတနာ ၂၀ကို ကာယဒွါရ၌ဖြစ်သောအခါ ကာယသင်္ခါရခေါ်ဆို၍ ဝစီဒွါရ၌ ဖြစ်သောအခါ ဝစီသင်္ခါရခေါ်ဆိုပြီး လောကီကုသိုလ် အကုသိုလ်စေတနာ ၂၉-ခုကို မနောဒွါရ၌ဖြစ်သောအခါ စိတ္တသင်္ခါရ ခေါ်ဆိုရသည်ဟု ဆိုလိုသည်။

## ၃။ ဝိညာဏ်။

၁၀။ (×) "သန္ဓေဝိပါ၊ နောဒသာနှင့်၊ ပဝတ္တိဝိပါ၊ ဗာတ္တိံ
သာ၊ ဝိညာဏ ဟုခေါ်။"

**အဓိပ္ပါယ်မှာ**-အဆိုပါသင်္ခါရကြောင့် ပဋိသန္ဓေစိတ်ကျေနပ်ီသ ဟုဆိုအပ်သော ပဋိသန္ဓေဝိညာဏ်၊ လောကီဝိပါက် ဗာတ္တိံသဟု ဆိုအပ်သော ဝိပါက်ဝိညာဏ်၊ စိတ်တခုယုတ်ကိုးဆယ်(၈၉)ဟု ဆိုအပ်သော နာမ်ဝိညာဏ်ဖြစ်၏ဟု ဆိုလိုသည်။

နောဒသာ၌—နော က(၉)၊ဒသာ က(၁၀), = ၁၉ ဟုဆိုလို သည်၊ ဗာတ္တိံသ၌—ဗာတ် က(၂), တိံသ က(၃၀) = ၃၂ဟု ဆိုလိုသည်။

ထိုတွင်၊ ပဋိသန္ဓေဝိညာဏ် ၁၉-ဆိုသည်မှာ ဥပေက္ခာ သန္တီရဏ ၂-ပါး၊မဟာဝိပါက် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉-ပါး ပေါင်း ၁၉-ခုကို ဆိုလိုသည်။

လောကီဝိပါက် ဗာတ္တိံသဆိုသည်မှာ-အကုသလဝိပါက် ၇ခု အဟိတ်ကုသလဝိပါက် ၈-ခု၊ မဟာဝိပါက် ၈-ခု၊ ရူပဝိပါက် ၅-ခု၊ အရူပဝိပါက် ၄-ခု၊ ပေါင်း ၃၂-ခုကို ဆိုလိုသည်။

စိတ်တခုယုက်ကိုးဆယ်ဆိုတဲ့ နာမ်ဝိညာဏ်မှာ
သိသာထင်ရှားပြီ။

ထိုတွင်၊ ဥဒ္ဒစ္စကြည် အကုသိုလ်စေတနာ ၁၁-ခုကြောင့် အပါယ်လေးဘုံတို့၌ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေတခုဖြစ်သည်။ကာမ ကုသိုလ် စေတနာ ၈-ခုကြောင့် ကာမသုဂတိ ၇-ဘုံတို့၌ သုဂတိ

အဟိတ်ပဋိသန္ဓေ တခု၊ ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ တိဟိတ်ပဋိသန္ဓေ ၄-ခု၊ ပေါင်း ၉-ခုဖြစ်သည်။ ရူပကုသိုလ်စေတနာ ၅-ခုကြောင့် ရူပ ၁၅-ဘုံတို့၌ ရူပတိဟိတ်ပဋိသန္ဓေ ၅-ခုဖြစ်သည်။ အရူပကုသိုလ် စေတနာ ၄-ခုကြောင့် အရူပ ၄-ဘုံတို့၌ အရူပတိဟိတ်ပဋိသန္ဓေ ၄-ခုဖြစ်သည်၊ အကျယ်ဖြစ်ပုံ သိလိုလျှင် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံက ရှင်းပြခဲ့ပြီးပြီ၊ အလိုရှိပါလျှင် ရှင်း၍ပြန်၍ ကြည့်ရှုပါလေ။

---

## ၄။ နာမ် ရုပ်။

၁၁။ (×) "စေတသိနာမ်၊ ကမ္မဇံရုပ်၊ နှစ်တန်ထုတ်၊ နာမ်နှင့် ရုပ်ဟု ခေါ်သတည်း။"

အဓိပ္ပါယ်မှာ....ဤ၌ နာမ်အရ စေတသိက်ဒွေပညာသကိုယူ။ ရုပ်အရ ကံ, စိတ်, ဥတု, အာဟာရ၊ ဤစတုသမုဋ္ဌာနိကရုပ် ၂၈ ခုကိုယူ။ ဤ၌ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်သည်ဆိုသည်မှာ- ပဉ္စဝေါကာရဘုံအတွက်သာ နာမ်ရုပ် အပြည့်အစုံ ဖြစ်သင့်ရာ ဖြစ်နိုင်ကြသည်၊ စတုဝေါကာရဘုံအတွက်မှာ နာမ်ခန္ဓာ လေးပါးသာ ဖြစ်သည်၊ ရုပ်မဖြစ်။ ဧကဝေါကာရဘုံအတွက်မှာ ဇီဝိတနဝက ကလာပ်ရုပ်သာဖြစ်သည်၊နာမ်မဖြစ်ဟုအထူးကွက်၍ သိလေ-မှတ်လေ။ ဆိုလိုရင်းမှာ ဧက, စတု, ပဉ္စခွဲ၍ ယူဟု ဆိုလိုသည်။

## ၅။ သဠာယတန။

၁၂။ (×) "အဇ္ဈတ္တိကာ၊ ဆအာယတန၊ သဠာယတနဟု ခေါ်။"

**အဓိပ္ပါယ်မှာ**....ဤ၌ ဆ အာယတန, အာယတန ၆-ပါးအရ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် (ဝါ) စက္ခာယတန,သောတာယတန,ဃာနာယတန, ဇိဝှါယတန, ကာယာယတန,မနာယတန ဤအာယတန ၆-ပါးကို ကိုယ်တွင်း၌ဖြစ်ကြသော အာယတန များ ဖြစ်ကြ၍ အဇ္ဈတ္တိကာယတန ဟု ခေါ်ဆိုရသည်။

**အစဉ်အတိုင်း** မျက်စိကြည်ရုပ်ကို စက္ခာယတန ဆိုသည်။ ထို့အတူ နားအကြည်, နှာခေါင်းအကြည်,လျှာအကြည်, ကိုယ်အကြည်, နှလုံးအကြည်ရုပ်ကို သောတာယတန,ဃာနာယတန, ဇိဝှါယတန, ကာယာယတန မနာယတန ဆိုသည်ဟု သိလေ။

ဤ၌ ကိုယ်တွင်းအဇ္ဈတ္တိကာယတနနှင့် ဆက်စပ်၍ **ဗာဟိရာယတန** ခေါ် အပြင်အာယတန—ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့ကိုလည်း သိလေဦး။ အဇ္ဈတ္တိကာယတန ခြောက်ပါးမှာ **အခံဓာတ်** ဖြစ်၍ ဗာဟိရာယတနခြောက်ပါးမှာ **အတိုက်ဓာတ်** များဖြစ်ကြပြီး၊ စက္ခုဝိညာဏ်,သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ် တို့မှာ **အပွင့်ဓာတ်** အပေါ်ဓာတ်များ ဖြစ်ကြသည်ကိုလည်း ဆက်လက်၍ သိရှိပါလေဦး၊ ရှေ့၌ ထင်ရှားပါလတံ့။

## ၆။ ဖဿ။

၁၃။ (x) "စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါ
သမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ၊ ဤ
ခြောက်ဝ၊ ဖဿဟူ၍ ခေါ်။"

**အဓိပ္ပါယ်မှာ**-ဤ၌ ဖဿခြောက်ပါးအရ စက္ခုဝိညာဏ်ဒွေ၌ ရှိသော ဖဿစေတသိက် ခေါ်သော စက္ခုသမ္ဖဿ၊ ထို့အတူ သောတဝိညာဏ်ဒွေ့, ဃာနဝိညာဏ်ဒွေ့, ဇိဝှါဝိညာဏ်ဒွေ့, ကာယဝိညာဏ်ဒွေ၌ရှိသော ဖဿစေတသိက်ခေါ်သော သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, ကြွင်းသော **လော**ကီဝိပါက် ဗာတ္တိံသ၌ ရှိသော ဖဿစေတသိက် ၂၂-ခု ဟူသော မနောသမ္ဖဿ(ဝါ) မနောဓာတ် ၃-ခု၊ မနောဝိညာဏဓာတ် ၇၆-ခု၌ရှိသော ဖဿစေတသိက် ၇၆-ဟူသော မနောသမ္ဖဿတို့ကို ယူလေ။

---

## ၇။ ဝေဒနာ။

၁၄။ (x) "စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာ
ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါ
သမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊
မနောသမ္ဖဿဇာဝေဒနာ၊ ဤခြောက်ဖြာကို၊
ဝေဒနာဟုခေါ်။"

အဓိပ္ပါယ်မှာ....သုခ, ဒုက္ခ, ဥပေက္ခာ ခေါ်သော ဝေဒနာ ၃-ပါး၊ (ဝါ) စက္ခုဝိညာဏ်ဒွေ၌ ရှိသော ဝေဒနာစေတသိက်

၂-ခုခေါ်သော စက္ခုသမ္ဖဿဇာဝေဒနာ၊ ထို့အတူ-သောတဝိညာဏ်ဒွေး, ဃာနဝိညာဏ်ဒွေး, ဇိဝှါဝိညာဏ်ဒွေး, ကာယဝိညာဏ်ဒွေးဉ်ရှိသော ဝေဒနာစေတသိက် ၂-ခု ခေါ်သော သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, ကြွင်းသော လောကီဝိပါက်ဇာတ်တို့သဉ်ရှိသော ဝေဒနာစေတသိက် ၂၂-ခုခေါ်သော မနောသမ္ဖဿဇာဝေဒနာ (ဝါ) မနောဓာတ် ၃-ခု၊ မနောဝိညာဏဓာတ် ၇၆-ခုဉ်ရှိသော ဝေဒနာစေတသိက် ၇၆-ခု ခေါ်သော မနောသမ္ဖဿဇာဝေဒနာတို့ကို ယူလေ။

——————

## ၈။ တဏှာ။

၁၅။ (×) "တဏှာသုံးတန်၊ အာ,ကာ,သန်နှင့်၊ ပွားရန်မြောက်စစ်၊ တရာ့ရှစ်ဖြာ၊အကျယ်လာ၊ တဏှာဟူ၍ ခေါ်သတည်း။"

အဓိပ္ပါယ်မှာ....ဤဉ်တဏှာအစစ်(၁၀၈)ကား-ကာမတဏှာ ဘဝတဏှာ,ဝိဘဝတဏှာ, ဤတဏှာသုံးပါးကိုမူတည်၍ ရူပါရုံ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံခေါ်သော အာရုံခြောက်ပါးနှင့်မြှောက် (၁၈)ဖြစ်၏၊ ၎င်းကို အတိတ်,အနာဂတ်ပစ္စုပ္ပန်ခေါ်သော ကာလသုံးပါးနှင့် မြှောက် (၅၄) ဖြစ်၏၊ ၎င်းကို အဇ္ဈတ္တသန္တာန်,ဗဟိဒ္ဓသန္တာန်ခေါ်သော သန္တာန် ၂-ပါးနှင့်မြှောက် တဏှာအစစ်(၁၀၈)ဖြစ်၏ဟု ဆိုလိုပေသည်။

**မှတ်ချက်။** ။ အဆိုပါ တဏှာသုံးပါး တို့တွင် **ကာမတဏှာ** ဆိုသည်မှာ ငါးပါးအာရုံ ကာမဂုဏ်တို့၌ တပ်မက်သော (တဏှာလောဘ)ကို ကာမတဏှာဆိုသည်၊ သဿတဒိဋ္ဌိ နှင့် ယှဉ်သော တဏှာကို ဘဝတဏှာ ဆိုသည်၊ ဥစ္ဆေဒ ဒိဋ္ဌိနှင့်ယှဉ်သော တဏှာကို ဝိဘဝတဏှာဆိုသည်။

**ထပ်မံရှင်းလင်းချက်။** ။ (**ဆက်မှား**) သဿတဒိဋ္ဌိနှင့် ယှဉ်သော တဏှာဆိုသည်မှာ ရူပဘဝ, အရူပဘဝကို ရလို ရောက်လို သောတဏှာကိုဘဝတဏှာဆိုသည်ဟုသိလေ (**ပြတ်မှား**) ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော ဝိဘဝတဏှာဆိုသည်မှာ **အပဝဂ္ဂ** ဘဝင်ခေါ်သော နေဝသညာနာသညာယတနအုံသည့် နာမ်ခန္ဓာလေးပါးတို့၏ ကျင်လည် ကျက်စားရာဖြစ်၍ သင်္ခါရမကင်းသေးသောကြောင့် နိဗ္ဗာန်မဟုတ်သေးဘဲ လျက် နိဗ္ဗာန်ဟုတပ်မက်သော တဏှာကို ဝိဘဝတဏှာ ဆိုသည်ဟု သိလေ-မှတ်လေ။

**အထူးမှတ်ရန်မှာ**—ဝေဒနာကြောင့် တဏှာဖြစ်သည် ဆိုရာ-ပုထုဇဉ်သေက္ခ တို့မှာသာ ဖြစ်ထိုက်သရွေ့ဖြစ်ကြ လေသည်၊ အသေက္ခဖြစ်သော ရဟန္တာတို့မှာ ဝေဒနာ ကြောင့် တဏှာဆက်၍မဖြစ်ပါ၊ အကြောင်းသော်ကား အရဟတ္တမဂ်ဉာဏက တဏှာကို အကြွင်းမဲ့ပယ်ခဲ့ပြီး ဖြစ် သောကြောင့်ပေတည်း။ ပုထုဇဉ်ပင် ဖြစ်သော်လည်း ဗဟုသုတ ရှိ၍ ယောနိသော လက်ကိုင်ရှိသော်၎င်း၊ ဝိပဿနာရှုမှတ်မှုဖြင့် ဆို့ပိတ်၍ ထားနိုင်ခဲ့သော်၎င်း၊ (**ဒိဋ္ဌေဒိဋ္ဌမတ္တံ**)အရ **ဝေဒနာ**ဖြစ်တိုင်း တဏှာမဖြစ်ပေ၊

ထိုသို့မဟုတ် ဗဟုသုတမရှိ၍ အယောနိသော ဝင်ခဲ့ပါလျှင် ဝေဒနာဖြစ်တိုင်း တဏှာ ဆက်၍ဆက်၍ ဖြစ်တတ်လေသည်။ ဤကား-အထူးတည်း။

ဤ၌(အပဝဂ္ဂ)အရ၊ အပဝဇ္ဇန္တိ သင်္ခါရာ ဧတသ္မာတိ အပဝဂ္ဂေါ၊ (ဓာန်၊ ၄၊ ၈)ရာမဒုတာဌာရာဒီနံ ဝိယ အရူပလောကေ, နိဂဏ္ဌာနံဝိယ လောကထူပိကာယအပဝဂ္ဂေါ တိဂံဟာဏံ (အဘိ၊ ၄၊ ၂း၈၂) နှင့် အညီ၊ ရာမ, ဥဒက, အာဠာရ ရသေ့ စသည်တို့ကဲ့သို့ အရူပဘုံကို မောက္ခ နိဗ္ဗာန်ဟု စွဲလမ်းခြင်းအယူမှားတည်း။

———

## ၉။ ဥပါဒါန်။

၁၉။ (×) "အားကြီး၍လာ၊ ယင်းတဏှာ၊ ဥပါဒါန်ဟုခေါ်။"

**အဓိပ္ပါယ်မှာ**....ဤ၌ အားနည်းသော တဏှာသည် တဏှာသာမည သာမည်၏၊ အားကြီးသော တဏှာသည် ဥပါဒါန်မည်၏။ **ဥပမာ**—ဘားကို မြွေ ခဲသကဲ့သို့၊ ကြွက်ကို ကြောင် ခဲသကဲ့သို့ မလွှတ်နိုင်ဘဲ မလွှတ်တန်း **အာ**ရုံကိုစွဲလမ်းသော တဏှာသည် ဥပါဒါန်မည်၏။

**ဥပမာ** တနည်းဆိုသော်-လောက၌ "ဖွတ်ကြီးက-မိကျောင်းဖြစ်၏၊ တစ္ဆေကြီးက-ဥပက ဖြစ်၏" ဆိုသကဲ့သို့ပေတည်း။ ဤ၌ ဖွတ်နှင့် တဏှာ တူ၏၊ မိကျောင်းနှင့် ဥပါဒါန် တူ၏၊ တစ္ဆေနှင့် တဏှာ တူ၏၊ ဥပက နှင့် ဥပါဒါန် တူ၏၊ တရားကိုယ်အရမှာ တဏှာလည်း-လောဘ, ဥပါဒါန်လည်း-လောဘ ပင် ဖြစ်သည်။ ဤကား-တဏှာနှင့် ဥပါဒါန် အထူးတည်း။

## ၁၀။ ဘဝ။

၁၇။ (×) "စေတနာ၊ ကမ္မဘဝ၊ ဝိပါက, ကဋတ္တာ၊ ဥပပတ္တိဘဝ၊ ထိုနှစ်ဝ၊ ဘဝအရခေါ်။"

**အဓိပ္ပါယ်မှာ....**ကုသိုလ်, အကုသိုလ်စေတနာကို ကမ္မ ဘဝ ဆိုသည်၊ ထိုကံသည် ဖြစ်စေအပ်သော ဝိပါက် ကဋတ္တာရုပ်ကို ဥပပတ္တိဘဝ ဆိုသည်။

**ထင်ရှားစေဦးအံ့**—ကာမုပါဒါန် အရင်းခံကြောင့် ကာမ (၁၁)ဘုံ၌ ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံကို ပြုလုပ်တတ်၏၊ ထိုကံသည် **ကမ္မဘဝ** မည်၏၊ ထိုကံသည် ဖြစ်စေအပ်သော (ဝါ) ထိုကံကြောင့်ဖြစ်သော ကာမ(၁၁)ဘုံ၌ဖြစ်သော ရုပ်နာမ် ခန္ဓာခေါ်သော ဝိပါက် ကဋတ္တာရုပ်သည် **ဥပပတ္တိဘဝ** မည်၏။ ထို့အတူ ရူပ(၁၆)ဘုံ၌ဖြစ်စေတတ်သောရူပကုသိုလ်ကံ ငါးခုသည် **ကမ္မဘဝ** မည်၏၊ ထိုကံသည် ဖြစ်စေအပ်သော ရူပ (၁၆)ဘုံ၌ ဖြစ်သော ဝိပါက် ကဋတ္တာရုပ်သည် **ဥပပတ္တိဘဝ** မည်၏။ ထို့အတူ-အရူပ (၄) ဘုံ၌ ဖြစ်စေတတ်သော အရူပ ကုသိုလ်ကံ(၄)ခုသည် **ကမ္မဘဝ** မည်၏။ ထိုကံသည်ဖြစ်စေအပ် သော အရူပ(၄)ဘုံ၌ဖြစ်သော ဝိပါက်နာမက္ခန္ဓာသည် **ဥပပတ္တိဘဝ** မည်၏။

**ထို့ကြောင့်** "တတ္ထ ကာမုပါဒါနပစ္စယာ ကာမဘဝနိဗ္ဗတ္တကံ ကမ္မံ ကရိယတိ၊ သော ကမ္မဘဝေါ၊ တဒဘိနိဗ္ဗတ္တာ ခန္ဓာ ဥပပတ္တိဘဝေါ၊ သေ နယော ရူပါရူပဘဝေသု။" ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာကို ထောက်လေ။

## ၁၁/၁၂။ ဇာတိ ဇရာ မရဏ။

၁၇။ (x) "ဥပပတ္တိမည်ရ၊ယင်းဘဝ၏၊ ခန္ဓအစဉ်၊ဥ-ဌီ-ဘင်ကို၊ ခွဲငင်ဝေငှ၊ သုံးမည်ပြ၊ ဇာတိ,ဇရာ, မရဏခေါ်။"

**အဓိပ္ပါယ်မှာ**....ဤဝိပါက် နာမက္ခန္ဓာ ခေါ်သော ဥပပတ္တိဘဝ၏ ခန္ဓာအစဉ်၌ တခုသောဘဝ ပဋိသန္ဓေမှ စုတိကျအောင် ခဏတိုင်း ခဏတိုင်းတို့၌ ရှေးဦးစွာ ဘွားခနဲဖြစ်ပေါ်လာသော ရုပ်နာမ်ကို "ဥပါဒ်"ခေါ်သည်၊ ခဏချင်း ရင့်ကျက်သွားသည်ကို "ဌီ"ခေါ်သည်၊ ဖြတ်ခနဲ ရပ်စဲ ချုပ်ပျောက်သွားသည်ကို "ဘင်"ခေါ်သည်ဟုသုံးမည်ခွဲဝေ၍ပြရာ-အဆိုပါ ရုပ်နာမ်တို့၏ ဖြစ်ဆဲအခိုက် ဥပါဒ်သည် ဇာတိ မည်၏၊ ရင့်ဆဲအခိုက် ဌီသည် ဇရာ မည်၏၊ပျက်ဆဲအခိုက်ဘင်သည် မရဏ မည်၏ဟုဆိုလိုသည်၊ သို့ရာတွင် ဥပပတ္တိဘဝကို ဇာတိဟူ၍၎င်း၊ ၎င်းဇာတိ၏ ဆံဖြူသွားကျိုးခြင်း စသည်ကို ဇရာ-ဟူ၍၎င်း၊ စုတေ မနေသေရခြင်းကို မရဏ-ဟူ၍၎င်း ယူလေ သိလေမှတ်လေဟူလို။

---

## ၁၃။ သောက-စသည်၊

၁၈။ (x) "ဒေါမနဿဝေဒနာ၊ သောကဟုသိ၊ ပရိဒေဝါသဒ္ဒ၊ ဒုက္ခကာယိကာ စေတသိကာ၊ ဒေါနမဿဥပါယာသ၊ ပဋိဃာ၊ အစဉ်လာ၊ ပဋိစ္စ၏ ကျိုးဆက်ခေါ်။"

အဝိဇ္ဇာယ်မှာ....ဤ၌ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးတို့တွင် မပါဝင်သော ဇာတိ၏ မချွမဟုတ်သော အကျိုးဆက်မျှသာ ဖြစ်၍ သံသရာစက် တဘန်ဆက်၍လည်ပုံကို စပ်မိရုံသာ ပြဆိုဟောကြားတော်မူသော သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့၏အရမှာ ဉာတိ,ဘောဂ,ရောဂ, သီလ, ဒိဋ္ဌိဗျသနခေါ်သော ပျက်စီးခြင်း တရားငါးပါးတို့နှင့် တွေ့ဆုံကြုံကြိုက်ကြတဲ့ခါ၊ မအေး မအေး တငွေ့ငွေ့နှင့် ပူဆွေးနေရသော ကိုယ်တွင်း၌ ပူလောင်နေသော ဒေါသမူဒွေ၌ ယှဉ်သော ဒေါမနဿဝေဒနာကို သောက ဆိုသည်။

တဘန်—အဆိုပါ ပျက်စီးခြင်းငါးပါးတို့ကြောင့်ပင် သူ-ငါ တို့၏ ကိုယ်တွင်း၌ မီးကြီးခဲမီးပြင်းပြင်းနှင့် ချက်အပ်သော ဆီသည် အိုးတွင်းတွင်သာ မနေနိုင်တော့ဘဲ အိုးအပြင်အထက်သို့ လျှံတက်လေလာသကဲ့သို့၊ ထို့အတူ-မခံမရပ်နိုင် လူးလိမ့်ငိုကြွေး မြည်တမ်းရခြင်း စိတ္တဇဝိပလ္လာသ သဒ္ဒရုပ်ကို ပရိဒေဝ ဆိုသည်။

တဘန်—ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်နှင့် ယှဉ်သော ကိုယ်၏ဆင်းရဲခြင်းဟုဆိုအပ်သော ဝေဒနာစေတသိက်ကို ဒုက္ခ ဆိုသည်။

တဘန်—ဒေါသမူဒွေ၌ ယှဉ်သော စိတ်၏ ဆင်းရဲခြင်းဟုဆိုအပ်သော ဝေဒနာစေတသိက်ကို ဒေါမနဿ ဆိုသည်။

တဘန်—ကိုယ်စိတ်အတွင်း၌ ပြင်းစွာပူပန်သော အဆိုပါ ဒေါမနဿဝေဒနာကိုပင် ဥပါယာသ ဆိုသည်။

**ဆောင်ပုဒ်လင်္ကာ....**"မီးညှင်းနှင့် ချက်၊ အိုးခွက်၌ဆူ၊ ဆီအတူ၊ တွင်းပူ သောက မှတ်။

မီးပြင်းနှင့်ချက်၊အိုးပြင်ထွက်သည့်၊ဆီတူဘိ၊ ပရိဒေဝ မှတ်။

အိုး၌ကျန်ကြွင်း၊ အိုးတွင်း၌တည်၊ ကုန်ခမ်းဆီ၊ တူညီဥပါယာသ မှတ်။"

---

## သောက၊ ပရိဒေဝ၊ ဥပါယာသ။

ထိုတွင် မီးညှင်းညှင်းနှင့် ဆီကိုချက်တဲ့ခါ အိုးတွင်းမှာ ဆူနေတဲ့ ဆီနှင့် **သောက** တူသည်။

မီးပြင်းနှင့် ဆီချက်တဲ့ခါ အိုးအပြင်သို့ ထွက်လာတဲ့ ဆီနှင့် **ပရိဒေဝ** တူသည်။

အိုးအပြင်ကို မထွက် မဝေနိုင်တော့ဘဲ အိုးတွင်းမှာသာ ဆူပွက်ကုန်ခမ်းသွားသော ဆီနှင့် **ဥပါယာသ** တူသည်ဟု ဆိုလိုသည်။

၂၀။ (×) "**ကာလသုံးဖြာ၊ အင်္ဂါဒွါဒသ၊ ဝီသတာကာရာ၊ သုံးဖြာစပ်မူ၊ လေးခုအလွှာ၊ တိဝဋ္ဋာ၊ မူလာ ဒွယ ရှိသတည်း။**"

အဓိပ္ပါယ်မှာ—ရင်းလင်္ကာအရ "**တတ္ထတယော အဒ္ဓါ, ဒွါဒသင်္ဂါနိ, ဝီသတာကာရာ, တိသန္ဓိ, စတုသင်္ခေပါ, တိဏိဝဋ္ဋာနိ, ဒွေမူလာနိစ ဝေဒိတဗ္ဗာနိ**"ဟူသော လင်္ကာသန်းအဋ္ဌကထာနှင့်

အညီ၊ ထိုပဋိစ္စသမုပ္ပါဒ်တရားတော်၌ **ကာလသုံးဖြာ အင်္ဂါ ဆဲ့နှစ်ပါး**,ခြင်းရာနှစ်ဆယ်,သုံးသွယ်အစပ်,လေးထပ်အလွှာ,ဝဋ်မှာသုံးပါး,မူလနှစ်ပါးတို့ကို ပိုင်းခြားဝေဘန်၍ တိတိကျကျ မိမိရရ သိရှိရမည်ဟုဆိုလိုပေသည်။

၂၁။ (×) "အဝိဇ္ဇာသင်္ခါရ၊ အတီတသာ၊ဇာတိဇရာမရဏ၊
အနာဂတ မှတ်၊ လယ်ချပ်ရှစ်ကျန်၊ ပစ္စုပ္ပန်၊
သုံးတန်ကာလ အခွန့်ခေါ်။"

## (၁) ကာလ ၃-ပါး။

**အဓိပ္ပါယ်မှာ**....၁။ အဝိဇ္ဇာသင်္ခါရနှစ်ပါးသည်**အတိတ်ကာလ**မည်၏၊ လွန်ခဲ့ပြီးသော တရားစုဖြစ်သောကြောင့်တည်း။

၂။ ဇာတိဇရာမရဏ သုံးပါးသည် **အနာဂတ်ကာလ**မည်၏၊ လာလတံ့သော တရားစုဖြစ်သောကြောင့်တည်း။

၃။ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ ဥပါဒါန်, ဘဝ, ရှစ်ပါးသည် ပစ္စုပ္ပန်**ကာလ** မည်၏၊ ဖြစ်ဆဲတရားစုဖြစ်သောကြောင့်တည်း။

၂၂။ (×) "အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်,နာမ်ရုပ်,သဠာယတန
ဖဿ,ဝေဒနာ, တဏှာ,ဥပါဒါန်, ဘဝ, ဇာတိ,
ဇရာမရဏ,ဒွါဒသ၊ ပဋိစ္စအင်္ဂါခေါ်။"

## (၂) အင်္ဂါ ၁၂-ပါး။

**အဓိပ္ပါယ်မှာ**....အထက်ပါ လင်္ကာအတိုင်း ၁၂-ပါးတို့ကို ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးဟုဆိုရသည်၊ အထူးမှာ-အဝိဇ္ဇာက

စ၍ ဇာတိအထိ တပါးစီ ယူ၊ ရုပ်နှင့် နာမ်ကိုလည်း အင်္ဂါ တပါးတည်းယူ၊ ဇရာနှင့်မရဏကိုလည်း အင်္ဂါတပါးတည်းယူ၊ အကြောင်းကား-ရုပ်နှင့် နာမ်လည်း တပိုင်နက်ဖြစ်ကြ၍ ခွဲမရ၊ ဇရာနှင့် မရဏလည်း ရင့်ခြင်းနှင့် ပျက်ခြင်းသာဖြစ်၍ တဆက် တည်း တွဲနေသဖြင့် အင်္ဂါတပါးတည်းသာယူရလေသည်။

၂၃။ (×) "သောက အစ၊ ကြွင်းသမျှမှာ၊ သံသရာစက်ပဲ၊ မပြတ်စဲကား၊အမြဲတွေ့ရ၊ နိယာမ၊ အကျိုးဆက်မျှ ခေါ်။"

အကျိုးဆက် ၅-ပါး၊

အခိပ္ပါယ်မှာ....အဆို၁ါ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးတွင် မပါဝင်သော သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, ဤ ငါးဝတ္ထုကား-ပဋိစ္စသမုပ္ပါဒ်တရား၌ထည့်၍ဟောပြောသော်လည်း ၎င်းတို့ကို အင်္ဂါအဖြစ် မဒရတွက်ရ၊ အကြောင်းသော်ကား- သောက စသော ဤငါးပါးသည် ဇာတိ၏ကြောင့် ဇရာကြောင့် မရဏကြောင့်၎င်း, တပါးပါးသော အကြောင်းကြောင့်၎င်း ဖြစ်တတ်လေသည်။

ဘုံအားဖြင့်ဆိုသော်—ကာမ (၁၁)ဘုံ၌သာ အမြဲဖြစ်တတ် သည်၊ ဗြဟ္မာဘုံတို့၌ ဇာတိရှိသော်လည်း သောက စသည်မဖြစ်၊ ထို့ကြောင့် ဇာတိ၏ မုချအကျိုးရင်း မဟုတ်၊ အကျိုးဖျား အကျိုးဆက်မျှသာဖြစ်သည်။

သို့ရာတွင် သောကစသော အာသဝေါတရားများဖြစ်ပါက **"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော၊ အာသဝနိရောဓာ အဝိဇ္ဇာနိရောဓော"** ... 

စသော သံသရာစက်ရဟတ် တဘန်ဆက်စပ်ပြန်ပုံကို ပြလို၍သာ ထည့်၍ဟောခြင်းဖြစ်သည်ဟု သိလေ-မှတ်လေ။ ထို့ကြောင့် "ဇာတိစမ္မ၊ မုချကျိုးဆက်၊ မဖြစ်တုံဘိ၊ သောကာဒိ၊ မထည့် အင်္ဂါမှတ်"ဟု ပညာရှိတို့ပြဆိုခဲ့ပေသည်။

၂၄။ (×) "အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ၊ ဤငါးဝ၊ အတီတဟေတုခေါ်။"

၂၅။ (×) "ဝိညာဏ်, နာမ်ရုပ်, သဠာယတနဲ, ဖဿ, ဝေဒနာ၊ ဤငါးဖြာ၊ ပစ္စုပ္ပန် ဖလာခေါ်။"

၂၆။ (×) "တဏှာ, ဥပါဒါန်, ကမ္မဘဝ၊ အဝိဇ္ဇာ, သင်္ခါရ၊ ဤငါးဝ၊ ပစ္စုပ္ပန္နဟေတုခေါ်။"

၂၇။ (×) "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဤငါးဖြာ၊ အနာဂတ ဖလာခေါ်။"

၂၀။ (×) "ဟေတု အတီတ၊ ပစ္စုပ္ပန္နဖလာ၊ ပစ္စုပ္ပန္နာ ဟေတုက၊ အနာဂတဖလာ၊ ဤလေးဖြာ၊ ခြင်းရာ ဝီသခေါ်။"

(၃) ခြင်းရာ—၂၀။

**အစီမွါယ်မှာ....**အထက်ပါလင်္ကာအရ၊ (၁) အဝိဇ္ဇာ, သင်္ခါရ တဏှာ, ဥပါဒါန်, ကမ္မဘဝ၊ ဤငါးပါးကား **အတိတ်အကြောင်း** ၅-ပါး။

(၂) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဤငါးပါးကား **ပစ္စုပ္ပန်** အကျိုးခေါ်။

(၃) တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ, ဤငါးပါးကား ပစ္စုပ္ပန် အကြောင်း ငါးပါး။

(၄) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဤငါးပါးကား အနာဂတ် အကျိုးငါးပါး။

**တဘန်**—အတိတ်အကြောင်း ၅-ပါး၊ ပစ္စုပ္ပန်အကျိုး ၅-ပါး ပစ္စုပ္ပန်အကြောင်း ၅-ပါး၊ အနာဂတ်အကျိုး ၅-ပါး၊ ပေါင်းခြင်းရာ ၂၀-ဟု ဆိုလိုသည်။

——————

## (၄) အစပ်သုံးပါး။

၂၉။ (×) "အတီတဟေတုက၊ဖလပစ္စုပ္ပန်၊စပ်ရန်တစ၊ပစ္စုပ္ပန္န ဖလ၊ ပစ္စုပ္ပန္နဟေတုက၊ စပ်ရန်တစ၊ ပစ္စုပ္ပန္န ဟေတုက၊ အနာဂတဖလံ၊ တစပ်မှန်၊ သုံးတန် သန္ဓိခေါ်။"

အစိပ္ပါယ်မှာ....(၁) သင်္ခါရ နှင့် ဝိညာဏ်အကြား **တစပ်**၊ ၎င်းမှာ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးစပ်ကြသည်။

(၂) ဝေဒနာနှင့် တဏှာအကြား **တစပ်**၊ ၎င်းမှာ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း စပ်ကြသည်။

(၃) ဘဝ နှင့် ဇာတိအကြား **တစပ်**၊ ၎င်းမှာ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုး စပ်ကြသည်။

——————

## (၅) အဒ္ဓာ ၄-ထပ်။

၃၀။ (×) "တိတ်ကြောင်းဘဝ၊ ပန်ဖလနှင့်၊ ပန်က ကာရဏာ နာ ဖလာ၊ အဒ္ဓာလေးခုခေါ်။"

အဓိပ္ပါယ်မှာ....(ပ) အဝိဇ္ဇာ, သင်္ခါရ ၂-ပါးသည် အဒ္ဓာ **တပါး**။ (ဒု) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ၅-ပါးသည် အဒ္ဓာ **တပါး**။ (တ) တဏှာ, ဥပါဒါန်, ဘဝ ၃-ပါးသည် အဒ္ဓာ **တပါး**။ (စ) ဇာတိ,ဇရာမရဏ ၂-ပါးသည် အဒ္ဓာ **တပါး**။

(ပ) အဒ္ဓာကို—အတိတ်အကြောင်းအဒ္ဓာ။
(ဒု) အဒ္ဓာကို—ပစ္စုပ္ပန်အကျိုးအဒ္ဓာ။
(တ) အဒ္ဓာကို—ပစ္စုပ္ပန်အကြောင်းအဒ္ဓာ။
(စ) အဒ္ဓာကို—အနာဂတ်အကျိုးအဒ္ဓာဟု ဆိုလိုသည်။

---

## (၆) ဝဋ္ဋ ၃-ပါး။

၃၁။ (×) "အဝိဇ္ဇာနှင့်၊ တဏှာဥပါဒါ၊ ဤသုံးဖြာ၊ ကိလေသာ ဝဋ္ဋဟု ခေါ်။"

၃၂။ (×) "သင်္ခါရနှင့်၊ ကမ္မဘဝ၊ ဤနှစ်ဝ၊ ကမ္မဝဋ္ဋဟုခေါ်။"

၃၃။ (×) "ဥပပတ္တိဘဝါ၊ အကြွင်းမှာ၊ ဝိပါကဝဋ္ဋဟုခေါ်။"

**အဓိပ္ပါယ်မှာ—**

(၁) အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ဤသုံးပါးသည် **ကိလေသဝဋ္ဋ** မည်၏။

(၂) သင်္ခါရ,ကမ္မဘဝ, ဤနှစ်ပါးသည် ကမ္မဝဋ် မည်၏။
(၃) ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ, ဥပပတ္တိဘဝ, ဇာတိ, ဇရာမရဏ, ဤရှစ်ပါးသည် ဝိပါကဝဋ် မည်၏။

သင်္ခါရနှင့် ကမ္မဘဝ အထူး။

မှတ်ချက်။ ။ သင်္ခါရအရလည်း စေတနာ၊ ကမ္မဘဝအရလည်း စေတနာ၊စေတနာချည်းတူနေကြ၍ အသို့ထူးသနည်းဟု မေးခဲ့သော်—အတိတ်ဘဝ၌ ဖြစ်ပြီးသော စေတနာကို သင်္ခါရဆို၍ ပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲဖြစ်သောစေတနာကို ကမ္မဘဝဆိုသည်ဟု အထူးကိုသိလေ။

———

(၇) မူလ ၂—ပါး။

၃၄။ (က) "ရှေ့ကြောင်းဖလ၊မူလအဝိဇ္ဇာ၊နောက်ကြောင်း ဖလာ၊တဏှာမူလ၊ယင်းဒွယ၊မူလနှစ်ပါးခေါ်"

အဓိပ္ပါယ်မှာ...."ပုဗ္ဗန္တသ အဝိဇ္ဇာမူလံ၊ အပရန္တသ၊ တဏှာ မူလံ"ဟူသော ဋီကာနှင့် အညီ၊ (၁) ဝေဒနာအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်၏ ရှေ့ပိုင်း၌ အဝိဇ္ဇာသည် သင်္ခါရစသော အကျိုးတရားတို့၏ အကြောင်းရင်း အကြောင်းစ ဖြစ်၍၊ မူလတပါး ဖြစ်သည်။

(၂) ဇရာမရဏအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်၏နောက်ပိုင်း၌ တဏှာသည် ဥပါဒါန်စသော အကျိုးတရားတို့၏အကြောင်းရင်း အကြောင်းစဖြစ်၍ မူလတပါး ဖြစ်သည်ဟု သိလေ။

တနည်းဆိုသော်—ဒိဋ္ဌိစရိုက်ရှိသော သူအား ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းကိုဟောတော်မူသည်။

တဏှာစရိုက်ရှိသောသူအား ပဋိစ္စသမုပ္ပါဒ် နောက်ပိုင်းကို ဟောတော်မူသည်။

တနည်းဆိုသော်—ဥစ္ဆေဒဒိဋ္ဌိကို ပယ်ခြင်းငှါ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းကို ဟောတော်မူသည်။

သဿတဒိဋ္ဌိကိုပယ်ခြင်းငှါ ပဋိစ္စသမုပ္ပါဒ် နောက်ပိုင်းကို ဟောတော်မူသည်။

မှတ်ချက်။ ။ သံသရာ၏ရှေ့အစွန်း(ပုဗ္ဗန္တ)အရ အဝိဇ္ဇာ,သင်္ခါရ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ, ဤ၇ပါး ကိုယူလေ။ သံသရာ၏ နောက်အစွန်း (အပရန္တ)အရ တဏှာ, ဥပါဒါန်,ဘဝ,ဇာတိ,ဇရာမရဏ, ဤ ၅-ပါးကို ယူလေ။

---

## ဝဋ် ၃-ပါး လည်နေပုံ။

၃၅။ (x) "ကိလေသဝဋ်၊ မလွတ်သမျှ၊ ကမ္မဝိပါ၊ ထပ်ကာ မပြတ်၊ကံမပြတ်က၊ဝိပါကကိလေ၊အထွေထွေပင် ဝိပါကေဝဋ္ဋ၊ ပေါ်လာကလည်း၊ ကိလေကမ္မာ မစဲသာ၊ စက်သံသရာ၊ လည်မြဲသာ၊ လည်၍ နေလေတော့သတည်း။"

အခိပ္ပါယ်မှာ....ဆိုလိုရင်းကတော့ အကြင်မျှလောက် တရား အလုပ် အားမထုတ်၍ မဂ် ဖိုလ် မရ, နိဗ္ဗာန် မဝင်စံရသေး။

ထိုမျှလောက် ဘယ်ဘုံဘဝမှာ ဘာကောင်ဘဲဖြစ်ဖြစ်, ဖြစ်ချင်တိုင်း ဖြစ်၊ ကမ္ဘာတည်စ နှစ်,လ,ရက်က ကမ္ဘာပျက်သည်တိုင်အောင် တကမ္ဘာပတ်လုံး (ဥပမာ) ဆောင်းဥတု၊ ပြီး နွေဥတု၊ နွေဥတုပြီး မိုးဥတု၊ မိုးဥတုပြီး ဆောင်းဥတု၊ တဥတုပြီးတဥတု ထပ်ကာထပ်ကာ စပ်ကာစပ်ကာ ဥတုသုံးပါးတို့သည် မပြီးနိုင် မဆုံးနိုင် လက်စမသတ်နိုင် မကုန်နိုင် မခန်းနိုင်ဖြစ်နေကြသကဲ့သို့ ထို့တူပမာ တထပ်ထဲတူစွာ "ကိလေသပစ္စယာ ခန္ဓာ ဝဋ္ဋံ" ဆိုတဲ့ သုတ္တန်ပါဠိတ် အဋ္ဌကထာနှင့်အညီ၊ အဆိုပါ ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်။ တဖန် ဝိပါကဝဋ်ကြောင့် ကိလေသာဝဋ်ထပ်၍ဖြစ်ပြန်သောကြောင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်၊ အဆုံးမရှိနိုင်တော့ဘဲ ထပ်ပြန်တလဲလဲ ကရှက်ကင်းရှောက် တဖောက်ပတ်ပတ် မနားမရပ် ချားရဟတ်ပမာ တသံသရာလုံး ကံအားလျော်စွာ ဘဝတဘန် ရုပ်နာမ်ခန္ဓာ,ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေမှုလေတော့သည်ဟု ဆိုလိုပေသည်။

တနည်းဆိုသော်–ခန္ဓာ,အာယတန,ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာသည်၊ (ဝါ) မွေးသေမပြတ် အစဉ်စပ်၍ မပြတ်ဖြစ်ရာ သံသရာသည်–

(၁) အောက်တန်းစား အပါယ်လေးပါး သံသရာ။

(၂) အလတ်တန်းစား လူ နတ် သံသရာ။

(၃) အထက်တန်းစား ဗြဟ္မာ သံသရာ ဟု သုံးမျိုး သုံးစားရှိရာ၊

ထိုတွင်—အောက်တန်းစား အပါယ်လေးပါးသံသရာ၌ ဒိဋ္ဌိကိလေသဝဋ်ကြောင့် ဒုစရိုက်ဆယ်ပါး ကမ္မဝဋ်ဖြစ်၊ ၎င်း ကမ္မဝဋ်ကြောင့် အပါယ်လေးဘုံတို့၌ အပါယ်လေးဘုံသားတို့၏ ရုပ်နာမ် ခန္ဓာခေါ်သော ဝိပါကဝဋ်ဖြစ်၊ တဖန်ပြန်၍ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်၊ နိဗ္ဗာန်သို့ မရောက်သမျှ အဆုံးမရှိနိုင်တော့ပြီဟု သိလေ။

ထို့အတူ—အလတ်တန်းစား လူ-နတ်သံသရာ၌ ကာမတဏှာကိလေသဝဋ်ကြောင့် ကာမကုသိုလ်ကံ ကမ္မဝဋ်ဖြစ်၊ ၎င်းကမ္မဝဋ်ကြောင့် လူ့ဘုံ နတ်ဘုံတို့၌ လူနတ်တို့၏ ရုပ်နာမ် ခန္ဓာ ခေါ်သော ဝိပါကဝဋ်ဖြစ်။ တဖန်ပြန်၍ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် အဆုံးမရှိနိုင်တော့ပြီ။

ထို့အတူ—အထက်တန်းစား ဗြဟ္မာသံသရာ၌ ရူပ, အရူပ တဏှာကိလေသဝဋ်ကြောင့် ကသိုဏ်းစျာန် မဟဂ္ဂုတ်ကံ ကမ္မဝဋ်ဖြစ်၊ ၎င်းကမ္မဝဋ်ကြောင့် ဗြဟ္မာဘုံတို့၌ ဗြဟ္မာတို့၏ ရုပ်နာမ် ခန္ဓာခေါ်သော ဝိပါကဝဋ်ဖြစ်၊ တဖန်ပြန်၍ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်, နိဗ္ဗာန် မရောက်သမျှ အဆုံးမရှိနိုင်တော့ပြီဟု ဆိုလိုသည်။

ဤလို ဤပုံ—နိဗ္ဗာန်မရသေးသမျှ ရှံခါ ဒုဂ္ဂတိ, ရှံခါ သုဂတိ မြဲဘယ်လို့မရှိ၊ ဆင်းလိုက် တက်လိုက် ဘဝရာထောင် ဘဝ အသင်္ချေ ကမ္ဘာရာထောင် ကမ္ဘာအသင်္ချေ ဘယ်လောက်ဘဲ ရှည်ရှည် ဘယ်လောက်ဘဲကြာကြာ အဆိုပါ ဥတုသုံးပါးတို့သည် မကုန်နိုင် မခမ်းနိုင်သကဲ့သို့၊ ထို့တူပမာ-ဤဝဋ်သုံးပါးတို့သည် မကုန်နိုင် မခမ်းနိုင်တော့သည်သာတည်း၊

၃၆။ (x) "အဝိဇ္ဇာနှင့်၊ တဏှာမူလ၊ ကိလေသဝဋ်၊ မဂ်နှင့် ချွတ်က၊ ကံဝဋ်လည်းမြုံ၊ ဝိပါက်ကုန်၊ ရဟတ် စက်အုံ ကျိုးသတည်း။"

**အမိပ္ပါယ်မှာ**....ဥပမာဆိုရသော် ပကတိသစ်သားကို လုပ် **သော** လှည်း,ရထားကို နွားနှစ်ကောင်တတ်၍ လှည်းမောင်း သူက တံပြာနှင်တံနှင့် မောင်းနှင်သော် လှည်းဝင်ရိုးကလည်း **မကျိုး**, လှည်းသံပတ်ကလည်း မပြတ်, အထောက်အကန့်တွေက လည်း မကျိုးမပျက်သမျှ နေ့-လ-နှစ်ရှည်စွာ တကြည်ကြည် တကြာကြာ အလည်မပြတ် တလစပ် လည်၍ နေရသကဲ့သို့ ၎င်း။

တစုံတရာ အကြောင်းကြောင့်၎င်း၊ ဗမင်သဘ်သက် ဒုတ် **ဓား** လက်နက်ဖြင့် ချိုးဖျက်ရိုက်နှက်၍၎င်း ပျက်စီးသည်ရှိသော် ရှေးကလို မလည်နိုင်တော့ဘဲ အလည်ရပ်သွားဘိသကဲ့သို့၎င်း။

**ထို့တူပမာ**—ဆုံသုံးပါး တည်းဟူသော လှည်းရထားကြီး၌ **အဝိဇ္ဇာ** တဏှာဖြင့်ပြီးသော ပုံတောင်း(ပဒေါင်း)၌ ပုညာပုည အာနေဉ္ဇဟုဆိုအပ်သော အကန့်အထောက် ဇရာမရဏ တည်း ဟူသော အကွပ်သံပတ်ကို ကောင်းစွာပတ်၍ အာသဝသမုဒယ တည်းဟူသော ဝင်ရိုးကို ထိုးလျိုကာ မသိအပ်သော အစရှိသော သံသရာဘဝကာလပတ်လုံး အဆုံးမရှိ၊ ရံခါဒုဂ္ဂတိ,ရံခါသုဂတိ မြဲတယ်လို့မရှိ ဘဝများစွာ ကမ္ဘာများစွာ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် တပြောင်းပြန်ပြန် တပတ်ပတ် တချာချာ တလည်ထည်းလည်၍နေရလေတော့သတည်း။

အဆိုပါ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ရထားကြီးသည်ကား အလိုအလျောက် ပျက်စီးရိုးထုံးစံမရှိခဲ့ဘူးလေ၊ ပကတိဒုတ် ဓား လက်နက်တို့ဖြင့် ဖျက်ဆီးသော်လည်း ပျက်စီးရိုးထုံးစံ လုံးဝ မရှိလေ။ ခေတ်ပေါ် လက်နက်များ ဖြစ်ကြသော အနုမြူ ဟိုက်ဒရိုဂျင်ဗုံးတို့ဖြင့်ဖျက်ဆီးသော်လည်း ဘယ်နည်းမှမပျက်စီး နိုင်ပေ၊ ပျက်စီးရိုးထုံးစံလည်း မရှိခဲ့ဘူးလေ။

သို့ရာတွင်—အဆိုပါ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ခေါ်သော သံသရာစက်ကြီးကို အဆိုပါ အနုမြူဟိုက်ဒရိုဂျင် ညူကလီယာ လက်နက်မျိုးတို့ထက် အဆတရာ မကသာ၍အစွမ်းထက်လှသော အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ဖျက်ဆီးလိုက်သည်ရှိသော် "**ကိလေသာဘာဝေ ဝိဇ္ဇမာနမ္ပိ ကမ္မံ အာယတိံ အပ္ပဋိသန္ဓိကံ ဟောတိ**" ဆိုတဲ့ ဥဒ္ဒါန်းအဋ္ဌကထာနှင့် အညီ၊ အရဟတ္တမဂ် ခဏမှာ တထောင့်ငါးရာ ကိလေသာဝဋ်ကြီး အပြီးအပြတ် လက်စသတ် ပြတ်၍သွားသဖြင့် ကမ္မဝဋ် ဝိပါကဝဋ်တို့လည်း မတည်တန့်နိုင်တော့ဘဲ အကုန်လုံးယိုင်လဲ၍ ပဋိစ္စသမုပ္ပါဒ်ခေါ် သော ဤသံသရာစက်ရဟတ်အုံကျိုးပြတ်သဖြင့် ရှေးကံဟောင်း လည်း မီးလောင်ပြီး မျိုးစေ့ကဲ့သို့၊ ကံသစ်လည်း ရေသောက် မြစ် ပြတ်ပြီးသော သစ်ပင်ကဲ့သို့ဖြစ်၍ တခါတည်း အလည်ရပ် လေတော့သည်၊ (ဝါ) နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီးငြိမ်းရလေ တော့သည်ဟု ဆိုလိုပေသည်။

## ဘုရားရှင် မိန့်ခွန်းတော်။

တို့ကြောင့်ပင်—ဘုန်းတော် ကြီးလှသော ဘုရားမြတ်စွာ စိန္တေယျာက ညီတော်အာနန္ဒာအား "**ဧတဿ အာနန္ဒ ဓမ္မဿ**

**အနန္ရုပေါဓော အပ္ပဋိဝေဓော၊ ဝေမယံ ပဇာ တန္တာကုလကဇာတာ ကုလကုဏ္ဍိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ" သုတ်မဟာပါ မဟာနိဒါနသုတ်၌ ဟောတော်မူခဲ့ပေသည်။**

**အာနန္ဒ၊** ဘထွေးတော် အမိတ္တော်ဒန၏သား စကားချောင် ချစ်ညီမောင်အာနန်။ တေဿမမ္မဿ၊ ဤပဋိစ္စသမုပ္ပါဒ် အချက် အခြာ ပဓာနလိုရင်းကြီးကို။ အနန္ရုပေါဓော၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အခြားမဟုတ် (ဝါ) အဝိဇ္ဇာပစ္စယာ (ပ) ဇရာမရဏ ဆိုတာ အခြားမဟုတ်၊ ဆိုလိုရင်းအချုပ် သဘောတူရာ စုပေါင်း၍ ယူလိုက်တဲ့အခါ ရရှိလာသည်မှာ အကျဉ်းအားဖြင့် နာမ် ရုပ် နှစ်ပါး၊ အပြားအားဖြင့် ခန္ဓာငါးပါး၊ အာယတန တဆဲ့နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါး၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား၊ ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမရှက် အလွတ်သက်သက် ချမ်းသာ မဘက် ဆင်းရဲစစ်စစ် ဆင်းရဲအစု ဆင်းရဲအပုံ ဆင်းရဲအသိုက် အအုံကြီးသာဖြစ်သည်ဟု အနုဗောဓဉာဏ် ခေါ်သော **ဉာတ ပရိညာ** ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် သင့်တော်အောင် မသိမမြင်နိုင် ကြခြင်းကြောင့်ငင်း။ အပဋိဝေဓော၊ အဆိုပါ ရုပ်နာမ် ခန္ဓာ တို့သည်လည်း ရုပ်နာမ်ခန္ဓာမှန်က ဥပါဒ်-ဌီ-ဘင်မျှဖြစ်၍ ပျက် ကြရသောကြောင့် မမြဲသော အနိစ္စ၊ ဆင်းရဲနှိပ်စက်သော ဒုက္ခ၊ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့ မပါစေနိုင်သော အနတ္တ၊ (ဝါ) မမြဲသည်ကို မြဲအောင်၊ ဆင်းရဲသည်ကို ချမ်းသာအောင်၊ အနည်းငယ်မျှ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့မပါစေ နိုင်သောကြောင့် အနတ္တ (ဝါ) ဤ ဖြစ်ပျက်မနားသော ရုပ်

နာမ်တရားတို့၌ နိစ္စ,သုခ,အတ္တ,သာရဟူက (ဝါ)ပုဂ္ဂိုလ်သတ္တဝါ ဟူက မရှိလုံးလုံး ဆိတ်သုဉ်း၍နေသော သုည,အနတ္တဟု လက္ခဏာ ဉာဏ် အမြင်သန့်သော "**တိရဏ ပရိညာ**" ဆိုက်၍ လက္ခဏာရေး သုံးပါးသာ အစွမ်းကုန်ထင်သဖြင့် အဆိုပါ ဖြစ်ပျက်မနား ရုပ် နာမ် သင်္ခါရတရားတို့၌ တပ်မက်ခြင်းတဏှာကို အပြီးအပြတ် လက်စသတ် ပယ်ဖြတ်နိုင်သော မဂ်အပ္ပနာ "**ပဟာနပရိညာ**" ကိုက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆက်ဆက် အဆင့်ဆင့်ဖြင့် အရဟတ္တမဂ်သို့ဆိုက်အောင် ထိုးသွင်း၍ မသိမမြင်နိုင်ကြသော ကြောင့်ရှင်း။

အယံ ပဋိစ္စသမုပ္ပါဒေါ၊ ဤ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး သည်။ (ဝါ) ဤအကြောင်း အကျိုး အဆက်ဆက်ကြီးသည်။ ယသ္မာ၊ အကြင့်ကြောင့်။(ဤနှစ်ပုဒ်ကားထည့်) တန္တာကုလက ဇာတာ၊ ရှုပ်ထွေးလှစွာသော ကြွက်ကိုက်၍ထားသော ရက္ကန်း ချည်ထွေး ချည်ခင် အအူပေါက်ကြီးကဲ့သို့ ဖြစ်၍ နေကြ၏။ ကုလကုဏ္ဍိကဇာတာ၊ လွန်စွာ လွန်စွာ ရှုပ်ထွေး၍နေသော စာ ပေါင်းသောင်း စာခေါင်းဝါတို့၏အသိုက်အအုံကြီးကဲ့သို့ဖြစ်၍ နေကြ၏။ မုဉ္ဇပဗ္ဗဇဘူတာ၊လွန်စွာရှုပ်ထွေးလှသော ဖြူဆန်မြက် ပြိန်း(ပိန်း)မြက်ရုံကြီးကဲ့သို့ဖြစ်၍နေကြ၏။ တသ္မာ၊ ထို့ကြောင့် (ထည့်)။ ဧဝံ၊ ဤသို့။ အယံပဇာ၊ ဤ လူနတ် ပြဟ္မာ သတ္တဝါ အပေါင်းသည်။ အပါယံ၊ ချမ်းသာကင်းသော (ဝါ) ချမ်းသာ မရှိသော။ ဒုဂ္ဂတိံ ၊ မကောင်းမှုကိုပြုသောသူတို့၏လားရောက်ရာ ဖြစ်သော။ ဝိနိပါတံ၊ဖရိုဖရဲ ပျက်စီး၍ကျရာဖြစ်သော။ သံသာရံ၊ ခန္ဓာ-အာယတန-ဓာတ်တို့၏ မပြတ်ဖြစ်ရာ (ဝါ) မွေးသေမပြတ်

အရပ်ရပ်တို့၏ မပြတ်ဖြစ်ရာ သံသရာကို။ နာတိဝတ္တတိ န အတိဝတ္တတိ၊ မလွန်မြောက်နိုင်ကြတော့ပေ။ (ဝါ) မလွန်မြောက်နိုင်ကြတော့ဘဲ ထပ်ပြန်တလဲလဲ ဖြစ်ပျက် မွေးသေ သံသရာရှည်၍ နေကြလေတော့သတည်း။

## လေးလေးနက်နက် ဥာဏ်ဖြင့်သက်။

**မှတ်ချက်**။ ။ ဤအနက်ကား အများပေးနေကြနိသျှအနက်မျိုး မဟုတ်ဘဲ၊ ၎င်းအဘွင့် အဋ္ဌကထာ ဋီကာတို့ကိုကြည့်၍ မိမိသသောဥာဏ် မှီသလို ဘုရားဟောတော်မူလိုရင်း အာဘော်ငုတ်ကို ဘော်ထုတ်နိုင်သမျှ ဘော်ထုတ်၍ အလိုတော်ကျအောင် ဖေါ်ပြ၍ပေးလိုက်သော အနက်ဖြစ်သည်။

**မှတ်ချက်**။ ။ ဤမဟာနိဒါနသုတ်လာ ညီတော်အာနန္ဒာအား ဟောကြားတော်မူအပ်သော "ဧတဿ အာနန္ဒ ဓမ္မဿ" အစဖြာသော ဒေသနာတော်အရ ဒေသနာတော်မှန်က (အနုလောမ)အစီအပွါယ်နှင့် (ဗျတိရေက)အစီအပွါယ်ဟုနှစ်မျိုး ရှိမြဲဖြစ်ရာပါဠိလျှောက်ယူရသောအစီအပွါယ်ကို(အနုလောမ) အစီအပွါယ် ဆို၍၊ ၎င်းမှ ပြန်ထောက်ဆ ယူရသော အစီအပွါယ်ကို (ဗျတိရေက)အစီအပွါယ်ဟုဆိုရာ—

အာနန္ဒာ၊ ဤ ပဋိစ္စသမုပ္ပါဒ်ကို လောကီဝိပဿနာ ဥာဏ်ခေါ်သော အနုဗောဓဥာဏ်၊ လောကုတ္တရာဥာဏ် ခေါ်သော ပဋိဝေဓ မဂ်ဥာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ

မသိမမြင်နိုင်ကြသောကြောင့် ဤသတ္တဝါအပေါင်းတို့သည် ဤမျှရှုပ်ထွေးနေကြ၍ သံသရာဝဋ်မှ မလွန်နိုင်ကြဟု ဆိုလိုတဲ့ အဓိပ္ပါယ်မှာ (အန္ဒယ) အဓိပ္ပါယ်ဖြစ်၍၊ လောကီအနုဗောဓဉာဏ်, လောကုတ္တရာ ပဋိဝေဓမဂ်ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ ပရိညာသုံးပါးဆိုက်အောင်ကိုက်အောင် သိမြင်နိုင်ကြပါလျှင် ဤပုံဤနည်းရှုပ်ထွေး၍ မနေတော့ဘဲ၊ ဤမျှဆင်းရဲကြီးလေးလှတဲ့ သံသရာဝဋ်ကြီးထဲက လွန်မြောက်နိုင်ကြတာ (ဝါ)နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီး ငြိမ်းနိုင်ကြတာ ကြာလှလေပြီဟု ဆိုလိုတဲ့ (ဗျတိရေက) အဓိပ္ပါယ်ကိုလည်း ယူဆအပ်ပေသည်၊ ယူဆကြရမည်ဟု ဆိုလိုသည်။

ဟောတော်မူလိုရင်းမှာ အရဟတ္တမဂ်ကို လက်ကိုင် ကိုယ်ပိုင်ရမှ လွန်နိုင်ကြမည်၊မရသမျှမလွန်နိုင်ကြဟု ဟောတော်မူလိုရင်းဖြစ်သည်၊ အဇ္ဈာထမ္ ပဋ္ဌိလုံကလည်း "**အဝိဇ္ဇာယ တွေ့ဝ အသေသဝိရာဂနိရောဓာ**" ဟောခဲ့သည်။ အဝိဇ္ဇာ၏ သာလျှင်အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကြောင့်ဟုဟောထားသည်။ရင်းအဖွင့်အဋ္ဌကထာ၌လည်း"**ဝိရာဂသင်္ခါတေန မဂ္ဂေန အဝသေသနိရောဓာ အနုပ္ပါဒနိရောဓာ**" ဟု ဖွင့်ပြလျက်ရှိသည်။ ထို့ကြောင့် အရဟတ္တမဂ်ကို မရသမျှဝဋ်မှ မထွက်မြောက်နိုင်ကြ၊ ရမှ ထွက်မြောက်နိုင်ကြမည်ဟု ဟောတော်မူလိုရင်းဖြစ်သည်မှာ လယ်ပြင်တွင် ဆင်သွားသလိုလွန်စွာဘဲ ထင်ရှားလှပေသည်။

## မဂ်ကို ပွားမှ ရမည်။

**ဒါဖြင့်ရင်** အရဟတ္တမဂ်ကို ဘယ်မဂ်ရမှ ရမလဲ၊ အနာဂါမိမဂ်ကိုရမှ ရမယ်။ အနာဂါမိမဂ်ကို ဘယ်မဂ်ရမှရမလဲ၊ သကဒါဂါမိမဂ်ကိုရမှ ရမယ်။ သကဒါဂါမိမဂ်ကို ဘယ်မဂ်ရမှ ရမလဲ၊ သောတာပတ္တိမဂ်ကိုရမှ ရမယ်။ သောတာပတ္တိမဂ်ကို ရအောင် ဘယ်လိုလုပ်ရမလဲ၊ သတိပဋ္ဌာန် စသော မဂ္ဂင်ရှစ်ပါး တရားအလုပ်ကို အားထုတ်ရမယ်။ ဆိုလိုရင်းမှာ-တရားအလုပ် အားထုတ်မှ သောတာပတ္တိမဂ်ကိုရမည်၊ ၎င်းမဂ်ကိုရမှ သကဒါဂါမိမဂ်ကိုရမည်၊ ၎င်းမဂ်ကိုရမှ အနာဂါမိမဂ်ကိုရမည်၊ ၎င်းမဂ်ကိုရမှ အရဟတ္တမဂ်ကိုရမည်၊ ၎င်းမဂ်ကိုရမှ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် ဘဝဝဋ်ဆိုး အမျိုးမျိုးမှ လွတ်နိုင်ကြမည်၊ ထွက်နိုင်ကြမည် အမှန်ဖြစ်သည်ဟု ဆိုလိုပေသည်။

## ကြိုးကြိုးမ ၂းမ ား သတိထ ား။

၎င်း ပဋိစ္စသမုပ္ပါဒ် ပါဠိတော်အဖွင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ အရှင်ဗုဒ္ဓဃောသဆရာတော်သည် "**ယော ကောစိ အဋ္ဌံ ကတွာ သုဏေယျ(ပ)အဒ္ဒသံ မစ္စုရာဇဿ ဂစ္ဆေ**"ဟု ဘွင့်ပြခဲ့လေသည်။

**အဓိပ္ပါယ်မှာ**—ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ဖြန်းဖြန်းကွဲ တရား ဆီးဝမ်းကွဲ သဘောပေါက် နားလည်သွားအောင် ဆရာကောင်းထံချဉ်းကပ်၍ သင်ကြားနာယူ မှတ်သားထားပါလျှင် မှတ်သား သိရှိ နားလည်ထားသည့် အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ပါလျှင် သေမင်းမမြင်နိုင်ရာ နိဗ္ဗာန်သို့ ရောက်နိုင်သည် ဟု (ဝါ) " အရဟတ္တာဓိဂမေန ပုနပ္ပဘာဝါ

ဘာဝတော”နှင့်အညီ အရဟတ္တမဂ်သို့ ရောက်သဖြင့် တဘန် **ဘဝသစ်၌** ဖြစ်ခြင်းမရှိသည့်အဖြစ်ကြောင့် နိဗ္ဗာန် သို့ရောက်နိုင် သည်ဟု ဘွင့်ဆိုချက်ကိုရင်း။

**တဘန်** သုတ္တန္တ ဘာဇနီယအဆုံး၌လည်း“**တသ္မာ အတ္တနော ဝါ ပရေသံ ဝါ တိတာယ သုခါယ (ပ) ပဋိပ္ပန္နော အဝဿသ ကိစ္စာနိ ပဟာယ**”ဟု ရှင်းဆရာပင် ဘွင့်ပြထားပြန်သည်။

**အဓိပ္ပါယ်မှာ**....ထို့ကြောင့် မိမိ သူတပါး အကျိုးစီးပွား ချမ်းသာကို အလိုရှိ၍ ကျင့်ကြံ ကြိုးကုတ် **အားထုတ်သော** သူသည် ဤပဋိစ္စသမုပ္ပါဒ်ကို အတတ်သိအောင် ကျင့်ကြံ ကြိုး ကုတ် အားထုတ်ခြင်းမှတပါး အခြားသော စား ဝတ် နေရေး တို့ကို အလေးမထားတော့ဘဲ ပယ်ရှား၍ ပယ်စွန့်၍ ဤ ပဋိစ္စ သမုပ္ပါဒ်အကြောင်းကို ကောင်းကောင်းကြီးသိရှိနိုင်ရန် ကျင့်ကြံ ကြိုးကုတ် အားကုတ်ပါလေဟု သဲကြီးမဲကြီးတိုက်တွန်းနှိုးဆော် ခဲ့သည်ကိုရင်း။

**တဘန်** အဘိဓမ္မာဘာဇနီယအဆို၌လည်း “**ပရိယတ္တိ သဝန စိန္တန၊ ပဋိပတ္တိက္ကမတော၊ သဒါ ဓိရော(ပ)တတော အတ္ထိ**”ဟု ရှင်းဆရာပင် ဘွင့်ပြပြန်သည်။

**အဓိပ္ပါယ်မှာ**....ဤ ပဋိစ္စသမုပ္ပါဒ် အကြောင်းကို ကောင်း ကောင်းကြီးသိရှိနားလည်သဘောကျသဘောပေါက် သဘောမိ ရိပ်စားမိသွားအောင် ဆရာကောင်း သမားကောင်း ထံမှာ ကြိမ်ဘန်များစွာ သင်ကြားနာယူခြင်း, မေးမြန်းလျှောက်ထား ကြားနာခြင်း, ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘယ်လိုအကြောင်း ဘယ်လို အရာဟု သိရှိရအောင် ကြိမ်ဘန်များစွာ အခါခါ ကြံစီခြင်းဟု

ဆိုအပ်သော ကျင့်ကြံကြိုးကုတ် အားထုတ်ပြုလုပ်ခြင်းမှတပါး အခြားတပါးသော ကြီးလေးလှသော အလုပ်ကိစ္စဟူ၍ ဤလောကမှာ မရှိနိုင်တော့ပြီဟူ၍ ထပ်ခါထပ်ခါ ကြတ်ကြတ်ကြီး မှာခဲ့ပါသောကြောင့် သေရေး ရှင်ရေးထက် လွန်စွာ့လွန်စွာ အရေးကြီးလှသော (အရေးကြီးကဏ္ဍ)ဟု သိ၍ (ဝါ) ဝ,ကွက် သိရှိထားကြပြီးလျှင် သိရုံနှင့် မပြီး သိသဲ့အတိုင်း အဆိုပါ ကြီးလေးလှစွာသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို စွမ်းစွမ်း တမန် ပျက်စီးအောင် ဖျက်ဆီး၍ပေးနိုင်သော စွမ်းရည်သတ္တိ ကျပ်ပြည့်ရှိသော အရဟတ္တမဂ်ကို ရရှိသွားအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါလေဟု ထပ်သောင်း၍ တဘန် တိုက်တွန်းနှိုးဆော်အပ်ပါသည် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။

တဲ့တဲ့ ရှင်းရှင်း ဆိုလိုရင်းမှာ—အရဟတ္တမဂ်ရအောင် သမထ ဝိပဿနာ အလုပ် တရား အားထုတ် ရမည် ဟု ဆိုလိုသည်။ အကြောင်းကား-အရဟတ္တမဂ်ကို မရသမျှ သံသရာစက်,ဘဝစက် ပဋိစ္စသမုပ္ပါဒ်စက်မှ မထွက်နိုင်သောကြောင့်တည်း။ ထို့ကြောင့် အဆိုပါ ပဋိစ္စသမုပ္ပါဒ်ကိုဖြတ်၍ သံသရာဝဋ်မှ ထွက်မြောက် နိုင်ရန် နောက်ဆက်တွဲအနေဖြင့် ပြဆိုလတံ့သော "**စက်ဖြတ် ဝိပဿနာ**" အလုပ်ကို ဆက်လက်၍ အားထုတ်ကြပါလေဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည် သပ္ပုရိသအပေါင်း သူတော် ကောင်းတို့။

ဤတွင်—ပဋိစ္စသမုပ္ပါဒ်ပိုင်းကို ရပ်ဆိုင်းလိုက်ပါသည်။

# စာကိုယ်ပြီးဆုံး ကျမ်းနိဂုံး

၁။ ॥ ဧတ္တာဝတာ စ ဇာတိယာ မရမ္မရဋ္ဌေ ပခုက္ကူဇနပဒေ ဂန္ဓဝေါနိဂမေ ပဋိယာပန္န ကဇွန်းထောင့် ဂါမေ ဇာတေန ပဝတ္တိံ ပန၊ ကသာဇနပဒေ **ဝန်းသိုနိဂမေ** **ခန္တျာရာမေ** နိစ္စဝါသေန ဝါသိနာ ပစ္စာ ခန္တီးရိပ်သာ တျာရာမေ ဒေါ်ဘန်းကြီးတိအဝှါယ ဥပါသိကာယ အာဒိံ ကတွာ ပစ္စာ၊ ရွှေဘို ဦးမောင်ကြီး ဒေါ်ဒေါ်သီ တိ ကာရိတေ ဇုဋ္ဌကဝိဟာရေ ဝသန္တေန **သုဇနောတိ** ဂရူဟိ ဂဟိတနာမဓေယျေန မဟာထေရေန ရစိတော ယံ ခန္ဓာဒိပကာသနီ နာမ ဂန္ထော၊ သက္ကရာဇေ အဋ္ဌ ဝီသာဓိကေ တိသတသဟဿေ ဝဿေ သမ္ပတ္တေ၊ မာဃမာသဿ ဇုဏှပက္ခေ **အဋ္ဌာ**ဟေ သုက္ကဝါရေ **အနာယာသေန** နိဋ္ဌံ ဂတောတိ ဒဋ္ဌဗ္ဗောတိ။

### ဂါမ, နိဂမ, ဇနပဒ, နဂရ အထူး။

(၁) အိမ်ဈေးသဘင်လည်းမရှိ၊ တံတိုင်းကျုံးမြောင်းလည်း မရှိသည်ကား—**ဂါမ**။

(၂) အိမ်ဈေးသဘင်သာရှိ၍ တံတိုင်း ကျုံးမြောင်း မရှိ သည်ကား—**နိဂမ**။

(၃) အိမ်ဈေးရှိ၍ တံတိုင်းမရှိသော်လည်း မင်းတယောက် ၏ တခရိုင် တခရိုင်သည် - **ဇနပဒ**။

(၄) အိမ်ဈေးလည်း ရှိ, တံတိုင်း ကျုံးမြောင်းလည်းရှိ၍ တယောက်သော မင်း၏ ရွှေမြို့တော်သည် – **နဂရ** မည်၏။

**အယမေတ္ထ အာယာစနာ။**

၂။ ။ ယုတ္တာယုတ္တံ ဝိစိန္တေယျ၊ ယုတ္တံ ဂဏှေယျ ပညဝါ။
အယုတ္တဉ္စ ဝိဿဇ္ဇေယျ၊ မာနဒေါသံ န စ ကရေတိ။ ။

**အထဝါပန၊**

၃။ ။ ဘူတာဘူတံ ဝိစက္ခေယျ၊ ဘူတံ ဂဏှေယျ ပဏ္ဍိတော။
အဘူတဉ္စ ဝိဿဇ္ဇေယျ၊ နကရေယျ အမနာပန္တိ။ ။

၄။ ။ နိဋ္ဌိတာယံ ယထာ ဂန္ထာ၊ အန္တရာယံ ဝိနာ သုခံ။
တထေဝ ဟိတသင်္ကပ္ပါ၊ သမိဒ္ဓါ ဟောန္တု ပါနိဏံ။ ။

၅။ ။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတူတိ။

၆။ ။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇန္တိ။ ။

ခန္ဓာဒိပကာသနီ နိဋ္ဌိတာ။

———

၁။ ။ စ၊ **စာကိုယ်ပြီးဆုံး** ကျမ်းနိဂုံးကိုပြဆိုပါအံ့။ တွော ဝတာ-တွောဝန္တေန၊ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ် တရားအစဉ်ဖြင့်။ ဇာတိယာ၊ ပဋိသန္ဓေအားဖြင့် (ဝါ)မွေးဘွားရာ

ချက်မြှုပ် အရပ်ဌာန အားဖြင့်။ မရမ္မရဋ္ဌ၊ မြန်မာ အစ တကောင်းက ဆိုတဲ့အတိုင်း မြန်မာဦးစွမ်း ပေါ်ထွန်းရာ အခိုက် အမိမြန်မာနိုင်ငံတော်ကြီး၌။ ပခုက္ကူဇနပဒေ၊ ပခုက္ကူသာသနာ ဝင် အရ ရှေးဦးအစ "သားထုပ်ကူ" မှ နောက်ကာလ၌- "ပခန်းအုတ်ကူ"၊ ယခုအခါ "ပခုက္ကူ" ခရိုင်ဟု ခေါ်ဆိုကြသော ပခုက္ကူဇနပုဒ်ကြီး၌၊ ဂန့်ဂေါ နိဂမေ၊ (ထီးလင်း, ဂန့်ဂေါ, လောင်းရှေ့, ဆော ဟု) ယောလေးမြို့ အစုတွင် ပါဝင်သော ဂန့်ဂေါနိဂုံး၌။ ပရိယာပန္နေ၊ အပါအဝင်ဖြစ်သော(ဝါ)အုပ်စု နယ်ပယ်၌ပါဝင်သော။ ကဇ္ဇန်းထောင့်ဂါမေ၊ ကဇ္ဇန်းတောင်၏ အနောက်တောင်ထောင့် အရပ်၌ တည်ထားသောရွာ ဖြစ်၍ (ကဇ္ဇန်းတောင်ရွာ)ယခုအခါ ကဇ္ဇန်းထောင့်(ကဇ္ဇန်းဒေါင့်)ဟု ခေါ်ဝေါ်ကြသော လူနေအိမ်ခြေ တရာကျော်ရှိသော ရွာ၌။ ဇာတေန၊ ဘိုးဘွားသူကြီးရိုးရာမွေးဘွားသော။ (မဟာထေရေန ၌ ဝိသေသန ဝိသေသျ စပ်လေ)

ပန၊ ဇာတိချက်မြှုပ် ရပ်ဌာနမှတပါး ပဝတ္တိကာလကို ပြဆို ပါဦးအံ့။ ပဝတ္တိ-ပဝတ္တိယံ၊ နေရင်းဌာန ဆဲ့ရှစ်နှစ်သား သာ မဏေဘဝက ကဇ္ဇန်းထောင့်ရွာမှ ပခုက္ကူ, ပခုက္ကူမှ မန္တလေး, မန္တလေးမှ တဆင့်တဆင့် ပညာရင်ဖွင့်ရင်း ချင်းနင်းရောက်လာ ပဝတ္တိအခါ၌။ ကသာဇနပဒေ၊ ဝန်းသိုရာဇဝင်အရ ရှေးဦးပထမ (ကပ်ဆာ)ဆပ်ကားဈေး။ ဆာကားမိုင်သာ၊ မိုင်သာဈေးဟု ခေါ်တွင်လာသည်မှ ယခုအခါ ကသာခရိုင်ဟုခေါ်ဆိုကြသော ကသာ ဇနပုဒ်ကြီး၌။ (ပရိယာပန္နေ လိုက်ခဲ့ပါ) ပရိယာပန္နေ၊ အုပ်စု၌ပါဝင်သော။ ဝန်းသိုနိဂမေ၊ **ဝနံ နိဝါသံ ကတွာ ဝသန္တိ တွောတိ ဝနဝသော** ဝိဂ္ဂြိုဟ်အရ ဝန်းသိုဟု ခေါ်ဆိုကြသော

နိဂုံး၌။ ခန္တ၂ာရာမေ၊ ဇင်းဂလင်းခန္တီး နာမည်ကြီးသော ရှမ်း ခန္တီးမြို့ကြီးမှ ကြွလာတော်မူသော ဆရာတော်ကြီးကိုအကြောင်း ပြု၍ မှည့်ခေါ်ကြသော ယခုအခါ နေ့ဝါ-ညဥ့်ဝါ ပညာရင်နို့ သောက်စို့လိုငြား စာသင်သားတို့သည် ပျားပန်းခပ်ပမာ(ဝါ) ပန်းရည်ယူသုံး ပျားပိတုန်းပမာ ရပ်လေးမျက်နှာ ရပ်ရှစ် မျက်နှာမှ ထွက်ဝင်မစဲ ဟသဲသဲတညံညံ စာအံစာချ ပြုလုပ်၍ နေကြသော ခန္တီးစာသင်တိုက်ကြီး၌။ နိစ္စဝါသေန၊ စာပို့စာချ ကိစ္စဖြင့် ဆဲ့ကိုးနှစ် သာမဏေဘာဝမှ ရဟန်းဘဝ (၃၈)ဝါ ကျအောင် အမြဲနေခြင်းဖြင့်။ ဝါသိနာ၊ နေလေ့ရှိသော။ (မဟာထေရေန ၌စပ်)

ပစ္ဆာ၊ သက်ရှယ်ကြီးလာ နောက်အခါ၌။ ခန္တီးရိပ်သာ တျာရာမေ၊ ဝန်းသိုနိဂုံးနှင့် မိုင်ဝက်ခန့် ဝေးကွာသော ခန္တီး ရိပ်သာကျောင်းတိုက်ဘာ အရာမ်၌။ ဒေါ်ဘန်းကြီးတိအဝှါယ၊ ဒေါ်ဘန်းကြီးဟူ ခေါ်ဝေါ်အပ်သော။ ဥပါသိကာယ၊ ရတနာ သုံးရပ် တရားမြတ်ကို အမြဲတန်းဆည်းကပ် ကိုးကွယ်တတ်သော ဥပါသိကာမသည်။ အာဒိံ ကတွာ၊ အစပြု၍။ ကာရိတေ၊ (လိုက်) ဆောက်လုပ် အပ်သော။ ပစ္ဆာ၊ နောက် အခါ၌။ ရွှေဘို ဦးမောင်ကြီး ဒေါ်ဒေါ်သီတိ၊ ခဲအိုတော်ဦးမောင်ကြီး အမတော် ဒေါ်ဒေါ်သီ တို့သည်။ ကာရိတေ၊ ဆောက်လုပ်အပ်သော။ ဣဋ္ဌကဝိဟာရေ-ဂိဉ္ဇကါဝသထေ၊ ခြောက်သောင်းကုန် အုဋ် ကျောင်းကြီး၌။ ဝသန္တေန၊ ပဋိပတ္တိပညာ ပဋိပတ္တိသာသနာကို နေ့ညဉ့်မကွာ (ဝါ) နေ့စဉ်မလပ် တလစပ် ပြုစု၍နေသော။ (ထေရေန ၌ စပ်)။

သုဇနောတိ၊ သုဇန ဟူ၍။ ဂရူဟိ၊ ကျောက်ထီးတန္တု အလေးပြုအပ်သော ပဌမကနိုကူလက်လှဲဆရာ ဥယျာလင်္ကာရ ဒုတိယ ဗေဒင်ပညာပေးဆရာ စန္ဒာဘိဝံသ, တတိယ အဘိုး ဂိုဏ်းထောက်ဆရာ ဂန္ဓမာလင်္ကာရ၊ စတုတ္ထ ၁၂၆၄-ခုနှစ် ကဆုန်လဆုတ်(၁)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသော ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် အရှင်ခန္တီးဆရာတော်ကြီးတို့ သည်။ဂဟိတနာမဓေယျေန၊မှည့်ခေါ်အပ်သော အမည်ရှိသော။ မဟာထေရေန၊ သက်တော်(၇၃) နှစ်၊ ဝါတော်(၅၄)ဝါ ရရှိတော်မူသောကြောင့် မဟာထေရ အမည်ရသော မထေရ် သည်။ ရစိတော၊ ရေးသားပြုပြင် စီရင်အပ်သော။ ခန္ဓာဒိ ပကာသနီနာမ၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ စသည်တို့ကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သောကြောင့် ခန္ဓာဒိပကာသနီအမည်ရှိသော။ အယံဂန္ထော၊ ဤကျမ်းသည်။ သက္ကရာဇေ၊ ကောဇာတက်သစ် သက္ကရာဇ်သည်။ (ဝါ) သကမင်း လက်ထက်မှ စ၍ရေတွက် သက္ကရာဇ်သည်။ အဋ္ဌဝီသာဓိကေ၊ နှစ်ဆဲ့ရှစ်နှစ်အလွန်ရှိသော။ တိသတသဟဿေဝ်သေ၊ ထောင့်သုံးရာခုနှစ်သို့။(ဝါ)၁၃၂၈ ခုနှစ်သို့။ သမ္ပတ္တေ၊ ကောင်းစွာ ရောက်လတ်သည်ရှိသော်။ မာဃမာတသ၊ တပို့တွဲလ၏။ ဇုဏှပက္ခေ၊ လဆန်း ပက္ခ၌။ အဋ္ဌာဟေ၊လဆန်းရှစ်ရက်ဖြစ်သော၊ သုက္ကရေ၊သောကြာနေ့၌။ အနာယာသေန၊ အနှောင့်အရှက်ကင်းသဖြင့်။ နိဋ္ဌံ၊အစအဆုံး ကမ္ပတ်ဖုံး၍ ပြီးဆုံးခြင်းသို့။ ပတ္တောဂတော၊ ရောက်သတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဣတိ ပရိသမာပနံ၊ဤကား အပြီးအဆုံးတည်း။

ပန၊ ဆက်ဦးအံ့။ အယံ၊ ဤဆိုလတံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ အမှာကံ၊ ကျမ်းပြုဆရာ ငါတို့၏။ အာယာစနာ၊ အနူးအညွတ် ခွင့်လွှတ်ရန် တောင်းပန်ခြင်းတည်း။

၂။ ။ ပညဝါ၊ ကျမ်းဂန်မြင်သိ ပညာရှိသည်။ ပဌမံ၊ ရှေးဦးစွာ။ ယုတ္တာယုတ္တံ၊ သင့်-မသင့်ကို၊ ဝိစိန္တေယျ၊ အထူးသဖြင့် စူးစမ်းဆင်ခြင်ရာ၏။ ယုတ္တံ၊ သင့်သည်ရှိသော်။ ဂဏှေယျ၊ ယူရာ၏။ အယုတ္တံ၊ မသင့်သည်။ စေဟောတိ၊ အကယ်၍ဖြစ်နေငြားအံ့။ ဝိဿဇ္ဇေယျ၊ ပယ်စွန့်ရာ၏။ မာနဒေါသံ၊ ငါတလုလု တံခွန်ထူတဲ့ မာန ကတမ်းကမန်း အဆဲကြမ်းတဲ့ ဒေါသကို။ နစကရေ၊ ဘုရားမကြိုက်၍ မပြုလိုက်ပါနှင့်။ (ဝါ) မပြုကောင်းပါပေ။

၃။ ။ အထဝါ ပန၊ တနည်းသော်ကား။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်။ ပဌမံ၊ ရှေးဦးစွာ။ ဘူတာဘူတံ၊ ဟုတ်မှန်သည် မဟုတ်မမှန်သည်ကို။ ဝိစိက္ခေယျ၊ ထူးကဲလွန်စွာ ဉာဏ်ဖြင့်ကြည့်ရှုရာ၏။ ဘူတံ၊ ကျမ်းဂန်နှင့်အညီ ဟုတ်မှန်သည်ကို။ ဂဏှေယျ၊ ယူရာ၏။ အဘူတံ၊ ကျမ်းဂန်နှင့်မညီ မဟုတ်မမှန်သည်။ စေဟောတိ၊ အကယ်၍ ဖြစ်နေငြားအံ့။ ဝိဿဇ္ဇေယျ၊ ပယ်စွန့်ရာ၏။ အမနာပံ၊ စိတ်၌ခုလု မနှစ်သက်မှုကို။ နကရေယျ၊ မပြုမိစေရာ။

၄။ ။ အယံဂန္ထော၊ ဤ ခန္ဓာဒိပကာသနီ ကျမ်းသည်။ အန္တရာယံ၊ နှောင့်ရှက်သွယ်သွယ် အန္တရာယ်ကို။ ဝိနာ၊ လုံးဝမရှိ ကြဉ်ရှောင်ဘိ၍။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ နိဋ္ဌိတောယထာ၊ အပြီးအဆုံး ကမ္ပတ်ဖုံးသကဲ့သို့။ တထေဝ၊

ထို့အတူသာလျှင်။ ပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတသကော်ပွါ၊ လောကီ လောကုတ္တရာ အစီးအပွားနှင့်စပ်သော ကောင်းမြတ်သော အကြံအစီတို့သည်။ သမိဒ္ဓါ၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြကုန်သည်။ ဟောန္တု၊ မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

၅။ ။ သဒ္ဓမ္မော၊ ဘုရားဟောကြား သူတော်ကောင်း တရားသည်။ စိရံ၊ နှစ်ပေါင်းငါးထောင် ရှည်မြင့်ကြာအောင်။ တိဋ္ဌတု၊ ကျောက်စာတိုင်ပမာ တည်ရစ်ပါစေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာပိ၊ လူရော နတ်ပါ ဗြဟ္မာမကြွင်း ခပင်းဥဿုံ လုံးစုံများစွာ သတ္တဝါ တို့သည်လည်း။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ သဂါရဝါ၊ ရိုသေလေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ကာလေန၊ ရွာသင့်ရွာထိုက်သော မိုးကာလ၌။ (ဝါ)စိုက်ချိန် ပျိုးချိန် စိုက်ပျိုးချိန်ကာလခါသမယ၌။ဒေဝေါ-ပဇ္ဇုန္နော-ဝလာဟကော၊မိုးနတ်သားသည်။ သမ္မာ သမ္မာဓာရံ၊အရည်ထံစွာ။(ဝါ)သဲသဲမဲမဲ။ (ဝါ) ရေလာချောင်းစီး မြစ်ရေတွေကြီးအောင်။ ပဝဿတု၊ လေးရပ်မျက်နှာ ရှစ်ရပ်မျက်နှာ အနှံ့အပြားရွာသွန်းပါစေသား (ဝါ) ရွာသွန်းပါစေသတည်း။

၆။ ။ ပေါရာဏာ၊ ရှေး၌ဖြစ်ကြကုန်သော၊ ရာဇာနော၊ ဗောဓိလောင်းသတ် မင်းကောင်း မင်းမြတ်တို့သည်။အတ္တနော၊ မိမိ၏။ ပဇံ၊ ရင်ဝယ်မွေးဘွား သတို့သားကို။ ရက္ခိံ သုယထာ၊ ဘေးရန်ဥဿုံ အလုံးစုံနှင့် မတွေ့မကြုံလုံခြုံအောင် စောင့်ရှောက်ကြကုန်သကဲ့သို့။ တထေဝ၊ ထိုနှစ်တမူ အလားတူသာလျှင်။

ရာဇာ၊ တိုင်းပြည်သေဌ်နင်း ပြည့်ရှင်မင်းသည်။ ဓမ္မေန သမေန်၊ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ။ ဣမံပဇာ၊ ဤတိုင်းသူပြည်သား လူအများကို။ ရက္ခတု၊ နိစ္စ မပြတ် စော င့်ကြပ် ကြပါစေ သတည်း။ (၀၁) သိမ်းမြန်းပိုက်ထုတ် ကြက်သားအုပ်သို့ စိုးချုပ်စောင့်ရှောက်ပါစေသတည်း။ ။

ပု၊ ဒီ၊ အာ နှင့် ပြည့်စုံရပါလို၏။

# ဤတွင် ပြီးပြီ။

―――――

# အမှား-အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၇ | ၁၇ | ကျီးစားရမည် | ကြိုးစားရမည် |
| ၁၁ | ၂ | အမြတ်တရာတို့ကို | အမြတ်တရားတို့ကို |
| ၂၆ | ၅ | လမောင်း | လက်မောင်း |
| ၂၇ | ၁၅ | ခန္ဓာငါးပါး | ခန္ဓာငါးပါး |
| ၂၉ | ၇ | ပစ္စယာယတ္တဝုတ္တိနော | ပစ္စယာယတ္တာဝုတ္တိနော |
| ၃၀ | ၅ | ။ | ။ |
| ၃၁ | ၅ | တရက်ခြံဖျားခြင်း | တရက်ခြာဖျားခြင်း |
| ၃၆ | ၁၉ | ငုန်ပျောက် | ငုတ်တုတ်ပျောက် |
| ၃၉ | ၄ | ကျီးကုတ် | ကြိုးကုတ် |
| ၃၉ | ၇ | ။ | ။ |
| ၃၉ | ၂၃ | ကျီးစားမည်ဟု | ကြိုးစားမည်ဟု |
| ၃၉ | ၂၃ | ကျီးကုတ် | ကြိုးကုတ် |
| ၄၉ | ၁၀ | ကျင့်ကြံကျီးကုတ် | ကျင့်ကြံကြိုးကုတ် |
| ၆၀ | ၂၃ | ပညတ်အာ ဖြင့် | ပညတ်အားဖြင့် |
| ၆၉ | ၂၂ | အာယတန | အာယတနံ |
| ၉၀ | ၂၀ | (စာကျနေသည်) | ရုပ်ဟူဆိုအပ်သော |
| ၉၅ | ၈ | ကရုဏာဝိပဿနာ | တရုဏာဝိပဿနာ |
| ၉၈ | ၁၅ | ၁၃ဘုံတို့မှာ | ၃၁-ဘုံတို့မှာ |
| ၁၁၁ | ၃ | တန္တာကုလကာဇာတည | တန္တာကုလကဇာတာ |
| ၁၁၂ | ၂ | ချွန်းချန်ခဲ့သော | ခြွင်းချန်ခဲ့သော |
| ၁၁၉ | ၁၄ | ဒုတိယသင်္ဂါ | ဒုတိယအင်္ဂါ |

*

# အမှား-အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၂၁ | ၁၆ | ဓာတုကဋ္ဌာ | ဓာတုကထာ |
| ၁၂၄ | ၁၇ | ဇီရိတနဝက | ဇီဝိတနဝက |
| ၁၃၁ | ၁ | ရှုံအိုင် | ရှုံ့အိုင် |
| ၁၃၂ | ၂ | ပုအိုက် | ပူအိုက် |
| ၁၄၉ | ၂၁ | စဖြစ်တည်ဆိုလျှင် | စဖြစ်သည်ဆိုလျှင် |
| ၁၅၁ | ၁၇ | အပုညာဘိသင်္ခါရ | ပုညာဘိသင်္ခါရ |
| ၁၆၂ | ၅ | ဟုတ်ပါတယ် | ဟုတ်ပါပေတယ် |
| ၁၆၄ | ၂၁ | မှတ်ဖေလေတွဲ့ | မှတ်လေကွဲ့ |
| ၁၇၀ | ၁၂ | ပဋ္ဌိပ/ယ | ပဋ္ဌပစ္စယ |
| ၁၇၇ | ၂၁ | ဘယ်ဟာများလဲသို့ယင် | ဘယ်ဟာများလဲဆိုလျှင် |
| ၁၈၉ | ၁၇ | သင်္ခါလမ်းမှာ | သင်္ခါလမ်းမှား |
| ၁၈၉ | ၁၇ | လဲသွာဝိညာဏ် | လဲသွားဝိညာဏ် |
| ၂၀၃ | ၅ | ပထမ္မကဗျာ၏လင်္ကာ၏ | ပထမကဗျာလင်္ကာ၏ |
| ၂၀၃ | ၇ | ၂။ ( ) | ၂။ (×) |
| ၂၀၆ | ၅ | မရဏံစုတိမည်၏ | မရဏာစုတိမည်၏ |
| ၂၁၅ | ၄ | တေသာတိ | တေသွာတိ |
| ၂၁၅ | ၅ | ရာမုဒတာဠာရာဒိန် | ရာမုဒကာဠာရာဒိန် |
| ၂၁၅ | ၁၀ | ၉။ ဥဖါဒါန် | ၉။ ဥပါဒါန် |
| ၂၃၃ | ၆ | နိသျ | နိသျ |
| ၂၃၆ | ၅ | ပရေသံဝါတိတာယ | ပရေသံဝါဟိတာယ |
| ၂၃၇ | ၁၀ | ထပ်သောင်း၍ | ထပ်လောင်း၍ |

မိမိပါရမီအလိုက် ဒိဋ္ဌိပြုတ်ရန်

ခန္ဓာနည်း-အာယတနနည်း-ဓါတ်နည်း-ပဋိစ္စသမုပ္ပါဒ်နည်း

ဟုဖွင့်ပြရာ

ကြိုက်နှစ်သက်ရာနည်းကိုယူပြီး ဖတ်ရှုလေ့လာ

ပွါးများအားထုတ်၍ ဒိဋ္ဌိပြုတ်ပြီဆိုပါတော့၊

## ဘာလုပ်ရလိမ့်ဦးမည်လဲ-?

သက္ကာယဒိဋ္ဌိပြုတ်, အပါယ်သံသရာလွတ်ရုံနှင့် အားရ တင်းတိမ်၍

မနေကြဘဲ၊

ခန္ဓာပြုတ်-သံသရာပြုတ်-ပဋိစ္စသမုပ္ပါဒ်ပြုတ်ရန် လိုသေး၍

ကသာခရိုင်-ဝန်းသိုမြို့

## ခန္တီးရိပ်သာဆရာတော်ဘုရားကြီး

ရေးသားတော်မူနေပြီဖြစ်သော

# စက်ဖြုတ်ဝိပဿနာကျမ်း။

## စက်တင်ပုံနှိပ်တော့မည်

## မျှော်ပါ-စာရင်းသွင်းထားကြပါ။

---

ခေတ်ဆန်းညွန့်ပုံနှိပ်တိုက်

အမှတ်(၃၈၇) ၈၄-လမ်း၊ ရဟိုင်းဈေး-မန္တလေး၊